

www.burmeseclassic.com
နေဘုရားသားတော်
HAROLD CALIN
KING OF THE SUN

www.burmeseclassic.com

စာအုပ်အမှတ် ( ၁၄၉)

Quality Publishing House

အမှတ် ၁၅၃၊ ၅(က)လွှာ၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၀၆၄၁၇၊ ၃၂၀၀၆၃၊ ၂၈၂၆၁၇။

**ဒို့အာဇာနည်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး **ဒို့အရေး**
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး **ဒို့အရေး**
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **ဒို့အရေး**

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

# နေဘုရားသားတော်

## အောင်ခန့်

# King Of The Sun

by

## Harold Calin

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၉၈/၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၇၉/၂၀၀၃ (၈)

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် - (၂၀၀၃၊ အောက်တိုဘာလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - မောင်မောင်သိုက်

ကွန်ပျူတာစာစီ - Quality

အတွင်းဖလင် - Quality

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)

၁၅၃၊ ၅(လွှာ)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၈၀၀ ကျပ်

www.burmeseclassic.com



# ဆရာအောင်ခင်

၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက် (ဗုဒ္ဓဟူးနေ့)တွင် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာ၌ အဖဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည်တို့မှ မွေးဖွားသည်။ အမည်ရင်းမှာ ဝင်းမြင့်၊ ဝင်းဆွေ ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပဲခူးမြို့အစိုးရအထက်တန်းကျောင်းက ဖြေဆိုမောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူဆည်းပူးရာ၊ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်း အပိုင်း (ခ) ၌ 'မြန်မာစာပထမ'ရရှိပြီး၊ ၁၉၅၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ သာဒိုးအောင်ဆုကို တက်ရောက်ယူရသည်။

၁၉၆၀ ပြည့်နှစ်၊ မတ်လတွင် ဝိဇ္ဇာ(အထွေထွေဂုဏ်ထူးတန်း) ကို ဒုတိယတန်း၊ ပထမဆင့်မှ အောင်မြင်ပြီး မော်လမြိုင်ကောလိပ် မြန်မာစာဌာနတွင်နည်းပြဆရာအဖြစ် စတင် အမှုထမ်းသည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်ဆေးတက္ကသိုလ် (၂)၊ မြန်မာစာဌာန၏ လက်ထောက်ကထိကနှင့် ဌာနမှူးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့(အရည်အချင်းလိုက် ပထမ) ရရှိသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် မြစ်ကြီးနားဒီဂရီကောလိပ်သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

www.burmeseclassic.com

၁၉၈၀ ပြည့်နှစ်မတ်လတွင် ပညာရေးဝန်ကြီးဌာန၏ ရွေးချယ်စေလွှတ်ချက်အရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တော် နိုင်ငံခြားဘာသာသိပ္ပံကျောင်း၌ မြန်မာစာပေပညာရှင် (ဧည့်-ပါမောက္ခ) အဖြစ် ၂ နှစ်တာဝန်ထမ်းဆောင်သည်။

၁၉၈၆ ခုနှစ် မတ်လတွင် ကထိကနှင့် ဌာနမှူးအဖြစ် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တွင် တာဝန်ထမ်းဆောင်သည်။

အဝေးသင်တက္ကသိုလ် စတင်တည်ထောင်သောအခါ၌ ကထိကနှင့် မြန်မာစာဌာနမှူးတာဝန်ကို၁၉၉၂ခု၊ မေလတွင် ပြောင်းရွှေ့တာဝန်ယူရသည်။

၁၉၉၃ ခု၊ နိုဝင်ဘာလတွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌၊ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာဌာနမှူး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ဆန်းတွင် အငြိမ်းစားယူသည်။

ယခုအခါ မြန်မာစာကျွမ်းကျင်သူအဖြစ် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ ဆက်လက်တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာပါရဂူသင်တန်းသား များအား စာပေပို့ချလျက်ရှိသည်။

၁၉၅၉ ခု မတ်လတွင် စာပေစတင်ရေးသားသည်။ စာပေရေးသားရာ၌ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ စာအုပ်များကို **တက္ကသိုလ်ဝင်းမွန်** ကလောင်အမည်ဖြင့် ရေးသားသည်။ ၁၉၆၈ ခုနှစ်တွင် ရေးသားသော **ခေတ်သစ်ကဗျာမိတ်ဖွဲ့** စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာဆုကို ရရှိခဲ့သည်။

ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ရာ၌**အောင်ခန့်** ကလောင်အမည်ဖြင့် မြန်မာပြန်သည်။၁၉၆၈ခုနှစ်တွင် ဆာဝေါလတာစကော့၏Quentin Durward ဝတ္ထုကို **ရဲသွေးနီနီ** အမည်ဖြင့် မြန်မာပြန်ရာ၊ ထိုဘာသာပြန်ဝတ္ထုဖြင့် ၁၉၈၆ ခုနှစ်၊ အမျိုးသားစာပေ၊ ဘာသာပြန်စာပေဆုကို ရရှိခဲ့သည်။

အောင်ခန့် ကလောင်အမည်ဖြင့် ဆာ ရိုက်ဒါဟက်ဂတ် ဝတ္ထုအမြောက်အမြားနှင့် အခြားကမ္ဘာ့ဝတ္ထုဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ခဲ့သည်။

www.burmeseclassic.com

# မာယာတို့အရှင် ကျားသစ်ဘုရင်

ဥရောပတိုက် အလယ်ပိုင်းသို့ ဂျာမန်မျိုးနွယ်ဝင် ဂို့လူမျိုးနှင့် ဗန်ဒယ်လူမျိုးတို့ အနှံ့အပြား ဝင်တိုက်ခိုက်နေသော အချိန်၊ မိုဟမ္မဒ်သခင်က အာရဗ်လူမျိုးတို့ကို စည်းရုံးဦးဆောင်ကာ သာသနာပြုတော်မူသော အချိန်၊ ရှာလီမိန်း ဘုရင် ဧကရာဇ်က 'သာသနာစောင့် ရောမ အင်ပါယာကြီး' ရှင်သန်ထွန်းကားအောင် ဆောင်ရွက်နေသောအချိန်။ ထိုသို့သော အချိန်ကာလ၊ ခရစ်နှစ် တစ်ထောင်ခန့်တွင် 'အမေရိက အလယ်ပိုင်း ဒေသ' ဟု ယခု ကျွန်ုပ်တို့ ခေါ်ဆိုနေကြသော ဒေသကြီးတွင် ယဉ်ကျေးမှု အထူးထွန်းကား စည်ပင်နေသော လူမျိုးကြီးတစ်မျိုး ထွန်းကားပေါ်ပေါက်နေခဲ့ပြီးဖြစ်သည်။ ထိုလူမျိုးကြီးကား အခြားမဟုတ် **မာယာ** လူမျိုးကြီးပေတည်း။

မာယာလူမျိုးတို့ကား သတ္တုတို့ကို အသုံးမပြုတတ်၊ ကျွဲနွားတိရစ္ဆာန်တို့ကို မစေခိုင်းတတ်သော်လည်း ကမ္ဘာ့သမိုင်းတွင် ထူးခြားထင်ရှားသော ယဉ်ကျေးမှုကို တည်ထောင်နိုင်ခဲ့ကြသည်။ မာယာဗိသုကာရှင်တို့သည် နှစ်ပေါင်းရာထောင်ချီ၍ တည်တံ့နိုင်သော မြို့ကြီးများကို တည်ဆောက်ခဲ့သည်။ ကောင်းမွန်သော လမ်းကြီးများကို ဖောက်ခဲ့သည်။ နက္ခတ်ပညာနှင့် သင်္ချာအတတ်တို့၌ အထက်တန်းကျခဲ့ကြသည်။ မာယာတို့၏ ပြက္ခဒိန်မှာ တိကျမှန်ကန် ကောင်းမွန်ခဲ့သည်။ လျှို့ဝှက်နက်နဲသော စာဝှက်တို့ဖြင့်လည်း မှတ်တမ်းများ ရေးခဲ့သည်။

မာယာတို့ ထွန်းကားသော ခေတ်ကား 'နတ်ဘုရားတို့ခေတ်' ဖြစ်သည်။ 'လူသားမှန်သမျှသည် နတ်ဘုရားတို့ ဘုန်းကျက်သရေတော် ထွန်း

www.burmeseclassic.com


တောက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရမည့် တာဝန်များ ရှိကြသည့်’ ဟု ယူမှတ်ယုံကြည်ထားကြသော ခေတ်ဖြစ်သည်။ ထိုယုံကြည်ချက်ဖြင့် မာယာတို့သည် မိမိတို့၏ ဝိဇ္ဇာပညာ၊ သိပ္ပံပညာရပ်တို့ကို နတ်ဘုရားတို့ ဘုန်းကျက်သရေတော် ထွန်းတောက်ရေးအတွက် အစွမ်းကုန် အသုံးအပြုခဲ့ကြ သည်။ ထိုယုံကြည်ချက်ဖြင့် အလွန်တရာ ကြီးမားခိုင်ခံ့သော နတ်ဘုရား ကျောင်းတော် (ပိရမစ်ကြီး) များကို တည်ဆောက်ခဲ့ကြသည်။ ယခုအခါ၌ လည်း ထိုယုံကြည်ချက်ဖြင့်ပင် ပိရမစ်ကြီး၏ ရှေ့၌ စုဝေးရောက်ရှိနေကြခြင်း ဖြစ်သည်တကား။

ဝင်လုဆဲ သူရိယ နေမင်း၏ ရောင်ခြည်သည် နတ်ဘုရားကျောင်း တော်ကြီး၏ထိပ်ဖျားပေါ်သို့ ယှက်ဖြာကျဆင်းလျက်ရှိ၏။ ထိုအခိုက်တွင် နတ် ဘုရားကျောင်းတော်ကြီး၏ အောက်ခြေ၌ စုဝေးရောက်ရှိနေကြသော မာယာ တို့သည် ဝေါတော်ထက်မှ ဆင်းသက်လာသော မိမိတို့ဘုရင်အား ပြားပြားဝပ် မျှ ဦးညွှတ်ကန်တော့ပြီးနောက် ပြိုင်တူ မော်ဖူးလိုက်ကြသည်။

မာယာဘုရင်၏ မကိုဋ်တော်နှင့် ဝတ်ရုံတော်တို့မှာ အရောင်အသွေးစုံ လှသော ငှက်မွေးတို့ဖြင့် ပြုထားပြီး ခံ့ညားတင့်တယ်လှပါပေသည်။ ဝေါတော် ထက်မှ မာယာဘုရင် ဆင်းသက်ပြီးနောက်၊ ဘုရင့်သားတော် ရာဇကုမာ လည်း ဝေါတော်ထက်မှ ဆင်းသက်လိုက်သည်။

ထို့နောက် မာယာဘုရင်နှင့် သားတော် ရာဇကုမာတို့လည်း လှေ ကားကြီးအတိုင်း နတ်ဘုရားကျောင်းတော်ကြီးပေါ်သို့ ခံ့ညားထည်ဝါစွာ တစ် လှမ်းချင်း လှမ်းတက်တော်မူသည်။ ထို့နောက် မာယာတို့၏ ဂိုဏ်းချုပ်ကြီးနှင့် ဘုန်းကြီးများသည် လည်းကောင်း၊ ကိုယ်ရံတော်တပ်ဖွဲ့သည် လည်းကောင်း၊ တည်ငြိမ်အေးဆေးစွာ တစ်လှမ်းချင်း လှမ်းတက်သွားကြလေသည်။

နတ်ဘုရားကျောင်းတော်ကြီး၏ ထိပ်သို့ရောက်သောအခါ၊ မာယာ ဘုရင်လည်း မိမိကို မော်ဖူးနေကြသော မာယာတို့ဖက်သို့ မျက်နှာတော်မူကာ ခံ့ခံ့ကြီး ကြည့်လိုက်သည်။ ထိုအခါ မော်ဖူးနေကြသော မာယာလူမျိုးတို့လည်း

“ကျားသစ်ကြီး ဘာလမ်၊ ဆဋ္ဌမမြောက်ဘုရင်ကြီး၊ ဘုန်းတော် ကြီးပါစေ” ဟု သောင်းသောင်းဖြဖြ ဟစ်အော်ကြွေးကြော်ကြကုန်သည်။

ထိုသို့ ကြွေးကြော်သံများစဲသွားချိန်တွင် နတ်ဘုရားကျောင်းတော် ကြီး အောက်ခြေမှ နတ်ဒေဝတာကဲ့သို့ တောက်ပခံ့ညားလှသော ဝတ်စားတန် ဆာတို့ကို ဝတ်ဆင်ထားသည့် ပျိုမျစ်နုငယ်သော လုလင်ပျိုတစ်ဦးသည် လှေ ကားကို တစ်ထစ်ချင်းနင်းပြီး နတ်ဘုရားကျောင်းတော်ကြီးပေါ်သို့ တဖြည်း ဖြည်း တက်သွားသည်။ နတ်ဘုရားကျောင်းတော်ကြီးထိပ်သို့ ရောက်သော

www.burmeseclassic.com



အခါ မာယာဘုန်းကြီးတို့က ထိုလုလင်ပျိုကို ယဇ်ပလ္လင်အနီး၌ အမွှေးနံ့သာ အမျိုးမျိုးတို့ကို မီးရှို့ပြီး နတ်ဘုရားတို့ကို ပူဇော်ထားစေရာ၊ ပတ်ဝန်းကျင်တစ်ခု လုံး အမွှေးနံ့သာနံ့တို့ဖြင့် သင်းထုံနေတော့သည်။

ယဇ်ပလ္လင်ရှိရာသို့ ရောက်သောအခါ မာယာဘုန်းကြီးများလည်း ထိုလုလင်ပျိုကို ယဇ်ပလ္လင်ထက်၌ ပက်လက်တင်ထားလိုက်သည်။ ထို့နောက် မာယာဘုန်းကြီးလေးပါးက ခြေနှင့်လက်တို့ကို မလှုပ်နိုင်အောင် တစ်ဖက်တစ် ချက်စီမှ ချုပ်ကိုင်ထားလိုက်သည်။ ထိုအခိုက်တွင် မာယာဂိုဏ်းချုပ်ကြီးလည်း ဂါထာမန္တာန်တို့ကို တတွတ်တွတ်ရေရွတ်ပြီး မီးတောင်ထွက် ဖန်ဖြင့် ပြုလုပ် ထားသော ဓားကြီးကို ပင့်မြှောက်လိုက်သည်။ ထို့နောက် ကောင်းကင်ဘုံနန်းရှိ နတ်ဘုရားတို့ကို အတန်ကြာအောင် မော်ဖူးပြီး ယဇ်ပလ္လင်ထက်ရှိ လုလင်ပျို၏ ရင်ညွန့်ကို လက်တွင်းရှိ ဓားကြီးဖြင့် တအားကုန် ထိုးစိုက်ချလိုက်တော့သည်။

ထိုအခါ 'ယဇ်ပလ္လင်ထက်ရှိ လုလင်ပျို၏ ဝိညာဉ်သည် နတ်ဘုရား များ စံမြန်းရာ ကောင်းကင်ဘုံသို့ ရောက်ရှိသွားချေပြီ' ဟု မှတ်ထင် ယုံကြည် ကြကုန်သော မာယာအပေါင်းတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ တစ်ခဲနက် ဟစ်အော်ကြွေးကြော်လိုက်ကြလေတည်း။

ဤသို့ဖြင့် မာယာတို့သည် ကောင်းကင်ဘုံနန်း၌ စံမြန်းနေကြသော နတ်ဘုရားတို့နှင့် အဆက်အသွယ် ရရှိလေအောင် ကြီးမားခိုင်ခံ့လှသော နတ် ဘုရား ကျောင်းတော်ကြီးများရှိ ယဇ်ပလ္လင်ထက်၌ လုလင်ပျိုတို့ကို ယဇ်ပူဇော် လေ့ရှိကြသည်။ 'ဤသို့ ယဇ်ပူဇော်ပါမှ ကောင်းကင်ဘုံနန်းရှိ နတ်ဘုရား အပေါင်းတို့က မာယာတို့အပေါ် သနားကရုဏာတော်သက်ကြပြီးလျှင် လေမိုး ကောင်းအောင်၊ သီးနှံများ ဖြစ်ထွန်းပေါ်များအောင်၊ ရောဂါဘယကင်းအောင်၊ စောင့်ရှောက် စောင်မတော်မူလိမ့်မည်' ဟု မှတ်ထင်ယုံကြည်ကြပေသည်။

ဤသို့သော ယုံကြည်ချက်အတိုင်း ပြုမူဆောင်ရွက်ကာ အေးအေး ချမ်းချမ်း နေထိုင်ခဲ့ကြသော မာယာတို့၏ သာယာဝပြောသော ဒေသတို့ အနောက်အရပ်ဒေသက 'စစ်အောင်နိုင်သူ' တို့သည် ရုတ်တရက် ကျူးကျော် ဝင်ရောက်လာခဲ့ကြတော့။ ထိုကျူးကျော်ရေးသမား စစ်အောင်နိုင်သူတို့ တကယ်ကိုးကွယ် ယုံကြည်သော နတ်ဘုရားတို့ကား 'ကြေးလက်နက်၊ ကြေး ဓား' တို့ ဖြစ်လေသည် တကား။

⟐

www.burmeseclassic.com

၁

## စစ်ရေးမက်ရေး ရန်သူ့ဘေး

ပင်လယ်ကမ်းစပ်သို့ လှိုင်းလုံးတို့သည် တဝုန်းဝုန်း ရိုက်ခတ်လျက် ရှိသည်။ ထိုသို့ လှိုင်းလုံးတို့ တဝုန်းဝုန်း ထနေသော ပင်လယ်ပြင်သို့ လုလင်ပျိုတစ်ဦးသည် ပင်လယ်ကမ်းစပ်အနီးရှိ တောအုပ်တွင်းမှနေ၍ ငေးကြည့်နေရှာသည်။ ထိုလုလင်ပျိုကား အခြားမဟုတ်။ မာယာလူမျိုးတို့၏ ဆဋ္ဌမမြောက် ဘုရင်ကြီး၏ သားတော် ရာဇကုမာမင်းသားလေး ဖြစ်ခဲ့ပြီး၊ ယခုအခါ၌ မာယာလူမျိုးတို့၏ နဝမမြောက်ဘုရင်သစ်ဖြစ်သော ကျားသစ် ဘာလမ်း ဖြစ်၏။

ပတ်ဝန်းကျင်တစ်ခွင်လုံးကား မှောင်မည်းငြိမ်သက်နေပေသည်။ အချိန်ကား သန်းကောင်ယံ ကျော်ခဲ့ပေပြီ။ သို့သော် မာယာလူမျိုးတို့၏ နဝမမြောက်ဘုရင်သစ် ဘာလမ်းကား အိပ်စက်၍ မရသေးပေ။ မာယာဘုရင်သစ် ကျားသစ်ဘာလမ်း နည်းတူပင်၊ မာယာဘုရင်သစ်နှင့်အတူ ပါလာကြသော နောက်လိုက် နောက်ပါ အပေါင်းတို့သည်လည်း အိပ်စက်၍ ရအံ့မထင်ပေ။

မာယာဘုရင် ဘာလမ်းနှင့် နောက်လိုက် နောက်ပါ တစ်စုသည် အနောက်ဘက်ဒေသက လာရောက်ခဲ့သော ကျူးကျော်နယ်ချဲ့ရေးသမားဘုရင် **ဟူးနက်ဆီး** ခေါင်းဆောင်သည့် စစ်သည်တော်တို့၏ ရန်ကြောင့် နေပြည်တော်မှ အသက်လုပြီး ထွက်ပြေးလာခဲ့ကြသည်မှာ ရက်ပေါင်းဆယ်ရက်ခန့် ရှိခဲ့ပေပြီ။

သို့သော် ဘုရင် ဟူးနက်ဆီး တို့၏ လက်ချက်ကြောင့် မိမိတို့ နေပြည်တော် **ချီချင်အစ္စာ** မီးဟုန်းဟုန်းလောင်ပြီး ပျက်စီးနေသည့်အဖြစ်ကို ယနေ့တိုင် မြင်ယောင်လျက်ရှိသည်။ ထို့အတူ မကြာမီက ဖြတ်သန်းထွက်ခွာ လာခဲ့သော **အိဇာမား** မြို့ကြီးမှာလည်း ဘုရင်ဟူးနက်ဆီး၏ လက်ချက်ကြောင့်

www.burmeseclassic.com



မီးဟုန်းဟုန်း လောင်နေပြီး၊ ထိုမြို့မှ လွင့်ထွက်လာသော မီးခိုးနံ့၊ ပြာနံ့တို့ကို ယခုလောလောဆယ်၌ပင် ခံစားရရှိလျက် ရှိသည်။

ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင် ဟူးနက်ဆီးတို့၏ လက်ချက်ကြောင့် မာယာဘုရင် ဘာလမ်း၏ ဖခမည်းတော် မာယာဘုရင်ကြီး ကျဆုံးသွားခဲ့ရသည်။ မာယာဘုရင်ဘာလမ်း၏ တိုင်းသူပြည်သားများ ဖြစ်ကြသော မာယာတို့ အမြောက်အမြား ကျဆုံးသွားခဲ့ကြရသည်။ အသက်မသေဘဲ ကျန်ရစ်ခဲ့သော မာယာတို့မှာလည်း 'ဘုရင် ဟူးနက်ဆီး၏ ကျေးကျွန်များ ဖြစ်ကြရမည်လော။ သို့တည်းမဟုတ် ဘုရင်ဟူးနက်ဆီး ကိုးကွယ်သော နတ်ဘုရားတို့ကို ယဇ်ပူဇော်သော အားဖြင့် ယဇ်ပလ္လင်ထက်၌ အသတ်ခံကြရမည်လော' ခွဲနက်ဆီး၏ လက်တွင်းမှ လက်မတင်လေး လွတ်မြောက်လာခဲ့ခြင်း ဖြစ်ပေသည်။

မာယာဘုရင် လုလင်ပျိုကျားသစ်ဘာလမ်းလည်း လှိုင်းလုံးတို့ တဝုန်းဝုန်း ထနေသော ပင်လယ်ပြင်သို့ ငေးကြည့်နေရာမှ အသာ သက်ပြင်းချလိုက်သည်။ ထို့နောက် မျက်စိကို အသာမှိတ်ပြီး အိပ်ပျော်ရန် ကြိုးစားလိုက်သည်။ သို့သော် အိပ်စက်၍ကား လုံးဝ မရရှာပါပေ။ စိတ်အာရုံတွင်း၌ လွန်ခဲ့သော ဆယ်ရက်လောက်က အဖြစ်အပျက်တို့သည်သာ ပေါ်ပေါက်လျက် ရှိလေသည်။

လေမိုးကောင်း၌ သစ်သီးဝလံသီးနှံ ဖြစ်ထွန်းပေါများသည့်အတွက် အထူးသာယာဝပြောနေသော မိမိတို့ နေပြည်တော် 'ချီချင်အဇ္ဇာ' ကိုလည်းကောင်း၊ မိမိတို့နေပြည်တော်ကြီးကို မိုးနေအောင် ခံ့ခံ့ထည်ထည်ကြီး တည်ရှိနေ သော **ကူကူးကင်** နတ်ဘုရားကျောင်းတော်ကြီးကိုလည်းကောင်း၊ မိမိ၏ ဖခမည်းတော်ထွက်ကြွတော်မူတိုင်း မာယာလူမျိုးအပေါင်းတို့က "ကျားသစ်ကြီး ဘာလမ်း၊ ဆင္ဂမမြောက် ဘုရင်ကြီး၊ ဘုန်းတော်ကြီးပါစေ" ဟု သောင်းသောင်းဖြဖြ ဟစ်အော်ကြွေးကြော်ကြသည့်အဖြစ်ကိုလည်းကောင်း၊ မာယာဘုရင် ဘာလမ်း မြင်ယောင်ကြားယောင်လျက် ရှိသည်။

ထို့အတူ မိမိဘဝတစ်သက်တာ၌ မည်သည့်အခါမှ မေ့ပျောက်တော့မည် မဟုတ်တော့ အဖြစ်အပျက်တို့ကိုလည်း ပြန်လည် မြင်ယောင်လျက် ရှိ တော့သည် တကား။

*

ကျူးကျော်နယ်ချဲ့ရေးသမားကြီး ဘုရင်ဟူးနက်ဆီး ခေါင်းဆောင်လာသော တပ်မဟာကြီးသည် အနောက်အရပ်ဒေသမှနေ၍ အေးချမ်းသာယာဝပြောသော

မာယာတို့ဒေသသို့ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လာကြသည်။ ထိုကျူး ကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်များသည် ကြေး လက်နက်၊ ကြေးဓားတို့ကို ကိုင်စွဲတိုက်ခိုက်လေရာ၊ သတ္တုကို လုံးဝ မသုံးစွဲ တတ်ကြသော မာယာတို့မှာ ကျူးကျော်နယ်ချဲ့ရေးသမားတို့၏ ဓားချက် အောက်တွင် အတုံးအရုံး ကျဆုံးသွားကြရတော့သည်။ အရေးနိမ့်သွားတော့ သည်။ ဤသို့အားဖြင့် ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်များသည် မာယာ တို့ ဒေသတစ်ခုလုံးကို တိုက်ခိုက်သိမ်းပိုက်နိုင်ရုံမက မာယာတို့၏နေပြည်တော် ချီချင်အစ္ဇာ မြို့တော်တွင်းသို့ပင် ချဉ်းနင်းဝင်ရောက်နိုင်ခဲ့ကြသည်။

မာယာလူမျိုးတို့လည်း မိမိတို့ နေပြည်တော် မကျဆုံးရလေအောင် အစွမ်းကုန် ခုခံတိုက်ခိုက်ကြပါ၏။ သို့သော် လက်နက်ချင်း မယှဉ်သာသည့် အတွက် ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်တို့ကို မည်သို့မျှ မတွန်းလှန် မဖယ်ရှားနိုင်ခဲ့ကြပေ။ နောက်သို့သာ တဖြည်းဖြည်း ဆုတ်ခွာလာခဲ့ကြလေ သည်။ ဤသို့ဖြင့် တဖြည်းဖြည်း ဆုတ်ခွာရင်း ခုခံတိုက်ခိုက်လာခဲ့ရာ နောက် ဆုံး၌ ကူကူးကင် နတ်ဘုရားကျောင်းတော်ကြီး ခြေရင်းသို့ ရောက်ရှိလာခဲ့ကြ တော့သည်။

ကူကူးကင် နတ်ဘုရားကျောင်းတော်ကြီး၏ ခြေရင်းသို့ ရောက်ရှိ လာကြသော အချိန်၌ မာယာတို့မှာ အထူးအင်အား နည်းပါးနေပေပြီ။ ဆဋ္ဌမ မြောက် မာယာဘုရင်ကြီးနှင့် သားတော် ရာဇကုမာ မင်းသားလေး၊ စစ်သေနာ ပတိ အာဟာလပ်နှင့် မာယာစစ်သည်တော် တချို့၊ ဂိုဏ်းချုပ်ကြီး အာမင်းနှင့် မာယာ အချို့တို့သာ ကျန်ရှိကြပေတော့သည်။

သေနာပတိ အာဟာလပ်နှင့် မာယာစစ်သည်တော်တို့သည် အခြား သူများ ထွက်ခွာလွတ်မြောက်သွားကြစေရန် ရည်ရွယ်ချက်ဖြင့် ကူကူးကင် နတ်ဘုရားကျောင်းကြီး၏ ခြေရင်း၌ ကြံ့ကြံ့ခံပြီး ခုခံတိုက်ခိုက်နေခိုက်တွင် မာယာဘုရင်ကြီးနှင့် သားတော် ရာဇကုမာတို့သည်လည်းကောင်း၊ ဂိုဏ်းချုပ် ကြီး အာမင်းနှင့် မာယာ တို့သည် လည်းကောင်း နတ်ဘုရားကျောင်းတော်ကြီး ထိပ်သို့ တရွေ့ရွေ့ဆုတ်ခွာရင်း တဖြည်းဖြည်း တက်လာခဲ့ကြသည်။ ထိုအခိုက် တွင် ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်တစ်ဦး လှမ်းပစ်လိုက်သော ကြေးစဉ်း သွားတပ် လှံတံတစ်ချောင်းသည် မာယာဘုရင်ကြီး၏ နံတောင်းကို ပြင်းထန် သော အရှိန်ဖြင့် လာစိုက်ရာ၊ မာယာဘုရင်ကြီးလည်း ကျောက်လှေကားပေါ်သို့ ဒူးညွတ်လဲကျသွားတော့သည်။

ထိုအခါ အပါးရှိ မာယာဘုန်းကြီးများလည်း မာယာဘုရင်ကြီးကို ဝိုင်းဝန်းပွေ့ချီကာ ကူကူးကင် နတ်ဘုရားကျောင်းတော်ကြီးထိပ်သို့ ဒရောသော

ပါး ပြေးတက်သွားကြသည်။ ထိုအခိုက်တွင် ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်များကို ကြွံကြွံခံပြီး ခုခံတိုက်ခိုက်နေခဲ့ကြသော သေနာပတိ အာဟာလပ်နှင့် မာယာစစ်သည်တော်များလည်း ကူးကူးတင် နတ်ဘုရားကျောင်းတော်ကြီးထိပ်သို့ တဟုန်ထိုး ဆုတ်ခွာပြေးတက်လာကြသည်။

ကူကူးတင် နတ်ဘုရားကျောင်းတော်ကြီးထပ်၌ လူအားလုံး စုမိသောအခါ အပေါ်အမြင့်မှ နေ၍ ချီချင်အဇ္ဈာနေပြည်တော်ကြီးကို ညှိထားဘိသကဲ့သို့ ပြိုင်တူ လှမ်းကြည့်လိုက်ကြသည်။ ထိုအခါ ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်များ မီးတိုက်ဖျက်ဆီးနေသည့်အတွက် ချီချင်အဇ္ဈာ နေပြည်တော်ကြီး မီးတဟုန်းဟုန်း လောင်နေသည့်အဖြစ်ကို နာကျည်းကြေကွဲဖွယ် တွေ့မြင်ကြရသည်။ ထို့အတူပင် မိမိတို့ရှိရာ ကူကူးကင် နတ်ဘုရားကျောင်းတော်ကြီးထိပ်သို့ အပြိုးကြီးစွာဖြင့် အတင်းချီတက်လာသော ဘုရင်ဟူးနက်ဆီးနှင့် စစ်သည်တော်များကိုလည်း ထိတ်လန့်ဖွယ် တွေ့မြင်ကြရသည်။

ဤတွင် ဂိုဏ်းချုပ်ကြီး အာမင်းလည်း ကူကူးကင် နတ်ဘုရားကျောင်းတော်ကြီးထိပ်ရှိ အတွင်းကျောင်းဆောင်တံခါးကြီးကို ကမန်းကတန်းဖွင့်လိုက်သည်။ ထို့နောက် မာယာဘုရင်ကြီးကို ပွေ့ချီပြီး အတွင်းသို့ အားလုံး ပြေးဝင်ကြပြီးလျှင် တံခါးမကြီးကို ပြန်ပိတ်လိုက်သည်။

အတွင်းကျောင်းဆောင်တွင်းသို့ အားလုံးဝင်ပြီး တံခါးမကြီးကို ပိတ်လိုက်ချိန်တွင် ဘုရင်ဟူးနက်ဆီးနှင့် စစ်သည်တော်များသည် ကူကူးကင် နတ် ဘုရားကျောင်းတော်ကြီးထိပ်သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်သည်။ ဘုရင်ဟူး နက်ဆီးလည်း ပိတ်ထားသော တံခါးကြီးကို ကြည့်ကာ တက်ခေါက်လိုက်ပြီးနောက်၊ စစ်သည်တော်တို့အား သစ်တုံးကြီးများ သယ်ယူစေပြီး တံခါးမကြီးကို သစ်တုံးကြီးများဖြင့် တအား ဆောင့်ဖွင့်ရန် အမိန့်ပေးလိုက်သည်။

ဤသို့ အတွင်းကျောင်းဆောင်တံခါးကြီးကို ဘုရင်ဟူးနက်ဆီးနှင့် စစ်သည်တော်များက အတင်းအဓမ္မ ဖွင့်ဖို့ကြိုးစားနေကြသည့်အဖြစ်ကို သိရှိကြရသောအခါ အတွင်းကျောင်းဆောင်တွင်းရှိ လူများလည်း တစ်ဦးမျက်နှာကို တစ်ဦး အကဲခတ်ဘိသကဲ့သို့ ကြည့်လိုက်ကြသည်။ ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းသည် အတွင်းကျောင်းဆောင်တွင်းရှိ နတ်ဘုရားကြီး **အစ္စမ်းနား**၏ ကြီးမားလှသော ရုပ်တုကြီး နောက်ဘက်ရှိ အရေးပေါ် လျှို့ဝှက်တံခါးပေါက်ကို လက်ညှိုးထိုးပြလိုက်ပြီးလျှင် လျှို့ဝှက်တံခါးပေါက်ကို သွားဖွင့်လိုက်သည်။

ထိုအခါ မာယာဘုရင်ကြီး၏ သားတော် လုလင်ပျို ကျားသစ် ဘာလမ်းလည်း သေနာပတိ အာဟာလပ်၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်

သည်။ ထိုအခါ သေနာပတိ အာဟာလပ်လည်း မာယာ စစ်သည်တော်တို့ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး အသာခေါင်းညိတ်လိုက်သည်။ ထို့နောက် လုလင်ပျို ကျားသစ် ဘာလမ်းနှင့် သေနာပတိ အာလာလပ်တို့သည် မာယာဘုရင်ကြီး ကို ပွေ့ချီကာ အရေးပေါ် လှိုဏ်ဂူ့တံခါးပေါက်က တစ်ဆင့်အောက်သို့ ဆင်း သည့် လှိုဏ်ဂူ့လှေကားအတိုင်း တရွေ့ရွေ့ ဆင်းလာခဲ့ကြသည်။

ထိုအခိုက်တွင် နောက်မှ ကပ်ပြီး လိုက်ပါလာခဲ့ကြသော မာယာ ဘုန်းကြီးများနှင့် မာယာစစ်သည်တော်များလည်း လှိုဏ်ဂူ့တံခါးပေါက်ကို အသေအချာ ပြန်ပိတ်ပြီးနောက် လှိုဏ်ဂူ့တံခါးအနီးတွင် အသင့်ရှိနေသော မီးတုတ်ကြီးများကို ဆွဲယူထွန်းညှိလိုက်ရာ၊ မှောင်မည်းနေသော လှိုဏ်ဂူ့လှေ ကားမှာ ရုတ်တရက် လင်းလက်သွားတော့သည်။ ထို့နောက် လှိုဏ်ဂူ့လှေ ကားအတိုင်း တိတ်ဆိတ်ငြိမ်သက်စွာ တရွေ့ရွေ့ ဆင်းလာခဲ့ကြရာ နောက်ဆုံး၌ လှိုဏ်ဂူ့လှေကားခြေရင်းရှိ မြေအောက် အခန်းကျယ်ကြီးသို့ ရောက်ရှိသွားလေ တော့သည်။

မြေအောက်အခန်းကျယ်ကြီး၏ လေးဖက်လေးတန် နံရံတို့တွင် မာယာလူမျိုးတို့၏ သမိုင်းရာဇဝင်နှင့် ဘုန်းတန်ခိုးကြီးမားသော မင်းဧကရာဇ် တို့အကြောင်းကို မှတ်တမ်းတင်ထွင်းထုထားသော ကျောက်ဆစ် ရုပ်ဖောင်းရုပ် ကြွတို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်ထားပေသည်။ သို့သော် မြေအောက် အခန်းကျယ်ကြီးသို့ ရောက်ရှိလာကြသော မာယာတို့ကား ကျောက်ဆစ်ရုပ် ဖောင်းရုပ်ကြွ အနုပညာအလှကို ရသခံပြီး မကြည့်ရှုနိုင်ကြရှာပေ။ လှိုဏ်ဂူ့လှေ ကား၏ အပေါ်ဖက်အတွင်း ကျောင်းဆောင်တံခါးကြီးကို သစ်တုံးကြီးများဖြင့် တဒုန်းဒုန်း ဆောင့်ဖွင့်နေသော အသံကို တထိတ်ထိတ်နားထောင်ရင်း မေ့မျော နေသော မာယာဘုရင်ကြီး၏ မျက်နှာတော်ကို ငေးမောကြည့်နေကြသည်။

ထိုသို့ငေးမောကြည့်နေကြခိုက်တွင် မာယာဘုရင်ကြီး၏ မျက်နှာ သည် တဖြည်းဖြည်း သွေးဆုတ်ကာ ဖျော့တော့လာပြီးနောက် အသက်ရှူရပ် ကာ သွားတော့သည်။ မာယာဘုရင်ကြီးကား ရန်သူ၏ လက်ချက်ကြောင့် ရရှိခဲ့သည့် ဒဏ်ရာဒဏ်ချက်ဖြင့် နတ်ပြည်စံ ကံတော်ကုန်ချေပြီ တကား။

မာယာဘုရင်ကြီး၏သားတော် လုလင်ပျို ကျားသစ်ဘာလမ်း လည်း ဖခမည်းတော်၏ မျက်နှာကို မမိုတ်မသုန် ငေးစိုက်ကြည့်နေရာမှ လေး လေးတွဲ့တွဲ့ ထလိုက်သည်။ ထို့နောက် ဂိုဏ်းချုပ်ကြီး အာမင်း၏ မျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး လှိုဏ်ဂူ့လှေကားအပေါ်ဘက်သို့ မော့ကြည့်လိုက် သည်။ ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းလည်း ဆုတောင်းမင်္ဂလာ ဂါထာတို့ကို

တတွတ်တွတ် ရွတ်နေရာမှ အသာထလိုက်သည်။ ထို့နောက် မာယာဘုရင်ကြီး အပါးသို့ လျှောက်သွားပြီး၊ လည်ပင်းမှ လည်ဆွဲရတနာကို ဖြုတ်ယူလိုက်သည်။

ထို့နောက် ဂိုဏ်းချုပ်ကြီးအာမင်းက –

"အရှင့်သား ကျွန်တော်မျိုးဟာ အရှင့်သားရဲ့ ဖခမည်းတော်ကို ဦးလည်မသုန် အမှုတော်ထမ်းခဲ့ပါတယ်။ အရှင့်သားကိုလည်း ရင်မှ ဖွားတဲ့ ကိုယ့်သားအရင်းလိုပဲ ချစ်ခင်မြတ်နိုးခဲ့ပါတယ်။ အခုအချိန်ကစပြီး အရှင့်သားကို မာယာတို့အရှင် ဘုရင်မင်းမြတ်အဖြစ် ချင်ခင်မြတ်နိုးစွာ ကျွန်တော်မျိုး ဦးလည်မသုန် အမှုတော်ထမ်းမယ့်အကြောင်း အလေးအနက် သစ္စာဆိုပါတယ်။ မာယာတို့အရှင် နဝမမြောက် ဘုရင်အဖြစ် ခံယူတော်မူပါ" ဟု လျှောက်တင်လိုက်ရာ ကျန်မာယာအပေါင်းတို့လည်း –

"ကျားသစ်ကြီးဘာလမ်း နဝမမြောက်ဘုရင်ကြီး ဘုန်းတော်ကြီးပါစေ" ဟု သောင်းသောင်းဖြဖြ တစ်ပြိုင်တည်း ကြွေးကြော်ကြတော့သည်။

ထိုအခိုက်တွင် မာယာတို့၏အရှင် နဝမမြောက် ဘုရင်သစ် ကျားသစ်ဘာလမ်းလည်း လက်တွင်းရှိ လက်သုံးတော်ဓားကို တင်းတင်းဆုပ်ပြီး လျှင် လျှို့ဝှက်လှေကားသို့ စိန်းစိန်းကြည့်ရင်း –

"မာယာတွေဟာ တကယ့်ယောက်ျား ဘသားတွေ ဖြစ်ကြောင်း ဟူးနက်ဆီးသိသွားအောင် ဘုန်းစွမ်းနဲ့လူစ ပြဖို့ အချိန်ကျန်ပါသေးတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းလည်း စိုးရိမ်ကြောင့်ကျသော အသွင် ဖြင့် မာယာဘုရင်သစ် ဘာလမ်း၏လက်ကို ကိုင်ဆွဲရင်း –

"အို ... အရှင်၊ စိတ်လိုက်မာန်ပါ ပြုတော်မမူပါနဲ့။ အသက်ဘေးမှ ဝေးရာသို့ ရှောင်တိမ်းတော်မူပါ" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်သစ် ဘာလမ်းက ပြုံးပြီး –

"သြော် ... ဟူးနက်ဆီးရဲ့ ရှေ့မှောက်မှာ မာယာတို့ရဲ့ ဂိုဏ်းချုပ်ကြီး တောင် ကြောက်ဒူးတုန်နေပါပကော" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက –

"ကျွန်တော်မျိုး ကြောက်ဒူးမတုန်ပါဘူး အရှင်" ဟု လျှောက်တင်လိုက်ပြီး၊ သေနာပတိ အာဟာလပ်ကလည်း –

"ဂိုဏ်းချုပ်ကြီးလျှောက်တင်တာ မှန်ပါတယ် အရှင်။ ကျွန်တော်မျိုးတို့မှာ ဟူးနက်ဆီးကို ပြန်လည်တွန်းလှန်တိုက်ခိုက်နိုင်တဲ့ အခြေအနေ မရှိတော့ပါဘူး" ဟု ဝင်ရောက်လျှောက်တင်လိုက်သည်။

www.burmeseclassic.com


ထိုအခါ မာယာဘုရင်ဘာလမ်းက –

“ဩော် ... ကျုပ်ရဲ့ စစ်သေနာပတိကတောင် ထွက်ပြေးတိမ်းရှောင်ဖို့ တိုက်တွန်းနေပါပကော” ဟု မိန့်ကြားလိုက်ရာ သေနာပတိ အာဟာလပ်က–

“အခြေအနေအရ တိုက်တွန်းရခြင်းပါ အရှင်။ ကျွန်တော်မျိုးတို့မှာ ဟူးနက်ဆီးကို ပြန်လည်တွန်းလှန်တိုက်ခိုက်နိုင်တဲ့ အခြေအနေ လုံးဝမရှိတော့ပါဘူး” ဟု ထပ်မံ လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

“ရန်သူကို ရင်မဆိုင်ဘဲ ထွက်ပြေးမယ့်အစား ရန်သူကို ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး စစ်မြေပြင်မှာ သူရဲကောင်းလို ကျဆုံးနိုင်တဲ့ အခွင့်အရေး ကျုပ်တို့မှာ ရှိပါသေးတယ်။ ကျုပ်အနေနဲ့တော့ ရန်သူကို ရင်မဆိုင်ဘဲ ထွက်မပြေးနိုင်ဘူး။ ရန်သူကို ရဲရဲရင့်ရင့် ရင်ဆိုင်မယ်” ဟု ဒေါသတကြီး မိန့်ကြားရာ လျှို့ဝှက် လှေကားဆီသို့ အပြေးထွက်ကြွသွားသည်။

ထိုအခါ သေနာပတိ အာဟာလပ်လည်း ရှေ့မှ ဖြတ်ခနဲ တန့်ရပ်ပြီး တားဆီးလိုက်ရာ မာယာဘုရင် ဘာလမ်းလည်း သေနာပတိ အာဟာလပ်၏ မျက်နှာကို စိန်းစိန်းကြီး ကြည့်လိုက်သည်။ ထို့နောက် သေနာပတိအာဟာလပ်ကို တွန်းဖယ်ပြီး ရှေ့သို့ထွက်ကြွမည်ပြုရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

“အို ... အရှင်။ အခုအချိန်မှာ အရှင်ဟာ လူသား သာမန် မဟုတ်တော့ပါဘူး။ နတ်ဘုရားတစ်ပါး ဖြစ်နေပါပြီ။ သတိထားတော်မူပါ” ဟု ကြား ဝင်လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းက –

“ကျုပ် နတ်ဘုရားတစ်ပါးဖြစ်သွားရင်လည်း ရန်သူကို ရဲရဲရင့်ရင့် ရင်ဆိုင်ဖို့အတွက် ကြွမြန်းရမှာပဲ။ ဒါမှ ကောင်းကင်ဘုံနန်းက နတ်ဘုရားများနဲ့ မြန်မြန်ပေါင်းဆုံမိမှာ” ဟု ခပ်တင်းတင်း မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

“အရှင် ... အရှင်ရဲ့ လူမျိုးတွေအတွက်လည်း စဉ်းစားတော်မူပါ။ အခုအချိန်ဟာ ရန်သူကို ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး တိုက်ခိုက်ရတော့မယ့် အချိန်အခါ မဟုတ်တော့ပါဘူး။ ရန်သူကို တွန်းလှန်တိုက်ခိုက်နိုင်ဖို့အတွက် အားယူစုဆောင်းရမယ့် အချိန်အခါသာဖြစ်ပါတယ်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း အခန်းတွင်းရှိ လူအားလုံးတို့၏ မျက်နှာကို လှည့်ပတ်ပြီး စေ့စေ့ကြည့်လိုက်သည်။

ထိုအခိုက်တွင် သေနာပတိ အာဟာလပ်က –

"ဂိုဏ်းချုပ်ကြီး လျှောက်တင်တဲ့စကားဟာ လက်ခံစဉ်းစားထိုက်တဲ့ စကားပါ အရှင်။ ကျွန်တော်မျိုးတို့ ရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းအောင် အချိန်ယူကုသရပါမယ်။ ပြီးတော့ ကျူးကျော် နယ်ချဲ့ရေးသမားတွေကို ကျွန်တော်မျိုးတို့ မာယာဒေသက အပြီးတိုင် တိုက်ခိုက်မောင်းထုတ်ဖို့ ကြိုးစားရပါ့မယ်" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက –

"ကျုပ်တို့ ရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ပျောက်ကင်းအောင် အချိန်ယူကုသရမယ် ဟုတ်စ။ ဒီလို အချိန်ယူကုသဖို့အတွက် ကျုပ်တို့မှာ ပုန်းခိုရှောင်တိမ်းစရာ နေရာများကော ရှိလို့လား။ ဟူးနက်ဆီးရဲ့ လက်ထဲက လွတ်အောင်ပြေးလို့ကော ရပါ့မလား။ ဒီတော့ သေချင်းသေရရင် စစ်မြေပြင်မှာ ရန်သူကို ရဲရဲရင့်ရင့် တိုက်ခိုက်ရင်း သူရဲကောင်းလို သေချင်တယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

"စစ်မြေပြင်မှာ ရန်သူကို ရဲရဲရင့်ရင့် တိုက်ခိုက်ရင်း သူရဲကောင်းလို သေချင်တာတော့ ဟုတ်ပါတယ် အရှင်။ ဒါပေမဲ့ စစ်မြေပြင်မှာ မသေဆုံးဘဲ ရန်သူရဲ့ အဖမ်းခံရပြီး သုံ့ပန်းဖြစ်သွားရင်ကော။ ဟူးနက်ဆီးက အရှင့်ကို ဂုဏ်သိက္ခာညှိုးနွမ်းအောင် အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းလိမ့်မယ်။ သရော်ပြောင်လှောင်လိမ့်မယ်။ ပြီးတော့ ဟူးနက်ဆီးတွေက အရှင့်ကို အရှင်လတ်လတ် ယဇ်ပူဇော်တဲ့အနေနဲ့ သတ်လိမ့်မယ်ဆိုတဲ့ အချက်တွေကို အရှင် ကြိုတင် တွေးဆ ထားသင့်ပါတယ်" ဟု လျှောက်တင်လိုက်ပြီးနောက် –

"အို ... အရှင်၊ အခုအချိန်မှာ အရှင်ဟာ သာမန် လူသား မဟုတ်တော့ပါဘူး။ နတ်ဘုရားတစ်ပါး ဖြစ်နေပါပြီ၊ မာယာတို့ အရှင် ဘုရင်မင်းမြတ် ဖြစ်နေပါပြီ၊ စိတ်လိုက်မာန်ပါ ပြုဆောင်တော် မမူပါနဲ့" ဟု လျှောက်တင်လိုက်ရာ သေနာပတိ အာဟာလပ်ကလည်း –

"မှန်ပါတယ် အရှင်။ အခုလောလောဆယ် အခြေအနေမှာတော့ အားမတန်မာန်လျှော့တဲ့ အနေနဲ့ ကျွန်တော်မျိုးတို့ လူခွဲပြီး ရှောင်တိမ်းသွားသင့်ပါတယ်" ဟု ထပ်မံလျှောက်တင်ပြန်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီးနှင့် သေနာပတိတို့၏ မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် –

"လူစုခွဲပြီး ရှောင်တိမ်းသင့်တယ် ဟုတ်လား။ ဒီအလုပ်ကိုတော့ ကျုပ်တို့ လုံးဝ မလုပ်ဘူး" ဟု ခပ်ပြတ်ပြတ် မိန့်ကြားလိုက်သည်။

ထို့နောက် မာယာဘုရင် ဘာလမ်းသည် အပေါ်ထပ်ရှိ အတွင်းကျောက်ဆောင်တံခါးကြီးကို သစ်တုံးကြီးများဖြင့် တဒုန်းဒုန်း ဆောင့်ဖွင့်နေ

www.burmeseclassic.com


သံကို နားစွင့်ရင်း ဖခမည်းတော် မာယာဘုရင်ကြီး၏ မျက်နှာတော်ကို ငေး ကြည့်နေသည်။ ထို့နောက် အခန်းတွင်းရှိ လူအားလုံး၏ မျက်နှာကို စေ့စေ့ ကြည့်ပြီး –

"ကျုပ်ရဲ့ ဖခမည်းတော်က ကျုပ်ကို ရှေးဟောင်းဒဏ္ဍာရီ တစ်ရပ် မိန့်ကြားခဲ့ဖူးတယ်။ ရှေးရှေးတုန်းက ဒီဒေသမှာ မြေငလျင်လှုပ်ပြီး၊ မီးတောက် မီးပွားတွေ ကောင်းကင်က တဖွဲဖွဲ ဆင်းလာခဲ့ဖူးတယ်။ အဲဒီအချိန်မှာ ဒီဒေသက လူတွေဟာ လှေကြီးတွေနဲ့ ပင်လယ်ကိုဖြတ်ပြီး မြောက်စူးစူးကို ထွက်ခွာသွားခဲ့ တယ်တဲ့" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အခန်းတွင်းရှိ လူအပေါင်းတို့လည်း တစ်ဦးမျက်နှာကို တစ်ဦးလှမ်းကြည့်လိုက်ကြသည်။ ထို့နောက် မာယာတပ်မှူးကြီး ပစ်က –

"ဒီလို ခရီးဆက်သွားရင် ကမ္ဘာကြီးပေါ်က ကျွန်တော်မျိုးတို့ လိမ့်ကျ ကုန်မှာပေါ့အရှင်" ဟု လျှောက်တင်လိုက်ပြီး၊ ဂိုဏ်းချုပ်ကြီး အာမင်းကလည်း–

"အရှင်မိန့်ကြားတဲ့ ရှေးဟောင်းဒဏ္ဍာရီနဲ့ ပတ်သက်ပြီး ရှေးဟောင်း မှတ်တမ်းတွေထဲမှာ ကျွန်တော်မျိုးလုံးဝ မဖတ်ရှုမိပါဘူး အရှင်။ ဒီရှေးဟောင်း ဒဏ္ဍာရီဟာ ဟုတ်မှန်တဲ့လက္ခဏာ လုံးဝမရှိပါဘူး" ဟု လျှောက်တင်လိုက် သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီး၏ မျက်နှာကို စိန်းစိန်းကြည့်ပြီး –

"ဂိုဏ်းချုပ်ကြီး၊ ရှေးဟောင်းဒဏ္ဍာရီဟာ ဖခမည်းတော်ကိုယ်တိုင် မိန့်ကြားခဲ့တာပါ" ဟု ခပ်ဆတ်ဆတ် ပြောကြားလိုက်ရာ၊ လူအားလုံးတို့လည်း မည်သို့မျှ မလျှောက်တင်ဝံ့ကြတော့ဘဲ နှုတ်ဆက်သွားကြတော့သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက –

"မောင်မင်းတို့က လောလောဆယ် အခြေအနေအရ ဟူးနက်ဆီးကို မခုခံတိုက်ခိုက်သင့်ပါဘူးလို့ လျှောက်တင်ခဲ့တယ်။ မောင်မင်းတို့ရဲ့ လျှောက် တင်စကားဟာ အကျိုးအကြောင်းသင့်လေတော့ ကျုပ်သဘောတူလိုက်ပါပြီ" ဟု မိန့်ကြားပြီးနောက် –

"ကျုပ် မိန့်ကြားတာကို အားလုံးနားထောင်ကြ။ ကျုပ်တို့ဟာ ဒီနေ ရာကနေပြီး **အိဗာမား** မြို့ကြီးကို တစ်စုတစ်ဝေးတည်း ရှောင်တိမ်းသွားကြရ မယ်။ သွားရမဲ့ ခရီးလမ်းကတော့ လမ်းကြီးလမ်းကောင်းတွေက မဟုတ်ဘူး။ တောထဲတောင်ထဲက ပုန်းလျှိုးပြီးသွားရမှာ ဖြစ်တယ်။ အဲဒီ အိဗာမားမြို့ကြီး ရောက်တဲ့အခါကျတော့ **ပေါလဲ** ပင်လယ်ကမ်းခြေကို ဆက်လက်ထွက်ခွာကြ မယ်။ ဒီကနေဆိုရင် ပေါလဲပင်လယ်ကမ်းခြေ ရောက်အောင် ဆယ်ရက်ဆက်

တိုက် ခရီးဆက်ကြရလိမ့်မယ်။ ပေါလဲပင်လယ်ကမ်းခြေကို ရောက်တဲ့အခါမှာ ရရာလှေကြီးတွေနဲ့ ပင်လယ်ကို ဖြတ်ပြီး မြောက်စူးစူးကို ခရီးဆက်ကြရမယ်” ဟု မိန့်ကြားသည်။

ထိုအခါ လူအားလုံးလည်း မည်သို့မျှ ပြန်လည်မလျှောက်တင်ကြဘဲ။ မိမိတို့အရှင် နဝမမြောက် မာယာဘုရင်သစ်၏ မျက်နှာတော်ကိုသာ ငေး ကြည့်နေကြရာ မာယာဘုရင် ဘာလမ်းက –

“အခုအချိန်ဟာ မှောင်ရည်သန်းနေတဲ့အချိန်ပဲ။ ဟူးနက်ဆီးတို့ကို မခုခံမတိုက်ခိုက်တော့ဘူးဆိုရင် ကျုပ်တို့တတွေ အခုချက်ချင်း ခရီးဆက်ကြရမယ်” ဟု မိန့်ကြားလိုက်သည်။

ထို့နောက် မာယာဘုရင် ဘာလမ်းလည်း ရန်သူ၏ လက်ချက်ကြောင့် နတ်ပြည်စံသွားသော ဖခမည်းတော် မာယာဘုရင်ကြီး၏ အပါးတွင် ဒူးထောက်ထိုင်လိုက်ပြီးနောက် ရိုသေလေးမြတ်စွာ ဂါရဝပြုလိုက်သည်။ ထို့နောက် မိမိဆောင်းထားသော ငှက်မွေးဦးထုပ်ကို ချွတ်ပြီး ဖခမည်းတော်၏ မျက်နှာသို့ အသာအုပ်ပေးလိုက်သည်။

ထို့နောက် မာယာဘုရင် လုလင်ပျိုဘာလမ်းလည်း ထိုနေရာမှ ဆတ်ခနဲ ထလိုက်ပြီးလျှင် မည်သူ့ကိုမှ လှည့်ကြည့်မနေတော့ဘဲ လျှို့ဝှက်လမ်းကြားလေးအတိုင်း ခပ်သုတ်သုတ် ထွက်ခွာကြွမြန်းသွားတော့သည်။ ထိုအခါ မြေအောက် အခန်းကျယ်ကြီးအတွင်းရှိ လူအပေါင်းတို့လည်း တွေဝေ ဆိုင်းငံ့ခြင်း လုံးဝမရှိကြဘဲ မိမိတို့အရှင် မာယာအရှင် ဘာလမ်း၏ နောက်သို့ တစ်ပြိုင်တည်း လိုက်ပါလာခဲ့ကြသည်။

ထိုအခိုက်တွင် အပေါ်ထပ်ရှိ အတွင်းဘုရားဆောင်ကြီးကို သစ်တုံးကြီးများဖြင့် တဒုန်းဒုန်း ဆောင့်ဖွင့်နေသံကြီး ဆူညံစွာ ပေါ်ထွက်နေရုံမက၊ ကျွတ်ခနဲမြည်ပြီး တံခါးမကြီး ကျိုးပွင့်ထွက်သွားသံကိုပါ ကြားရသည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းက –

“ဖခမည်းတော်ရဲ့ ရုပ်အလောင်းကို သူတို့တစ်တွေ တွေ့သွားတော့မှာပဲ” ဟု ခပ်တိုးတိုး မိန့်ကြားလိုက်ရာ၊ နောက်ပါးတွင် ကပ်ပြီးလိုက်ပါလာသော ဂိုဏ်းချုပ်ကြီးအာမင်းက –

“မှန်ပါတယ် အရှင်။ ဒါပေမဲ့ အရှင် အသက်ထင်ရှား ရှိနေသေးသမျှ ကာလပတ်လုံး ဟူးနက်ဆီးဟာ ချီချင်အစ္စာ နေပြည်တော်ရဲ့ အရှင်၊ မာယာတို့ရဲ့ ဘုရင် မဖြစ်နိုင်ပါဘူး” ဟု ခပ်တိုးတိုး လျှောက်တင်လိုက်သည်။

*

www.burmeseclassic.com


မာယာဘုရင် လုလင်ပျို ကျားသစ်ဘာလမ်းသည် မိမိဘဝတစ်သက်တာတွင် မည်သည့်အခါမှ မေ့ပျောက်တော့မည် မဟုတ်သော အဖြစ်အပျက်တို့ကို ပြန်လည်မြင်ယောင်လျက်ရှိရာမှ စိတ်မောမောနှင့် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

ထို့နောက် အရှေ့ဘက် မိုးကောင်းကင်မှ ရောင်နီပျို့လာသည်ကို ငေးကြည့်ရင်း –

'ကူကူးကင် နတ်ဘုရား ကျောင်းတော်ကြီး၏ အောက်ခြေရှိ လျှို့ဝှက် လမ်းကြားကလေးမှ တစ်ဆင့် မိမိတို့ လူစု တိတ်တဆိတ် ထွက်ခွာလာကြခိုက်တွင် မိမိတို့နေပြည်တော်ဖြစ်သော ချီချင်အဇ္ဇာ မြို့တော်ကြီး မီးတဟုန်းဟုန်း လောင်နေသည့် အဖြစ်ကို လည်းကောင်း၊ တောရိပ်တောင်ရိပ်ကို ခိုကာ ပုန်းလျှိုးဂုက်လျှိုး ထွက်ပြေးတိမ်းရှောင်လာခဲ့သော မိမိတို့ နောက်သို့ ကျူး ကျော်ရေးသမား ဘုရင်ဟူးနက်ဆီးက အပြင်းလိုက်လံရှာဖွေသည့်အဖြစ်ကို လည်းကောင်း၊ မိမိတို့လူစု နောက်ဆုံး ဖြတ်သန်းလာခဲ့သော အိဇာမားမြို့ကြီး ကိုလည်း ဘုရင် ဟူးနက်ဆီးက အခြားသော မာယာမြို့ကြီးများကို မီးတိုက်ဖျက်ဆီးပစ်သကဲ့သို့ မီးတိုက်ဖျက်ဆီးပစ်သည့် အဖြစ်ကိုလည်းကောင်း၊ အငြိုး တကြီးနှင့် အပြင်းလိုက်လံသတ်ဖြတ်နေသော ဘုရင်ဟူးနတ်ဆီး၏ လက် တွင်းမှ မိမိတို့ လက်မတင်လေး လွတ်မြောက်လာသည့်အဖြစ်ကို လည်း ကောင်း' တရေးရေး မြင်ယောင်လျက်ရှိသည်။

ထိုအခိုက်တွင် အရုဏ်ကျင်း၍ အလင်းရောင်ပေါ်လာပြီဖြစ်ရာ အိပ် စက်နားနေကြသော လူများအားလုံးပင် လူးလွန့်နိုးထလာကြတော့သည်။ မကြာမီ သေနာပတိ အာဟာလပ်လည်း လုလင်ပျို ကျားသစ်ဘာလမ်း၏ ရှေ့တော်မှောက်သို့ လာရောက်ပြီး ဒူးထောက်အရိုအသေ ပြုလိုက်သည်။ ထို့ နောက် လှိုင်းလုံးတို့ တဝုန်းဝုန်း ရိုက်ခတ်နေသော ပင်လယ်သောင်စပ်သို့ ငေးကြည့်နေကြသည်။ ထိုသို့ ငေးကြည့်နေခိုက်တွင် တက်သစ်စ နေမင်း၏ လင်းရောင်ခြည်သည် ပင်လယ် သောင်စပ်ပေါ်သို့ ယှက်ဖြာကျဆင်းလာတော့ သည်။ ထို့ကြောင့် ရေလှိုင်းတို့ အရောင်မှာ ပန်းနုရောင်သွေးတောက်ကာ လှပ ဆန်းကြယ်နေပေတော့သည်။

မာယာဘုရင်ဘာလမ်းနှင့် သေနာပတိ အာဟာလပ်တို့သည် အချင်း ချင်း စကားတစ်ခွန်းမှ မပြောဘဲ လှပဆန်းကြယ်လှသော ပင်လယ်သောင်ကမ်း စပ်ကိုသာ မမိုတ်မသုန် ငေးကြည့်နေကြသည်။ အတန်ကြာသောအခါ မာယာ ဘုရင် ဘာလမ်းလည်း လူးလွန့်လှုပ်ရှားစပြုနေသော နောက်လိုက်နောက်ပါ များ ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက် စုစုပေါင်းမှ လူဆယ့်ငါး

ယောက်၊ နှစ်ဆယ်ခန့်သာ ကျန်ရှိတော့သည့် နောက်လိုက် နောက်ပါတို့ကို ငေးကြည့်ရင်း 'မိမိသည် မာယာတို့ အရှင် နဝမမြောက်ဘုရင် ဖြစ်လင့်ကစား လူသူအင်အားမှာ လက်တစ်ဆုပ်စာသာ ရှိပါကလား" ဟု တွေးတောကာ သက်ပြင်းချလိုက်မိပြီးမှ 'ယောက်ျားဘုန်းကား၊ မဆုန်းဆနိုင်၊ အခေါင်တိုင်' ဟူသော ဆိုရိုးစကားကို အားတင်းလိုက်ပြန်သည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း မိမိလက်မောင်းကို တစ်စုံတစ်ယောက်က အသာလာကိုင်သည့်အတွက် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ တောင်ဘက် ပင်လယ်သောင်ကမ်းသို့ လက်ညှိုးညွှန်ပြနေသော သေနာပတိ အာဟာလပ်ကို တွေ့မြင်ရသည်။ ထို့ကြောင့် မာယာဘုရင် ဘာလမ်းလည်း တောင်ဘက် ပင်လယ်ကမ်းစပ်ကို စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်ရာ ခပ်လှမ်းလှမ်းရှိ သောင်စပ်၌ လူနှစ်ဦး၏ သဏ္ဍာန်ကို ခပ်ဝါးဝါးမြင်လိုက်ရသည်။ ဤတွင် မာယာဘုရင် ဘာလမ်းလည်း ခါးတွင် ချိတ်ထားသော ဓားရိုး ပေါ်သို့ ဖျတ်ခနဲ လက်တင်လိုက်ပြီး –

"လူအားလုံးကို အသင့်ပြင်ထားခိုင်းလိုက်။ ဒီလူနှစ်ယောက်ကို ကျုပ် စောင့်ကြည့်နေမယ်" ဟု မိန့်ကြားလိုက်ရာ သေနာပတိ အာဟာလပ်လည်း ခေါင်းတစ်ချက်ညိတ်ပြီး အပါးမှာ ချာခနဲ ထွက်ခွာသွားသည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းကလည်း ခပ်လှမ်းလှမ်း သောင်စပ်ရှိ လူနှစ်ဦး၏ သဏ္ဍာန်ကို မမှိတ်မသုန် လှမ်းကြည့်နေသည်။ ပင်လယ်စပ်ရှိ လူနှစ်ဦး၏ သဏ္ဍာန်သည် စိတ်အေးလက်အေး အမူအရာဖြင့် တရွေ့ရွေ့လျှောက်နေကြသည်။ သို့သော် ထိုသူတို့၏ လက်တွင်း၌ တစ်စုံတစ်ရာကို ကိုင်ထားကြပေသည်။ ထို့နောက် မာယာဘုရင်ဘာလမ်းလည်း 'ဤလူနှစ်ဦးကား ဘုရင်ဟူးနက်ဆီး၏ ရှေ့ပြေးအထောက်တော်များဖြစ်ပြီး လက်တွင်း၌ ကိုင်ထားသော အရာမှာ ဒိုင်းများ ဖြစ်မည်လော' ဟု တွေးတောနေမိသည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်း၏ နောက်လိုက်နောက်ပါများသည်လည်း မလှမ်းမကမ်းတွင် စုပြုံရပ်ရင်း ထိုလူနှစ်ဦး၏သဏ္ဍာန်ကို စိတ်ဝင်စား ငေးကြည့်နေကြသည်။

ထိုအခိုက်တွင် တက်သစ်စ နေမင်း၏ အလင်းရောင်မှာ ပို၍ ထွန်းလင်းတောက်ပလာပြီး၊ ပင်လယ်သောင်စပ်၌ စိတ်အေးလက်အေး အမူအရာဖြင့် တရွေ့ရွေ့ လျှောက်နေသော လူနှစ်ဦးတို့ကလည်း ခပ်သောသော ရယ်မောလိုက်ကြသည်။ ဤတွင် မာယာဘုရင် ဘာလမ်း၏ ညာဘက်၌ မာယာစစ်သည်တော်တစ်ဦး တဟားဟား ရယ်မောလိုက်ပြီး အခြားလူများကလည်း တဟားဟား လိုက်လံလိုက်ရယ်မောလိုက်ကြသည်။ မာယာဘုရင် ဘာလမ်း

www.burmeseclassic.com


ကိုယ်တိုင်ပင် ပင်လယ်ကမ်းစပ်က လူနှစ်ဦးကို ထပ်မံစူးစိုက်မကြည့်တော့ဘဲ စိတ်ပေါ့လက်ပေါ့ ပြုံးလိုက်တော့သည်။

ပင်လယ်ကမ်းစပ်က လူနှစ်ဦးကား မာယာဘုရင် ဘာလမ်း မှတ်ထင်စိုးရိမ်နေသော ဘုရင်ဟူးနက်ဆီး၏ ရှေ့ပြေးအထောက်တော်များ မဟုတ်ကြဘဲ၊ ပျိုမျစ်နုနယ်သော မိန်းမပျိုနှစ်ဦးသာ ဖြစ်နေလေသည် တကား။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ဒီမိန်းမပျိုနှစ်ယောက်ဟာ ပေါလဲရွာက ဖြစ်ရမယ်" ဟု မိန့်ကြားပြီး ပင်လယ်သောင်စပ်တစ်လျှောက်၌ စိတ်အေးလက်အေး လမ်းလျှောက်လာနေကြသော မိန်းမပျိုနှစ်ဦးကို စူးစိုက်ပြီးကြည့်မြဲ ကြည့်နေပေသည်။

ထိုသို့ ငေးကြည့်နေခိုက်တွင် မိန်းမပျိုနှစ်ဦးသည် တဖြည်းဖြည်း နီးကပ်လာပေရာ မိန်းမပျိုနှစ်ဦးစလုံး ရုပ်အဆင်း ချောမောပြီး နုနယ်ပျိုမျစ်လှကြောင်း တွေ့မြင်ရသည်။ ထိုမိန်းမပျိုနှစ်ဦးအနက် အရပ်ပိုမြင့်သော မိန်းမချော လေးမှာ လည်ဆွဲရတနာကို ဆင်မြန်းထားပေရာ မြင့်မြတ်သော မျိုးရိုးမှ ဆင်း သက်လာသူဖြစ်ကြောင်း ပေါ်ထင်နေပေတော့သည်။

မာယာဘုရင်ဘာလမ်းနှင့် နောက်လိုက်နောက်ပါများလည်း ထိုမိန်းမ ပျိုနှစ်ဦးကို စိတ်ဝင်စားစွာ ငေးကြည့်နေရာမှ၊ မိန်းမပျိုနှစ်ဦးဆီသို့ တစ်ညီတစ်ညာတည်း တိုးသွားကြသည်။ ထိုအခါ မိန်းမပျိုနှစ်ဦးလည်း မိမိတို့ရှိရာသို့ တိုးလာကြသော လူစုကို သတိပြုမိသွားကြပြီး စိတ်အေးလက်အေး လမ်းလျှောက်နေရာမှ ဆတ်ခနဲ ရပ်လိုက်ပြီးလျှင် တည်ငြိမ်အေးဆေးသော အမူအရာဖြင့် လှမ်းကြည့်နေကြသည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း မိမိနောက်လိုက်နောက်ပါတို့နှင့်အတူ မိန်းမပျိုနှစ်ဦးရှိရာသို့ ဆက်လျှောက်လာခဲ့သည်။

မိန်းမပျိုနှစ်ဦးအနက် အရပ်ပိုမြင့်သော မိန်းမပျိုလေးမှာ ဝတ်ရုံနီကို ဆင်မြန်းထားပြီး ရှည်လျားသွယ်ပျောင်းကာ နက်မှောင်နေသော ဆံပင်ကိုလည်း လှပဆန်းကြယ်စွာ ထုံးဖွဲ့ထားသည်။

ထိုအချိန်၌ လေသည် ပင်လယ်ဘက်မှ တဝူးဝူး တိုက်ခတ်လျက်ရှိရာ မိန်မပျိုနှစ်ဦး၏ ဝတ်ရုံတို့မှာ ကိုယ်နှင့် ကပ်နေလေတော့သည်။ ထို့ကြောင့် မိန်းမပျိုနှစ်ဦးစလုံးပင် အချိုးအဆစ် ပြေပြစ်ကျနပြီး စွဲလမ်းတပ်မက်ဖွယ်ကောင်းသော ကိုယ်ခန္ဓာ အလှအပ ရှိကြကြောင်းကို လုလင်ပျို ကျားသစ်ဘာလမ်း သတိပြုမိတော့သည်။

မလှုပ်မယှက် ငြိမ်သက်စွာ ရပ်တန့်ပြီး မိမိတို့ကို ငေးကြည့်နေကြသော မိန်းမပျိုနှစ်ဦးအပါးသို့ ရောက်သောအခါ မာယာဘုရင် လုလင်ပျို ဘာ

www.burmeseclassic.com

BURMESE CLASSIC .com



လမ်းလည်း နောက်လိုက်နောက်ပါတို့ကို ရပ်တန့်စေပြီးနောက် မိန်းမပျိုနှစ်ဦး အနီးသို့ မိမိတစ်ဦးတည်း ဆက်လျှောက်လာခဲ့သည်။ ထို့နောက် အရပ်ပိုမြင့်သော မိန်းမပျိုလေးကို စိုက်ကြည့်ပြီး –

"မင်းတို့က ပေါလဲရွာက လာခဲ့ကြတာလား" ဟု မေးလိုက်သည်။

သို့သော် မိန်းမပျိုနှစ်ဦးလည်း မင်သက်မိနေသည့် ဟန်ဖြင့် မာယာဘုရင်ဘာလမ်းကို စိုက်ကြည့်နေကြသည်။ မေးလိုက်သည့် အမေးစကားကိုကား မည်သူမှ ပြန်မဖြေကြပေ။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းလည်း ရှေ့သို့တိုးလာပြီး မာယာဘုရင် ဘာလမ်းကို ဦးစွာလှမ်းကြည့်ပြီးနောက် မိန်းမပျိုနှစ်ဦးကို စိုက်ကြည့်ရင်း –

"သူဟာ မင်းတို့ရဲ့ဘုရင်ပဲ။ မေးသမျှ ဖြေလိုက်ကြ" ဟု ပြောကြားလိုက်သည်။

ထိုအခါ အရပ်ပိုမြင့်သော မိန်းမပျိုလည်း ဂိုဏ်းချုပ်ကြီးအာမင်းကို စိုက်ကြည့်ပြီးနောက် မာယာဘုရင် ဘာလမ်းကို လှမ်းကြည့်လိုက်သည်။ ထို့ နောက် စကားတစ်ခွန်းမှ မပြောဘဲ ပင်လယ်ကမ်းကွေ့တစ်နေရာဘက်သို့ လက်ညှိုးညွှန်ပြသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ပေါလဲရွာက မဟုတ်လား" ဟု ထပ်မေးရာ၊ မိန်းမပျိုက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ဤတွင် မာယာဘုရင် ဘာလမ်းလည်း ခေါင်းကို မတ်မတ်ထားလိုက်ပြီးလျှင် မိမိ၏နောက်လိုက်နောက်ပါတို့ကို ရှေ့သို့ ဆက်လက်ချီတက်ရန် အချက်ပြလိုက်သည်။ ထို့နောက် မာယာဘုရင် ဘာလမ်းနှင့် နောက်လိုက်နောက်ပါများလည်း မိန်းမပျိုညွှန်ပြသော ပေါလဲရွာဘက်သို့ ဆက်လက်ချီတက်သွားကြသည်။

ထိုသို့ ချီတက်ထွက်ခွာလာခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း ပင်လယ်ကမ်းစပ်၌ မလှုပ်မယှက် ငြိမ်သက်စွာ ရပ်ကျန်နေခဲ့ကြသော မိန်းမပျိုနှစ်ဦးကို အသာစောင်းငဲ့ပြီး ကြည့်လိုက်မိသည်။ ထိုအခါ အရပ်ပိုမြင့်သော မိန်းမပျိုသည် မိမိအား ငေးပြီး ကြည့်နေသည်ကို တွေ့လိုက်ရသည်။

မာယာဘုရင်ဘာလမ်းလည်း မိမိ၏နောက်လိုက်နောက်ပါများနှင့် တကွ ပေါလဲရွာသို့ ချီတက်ခဲ့ကြရာ မကြာမီ ပေါလဲရွာကြီးသို့ ရောက်ရှိသွားတော့သည်။

◈

www.burmeseclassic.com

၂

## ဘုရင်ဟူးနက်ဆီး၏ ကြုံးဝါးသံ

ပင်လယ်သို့ မနက်ပိုင်း ငါးရှာထွက်ပြီး ပြန်လာကြသော လှေကြီးများ အားလုံးကို မာယာဘုရင်ဘာလမ်း၏ စစ်သည်တော်များက သိမ်းယူလိုက်ကြသည်။ ထို့နောက် ပေါလဲရွာကြီးမှ ရှာဖွေသိမ်းယူထားကြသော ပျားရည်အိုးများ၊ ပြောင်းဖူးများ၊ ရေများ၊ အဝတ်အထည်များ၊ ပန်းကန်အိုးခွက်များတို့ကို ထိုလှေကြီးများပေါ်သို့ စနစ်တကျ တင်နေကြသည်။

ထိုအခိုက်တွင် ရွာသူရွာသားများအားလုံးပင် သဲသောင်ပြင်ထက်တွင် စုပြုံရပ်ပြီး မာယာစစ်သည်တော်တို့ ဆောင်ရွက်လုပ်ကိုင်နေကြသည်ကို ငေးကြည့်နေကြရာမှ မာယာဘုရင် ဘာလမ်းနှင့်အတူ ရပ်နေသော မိမိတို့ခေါင်းဆောင် ရွာသူကြီးကို လှမ်းလှမ်းကြည့်နေကြသည်။

ထိုအခါ ရွာသူကြီးက ဆက်၍ –

"ကျွန်တော်မျိုးအနေနဲ့ အရှင်ရဲ့ အလိုဆန္ဒကို ဆန့်ကျင်ငြင်းခုံခြင်း မပြုလိုပါဘူး အရှင်။ ဒါပေမဲ့ ဟောဒီ လှေကြီးတွေနဲ့ ပင်လယ်ပြင်ကို ဖြတ်ပြီး သွားမယ်ဆိုရင် အရှင်တို့အားလုံး အသက်သေဆုံးကြမှာ အမှန်ပါပဲ။ ဒီပင်လယ်ပြင်ရဲ့ အခြားတစ်ဘက်မှာ နယ်မြေဒေသသစ်ရှိတဲ့အကြောင်းကို သမိုင်းဒဏ္ဍာရီမှာတော့ ဆိုထားပါတယ်။ ဒါပေမဲ့ အဲဒီနယ်မြေဒေသသစ်ကို တွေ့ရှိပြီး ဒီဒေသကို ပြန်ရောက်လာတဲ့ လှေတစ်စင်းမှလည်း မရှိသေးပါဘူး။ လူတစ်ယောက်မှလည်း မရှိသေးပါဘူး အရှင်" ဟု လျှောက်တင်လိုက်သည်။

www.burmeseclassic.com



ထိုအခါ မာယာဘုရင် ဘာလမ်းက –

"ဒီပင်လယ်ပြင်ရဲ့ အခြားတစ်ဘက်မှာ နယ်မြေဒေသသစ်ရှိတဲ့ အကြောင်းကို ဒဏ္ဍာရီမှာ အတိအလင်း ဆိုထားပါတယ်။ ဒီလို အတိအလင်း ဆိုရခြင်းဟာလည်း အဲဒီနယ်မြေဒေသသစ်ကို တွေ့ရှိပြီး အဲဒီဒေသက ပြန်လည် ရောက်ရှိလာတဲ့လူ ရှိလို့ ဖြစ်မှာပေါ့။ ဒီလိုမဟုတ်ဘဲနဲ့တော့ သမိုင်းဒဏ္ဍာရီမှာ ဘယ်အတိအလင်း ဆိုပါ့မလဲ" ဟု ပြုံးပြီး မိန့်ကြားလိုက်သည်။ ထို့နောက် ပင်လယ်ကမ်းစပ်သို့ အသီးသီးဆိုက်ကပ်လာကြသော လှေကြီးများကို လှမ်းကြည့်ပြီးနောက်၊ မာယာစစ်သည်တစ်ဦးကို လှမ်းခေါ်ကာ –

"အဲဒီလှေကြီးတွေကိုလည်း သိမ်းယူလိုက်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ပေါလဲရွာသူကြီးက –

"ကျွန်တော်မျိုးတို့ရဲ့ လှေတွေအားလုံးကို အရှင်တို့ သိမ်းယူသွားရင် ကျွန်တော်မျိုးတို့အနေနဲ့ အသက်မွေးဝမ်းကြောင်းဖို့ အလွန်ပဲ ခက်ခဲပါလိမ့်မယ် အရှင်" ဟု လျှောက်တင်လိုက်ရာ၊ မာယာဘုရင်ဘာလမ်းက –

"ဒီအတွက် စိုးရိမ်ကြောင့်ကြမနေပါနဲ့ဗျာ။ ကျုပ်တို့နဲ့အတူ သင်တို့ အားလုံး တစ်ပါတည်း လိုက်ခဲ့ကြရမှာပါ" ဟု မိန့်ကြားလိုက်သည်။

ဤမိန့်ကြားချက်ကို အနီးအနားရှိ ပေါလဲရွာသားများကို ကြားသိသွားကြသောအခါ အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြသည်။ ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း ရေစပ်ဘက်သို့ လျှောက်သွားရာ ဂိုဏ်းချုပ်ကြီးအာမင်းနှင့် သေနာပတိ အာဟာလပ်တို့သည် နောက်တော်ပါးမှ အပြေးလိုက်သွားကြသည်။ ထို့အတူ ပေါလဲရွာသူကြီးလည်း နောက်တော်ပါးမှ အပြေးလိုက်သွားပြီး –

"အရှင်မင်းကြီး" ဟု လှမ်းခေါ်လိုက်သည်။ မာယာဘုရင်ဘာလမ်းက ဆတ်ခနဲ ရပ်တန့်ပြီး လှည့်ကြည့်လိုက်ရာ၊ ပေါလဲရွာသူကြီးက –

"ကျွန်တော်မျိုးတို့ကိုပါ တစ်ပါတည်း ခေါ်သွားမလို့လား အရှင်။ ပင်လယ်ကိုဖြတ်ပြီး သွားရမယ့်ခရီးဟာ သေမင်းနိုင်ငံကို သွားရတဲ့ခရီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးတို့ လုံးဝမလိုက်နိုင်ပါဘူး" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်လမ်း၏ မျက်နှာထားသည် တင်းမာခက်ထန်သွားသည်။ ထို့နောက် သေနာပတိအာဟာလပ်ကို ဖျတ်ခနဲ ကြည့်ကာ –

"ဒီအဘိုးကြီးကို သုတ်သင်လိုက်"

ဟု အမိန့်ပေးလိုက်သည်။

www.burmeseclassic.com



ထိုအမိန့်ကြားနာရလျှင် ပေါလဲရွာသူကြီး၏ မျက်နှာသည် သွေးမရှိတော့သကဲ့သို့ ဖြူလျော်သွားသည်။ သေနာပတိအာဟာလပ်လည်း အဘိုးအိုပေါလဲရွာသူကြီး၏ မျက်နှာကို စေ့စေ့ကြည့်နေရာမှ ခါးတွင် ချိတ်ထားသောဓားကို ဆွဲထုတ်လိုက်သည်။ ထိုအခါ ပေါလဲရွာသူကြီးလည်း ကြောက်လန့်တကြားဖြင့် နောက်သို့ တရွေ့ရွေ့ ဆုတ်သွားသည်။

ထိုအခိုက်တွင် အရပ်ပိုမြင့်သော မိန်းမပျိုကလေးသည် သဲသောင်ပြင် ထက်၌ ရပ်တန့်ငေးမောကြည့်နေရာမှ ပေါလဲရွာသူကြီးရှိရာသို့ ဒရောသောပါး ပြေးလာသည်။ ထို့နောက် ပေါလဲရွာသူကြီးရှေ့တွင် ဖျတ်ခနဲရပ်လိုက်ပြီးနောက် အသနားခံသည့် အမူအရာဖြင့် သေနာပတိ အာဟာလပ်ကို လှမ်းကြည့်လိုက် သည်။ ထို့နောက် မာယာဘုရင်ဘာလမ်းကို လှမ်းကြည့်ပြီး "ခွင့်လွှတ်တော်မူပါ အရှင်" ဟု တောင်းပန်အသနားခံသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း သေနာပတိအာဟာလပ်အား ခေတ္တဆိုင်းငံ့ရန် လက်ဟန်အမူအရာဖြင့် ဟန့်တားလိုက်သည်။ ထို့နောက် မိန်းမပျိုအား စိုက်ကြည့်ရင်း –

"သူက ဘယ်သူလဲ" ဟု ပေါလဲရွာသူကြီးအား မေးလိုက်ရာ ပေါလဲ ရွာသူကြီးက –

"သူက ကျွန်တော်မျိုးရဲ့ တစ်ဦးတည်းသမီးလေး အိချယ်ပါ" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက မိန်းမပျိုအိချယ်အား စေ့စေ့ကြည့် ရင်း –

"ရွာသူကြီးသမီး။ သက်ဦးဆံပိုင် ဘုရင်မင်းမြတ်ကို ဆန့်ကျင်ဖက်ပြုပြီး မပြောကြား မငြင်းဆန်ရဘူးဆိုတဲ့ သင်ခန်းစာကို မင်းရဲ့ဖခင်ကို နားလည်အောင် သင်ကြားလိုက်ပါ။ ကျုပ်ဟာ မာယာဘုရင်မင်းမြတ် ဖြစ်တယ်" ဟု မိန့်ကြားပြီးနောက်၊ ပေါလဲရွာသူကြီးကို ဆတ်ခနဲ ကြည့်ကာ –

"ဒီမှာ အဘိုးကြီး၊ ကျုပ်ဟာ မာယာတို့အရှင် သက်ဦးဆံပိုင် ဘုရင်မင်းမြတ် ဖြစ်တယ်။ ကျုပ်ရဲ့ စကားကို ဘယ်သူမှ ဆန့်ကျင်ငြင်းပယ်ပိုင်ခွင့် မရှိဘူး။ မြင့်မြတ်တဲ့ ဂိုဏ်းချုပ်ကြီးရဲ့ စစ်သေနာပတိတောင် ကျုပ်ရဲ့ အလိုဆန္ဒ ကို ဆန့်ကျင်ငြင်းပယ်ခြင်း မပြုနိုင်ကြဘူး" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ မိန်းမပျိုလေး အိချယ်လည်း ဖခင် ပေါလဲရွာသူကြီး၏မျက်နှာကို ကြောက်ရွံ့တုန်လှုပ်ဟန်ဖြင့် မော့ကြည့်လိုက်ပြီးနောက် မာယာဘုရင်ဘာလမ်း၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

ထိုအခိုက်တွင် ပေါလဲရွာသူကြီးက –

www.burmeseclassic.com



"မောင်ဟာ မာယာဘုရင်ကြီးဖြစ်တယ်ဆိုတာ မှန်ပါလိမ့်မယ်။ ဒီလို မာယာဘုရင်တစ်ပါးဖြစ်တဲ့အတွက် ကျုပ်တို့ရဲ့ ဥစ္စာပစ္စည်းတွေကို အနိုင်အထက် လုယက်သိမ်းပိုက်ခွင့်ရှိပါသလား။ ကျုပ်ရဲ့လူတွေအားလုံး သေဆုံးသွားကြမယ့်ခရီးကို လိုက်ပါကြဖို့အတွက် အတင်းအကြပ် ခေါ်ယူပိုင်ခွင့်ရှိပါသလား" ဟု ရဲဝံ့စွာ လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းက ပေါလဲရွာသူကြီးကို ပြုံးကြည့်ပြီး –

"ဟုတ်တယ်။ ကျုပ်မှာ အဲဒီ အခွင့်အာဏာတွေ ရှိတယ်။ ကျုပ်အလိုဆန္ဒရှိလို့ အမိန့်ပေးတာနက်တစ်ပြိုင်နက် အဲဒီအမိန့်ကို လူအားလုံး လိုက်နာကြရမယ်" ဟု မိန့်ကြားပြီးနောက် –

"ဘာလဲ အဘိုးကြီး။ သင်က မာယာဘုရင်တစ်ပါးရဲ့ အခွင့်အာဏာကို ကန့်သတ် ချုပ်ချယ်ချင်လို့ စူးစမ်းနေတာလား" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ပေါလဲရွာသူကြီးက –

"အရှင်တို့တစ်တွေ ရောက်မလာခင်က ကျွန်တော်မျိုးတို့ ရပ်ရွာဟာ အေးချမ်းသာယာမွေ့ပျော်စရာ အလွန်ကောင်းတဲ့ဒေသ ဖြစ်ပါတယ်" ဟု လျှောက်တင်ပြန်ရာ၊ မာယာဘုရင်ဘာလမ်းက –

"သင်ပြောတာ မှန်ပါလိမ့်မယ်။ ဒါပေမဲ့ သင်တို့ ရပ်ရွာသာမကဘူး မာယာတစ်ပြည်လုံးဟာ အခုအခါမှာ အေးချမ်းသာယာမွေ့ပျော်စရာ မကောင်းတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ မာယာနိုင်ငံနယ်မြေပေါ်ကို ကျူးကျော်နယ်ချဲ့သူတွေ ဝင်ရောက်လာကြလို့ပဲ။ အခုဆိုရင် ကျူးကျော်ရေးသမားဘုရင်ဟူးနက်ဆီးဟာ နေပြည်တော် ချီချင်အဇ္ဈာကို သိမ်းပိုက်ပြီးပြီ၊ ပြီးတော့ အိဇာမားမြို့ကြီးကိုလည်း ဖျက်ဆီးပြီးပြီ။ ဒီကျူးကျော်နယ်ချဲ့သမားတွေကြောင့် ကျုပ်တို့ မာယာနိုင်ငံ နယ်မြေတစ်ခုလုံး မီးဟုန်းဟုန်း လောင်နေပြီ။ ဒီမီးသင်းနံ့၊ မီးလောင်နံ့တွေကို သင်းတို့တစ်တွေ မရကြဖူးလား" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ပေါလဲရွာသူကြီးလည်း မည်သို့မျှ မပြောကြားတော့ဘဲ နှုတ်ဆိတ်သွားရာ မာယာဘုရင်ဘာလမ်းက ဆက်၍ –

"ကျူးကျော်နယ်ချဲ့ရေးသမားတွေ ကိုင်စွဲကြတဲ့ လက်နက်တွေဟာ ကြေးလက်နက်တွေ ဖြစ်တယ်။ ဒီကြေးလက်နက်တွေကို ကျုပ်တို့တစ်တွေ ဘယ်လိုမှ မယှဉ်ပြိုင်နိုင်ခဲ့ကြဘူး။ ကျုပ်တို့တစ်တွေ ကိုင်စွဲကြတဲ့ လက်နက်တွေဟာ ဒီကြေးလက်နက်တွေနဲ့ ယှဉ်တဲ့အခါမှာ ငှက်မွေးတွေလို အပိုင်းပိုင်းပြတ်ထွက်ကုန်ကြတယ်။ ဒါပေမဲ့ ကျုပ်တို့ရဲ့ မာယာစစ်သည်တော် အမြောက်အမြားဟာ ကျူးကျော်နယ်ချဲ့ရေးသမားတွေကို ရဲရဲရင့်ရင့် ခုခံတိုက်ခိုက်ခဲ့ကြပါ

တယ်။ ဒါကြောင့်လည်း နေပြည်တော် ချီချင်အဖွဲ့မှာ ကျုပ်တို့ မာယာစစ်သည်တော်တွေ အလောင်းချင်းထပ်အောင် ကျဆုံးသွားခဲ့ခြင်း ဖြစ်ပေတယ်။ အသက်မသေဘဲ ကျန်ရစ်ခဲ့ကြတဲ့ ကျုပ်တို့တစ်တွေလည်း အခြေအနေအရ ရှောင်တိမ်းထွက်ခွာလာခဲ့ကြရတယ်။ ဒါပေမဲ့ ကျုပ်တို့တစ်တွေဟာ ဒီကျူးကျော်နယ်ချဲ့သမားတွေကို လုံးဝ အရှုံးမပေးပါဘူး။ ဒူးမထောက်ပါဘူး။ အခြေအနေအရ နယ်မြေဒေသသစ်ကို ရှောင်တိမ်းထွက်သွားရပေမဲ့ အင်အားတောင့်တင်းကြွခိုင်လာတဲ့အခါမှာတော့ ဒီကျူးကျော်နယ်ချဲ့ရေးသမားတွေကို ကျုပ်တို့ မာယာနိုင်ငံက မောင်းနှင်တိုက်ထုတ်ပစ်ဖို့ ကျုပ်တို့ မလွဲမသွေ ပြန်လာခဲ့မှာပါပဲ” ဟု မိန့်ကြားသည်။

ထိုအခါ ပေါလဲရွာသူကြီးက –

“အရှင်တို့ ရှောင်တိမ်းထွက်ခွာသွားကြမယ့် အရေးမှာ ကျွန်တော်မျိုးတို့ ရွာသားတွေကိုပါ တစ်ပါတည်း ခေါ်သွားဖို့ လိုပါသလား” ဟု မေးမြန်း လိုက်ရာ မာယာဘုရင်ဘာလမ်းက –

“သင်တို့ ရွာသားတွေကို တစ်ပါတည်း ခေါ်မသွားရင် ကျူးကျော်နယ်ချဲ့ရေးသမားတွေက သင်တို့တစ်တွေ ဖမ်းပြီး အောင်ပွဲခံတဲ့အနေနဲ့ ယဇ်ပူဇော်ပစ်ကြမှာပေါ့”

ဟု မိန့်ကြားလိုက်သည်။ ထို့နောက် –

“ဒီလို ယဇ်ပူဇော်တာကို သင်တို့တစ်တွေ အလိုရှိကြပါသလား” ဟု မေးလိုက်ရာ၊ ပေါလဲရွာသူကြီးက –

“အလိုမရှိပါဘူး အရှင်” ဟု ပြန်ဖြေသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

“ဒါဖြင့်ရင် ကျုပ်ရဲ့အကြံအစည်အတိုင်း သင်တို့အားလုံး လိုက်နာကြပေါ့။ ကျုပ်တို့ရဲ့ အကြံအစည် ထမြောက်အောင်မြင်ဖို့အတွက် နှစ်လရှည်ကြာကောင်း ရှည်ကြာလိမ့်မယ်။ ဒါပေမဲ့ ကျုပ်တို့ရဲ့ မာယာနိုင်ငံ နယ်မြေပေါ်ကို လာရောက် စိုးမိုးနေကြတဲ့ ကျူးကျော်နယ်ချဲ့ရေးသမားတွေအားလုံး တစ်ယောက်မကျန် မောင်းနှင်ပစ်နိုင်အောင်တော့ ကျုပ်ဟာ တစ်နေ့မပြတ် ကြိုးစားကြံစည်ဆောင်ရွက်မှာ ဖြစ်တယ်။ ကျုပ်ရဲ့ အကြံအစည်ဟာ ကျုပ်လက်ထက်မှာ မထမြောက် မအောင်မြင်ရင်တောင် ကျုပ်သား၊ ကျုပ်မြေးတွေမှာတော့ ထမြောက် အောင်မြင်မှာ မုချကိန်းသေပါပဲ” ဟု မိန့်ကြားပြီး၊ ပေါလဲရွာသူကြီး သမီး မိန်းမချောလေး အိချယ်နှင့် ပေါလဲရွာသူကြီးတို့ကို စေ့စေ့ကြည့်လိုက် သည်။ ထို့နောက် ဆက်၍ –

"ကိုင်း ... ဒီတော့ သင်တို့ရဲ့ ပစ္စည်းပစ္စယတွေကို သွားပြီး သိမ်းကြပေတော့။ ကျုပ်တို့နဲ့အတူ သင်တို့အားလုံး တစ်ပါတည်း လိုက်ပါနိုင်အောင် ပြင်ဆင်ထားကြပေတော့" ဟု မိန့်ကြားပြီးလျှင် ပင်လယ်ကမ်းစပ်ဘက်သို့ ခံ့ထည်စွာ ထွက်ခွာကြွမြန်းသွားသည်။

ပေါလဲရွာသူကြီးလည်း မိမိ၏ တစ်ဦးတည်း သမီးလေး အိချယ်ကို လှမ်းကြည့်ပြီးနောက် အနီးဝန်းကျင်ရှိ မိမိလက်အောင်ငယ်သားများဖြစ်သော ရွာသူရွာသားတို့ကို လှမ်းကြည့်လိုက်သည်။ ရွာသူရွာသားတို့က စကားတစ်ခွန်းမှ မပြောကြားဘဲ နှုတ်ဆိတ်နေကြရာ ပေါလဲရွာသူကြီးလည်း အတန်ကြာ ငိုင်နေပြီးနောက် ပင်လယ်ကမ်းစပ်ဖက်သို့ ထွက်ခွာ ကြွမြန်းသွားသော မာယာ ဘုရင် ဘာလမ်း၏ နောက်သို့ ခပ်သုတ်သုတ် လိုက်သွားသည်။

ထိုအခါ ရွာသူကြီးသမီး မိန်းမချောလေး အိချယ်လည်း မိမိဖခင်ကို ငေးကြည့်နေပြီးနောက် အပါးရှိ သူငယ်ချင်းမဖက်သို့ ဆတ်ခနဲ လှည့်ကာ–

"အိဇဘင်ရေ ... ကျုပ်တို့ မာယာဘုရင်သစ်အပေါ် ညည်းဘယ်လိုမြင်သလဲ။ သူက ကျုပ်တို့တစ်တွေကို ကျေးကျွန်တွေလို အမိန့်တွေ တယ်ပေး ပါလား" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျို အိဇဘင်က –

"အမိန့်ပေးမှာပေါ့လေ။ သူက သက်ဦးဆံပိုင် ဘုရင်ကိုး" ဟု ပြောလိုက်ရာ သူကြီးသမီး အိချယ်က –

"ကျုပ်တို့တစ်တွေလည်း ဆွေကြီးမျိုးကြီးပါတော်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိဇဘင်က –

"ဒါပေမဲ့ အေ ... သက်ဦးဆံပိုင်ဘုရင်ဆိုတာက လူအားလုံးအပေါ် အစိုးရတယ် မဟုတ်လား။ ဒီတော့ သူရဲ့ နိုင်ငံတော် နိုင်ငံသားဖြစ်တဲ့ ကျုပ်တို့တစ်တွေဟာ သူ့ရဲ့ကျေးကျွန်တွေပဲပေါ့။ သူ့ရဲ့အမိန့်အာဏာကို နာခံကြရမှာပေါ့" ဟု ပြောကြားလိုက်သည်။

ထို့နောက် မိန်းမပျိုနှစ်ဦးသည် ပင်လယ်ကမ်းစပ်ရှိ လှေကြီးများပေါ်သို့ စားနပ်ရိက္ခာ ပစ္စည်းများတင်နေကြသော မာယာစစ်သည်တော်များနှင့် ရွာသူရွာသားတို့ကို လှမ်းကြည့်နေကြသည်။

ထိုအခါ ပင်လယ်ကမ်းစပ်သို့ ထွက်ခွာကြွမြန်းသွားသော မာယာ ဘုရင် ဘာလမ်းနောက်သို့ ခပ်သုတ်သုတ် ပြေးလိုက်သွားသော ပေါလဲရွာသူကြီးက မာယာဘုရင် ဘာလမ်းအား တစ်စုံတစ်ရာ ပြောဆိုငြင်းခုံနေသည့် အဖြစ်ကို လက်ဟန်ခြေဟန် ကိုယ်အမူအရာအရ သိမြင်ကြရသည်။ သို့သော်

www.burmeseclassic.com


မည်သည့်အကြောင်းအရာကို ပြောဆိုငြင်းခုံနေသည်ကိုကား အလှမ်းဝေးနေသည့်အတွက်ကြောင့် လုံးဝ မကြားရကြပေ။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း မိမိနောက်တော်ပါးမှ ကပ်လိုက်လာပြီး တတွတ်တွတ် ပြောကြားလျှောက်တင်နေသော ပေါလဲရှာသူကြီး၏ စကားကို လုံးဝအမှုမထားဘဲ ပင်လယ်ကမ်းခြေသို့ ဆိုက်ကပ်လာသော လှေကြီးများကို လက်ညှိုးထိုးပြရင်း –

"ဒီမှာ ရွာသူကြီး၊ ဒီလှေတွေဟာ သင်တို့မှာရှိသမျှ လှေတွေအနက် နောက်ဆုံး လှေတွေပဲလား" ဟု မေးလိုက်ရာ၊ ပေါလဲရွာသူကြီးက –

"မှန်ပါတယ် အရှင်" ဟု ဖြေကြားပြီးနောက် –

"အရှင်မင်းကြီး။ အရှင့်ကို ထပ်မံလျှောက်တင်ပါရစေ။ အရှင်ဟာ အသက်အရွယ် နုနယ်ပျိုမျစ်သလို ရဲစွမ်းသတ္တိလည်း ရှိပါပေတယ်။ ဒါပေမဲ့ တကယ့်ခေါင်းဆောင်ကောင်းတွေမှာ အဲဒီ အရည်အချင်းတွေအပြင် အမြော်အမြင်ကြီးခြင်းနဲ့ သည်းခံနိုင်ခြင်းဆိုတဲ့ အရည်အချင်းနှစ်ရပ်လည်း လိုအပ်ပါ သေးတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းလည်း ဆတ်ခနဲ ရပ်တန့်လိုက်ပြီး ပေါလဲရွာသူကြီးဘက်သို့ ချာခနဲ လှည့်ကြည့်ကာ –

"ကိုင်း ... ဆက်ပြီး လျှောက်တင်ပါဦး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ပေါလဲရွာသူကြီးက –

"အရှင်မင်းကြီးဟာ မင်းပျိုမင်းလွင်ဖြစ်တဲ့အတွက် စိတ်ဓာတ်ထက်သန်နေပါတယ်။ ယုံကြည်မှုလည်း ပြင်းပြနေပါတယ်။ ဒါပေမဲ့ ကျွန်တော်မျိုး ရွာသူရွာသားတွေကတော့ အရှင့်လို စိတ်အား ထက်သန်ခြင်းလည်း မရှိလှပါဘူး။ ယုံကြည်မှုလည်း မပြင်းပြလှပါဘူး။ အရှင် ဦးဆောင်ရာကိုလိုက်ပြီး ပင်လယ်ပြင်ကျယ်ကြီးကို ဖြတ်သန်းခရီးဆက်ပေမဲ့ နယ်မြေဒေသသစ်ကိုတော့ တွေ့လိမ့်မယ် မထင်ကြပါဘူး" ဟု လျှောက်တင်ပြီးနောက် –

"အခုလို အခါမျိုးမှာ အရှင့်အနေနဲ့ အရှင် ချစ်ခင်မြတ်နိုးပြီး ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်တော့ အရှင့်အပါးမှာ ထားရှိသင့်ပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက ခပ်ယဲ့ယဲ့ ပြုံးပြီး –

"သင်က ကျုပ်နဲ့အတူ ဘုရင့်သရဖူကို ခွဲဝေယူချင်လို့လား" ဟု မေးလိုက်ရာ၊ ပေါလဲရွာသူကြီးက ခေါင်းယမ်းရင်း –

"မဟုတ်ပါဘူးအရှင်။ ဘုရင့်သရဖူကို ခွဲဝေလိုချင်လို့ လျှောက်တင်တာ မဟုတ်ပါဘူး။ ကျွန်တော်မျိုးရဲ့ တစ်ဦးတည်းသော သမီးလေး အိချယ်ကို

www.burmeseclassic.com



မိဖုရားခေါင်ကြီးအဖြစ် အရှင် ရွေးကောက်တော်မူဖို့ အကြံပြုတာပါ” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက ပေါလဲ ရှာသူကြီးကို တည်ငြိမ်အေးစက်သော အမူအရာဖြင့် စိုက်ကြည့်ရင်း –

“အခုအချိန်ဟာ ဘယ်သူ့ကို မိဖုရားခေါင်ကြီးအဖြစ် ရွေးကောက်တင်မြှောက်သင့်တယ်လို့ စဉ်းစားတွေးတောရမယ့် အချိန်မျိုး မဟုတ်ဘူး။ အချိန်တန်တဲ့အခါမှာ ကျုပ် နှစ်သက်သဘောကျတဲ့သူကို မိဖုရားခေါင်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ပါ့မယ်” ဟု မိန့်ကြားပြီးနောက် –

“ကိုင်း ... ရှာသူကြီး ... သင့်ရဲ့ ရှာသူရှာသားတွေကို လှေကြီးပေါ်တက်ကြဖို့ အမိန့်ပေးပေတော့” ဟု မိန့်ကြားလိုက်သည်။

ထိုအခိုက်တွင်ပင် ခပ်လှမ်းလှမ်းဒေသမှ တစ်ယောက်မျက်နှာကိုတစ်ယောက် ထိတ်လန့်တကြား ကြည့်လိုက်ကြသည်။

မယာဘုရင်ဘာလမ်းက သေနာပတိ အာဟာလပ်ကို ဖျတ်ခနဲလှမ်း ကြည့်လိုက်ရာ သေနာပတိအာဟာလပ်က –

“ကျူးကျော်နယ်ချဲ့ရေးသမား ဟူးနက်ဆီးရဲ့ တပ်မကြီးက ထွက်ပေါ်လာတဲ့ အသံပါအရှင်။ တစ်နာရီအတွင်း ဒီအရပ်ကို ရောက်လာနိုင်ပါတယ်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းက –

“ကောင်းပြီး မောင်မင်း။ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တာအား လုံးကို မောင်မင်း ဆောင်ရွက်ပေတော့” ဟု မိန့်ကြားလိုက်ရာ၊ သေနာပတိ အာဟာလပ်က အသာခေါင်းညိတ်ပြီးနောက် မာယာစစ်သည်တော်အချို့ကို ခေါ်ကာ ပင်လယ်ကမ်းစပ်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း ပေါလဲရှာသူရှာသားတို့ဘက်သို့ လှည့်ပြီး –

“လှေကြီးတွေဆီကို သွားကြ” ဟု အမိန့်ပေးလိုက်သည်။ သို့သော် ရှာသူရှာသားတို့ကား တုတ်တုတ်မျှပင် မလှုပ်ကြဘဲ၊ ပင်လယ်သောင်ခုံထက်၌ ရပ်မြဲရပ်နေရာမှ ပေါလဲရှာသူကြီး၏ မျက်နှာကိုသာ လှမ်းကြည့်နေကြသည်။

ဤတွင် မာယာဘုရင်ဘာလမ်းက –

“ရှာသူရှာသားများ၊ ကျုပ်ရဲ့အမိန့်ကို နာခံပါ” ဟု လက်သီးကို တင်းတင်းဆုပ်ရင်း မိန့်ကြားလိုက်သည်။ သို့သော် ရှာသူရှာသားတို့ကား တုတ်တုတ်မျှပင် မလှုပ်ကြချေ။ ပေါလဲရှာသူကြီး၏မျက်နှာကိုသာ လှမ်းကြည့်

www.burmeseclassic.com


နေသည်။ မိန်းမပျိုအချယ်တစ်ယောက် ဖခင်ဖြစ်သူ ပေါလဲ ရွာသူကြီး၏အပါး သို့ လျှောက်သွားသည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက –

"ကျုပ်ဟာ သင်တို့ရဲ့ သက်ဦးဆံပိုင်ဘုရင်ပဲ။ ကျုပ်ရဲ့အမိန့်ကို နာခံကြပါ" ဟု ထပ်မံ၍ ဒေါသတကြီး မိန့်ကြားလိုက်ရာ ပေါလဲရွာသူကြီးက –

"သူတို့တစ်တွေဟာ ကျွန်တော်မျိုးရဲ့အမိန့်ကို စောင့်ဆိုင်းနေကြတာပါ အရှင်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ဒါဖြင့်ရင် သင် အမိန့်ပေးလိုက်ပါ" ဟု မိန့်ကြားရာ ပေါလဲရွာသူကြီးက –

"ကျွန်တော်မျိုးအနေနဲ့လည်း အရှင့်ဆီက ကတိစကားကို စောင့်ဆိုင်းနေပါတယ်" ဟု လျှောက်တင်ပြီး သမီးလေး အိချယ်ကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ဒေါသအမျက် ထွက်နေသော မာယာဘုရင်ဘာလမ်းအား ခပ်တည်တည် စိုက်ကြည့်လိုက်သည်။

ထိုအခိုက်တွင် ခရာသင်းသံထပ်မံပေါ်ထွက်လာပြန်ရာ မာယာဘုရင်ဘာလမ်းလည်း ခရာသင်းသံကို နားစွင့်ပြီးနောက် ပေါလဲ ရွာသူကြီးဘက်သို့ လှည့်ကာ –

"ကောင်းပြီလေ၊ ကျုပ် ကတိပေးပါတယ်။ နယ်မြေဒေသသစ်ကို ကျုပ်တို့ဘေးမသီရန်မခဘဲ ရောက်ကြတဲ့အခါမှာ သင်ရဲ့ သမီးလေးကို ကျုပ်ရဲ့ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ပါ့မယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ပေါလဲရွာသူကြီးလည်း ရွာသူရွာသားများဘက်သို့ လှည့်ကာ –

"ဘုရင်မင်းမြတ်ရဲ့အမိန့်တော်ကို နာခံကြ" ဟု ဟစ်အော်ပြောကြားလိုက်သည်။

ရွာသူရွာသားများလည်း တစ်ယောက်မျက်နှာကို တစ်ယောက်လှမ်းကြည့်ကြပြီးနောက် အရေးကြီးသော ပစ္စည်းဥစ္စာများကို တစ်ပါတည်း ယူဆောင်သွားရန်အတွက် မိမိတို့ တဲအိမ်များဆီသို့ ဒရောသောပါး ထွက်ခွာသွားကြသည်။ ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း ပေါလဲရွာသူကြီးကို စိုက်ကြည့်ပြီးနောက် အပါးရှိ မိန်းမပျိုအိချယ်ကို ပြုံးကြည့်ကာ –

"ဒေဝီအိချယ်။ ကျုပ်ရဲ့ လှေတော်ကြီးမှာ သင်လိုက်ပါစီးနင်းပါ" ဟု မိန့်ကြားလိုက်သည်။ ထို့နောက် ပင်လယ်ကမ်းခြေရှိ လှေကြီးများဘက်သို့ ခပ်သွက်သွက် ထွက်ခွာကြွမြန်းသွားသည်။

www.burmeseclassic.com



ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း ဖခင်ပေါလဲရှာသူကြီးကို မော့ကြည့်ရင်း "ဘုရင်မင်းမြတ်က သမီးကို မိဖုရားခေါင်ကြီး မြှောက်ပါ့မယ်လို့ ဖေဖေ့ကို ကတိပေးသွားတယ် မဟုတ်လား" ဟု မေးလိုက်ရာ ပေါလဲရှာသူကြီးက ခေါင်းညိတ်ပြသည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"သမီးကို မိဖုရားခေါင်ကြီးမြှောက်ဖို့အတွက် ဖေဖေဟာ လူအများရှေ့မှာ ဘုရင်မင်းမြတ်ကို အတင်းအကြပ် ကတိတောင်းတယ်နော်" ဟု ပြောလိုက်ရာ ပေါလဲရှာသူကြီးက –

"ဟုတ်တယ် သမီး။ 'မင်းမှာသစ္စာ၊ လူမှာကတိ' တဲ့။ ဘုရင်မင်းမြတ်တို့ဟာ ပေးအပ်တဲ့ကတိသစ္စာကို ဘယ်အခါမှ မချိုးဖောက်ဘဲ စောင့်ထိန်းတတ် ကြတယ်။ ဒါကြောင့် ဘုရင်မင်းမြတ်ဆီက အတင်းအကြပ် ကတိတောင်းခဲ့တာ ပေါ့သမီးရယ်။ အခုတော့ သမီးလေး နောင်ရေးအတွက် ဖေဖေ စိတ်အေးသွားရ ပြီ" ဟုပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"အို ဖေဖေရယ်။ ဒီလို ဖေဖေ အကြပ်ကိုင်လိုက်တဲ့အတွက် သမီးလေး အပေါစားဆန်သွားမှာ၊ သမီးရဲ့မာန၊ သမီးရဲ့ သိက္ခာတွေ နိမ့်ကျသွားမှာကို ဖေဖေ မတွေးမိဘူးလားဟင်" ဟု ခပ်တိုးတိုး ပြောလိုက်ရာ ပေါလဲရှာသူကြီးက –

"သမီးလေးရယ်။ ဒါတွေကို တွေးမနေစမ်းပါနဲ့။ နယ်မြေဒေသသစ်ကို ဖေဖေတို့တစ်တွေ ဘေးမသီရန်မခဘဲ ရောက်တဲ့အခါမှာ သမီးလေး မိဖုရား ခေါင်ကြီးဖြစ်ရင် ဖေဖေ ကျေနပ်ပါပြီ" ဟု ပြောကြားဖြေသိမ့်ပြီး၊ လက်မောင်းကို အသာလှမ်းကိုင်လိုက်သည်။ သို့သော် မိန်းမပျိုအိချယ်က ဖခင်၏လက်ကို အသာဖယ်ချပြီး အပါးမှ ချာခနဲ လှည့်ထွက်သွားသည်။

*

ယခုအခါ၌မူ ပင်လယ်ကမ်းခြေ ရှုခင်းသည် အလွန်အမင်း လှုပ်ရှားသက်ဝင်နေပေတော့သည်။ ပေါလဲရှာသူကြီး၏ အမိန့်အရ မိမိတို့ တဲအိမ်များသို့ အသီးသီး သွားရောက်ကြပြီးလျှင် အဖိုးတန် အသုံးဝင်သော ပစ္စည်းတို့ကို ထုပ်ပိုးသယ်ဆောင်ကာ ပင်လယ်ကမ်းခြေ၌ ဆိုက်ကပ်ထားသော လှေကြီးများပေါ်သို့ အလျှင်အမြန် တင်နေကြသည်။ ထိုအခိုက်တွင် မာယာစစ်သည်တော်များကလည်း ရှာသူရှာသားတို့ကို လိုအပ်သမျှ ကူညီဆောင်ရွက်ပေးနေပေရာ မကြာမီအတွင်း၌ပင် လှေကြီးများပေါ်သို့ ပစ္စည်းပစ္စယများ တင်ဆောင်ပြီး စီးသွားကာ၊ ထွက်ရန်အသင့်ဖြစ်နေပေတော့သည်။

မာယာဘုရင် ဘာလမ်းလည်း ပင်လယ်ကမ်းခြေတစ်လျှောက် လျှောက်ပြီး မာယာစစ်သည်တော်များနည်းတူ ရွာသူရွာသားတို့အား လိုအပ်သည်တို့ကို ကူညီပေးပြီးနောက် ခရုသင်းသံထွက်ပေါ်ရာသို့ လှမ်းမျှော်ကြည့်နေသည်။

ထို့နောက်တွင် သေနာပတိအာဟာလပ်နှင့် တပ်မှူးကြီးပစ်တို့သည် မာယာစစ်သည်တော်အချို့ကို ဦးဆောင်ကာ ပေါလဲရွာ၏ နောက်ဘက်ရှိ တောအုပ်တွင် အသီးသီးသွားရောက်၍ နေရာယူထားကြရာမှ တောအုပ်အနီး၌ သစ်ကိုင်းခြောက်တို့ စုပုံနေကြသည်။ ဤသို့ဖြင့် ကျူးကျော်နယ်ချဲ့ရေးသမားဘုရင်ဟူးနက်ဆီးတို့ တပ်မကြီး ရောက်လာပါက ထိုသစ်ကိုင်းခြောက်တို့ကို မီးရှို့ကာ မီးတံတိုင်းဖြစ်စေပြီး၊ တားဆီးဟန့်တားရန် အလျင်အမြန် စီမံဆောင်ရွက်နေကြသည်။

မာယာဘုရင်ဘာလမ်းလည်း သေနာပတိအာဟာလပ်တို့ လူစုကို လှမ်းကြည့်ပြီးနောက် ထွက်ခွာရန် အသင့်ဖြစ်နေကြသော လှေကြီးတို့ကို ထွက် ခွာသွားကြရန် အချက်ပြ အမိန့်ပေးလိုက်သည်။

ထို့ကြောင့် ပေါလဲရွာသူရွာသားတို့ စီးနင်းလိုက်ပါလာကြသော လှေကြီးအများအပြားမှာ ပင်လယ်ကမ်းစပ်မှ စတင်ပြီး ထွက်ခွာသွားကြတော့သည်။ ထိုအခါ လှေပေါ်ရှိ ပေါလဲရွာသူအများပင် ရုတ်တရက် စွန့်ခွာလာကြရသော မိမိတို့နေရာဒေသဟောင်းလေးကို ဆွေးဆွေးမြည်မြည့် လှမ်းမျှော်ကြည့်နေကြရာမှ ရှိုက်ကာရှိုက်ကာ ငိုကြွေးကြရှာသည်။

ထိုအခိုက်တွင် လှေကြီးများဘက်မှ ကျွက်ကျွက်ညံအောင် အော်ဟစ်ပြောဆိုနေကြသံကို ကြားရသောကြောင့် ပင်လယ်ကမ်းစပ်မှ ထွက်ခွာနေကြ သော လှေကြီးများကို ငေးကြည့်နေသည့် မာယာဘုရင်ဘာလမ်းလည်း ချာခနဲလှည့်ကာ တောအုပ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ ပေါလဲရွာ၏ နောက်ဘက်ရှိ တောအုပ်အနီးမှ မီးတောက်မီးလျှံကြီး တဝုန်းဝုန်း တောက်လောင်နေပြီး ပင်လယ်ကမ်းစပ်သို့ ပြေးဆုတ်ခွာလာခဲ့ကြသော သေနာပတိအာဟာလပ်ခေါင်းဆောင်သည့် မာယာစစ်သည်တော်တို့ကို တွေ့မြင်ရသည်။

ပင်လယ်ကမ်းစပ်သို့ ပေါလဲရွာကြီးကြားတွင်ကား ထိုမာယာ စစ်သည်တော်တို့မှအပ လူသူလေးပါး ကင်းရှင်းလျက်ရှိသည်။ ပေါလဲရွာသူရွာသားတို့အပြည့် စီးနင်းလိုက်ပါသွားကြသော လှေကြီးများမှာ ပင်လယ်တွင်းသို့ အမြောက်အမြားပင် စတင်ထွက်ခွာသွားကြပြီဖြစ်ရာ၊ ပင်လယ်ကမ်းစပ်၌ လှေအချို့သာ ရှိနေပေတော့သည်။ ထိုသို့ ကျန်ရှိနေသော လှေအချို့အနက် လှေကြီးတစ်စင်းအပါး၌ ကလေးငယ်တစ်ယောက်ကို ပွေ့ချီထားသော မိန်းမပျို

အိချယ်သည် ဖခင်ပေါလဲရှာသူကြီးနှင့် ဂိုဏ်းချုပ်ကြီးအာမင်းတို့နှင့်အတူ ရပ်နေပေသည်။

မာယာဘုရင် ဘာလမ်းလည်း မိန်းမပျိုအိချယ်တို့ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် မီးတဟုန်းဟုန်းတောက်နေသော တောစပ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ ပင်လယ်ကမ်းစပ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ ပင်လယ်ကမ်းစပ်ဘက်သို့ အပြေးဆုတ်ခွာလာခဲ့ကြသော မာယာစစ်သည်တော်တို့ကိုလည်းကောင်း၊ မီးတံတိုင်းကြီး တားဆီးဟန့်ထားနေသည်ကို လုံးဝအမှုမထားဘဲ အတင်းဖြတ်ကာ တစ်ဟုန်ထိုး အပြေးလိုက်လာကြသော ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီး၏ တပ်မကြီးကိုလည်းကောင်း တွေ့မြင်ရတော့သည်။

ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်များသည် မာယာစစ်သည်တော်တို့နောက်သို့ အပြေးလိုက်လာကြရာမှ လက်တွင်းရှိ လှံများ၊ လေးများဖြင့် လှမ်းလှမ်းပြီးပစ်နေကြသည်။ ထို့ကြောင့် မာယာစစ်သည်တော်တစ်ဦးမှာ နောက်ကျောသို့ လှံခသွားပြီး သဲသောင်ပြင်ထက်၌ မှောက်လျက်လဲကျသွားသည်ကို မြင်လိုက်ရသည်။ ထို့ပြင် ဘုရင်ဟူးနက်ဆီး၏ စစ်သည်တော်တို့ လှမ်းပစ်သော လှံတို့မှာ ပင်လယ်ကမ်းစပ်အနီးသို့ပင် ရောက် ရောက်လာသည်ကိုလည်း တွေ့မြင်ရသည်။

ဤတွင် မာယာဘုရင် ဘာလမ်းလည်း ပင်လယ်ကမ်းစပ် ထွက်ခွာခြင်း မပြုရသေးသော လှေကြီးတို့အား အမြန်ဆုံးထွက်ခွာကြရန် ဟစ်အော်အမိန့်ပေးတော့သည်။ ပင်လယ်ကမ်းစပ်သို့ အပြေးရောက်ရှိလာသော မာယာ စစ်သည်တော်တို့ကိုလည်း အသင့်ချန်ထားသော လှေကြီးများထက်သို့ အမြန် ဆုံးတက်စေပြီး၊ ပင်လယ်ကမ်းစပ်မှ အမြန်ဆုံးခွာခိုင်းသည်။

ထိုအခိုက်တွင် သေနာပတိ အာလာလပ်သည် မာယာဘုရင် ဘာလမ်းအပါးသို့ ရောက်ရှိလာပြီး၊ မာယာဘုရင် ဘာလမ်းနှင့်အတူ ပေါလဲရှာသူကြီးဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ ပေါလဲရှာသူကြီးဘက်မှ အပြေးထွက်ခွာလာကြသော တပ်မှူးကြီး ပစ်နှင့် မာယာစစ်သည်တော်သုံးဦးကို တွေ့မြင်ရသည်။ ထို့ပြင် နောက်မှ ထက်ကြပ်မကွာ အပြေးလိုက်လာကြသော ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင် ဟူးနက်ဆီး ခေါင်းဆောင်လာသည့် တပ်မကြီးကိုလည်း တွေ့မြင်ရသည်။

ထိုအခိုက်တွင် ပင်လယ်ကမ်းစပ်မှ ထွက်ခွာစပြုသော လှေကြီးများဘက်သို့ အလန့်တကြား အော်သံထွက်ပေါ်လာသည့်အတွက် ချာခနဲ လှည့်ကြည့်လိုက်ရာ လှေကြီးတစ်စင်းပေါ်မှ ရေထဲသို့ ထိုးကျသွားသော ပေါလဲရှာ

BURMESE CLASSIC .com

သူကြီးကို ဂိုဏ်းချုပ်ကြီးအာမင်းက လှေပေါ်သို့ ဆွဲတင်နေသည်ကို တွေ့ရသည်။ ပေါလဲရွာသူကြီး၏ နောက်ကျောတွင်လည်း မြားတစ်စင်း စိုက်နေသည်ကို မြင်ရသည်။ ထို့အတူ မိန်းမပျိုအိချယ်၏ ထိတ်လန့်တကြား အော်ဟစ်သံကိုလည်း ကြားရသည်။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းနှင့် သေနာပတိအာဟာလပ်တို့လည်း ဒူးဆစ်ကျော်ကျော် နက်သော ပင်လယ်ရေပြင်ကို ဖြတ် ပြီး ထိုလှေကြီးရှိရာသို့ အပြေးလာခဲ့ကြသည်။ ထို့နောက် လှေကြီးပေါ်သို့ ဒရောသောပါး တက်လိုက်ကြသည်။

လှေကြီးပေါ်သို့ မာယာဘုရင်ဘာလမ်းနှင့် သေနာပတိအာဟာလပ်တို့ တက်မိချိန်တွင် မာယာစစ်သည်တော် နှစ်ဦးလည်း မြားဒဏ်ရာကြောင့် အသက်သေဆုံးသွားပြီး ဖြစ်သော ပေါလဲရွာသူကြီးအား အသာမကာ ပင်လယ်ရေထဲသို့ ပစ်ချလိုက်သည်။

မာယာဘုရင် ဘာလမ်းလည်း လှေကြီးထဲရှိ ပေါလဲရွာသူကြီး သမီး မိန်းမပျို အိချယ်ကို လှမ်းကြည့်လိုက်ရာ မိန်းမပျို အိချယ်က ချာခနဲ မျက်နှာ လွှဲလိုက်သည်ကို သတိပြုမိသည်။

ထို့အခိုက်တွင် ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင် ဟူးနက်ဆီးနှင့် စစ်သည်တော်များသည် လက်လှမ်း မမီနိုင်တော့သည့် ပင်လယ်ရေပြင်ကျယ်ကြီးဆီသို့ တရိပ်ရိပ် ထွက်ခွာသွားသော လှေကြီးများကို ကြိတ်မနိုင်ခဲမရ အမူအရာဖြင့် ပင်လယ်ကမ်းစပ်မှနေ၍ လှမ်းမျှော်ကြည့်နေကြသည်။

ဘုရင်ဟူးနက်ဆီးမှာ ထိုသို့ လှမ်းမျှော်ကြည့်ရှုံမှုဖြင့် အားမရသေးဘဲ

"ဟယ် မာယာဘုရင် ဘာလမ်း … ပြေးလော့။ သင် ဒီလို ပြေးပေမဲ့ ငါရဲ့ လက်တွင်းကတော့ သင် ဘယ်လိုမှ မလွတ်နိုင်ဘူး။ ပင်လယ်ရေပြင် ဘယ်လောက်ပဲ ခြားဆီးနေပေစေ။ သင်ရှိရာကို အရောက်လာပြီး သင်ရဲ့ အသက်ဇီဝိန်ကို ငါကိုယ်တိုင် လာချွေမယ်ဟေ့" ဟု ကြေးစားကြီးကို ဝှေ့ယမ်း ပြီး ဟစ်အော်ကြုံးဝါးလိုက်သည်။ ထိုအခါ အပါးရှိစစ်သည်တော်အပေါင်းတို့ကလည်း တစ်ပြိုင်နက် ဟစ်အော် ကြုံးဝါးကြပြန်ရာ မြေလျှင် တော်လဲဘိ သကဲ့သို့ အသံကြီး ဟိန်းထွက်လာတော့သည်။

ဤသို့သော ဟစ်အော်ကြုံးဝါးသံတို့ကို ကြားရသောအခါ မာယာဘုရင် လုလင်ပျို ဘာလမ်း၏ နှလုံးသွေးသည် တဒိတ်ဒိတ် ခုန်လာတော့သည်။ သွားကိုစေ့ပြီး အံတင်းတင်း ကြိတ်လိုက်ရုံမက၊ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ သို့သော် စကားတစ်ခွန်းတစ်ပါဒမှ နှုတ်က မဟချေ။ မိမိစိုးမိုး ပိုင်သအုပ်ချုပ်ရမည့် တိုင်းနိုင်ငံနယ်မြေ ဖြစ်သော ပင်လယ်ကမ်းခြေကိုလည်းကောင်း၊ ပင်လယ်ကမ်းခြေအနီးရှိ ပေါလဲရွာကြီးနှင့် ပေါလဲရွာ

www.burmeseclassic.com



ကြီး၏နောက်ဘက်ရှိ မီးတဟုန်းဟုန်း တောက်နေသော တောအုပ်ကိုလည်းကောင်း ငြိမ်သက်တိတ်ဆိတ်စွာ စိန်းစိန်းကြီး စိုက်ကြည့်နေသည်။

ထိုအခိုက်တွင် ပင်လယ်ကမ်းခြေမှခွာပြီး အပြောကျယ်သော ပင်လယ်အတွင်းသို့ အပြင်းလှော်ခတ်လာခဲ့သော လှေကြီးများသည် ပင်လယ်ကမ်းခြေနှင့် တဖြည်းဖြည်း ဝေး၍ ဝေး၍လာခဲ့ပေပြီ။ ထို့ကြောင့် ပင်လယ်ကမ်းခြေ၌ စုပြုံရုပ်တန့်ပြီး ဟစ်အော် ကြုံးဝါးနေကြသော ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးနှင့် စစ်သည်အပေါင်းတို့၏ အော်သံ ဟစ်သံ ကြုံးဝါး သံတို့လည်း တဖြည်းဖြည်း တိုး၍တိုး၍ လာခဲ့ပေပြီ။

ထိုအခါတွင်မှ မာယာဘုရင်ဘာလမ်းလည်း မိမိစီးနင်းလိုက်ပါလာသော လှေကြီးအတွင်းရှိ ဂိုဏ်းချုပ်ကြီး အာမင်းမျက်နှာကို လှမ်းကြည့်လိုက်သည်။ ဂိုဏ်းချုပ်ကြီး အာမင်းမျက်နှာကား မသာမယာနှင့် ညှိုးငယ်နေပါကလား။ ထို့နောက် မိန်းမပျိုအိချယ်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ မိန်းမပျို အိချယ်ကား မှုန်ပျပျလေးသာ မြင်ရတော့သော ပေါလဲရွာကြီးရှိရာ ပင်လယ်ကမ်းခြေဘက်သို့ မမိုတ်မသုန်သော မျက်စိဖြင့် ငေးကြည့်နေပါကလား။

မာယာဘုရင် ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီး အာမင်းနှင့် မိန်းမပျို အိချယ်တို့ မျက်နှာကို အတန်ကြာစိုက်ကြည့်ပြီးနောက် မိမိတို့ ရှေးရှုခရီးထွက်လာခဲ့သော အပြောကျယ်သည့် ပင်လယ်ရေပြင်ကျယ်ကြီးဆီသို့ မျက်နှာတည့်တည့် မူကာ စူးစူးစိုက်စိုက် လှမ်းမျှော်ကြည့်နေလိုက်သည်။ ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်း၏နားထဲ၌ ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင် ဟူးနက်ဆီး၏ ဟစ်အော်ကြုံးဝါးသံသည် ပဲ့တင်ထပ်မျှ မြည်လျက်ရှိသည် တကား။

◈

www.burmeseclassic.com

၃

## အဆုံးအစ မမြင်သော ပင်လယ်ပြင်၌

အပြောကျယ်သော ပင်လယ်ရေပြင်ကျယ်ကြီးကို ဦးတည်လှော်ခတ်လာခဲ့ကြသော မာယာဘုရင်ဘာလမ်း ဦးဆောင်သည့် လှေကြီးတို့ကား ပင်လယ်ကမ်းခြေနှင့် ဝေးသည်ထက် ဝေးလာခဲ့ပေပြီ။ နောက်ဆုံး၌ ပင်လယ်ကမ်းခြေကိုပင် လှမ်း၍ မမြင်နိုင်တော့သည့်အထိ အပြောကျယ်သော ပင်လယ်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပေပြီ။

ပင်လယ်လေသည် ညင်ညင်သာသာ တိုက်ခတ်လျက် ရှိရာ မာယာဘုရင်ဘာလမ်း၏ လှေကြီးထက်ရှိ ပေါ်လဲရွာသားတို့သည် ရွက်တိုင်ကြီးကို ထူလိုက်ကြပြီး ရွက်ကို လွှင့်တင်လိုက်ကြသည်။ ထိုအခါ အခြားလှေကြီးများလည်း ရွက်တိုင်ကြီးများကို ထူကာ ရွက်များကို လွှင့်တင်လိုက်ကြပြန်သည်။ ထို့ကြောင့် လှေကြီးများမှာ တိုး၍ လျင်မြန်စွာ တရိပ်ရိပ်ပြေးနေတော့သည်။

ပေါ်လဲရွာသားများ ငါးရှာထွက်ခဲ့ဖူးသည့် 'မြောက်ဘက်ကျွန်းစု' များကို ကျော်လွန်လာခဲ့ပေပြီ။ ထိုမြောက်ဘက်ကျွန်းစုများကား 'ကမ္ဘာကြီး၏အစွန်း' ဟု မှတ်ယူထားသော ဒေသများဖြစ်ခဲ့သည်။ ထို့ကြောင့် မြောက်ဘက်ကျွန်းစုများကို ကျော်လွန်၍ မည်သူမှ ခရီးမထွက်ခဲ့ကြဖူးပေ။ ယခုအခါ၌မူ မြောက်ဘက်ကျွန်းစုများကို ကျော်လွန်၍ ခရီးဆက်လာခဲ့ကြပေပြီတကား။

ပေါ်လဲရွာသူရွာသားများသည် အချင်းချင်း တိုးတိုးတိုးတိုး ပြောကြားနေကြရာမှ မာယာဘုရင် ဘာလမ်း၏ မျက်နှာတော်ကို မော့မော့ကြည့်နေ

ကြသည်။ 'မာယာဘုရင်ဘာလမ်းက လှေကြီးများကို နောက်ကြောင်းပြန်လှည့်ရန် အမိန့်ပေးတော့မည်လော' ဟုလည်း မျှော်လင့်စောင့်စားနေကြသည်။ သို့သော် မာယာဘုရင်ဘာလမ်းကား နောက်ကြောင်းပြန်လှည့်ရန် အမိန့်ကို လုံးဝ မပေးပေ။ စကားလည်း တစ်ခွန်းမှ မပြောပေ။ ရှေ့တူရူသို့သာ ငေးကြည့်နေသည်။ 'မိမိ ဖခမည်းတော် မိန့်ကြားခဲ့သော သမိုင်းဒဏ္ဍာရီအတိုင်း ဤအပြောကျယ်သော ပင်လယ်ရေပြင်၏ အခြား တစ်ဘက်တွင် သာယာဝပြောသော နယ်မြေဒေသသစ် တည်ရှိပါစေ' ဟူ၍သာ စိတ်ထဲ၌ ကျိတ်ပြီးဆုတောင်းနေရာသည်။

ထိုအခိုက်တွင် ပင်လယ်ကမ်းခြေအရိပ်အယောင်ကို မတွေ့ရသည့်အတွက် စိတ်ပျက်လက်ပျက်ဖြင့် အချင်းချင်း တိုးတိုးတိုးတိုး ပြောကြားနေကြသော ပေါလဲရွာသူရွာသားတို့၏အသံမှာ ရုတ်တရက် ကျယ်လောင်လာရာ မာယာဘုရင်ဘာလမ်းလည်း ရှေ့တူရူသို့ တွေကြည့်နေရာမှ နောက်သို့ ဆတ်ခနဲ ကြည့်လိုက်သည်။ ထိုအခါ ပေါလဲရွာသူရွာသားတို့က မိမိအား အားကိုးတကြီး လှမ်းကြည့်နေကြသည်ကို တွေ့ရသည်။ မာယာဘုရင်ကား 'ဤအပြောကျယ်သော ပင်လယ်ရေပြင်ကျယ်ကြီး၏ အခြားတစ်ဘက်၌ မိမိဖခမည်းတော်မိန့် ကြားဖူးသော နယ်မြေဒေသသစ် လုံးဝရှိရမည်' ဟု ယုံကြည်ထားရကား လှေကြီးများကို နောက်ကြောင်းပြန်လှည့်ရန် လုံးဝအမိန့်မပေးချေ။ ရှေ့တူရူသို့သာ ဦးတည်လှော်ခတ်မြဲ လှော်ခတ်စေသည်။

ဤသို့ဖြင့် မှောင်ရီသန်းကာ ညအခါသို့ ရောက်လာခဲ့သည်။ ပေါလဲရွာသူရွာသားတို့ကား လုံးဝ မအိပ်စက်ကြပေ။ လှော်တက်သံ၊ ရွက်သံတို့ကို နားထောင်ရင်း 'ကမ္ဘာကြီး၏ ခရီးအဆုံးသို့ ရောက်မည့်အချိန်' ကို စောင့်စားပူပန်နေကြသည်။ မာယာဘုရင်ဘာလမ်းသည်လည်း အများနည်းတူပင် စက်တော်မခေါ်ပေ။ ကောင်းကင်ရှိ ကြယ်နက္ခတ်တာရာတို့ကို ကြည့်ကာ ရှေ့ဆက် ရမည့် ခရီးလမ်းကြောင်းကို ညွှန်ကြားလျက်ရှိသည်။

လှေကြီးတို့ကို လှော်ခတ်ရန်အတွက် သူ့အဆိုင်းနှင့်သူ တာဝန်ချထားကြရာ လှေလှော်သားတို့သည် အဆိုင်း တစ်ဆိုင်းပြီးတစ်ဆိုင်း လူပြောင်းကာ လှော်ခတ်နေကြသည်။ ထိုအခိုက်တွင် လေသည်လည်း တဟူးဟူး တိုက်ခတ်နေရာ လှေကြီးတို့မှာ အရှိန်ကောင်းကောင်းဖြင့် ရှေ့သို့ တရိပ်ရိပ် ပြေးနေကြသည်။

ဂိုဏ်းချုပ်ကြီးအာမင်းမှာမူ အချိန်ရှိသရွေ့ နတ်ဘုရားတို့ကို တိုင်တည်ဆုတောင်းနေသည်။ အန္တရာယ်ကင်း ဂါထာမန္တာန်တို့ကို တတွတ်တွတ်ရွတ်နေသည်။ မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီးအာမင်းကို ငေး

ကြည့်ပြီးနောက် မိမိနှင့် မလှမ်းမကမ်းတွင် ခွေခွေလေး အိပ်စက်နေသော မိန်းမပျိုအိချယ်ကို ငေးကြည့်နေသည်။ ထို့နောက် 'နယ်မြေဒေသသစ်သို့ မိမိတို့လူစုရောက်ရှိလာပြီး၊ အင်အားကြီးမားသော လူမျိုးကြီးအဖြစ် ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းအားထုတ်ရမည့် ရှေ့ရေးအကြောင်းအရာ' တို့ကို တွေးတောနေရှာသည်။

ထိုသို့ တွေးတောနေခိုက်တွင် အရှေ့ဘက် ကောင်းကင်မှ အရုဏ်တက်လာပေရာ လှေကြီးများပေါ်ရှိ လူအပေါင်းတို့လည်း တစ်ယောက်ပြီး တစ်ယောက် နိုးလာခဲ့ကြသည်။ 'ကမ္ဘာကြီး၏ အဆုံးသို့ မိမိတို့ မရောက်သေးပါကလား' ဟူသောအသိဖြင့် သက်ပြင်းချပြီးနောက် ရှေ့တူရူသို့ လှမ်းကြည့်ကြ သည်။ ရှေ့တူရူ၌ကား ကုန်းမြေ အရိပ်အယောင်မှပင် မတွေ့ကြရသေးပါ တကား။

လှေကြီးပေါ်ရှိ မိန်းမများလည်း အိပ်ရာမှထကြပြီးလျှင် အစားအစာများကို ချက်ပြုတ်ရန် ပြင်ဆင်ကြသည်။ ရွာသားတစ်ယောက်ကမူ ရေဘူးကြီးကိုကိုင်ကာ လှေလှော်တာဝန်ကျနေသူများကို လိုက်လံ၍ ရေတိုက်နေသည်။

နေမင်းထိန်ထိန်သာသောအခါ၌ မာယာဘုရင်ဘာလမ်းနှင့် သေနာပတိ အာဟာလပ်တို့သည် ဦးတည်ခရီးဆက်ကြမည့် လမ်းကြောင်းနှင့် ပတ်သက်၍ အချင်းချင်း ဆွေးနွေးတိုင်ပင်ကြသည်။ ထို့နောက် မာယာဘုရင်ဘာလမ်းလည်း ရှေ့ဆက်မည့် ခရီးလမ်းကြောင်းကို မသိမသာ ပြောင်း၍ လှော်ခတ် ရန် မိန့်ကြားကာ အခြားလှေများကိုလည်း 'မိမိအမိန့်အတိုင်း တသွေမတိမ်း လိုက်နာပါ၏လော' ဟု စောင့်ကြည့်နေသည်။

ဤသို့ဖြင့် ခရီးဆက်လာခဲ့ကြရာ ညမှောင်ရီသန်း လာပြန်တော့သည်။ ထိုအခါ မာယာဘုရင်လာလမ်းလည်း မိမိ စီးနင်းလိုက်ပါလာသော လှေကြီး၏လမ်းကြောင်းအတိုင်း လှော်ခတ်လာကြသော လှေကြီးများကို စေ့စေ့ ကြည့်ပြီးနောက် သေနာပတိအာဟာလပ်ဖက်သို့ လှည့်ကာ –

"ကျုပ်တို့လှေတွေဟာ တစ်စင်းနဲ့တစ်စင်း အလှမ်းဝေးနေတယ်။ ဒီထက်စုပြီး တစ်အုပ်တစ်သင်း ခရီးဆက်ဖို့လိုတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ သေနာပတိအာဟာလပ်က –

"ပင်လယ်ရေပြင် ငြိမ်သက်နေပါတယ် အရှင်" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းက –

"မှန်တယ်။ ဒါပေမဲ့ ကျုပ်တို့ဟာ တစ်စုတစ်ဝေး တစ်အုပ်တစ်သင်း ခရီးဆက်တတ်တဲ့ အလေ့အကျင့် ရှိထားဖို့ လိုတယ်။ ကျုပ်တို့ဟာ ပင်လယ်ရေပြင်ကျယ်ထဲမှာ ရက်ဘယ်လောက်ကြာကြာ ခရီးဆက်ကြရဦးမလဲ မသိသေး

www.burmeseclassic.com



ဘူး။ အဲဒီတော့ ရာသီဥတုဆိုးဝါးတာကို တစ်ခါမဟုတ်တစ်ခါ ရင်ဆိုင်ကြုံတွေ့ရမှာ သေချာတယ်” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ သေနာပတိအာဟာလပ်လည်း မာယာဘုရင်ဘာလမ်းကို ခေတ္တတွေကြည့်ပြီးနောက် အခြားလှေများဘက်သို့ လှည့်ကာ –

“လှေတစ်စင်းနဲ့တစ်စင်း၊ ခပ်နီးနီးကပ်ပြီး လှော်ခတ်ကြဟေ့” ဟု ဟစ်အော်ပြောကြားလိုက်ရာ အနီးအနားရှိ လှေများက သေနာပတိ အာဟာလပ်၏စကားကို ကြားသိကြောင်း တုန့်ပြန်သောအားဖြင့် တက်များကို မြှောက် ပြသည်။

ထိုအခါ သေနာပတိ အာဟာလပ်က –

“အခြားလှေတွေကိုလည်း ထပ်ဆင့်ပြီး အသိပေးလိုက်ကြ” ဟု ထပ်မံဟစ်အော်ပြောကြားလိုက်သည်။

မာယာဘုရင်ဘာလမ်းလည်း လှေဦးတွင် ရပ်နေရာမှ လှေပဲ့ရှိ အစားအသောက်ချက်ပြုတ်နေသော မိန်းမများရှိရာသို့ လျှောက်လာသည်။ ထို့နောက် မိန်းမပျို အိဇဘင်၏ လက်မှ အစားအသောက်ပန်းကန်ကို ကမ်းယူပြီးလျှင် တစ်ယောက်တည်း ငေးငေးငိုင်ငိုင် ထိုင်နေသော ပေါလဲရွာသူကြီးသမီး မိန်းမပျို အိချယ်၏ အပါးသို့ လျှောက်သွားပြီး အစားအသောက်ပန်းကန်ကို လက်ထဲသို့ အသာထည့်ပေးလိုက်သည်။ ထိုအခါ မိန်းမပျို အိချယ်လည်း မာယာဘုရင်ဘာလမ်းကို ဖျတ်ခနဲ မော့ကြည့်ပြီးနောက် လက်ထဲရှိ အစားအသောက် ပန်းကန်ကို ဘေးသို့ အသာပြန်ချထားလိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက –

“အိချယ်၊ မင်းရဲ့ဖခင် သေဆုံးသွားတဲ့အတွက် မင်းလိုပဲ ကျုပ် စိတ်မကောင်း ဖြစ်နေမိပါတယ်” ဟု မိန့်ကြားလိုက်ရာ မိန်းမပျို အိချယ်က–

“ဩော် … ဟုတ်ရဲ့လား။ ကျွန်မရဲ့ ဖခင်ကို ‘သုတ်သင်လိုက်’ လို့ အရှင်ကိုယ်တိုင် အမိန့်ပေးခဲ့တာကိုတော့ ကျွန်မ အခုထက်ထိ အမှတ်ရတုန်းပါပဲ” ဟု ပြန်လည်ချေပလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မည်သို့မျှ မမိန့်ကြားဘဲ အဝေးသို့ လှမ်းမျှော်ကြည့်ပြီးနောက် မိန်းမပျိုအိချယ်၏ ဘေးရှိ ဂိုဏ်းချုပ်ကြီး အာမင်းကို ငေးကြည့်လိုက်သည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီးအာမင်းက –

“သမီးရယ် … သမီးရဲ့ဖေဖေ သေဆုံးသွားရတာဟာ ကျူးကျော်နယ်ချဲ့ရေးသမားတွေကြောင့်ပါ။ သမီးတို့ ဘုရင်ကြောင့် မဟုတ်ပါဘူး” ဟု ဖြေသိမ့်

www.burmeseclassic.com


ဖျောင်းဖျလိုက်ရာ မိန်းမပျိုအိချယ်က မာယာဘုရင်ဘာလမ်းကို ဖျတ်ခနဲ မော့ကြည့်ပြီး –

"သမီးတို့ရပ်ရွာကို ကျူးကျော် နယ်ချဲ့ရေးသမားတွေ ရောက်လာအောင် ဘယ်သူက ခေါ်လာခဲ့တာလဲ" ဟု ပြောကြားချေပလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက –

"သမီးရဲ့ ဖေဖေအတွက် သမီး အတိုင်းမသိ ဝမ်းနည်းပူဆွေးနေတာကို ဘဘ ကိုယ်ချင်းစာမိပါတယ်ကွယ်။ ဒါပေမဲ့ ဒီအတွက်တော့ သမီးတို့ဘုရင်ကို မမုန်းလိုက်ပါနဲ့ကွယ်" ဟု ပြောကြားတောင်းပန်လိုက်ရာ၊ မိန်းမပျို အိချယ်က –

"သမီး မမုန်းပါ ဘဘရယ်။ ဒါပေမဲ့ သမီးစိတ်ထဲမှာ ခံစားနေတာတွေကို သမီးကိုယ်တိုင်တောင် နားမလည်နိုင်အောင် ဖြစ်နေမိပါတယ်။ သမီးဖေဖေ ရုတ်တရက် သေဆုံးသွားရုံမကဘူး။ ကောင်းကောင်းမွန်မွန် မြှုပ်နှံသင်္ဂြိုဟ်ခြင်းတောင် မပြုခဲ့ရပါဘူး။ ပြီးတော့ သမီးချစ်ခင်ရင်းနှီးနေကြတဲ့ ရွာသူ ရွာသားအတော်များများဟာလည်း သမီးရဲ့ ဖေဖေလိုပဲ သမီးရဲ့မျက်စိအောက်မှာ သေဆုံးသွားခဲ့ကြရတယ်။ ပြီးတော့ သမီးတို့အိမ်တွေလည်း မီးရှို့ဖျက်ဆီးခံရပြီး မီးတဟုန်းဟုန်း လောင်နေတာကို သမီးမျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတယ်။ ပြီးတော့ အခုလည်း သမီးတို့ဟာ ကိုယ့်အလိုဆန္ဒကြောင့် မဟုတ်ဘဲ အတင်းအကြပ် ခေါ်ဆောင်လာခဲ့တာကို ခံရပြန်ပါတယ်။ ဒါကြောင့် အပြောကျယ်တဲ့ ပင်လယ်ထဲမှာ ခရီးဆက်နေကြရခြင်း ဖြစ်ပါတယ်။ ဒီလိုခရီးဆက်ရင်းနဲ့ သမီး တို့အားလုံး ပျက်စီးသေဆုံးကုန်လိမ့်မယ်လို့လည်း မှတ်ထင်နေပါတယ်။ ဒီလို သမီးတို့အားလုံး ပျက်စီးသေဆုံးရရင်လည်း အဲဒီတရားခံဟာ ကျူးကျော်နယ်ချဲ့ရေးသမားတွေ မဟုတ်နိုင်ပါဘူး။ သမီးတို့ရဲ့ ဘုရင်မင်းမြတ်ပဲ ဖြစ်တယ်လို့ သမီး မှတ်ထင်ယူဆပါတယ်" ဟု အဆက်မပြတ် ပြောကြားသည်။ ထို့နောက် မာယာဘုရင်ဘာလမ်းကို ဖျတ်ခနဲ မော့ကြည့်ပြီးနောက် –

"ကျွန်မရဲ့စိတ်ထဲမှာ ခံစားရသမျှကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတာပါ။ ကျွန်မမှားတယ်ဆိုရင် တောင်းပန်ပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုနေ့က မာယာဘုရင်ဘာလမ်းသည် မိန်းမပျိုအိချယ်အား စကားတစ်ခွန်းမှ ထပ်မံပြောကြားခြင်း မပြုတော့ပေ။

ရာသီဥတုမှာ သာယာနေပြီး လေတဝူးဝူးတိုက်လျက်ရှိရာ၊ လှေကြီးများမှာ အပြောကျယ်သော ပင်လယ်ရေပြင်ထက်၌ တရိပ်ရိပ် ပြေးနေတော့သည်။ ညနေစောင်းလာချိန်တွင် မိန်းမများသည် အစားအသောက်များ ပြင်ဆင် ချက်ပြုတ်ကြပြီး ညစာကို ထပ်မံစားသောက်ကြသည်။ ထို့နောက် နေ့

ဘက် လှေလှော်တာဝန်ကျသူများ ရပ်နားပြီး ညဘက် လှေလှော်တာဝန်ကျသူများ တာဝန်ဆက်ယူကြသည်။

ဒုတိယနေ့ နံနက်မိုးလင်းသောအခါ မာယာဘုရင်ဘာလမ်းလည်း ကစဥ့်ကလျား ကွဲပြားနေသော လှေကြီးများကို ပြန်လည်စုစည်းစေပြီး၊ ရှေ့တူရူသို့သာ ဆက်လက်လှော်ခတ်စေသည်။

ဒုတိယနေ့ကား ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှပေသည်။ ရှုမြင်ရာရာ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်ကား အပြောကျယ်သော ပင်လယ်ရေပြန့်ကျယ်ကြီးသာ ဖြစ်၍ ကုန်းမြေအရိပ်အယောင်ကိုမျှ မတွေ့ရတော့ပေ။ လူအားလုံးပင် 'နယ်မြေဒေသသစ်ကို မိမိတို့အမှန်တကယ် ရှာဖွေတွေ့ရှိပါမည်လော။ ရောက်ပါ မည်လော' ဟု တွေးတောပူပန်နေကြသည်။

မာယာဘုရင်ဘာလမ်းကိုယ်တိုင်ပင် 'မိမိဖခမည်းတော် မိန့်ကြားခဲ့သည့် သမိုင်းဒဏ္ဍာရီသည် မှန်မှမှန်ပါမည်လော' ဟု ယုံမှားသံသယ ဖြစ်လာမိသည်။ ထို့ကြောင့်လည်း 'နယ်မြေဒေသသစ်သို့ မိမိတို့လူစု မကြာမီ ရောက်ရှိအောင် ကူညီမှိုင်းမပါမည့်အကြောင်း' နတ်ဘုရားတို့ကို ဆုတောင်းနေမိရာသည်။

ထို့နောက် မာယာဘုရင်ဘာလမ်းသည် မိမိလှေပေါ်ရှိ လူများနှင့် အခြားလှေများပေါ်ရှိလူများကို ကြည့်ရှုအကဲခတ်ရင်း 'ဤလူများကား မိမိ၏ အလိုဆန္ဒကို လိုက်လျောကာ မညည်းမညူ လိုက်ပါခဲ့ကြသော သူများပါတကား။ မိမိ၏အမိန့်အာဏာကို တစ်သွေး တစ်သံ တစ်မိန့် နာခံကြသူများပါတကား' ဟု တွေးတောအောက်မေ့ကာ ကြိတ်ပြီး ဝမ်းမြောက်ကျေနပ်နေသည်။

*

ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက် ခရီးဆက်လာခဲ့ကြရာ ခြောက်ရက်မြောက်သောနေ့ နံနက်ခင်းတွင် တဝူးဝူး တိုက်နေသော လေသည် လုံးဝမတိုက်ဘဲ ရပ်တန့်သွားတော့သည်။ ထို့ကြောင့် ရွက်အားလုံး မလှုပ်မယှက်ငြိမ်သက်သွားတော့သည်။ ရွက်အကူအညီကို မရတော့ဘဲ လှော်တက်ဖြင့်သာ လှော်ခတ်ကြရပေရာ ရှေးယခင်ကကဲ့သို့ ခရီးမတွင်တော့ပေ။

နေတစ်စတစ်စ မြင့်လာသည်နှင့်အမျှ အပူရှိန်သည်လည်း ပြင်းသည်ထက်ပြင်းလာရာ လှေလှော်သမားတို့မှာ ရှေးအခါနှင့်မတူဘဲ ပို၍ ပင်ပန်းမောဟိုက်လာကြသည်။ ရေငတ်လာကြသည်။ ထို့ကြောင့် ရေမကြာမကြာ သောက်ကြရာ လှေပေါ်တွင် ပါလာသော ရေတို့မှာ အတော်ကုန်သွားတော့သည်။

ခြောက်ရက်မြောက်သောနေ့မှစ၍ နောက်ရက်များတွင် လေသည်

www.burmeseclassic.com


လုံးဝမတိုက်ပေ။ ထို့ကြောင့် အပြောကျယ်သော ပင်လယ်ရေပြင်ကျယ်သည် လှိုင်းလေလုံးဝကင်းသော ကန်ရေပြင်ကဲ့သို့ ငြိမ်သက်နေပေတော့သည်။ ထို့ပြင် နေဝင်ချိန်တွင် နေရောင်ခြည်သည် သွေး၏အဆင်း ချင်းချင်းနီမြန်းနေရာ နေရောင်ခြည်အပြည့် ယှက်ဖြာကျဆင်းနေသော ပင်လယ်ရေပြင်ကျယ်ကြီးသည် သွေးပင်လယ်ကြီးနှင့် တူနေပေတော့သည်။ ထို့ကြောင့် လူအားလုံးပင် 'မိမိတို့အားလုံး ပျက်စီးသေဆုံးတော့မည့် အချိန်အခါ နီးကပ်ကြောင်းကို နတ်ဘုရားတို့က ကြိုတင်နိမိတ်ပြခြင်းဖြစ်သည်တကား' ဟု မှတ်ထင်ယူဆကာ ခေါ်ဆောင်လာခဲ့သော မိမိတို့အရှင် မာယာဘုရင်ဘာလမ်းကြောင့် ဖြစ်သည်' ဟု မှတ်ယူကာ မာယာဘုရင်ဘာလမ်းအား ပြုးကြောင်ကြောင် ငေးကြည့်နေကြသည်။ အချင်းချင်းလည်း စကားတစ်ခွန်းမှ မပြောကြတော့ပေ။

မာယာဘုရင်ဘာလမ်းလည်း လူအားလုံးတို့၏ အခြေအနေကို လေ့ လာအကဲခတ်နေရာမှ လှေလှော်သားတစ်ဦး ရေငတ်အားပျော့ပြီး ထိုးလဲသွား သည်ကို မြင်ရသောအခါ သေနာပတိ အာဟာလပ်ဘက်သို့ ဆတ်ခနဲ လှည့် လိုက်ပြီး –

"အာဟာလပ်၊ ဒီနေ့အဖို့ ကျုပ်တို့အတွက် ဘယ်လောက် ရေဝေပုံကျ ကျန်သေးလဲ" ဟု မေးလိုက်သည်။

ထိုအခါ သေနာပတိအာဟာလပ်က ရေဘူးလေးကို မြှောက်ပြပြီး–

"နှစ်ငုံစာလောက်တော့ ကျန်ပါသေးတယ် အရှင်" ဟု လျှောက်တင်လေရာ မာယာဘုရင်ဘာလမ်းလည်း လဲကျနေသော လှေလှော်သားဘက်သို့ ကြည့်ပြီး –

"သူ့ကို အဲဒီရေအားလုံး တိုက်လိုက်" ဟု မိန့်ကြားလိုက်သည်။

ဤတွင် သေနာပတိ အာဟာလပ်လည်း လှေလှော်သား ရှိရာသို့ လျှောက်သွားပြီး ဦးခေါင်းကို အသာ မ,လိုက်သည်။ ထို့နောက် လှေလှော်သား၏ မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် မာယာဘုရင်ဘာလမ်းကို မော့ကြည့်ရင်း

"အချိန်နှောင်းသွားပြီ အရှင်"

ဟု လျှောက်တင်လိုက်သည်။

ထိုအခါ အခြားလှေလှော်သားများလည်း လှေလှော်ရာမှ ခေတ္တရပ်နားပြီး သေနာပတိ အာဟာလပ်ကို လှမ်းကြည့်ကြသည်။ ထို့နောက် အသက်ကုန်ဆုံးသွားသော လှေလှော်သားကို လှမ်းကြည့်ကြပြီး မာယာဘုရင်ဘာလမ်းကို ပြိုင်တူစိုက်ကြည့်ကြသည်။

ထိုအခိုက်တွင် သေနာပတိ အာဟာလပ်သည် တပ်မှူးကြီးပစ်၏ အကူအညီဖြင့် အသက်သေဆုံးနေသော လေ့လော့်သားကို မ,ပြီး ပင်လယ်ရေထဲသို့ အသာချလိုက်သည်။ လေ့လော့်သား၏ အလောင်းသည် ပင်လယ်ရေပြင် အောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းသည် အခြားမိန်းမများနှင့် အတူထိုင်နေသော မိန်းမပျိုအိချယ်ကို လှမ်းကြည့်လိုက်ရာ လေ့လော့်သား အလောင်း နစ်မြုပ်ပျောက်ကွယ်သွားရာသို့ ငေးကြည့်နေသည်ကို တွေ့မြင်ရသည်။ ဤတွင် မာယာဘုရင်ဘာလမ်းလည်း ဆတ်ခနဲ မျက်နှာကို လွှဲလိုက်တော့သည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းက မာယာဘုရင် ဘာလမ်း၏ လက်မောင်းကို အသာလှမ်းကိုင်လိုက်သည်။ မာယာဘုရင် ဘာလမ်းက ဆတ်ခနဲ လှည့်ပြီး ဂိုဏ်းချုပ်ကြီးအာမင်း၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ရာ၊ ဂိုဏ်းချုပ်ကြီး အာမင်းက –

"အရှင်မင်းကြီး၊ နတ်ဘုရားများဟာ သူတို့ပြုဆောင်တော်မူတဲ့ အရာခပ်သိမ်းကို သိမြင်ကြပါတယ်။ ဒါကြောင့် နတ်ဘုရားများအပေါ်မှာ ယုံကြည်စိတ်ထက်သန်ပြင်းပြဖို့ လိုပါတယ် အရှင်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းက –

"ဘာကို ယုံကြည်ရမှာလဲ ဂိုဏ်းချုပ်ကြီးရယ်၊ ကျုပ်ရဲ့ မာယာလူမျိုးတွေ အားလုံး မလွဲမသွေ သေဆုံးပျက်စီးသွားမယ်ဆိုတဲ့ အချက်ကို ယုံကြည်ရမှာလား" ဟု ခပ်တိုးတိုး မိန့်ကြားပြီးနောက် –

"ဒီမှာ အာမင်း၊ ကျုပ် ဖခမည်းတော် မိန့်ကြားခဲ့တဲ့ သမိုင်းဒဏ္ဍာရီနဲ့ ပတ်သက်ပြီး မှန်မှမှန်ပါ့မလား၊ နယ်မြေဒေသသစ်ကို ကျုပ်တို့တစ်တွေ တွေ့မှတွေ့ပါ့မလား ဆိုတာကို ကျုပ်ကိုယ်တိုင်တောင် ယုံမှား သံသယ ဖြစ်နေမိပြန်ပါတယ်" ဟု ထပ်မံမိန့်ကြားရာ ဂိုဏ်းချုပ်ကြီး အာမင်းလည်း မည်သို့မျှ မလျှောက်တင်ဘဲ ဆိတ်ဆိတ်နေလေသည်။ ဤတွင် မာယာဘုရင်ဘာလမ်းက မိမိတို့ ပတ်ပတ်လည်ရှိ ငြိမ်သက်စွာ တည်ရှိနေသော အပြောကျယ်လှသည့် ပင်လယ်ရေပြင်ကျယ်ကြီးကို လက်ညှိုးညွှန်ပြရင်း –

"ဒီအရပ်ဟာ ကမ္ဘာမြေကြီးရဲ့ အဆုံးစွန်သော အရပ်ဖြစ်လိမ့်မယ်။ ဒီနေရာနဲ့ အခြားတစ်ဘက်မှာ ကုန်းမြေဆိုလို့ လုံးဝမရှိဘဲ အပြောကျယ်တဲ့ ရေပြင်ကျယ်ကြီးသာ တည်ရှိနေပါလိမ့်မယ်။ ဒီနည်းနဲ့ ကျုပ်တို့အားလုံး သေဆုံးပျက်စီးသွားကြလိမ့်မယ်လို့တောင် ကျုပ် မှတ်ထင်ယုံကြည်နေမိပါပြီ" ဟု ခပ်တိုးတိုး မိန့်ကြားသည်။

www.burmeseclassic.com



ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

“ကျွန်တော်မျိုးတို့ ဒီလို ဆင်းရဲဒုက္ခတွေ ကြုံတွေ့နေရတာဟာ ကျွန်တော်မျိုးတို့ရဲ့ စိတ်ဓာတ်နဲ့ အရည်အသွေးကို သိရှိရအောင် နတ်ဘုရားများက စမ်းသပ်တော်မူတာလည်း ဖြစ်နိုင်ပါတယ် အရှင်။ ကျွန်တော်မျိုးတို့ဟာ လုံးဝ တိမ်ကော ပျောက်ကွယ်သွားရမယ့် လူမျိုးလား၊ ရှင်သန်ကြီးထွားရမယ့် လူမျိုး လား ဆိုတာကို နတ်ဘုရားများ သိလိုတော်မူဟန်ရှိပါတယ်” ဟု လျှောက်တင် လိုက်ရာ မာယာဘုရင်ဘာလမ်းက –

“ကျုပ်လည်း ဒီအတိုင်းပဲ တစ်ခါတစ်ခါ တွေးမိပါတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ စိတ်ထဲမှာတော့ အခုအခါမှာ ဒွိဟသံသယတွေ ဝင်နေမိပါတယ” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

“နတ်ဘုရားများက အရည်အသွေးပြည့်တဲ့ ခေါင်းဆောင်ကောင်း မင်းကောင်းမင်းမြတ်ဟာ အခက်အခဲ အကျဉ်းအကျပ်နဲ့ ကြုံတွေ့တဲ့အခါမှာ သူ့ရဲ့တိုင်းသူပြည်သားတွေကို ဘယ်လိုဦးဆောင်ကွပ်ကဲရမယ်ဆိုတဲ့ အချက်ကို သွန်သင်နေတာလို့ ကျွန်တော်မျိုး မှတ်ထင်ယူဆပါတယ်။ အရှင်ဟာ အရှင့်ဖခမည်းတော်လိုပဲ အရည်အသွေးပြည့်တဲ့ မင်းကောင်းမင်းမြတ် ဖြစ်လိမ့်မယ်လို့ ကျွန်တော်မျိုး မှတ်ထင်ယုံကြည်ပါတယ်” ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းလည်း မည်သို့မျှ ပြန်လည်မိန့်ကြားခြင်း မပြုဘဲ အပြောကျယ်လှသော ပင်လယ်ရေပြင်ကျယ်ကြီးကို ငေးကြည့်နေသည်။ မိမိလှေတော်ပေါ်ရှိ လူများနှင့် အခြားလှေများပေါ်ရှိ လူများတို့ကို လှမ်းပြီး ငေးကြည့်နေသည်။ ထို့နောက် ဂိုဏ်းချုပ်ကြီး အာမင်း ဘက်သို့ လှည့်ကာ–

“ဂိုဏ်းချုပ်ကြီး၊ ကျုပ်တို့တစ်တွေ အသက်ဘေးမှ ချမ်းသာရာရအောင် နတ်ဘုရားများထံ ဆုမွန်ကောင်း တောင်းပါ” ဟု မိန့်ကြားလိုက်ရာ လှေတွင်းရှိ လူအားလုံးပင် ဂိုဏ်းချုပ်ကြီး အာမင်းကို အားကိုးတကြီး လှမ်းကြည့်ကြသည်။

ဂိုဏ်းချုပ်ကြီး အာမင်းလည်း လှေဦးသို့ လျှောက်သွားပြီးလျှင် ချီချင်အဇ္ဇာ နေပြည်တော်ရှိ ကူကူးကင် နတ်ဘုရားကျောင်းတော်ကြီးမှ ယူဆောင်လာခဲ့သော နတ်ဘုရားရုပ်ထုတော်ကို လှေဦးတွင် တရိုတသေ ချထားလိုက်သည်။ ထို့နောက် နတ်ဘုရား ရုပ်ထုတော်ရှေ့တွင် ဒူးထောက်လိုက်ပြီး –

**“အို … သူရိယ နေဘုရားနှင့် သမုဒ္ဒရာရေဘုရားအပေါင်းတို့။ ကူကူးတင် နတ်ဘုရားကျောင်းတော်ကြီး၏ ဂိုဏ်းချုပ်ကြီး ဖြစ်ခဲ့သော ကျွန်တော်မျိုး အာမင်းက အရှင်ဘုရားတို့အား ရိုသေစွာ ရှိခိုးကန်တော့ပါ၏။**

www.burmeseclassic.com



**ကျွန်တော်မျိုးတို့ ရောက်ရှိလိုသော ခရီးလမ်းသို့ ရောက်သည်အထိ ကျွန်တော်မျိုးတို့တွင် ပါလာခဲ့သော ရေနှင့် အစားအစာများတို့သည် လောက်ငခြင်း ရှိပါစေသား။ ကျွန်တော်မျိုးတို့ ရောက်ရှိလိုသော ခရီးလမ်းသို့ ရောက်သည့်အထိ လေသည် တသွင်သွင် တိုက်ခတ်ပါစေသား။ လေမတိုက်ခတ်ဘဲ ကျွန်တော်မျိုးတို့ကို စွန့်ခွာမသွားပါစေနှင့်။ ထို့ပြင် ကျွန်တော်မျိုးတို့၏ နှလုံးသား၌ ဖိနှိပ်စိုးမိုးနေသော စိုးရိမ်ထိတ်လန့်ခြင်းကိုလည်း ဖယ်ရှားပေးတော်မူပါလော့။ ကျွန်တော်မျိုးတို့အား ဆင်းရဲဒုက္ခခပ်သိမ်းကို သည်းခံရင်ဆိုင် နိုင်သော အစွမ်းကိုလည်း ပေးတော်မူပါလော့။**

**အို ... သူရိယ နေဘုရားနှင့် သမုဒ္ဒရာ ရေဘုရားအပေါင်းတို့။ ကျွန်တော်မျိုးတို့ အရှင် မာယာဘုရင် ဘာလမ်း ဦးဆောင်လာခဲ့သော နယ်မြေဒေသသစ်သို့ ကျွန်တော်မျိုးတို့ အားလုံး ဘေးမသီ ရန်မခဘဲ ရောက်ရှိရလေအောင် ကူညီမှိုင်းမတော်မူပါလော့။ ကျွန်တော်မျိုးတို့ ရောက်ရှိ မည့် နယ်မြေဒေသသစ် သည်လည်း သာယာဝပြောခြင်းအတိ ရှိပါစေသား"**

ဟု တတွတ်တွတ် ဆုမွန်တောင်းလေသည်။

ဤသို့ ဂိုဏ်းချုပ်ကြီး အာမင်း တတွတ်တွတ် ဆုမွန်တောင်းနေခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း အခြားလှေများပေါ်ရှိ လူများတို့ကို လှမ်းကြည့်ရင်း 'ဤလူခပ်သိမ်းတို့ ရင်ဆိုင်ကြုံတွေ့ရသော ဆင်းရဲဒုက္ခခပ်သိမ်း ပြေငြိမ်းပပျောက်အောင် ပြုဆောင်ရေးကား ငါ၏တာဝန်ပါတကား။ ဤလူခပ်သိမ်းတို့သည် ယခု ရင်ဆိုင်ကြုံတွေ့နေရသော ဆင်းရဲဒုက္ခခပ်သိမ်းကို မည်မျှအထိ သည်းညည်းခံနိုင်ကြပါမည်နည်း' ဟု တွေးတောနေရှာသည်။

ထိုအခိုက်တွင် လှေပဲ့ပိုင်းတစ်နေရာမှ ကလေးငိုသံသည် စူးစူးဝါးဝါး ပေါ်ထွက်လာသည်။ ထို့ကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက် ကလေးအမေက ကလေး၏ပါးစပ်ကို လက်ဖြင့် လှမ်းပိတ်သည်ကို တွေ့ရသည်။ ထို့ကြောင့် ကလေးငယ်၏ ငိုရှိုက်သံသည် ချက်ချင်းပင် တိုး၍သွားတော့သည်။ ဂိုဏ်းချုပ်ကြီးအာမင်း၏ တတွတ်တွတ် ဆုတောင်းသံသည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ပြန်၍ ပီသထင်ရှားလာတော့သည်တကား။

⟐

၄

# အဆိုးဝါးဆုံးသော အခြေအနေ

မာယာဘုရင်ဘာလမ်းလည်း လှေဦးတွင် မားမားမတ်မတ် ရပ်တန့်နေရာမှ လှော်တက်ခတ်သံတို့ကို မသိမသာ နားစွင့်နေသည်။ လှော်တက်ခတ်သံတို့ကား ခရီးထွက်ခါစရက်များနှင့် မတူတော့ပြီ။ အားမာန်ပါ၍ တက်ကြွသော လှော်တက်ခတ်သံတို့ မဟုတ်တော့ပြီ။ အားမာန်ပျော့၍ နှေးကွေးသော လှော်တက်ခတ်သံတို့ ဖြစ်နေပေပြီ။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းလည်း စိတ်မသက်မသာနှင့် အသာသက်ပြင်းချလိုက်မိသည်။

ထိုအခိုက်တွင် ပခုံးကို တစ်စုံတစ်ယောက်က အသာအယာ လာကိုင်သည့်အတွက် လှည့်ကြည့်လိုက်ရာ နေ့လယ်စာ အစားအသောက် ပန်းကန်ကို ကမ်းပေးနေသော မိန်းမပျိုအိချယ်ကို တွေ့ရသည်။

ဤတွင် မာယာဘုရင်ဘာလမ်းက –

"အခြား ဆာနေတဲ့သူကို သွားပေးလိုက်ပါကွယ်" ဟု မိန့်ကြားလိုက်ရာ မိန်းမပျိုအိချယ်က –

"အရှင်ဟာ အာဟာရသိဒ္ဓိပြီးနေတဲ့ နတ်ဘုရားတစ်ပါး မဖြစ်သေးပါဘူး။ လူသားတစ်ဦးပါပဲ။ ဒီတော့ အစားအစာ သုံးဆောင်မှီဝဲဖို့ လိုပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"မင်းက ကျုပ်ကို အမိန့်ပေးနေတာလားကွယ်" ဟု မေးလိုက်ရာ မိန်းမပျို အိချယ်က –

www.burmeseclassic.com



"မဟုတ်ပါဘူး အရှင်။ ဘုရားကျွန်မက အကြံပေးတာပါ" ဟု ပြန် လည်လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ကျုပ် မဆာပါဘူးကွယ်" ဟု မိန့်ကြားရာ မိန်းမပျို အိချယ်က–

"ဒီအစားအသောက်ဟာ နောက်ဆုံးလက်ကျန် ဖြစ်ပါတယ်အရှင်" ဟု လျှောက်တင်ပြန်သည်။

ထိုအခိုက်တွင် ယခင်က ငိုကြွေးခဲ့ဖူးသော ကလေးငယ်သည် ယခု တစ်ဖန် ထပ်မံ၍ ကျယ်ကျယ်လောင်လောင် စူးစူးရှရှ အော်ငိုက်လိုက်ပြန်သည်။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျို အိချယ်တို့လည်း ကလေးငယ် ဘက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ထို့နောက် မာယာဘုရင်ဘာလမ်း က –

"ကျုပ်အတွက် အစားအစာကို သူတို့ကို ပေးလိုက်ပါကွယ်" ဟု မိန့်ကြားလိုက်ရာ မိန်းမပျိုအိချယ်လည်း ကလေးအမေတို့ရှိရာ လှေပဲ့ပိုင်းသို့ ပြန်လျှောက်သွားသည်။

ထိုအခိုက်တွင် လှေဝမ်းတွင်ထိုင်နေသော တပ်မှူးကြီးပစ်သည် ရုတ် တရက် မတ်တတ်ရပ်ကာ နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ရင်း –

"တိတ်စမ်း၊ တိမ်စမ်း၊ ကလေးငိုသံကို မကြားပါရစေနဲ့" ဟု အော် ပြောလိုက်သည်။ ထို့နောက် မာယာဘုရင်ဘာလမ်းကို လှမ်းကြည့်ရင်း –

"အရှင်မင်းကြီး ... ကလေးငိုသံကို ကြားရဲ့လား။ သက်ဦးဆံပိုင် ဘုရင်ရဲ့ရှေ့မှာ အော်ကြီးဟစ်ကျယ် မငိုရဘူးဆိုတာကို မသိတဲ့အတွက် ကလေးငယ်လေးဟာ အော်ကြီးဟစ်ကျယ် ငိုနေရှာတယ်။ သက်ဦးဆံပိုင်ဘုရင် ရဲ့ရှေ့မှာ ကိုယ့်ခံစားချက် အစစ်အမှန်ကို ထုတ်ဖော်မတင်ပြရဘူးဆိုတာကို သိနေတဲ့ ကျွန်တော်မျိုးတို့ကတော့ ကျွန်တော်မျိုးတို့ရဲ့ ခံစားချက်ကို ကြိတ် မှိတ်အောင့်အည်းပြီး သည်းခံနေပါတယ်။ အို ... အရှင်မင်းကြီး။ ကျွန်တော် မျိုးတို့တွေဟာ ကလေးငယ်လိုပဲ ခံစားနေရတယ်ဆိုတာကို သိတော်မူပါ" ဟု လျှောက်တင်လိုက်သည်။

ထိုအခိုက်တွင် သေနာပတိအာဟာလပ်သည် ထိုင်ရာမှထပြီး တပ်မှူး ကြီးပစ်ရှိရာသို့ လျှောက်သွားမည်ပြုရာ မာယာဘုရင်ဘာလမ်းက လက်ကို လှမ်းဆွဲပြီး တားထားလိုက်သည်။ လှေပေါ်ရှိလူအားလုံးပင် တပ်မှူးကြီးပစ်ကို လှမ်းကြည့်နေကြသည်။ ကလေးငယ်ကလေး ကျယ်ကျယ်လောင်လောင် စူးစူး ဝါးဝါး အော်ငိုမြဲ အော်ငိုနေသည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက –

www.burmeseclassic.com


"မောင်မင်းအနေနဲ့ ဘယ်လိုဆန္ဒရှိသလဲ။ လျှောက်တင်စမ်း" ဟု ကလေးငိုသံကို လွှမ်းအောင် ဟစ်အော်မေးမြန်းလိုက်ရာ တပ်မှူးကြီးပစ်က–

"ကျွန်တော်မျိုးတို့အားလုံး အသက်မဆုံးခင် ပြန်လှည့်စေချင်ပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်း က –

"ဘာကြောင့် ပြန်လှည့်စေချင်တာလဲ။ ဟူးနက်ဆီးရဲ့ ကျေးကျွန်ဖြစ်ချင်လို့လား။ ဟူးနက်ဆီးက ယဇ်ပူဇော်တာကို ခံချင်လို့လား" ဟု မေးလိုက်ရာ၊ တပ်မှူးကြီးပစ်က –

"ဟူးနက်ဆီးဟာ အရှင်ရဲ့အသက်ကိုသာ အလိုရှိတာပါ။ ကျွန်တော်မျိုးတို့ရဲ့အသက်ကို လိုချင်တာ မဟုတ်ပါဘူး။ အရှင်တစ်ယောက်အတွက် ကျွန်တော်မျိုးတို့အားလုံး အသက်ဆုံးရှုံးရမှာလား" ဟု ပြန်လည်ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ကျယ်ကျယ်လောင်လောင် စူးစူးဝါးဝါး အော်ငိုနေသော ကလေးငယ်၏ငိုသံ ရုတ်တရက် ရပ်သွားသည်။ သေနာပတိအာဟာလပ်လည်း မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်ကို အတင်းဖြတ်ကျော်ပြီး တပ်မှူးကြီးပစ်ရှိရာသို့ တဟုန်ထိုး ပြေးသွားသည်။ ထို့နောက် လက်တွင်းရှိ ဓားမြှောင်ဖြင့် ထိုးစိုက်ချလိုက်ရာ တပ်မှူးကြီးပစ်က လက်တစ်ဖက် မြှောက်ပြီး ကာကွယ်ရှာသည်။ သို့သော် ထိရောက်အောင် မကာကွယ်နိုင်ဘဲ လဲကျသွားသည်။

ထိုအခိုက်တွင် ကလေးအမေ၏ ရှိုက်ကြီးတငင် အော်ငိုသံကြီးသည် စူးစူးဝါးဝါး ထွက်ပေါ်လာရာ လှေပေါ်ရှိလူအားလုံးပင် ကလေးအမေကို လှမ်းကြည့်လိုက်ကြသည်။ ကလေးအမေကား မျက်နှာကို လက်ဝါးဖြင့် ဖုံးပြီး ရှိုက်ကာ ရှိုက်ကာ အော်နေရှာသည်။ ကလေးငယ်ကို သေသေချာချာ ကြည့်ရှုသောအပါးရှိ လူများလည်း စိတ်မသက်မသာနှင့် ခေါင်းယမ်းလိုက်သည်။

ထိုအခိုက်တွင် သေနာပတိအာဟာလပ်သည် လဲကျနေသော တပ်မှူးကြီးပစ်၏ လည်မျိုကို ဖမ်းကိုင်ပြီး ဓားမြှောင်ဖြင့် ထိုးစိုက်ရန် ချိန်ရွယ်လိုက်ရာ မာယာဘုရင်ဘာလမ်းက ကျယ်လောင်သော အသံကြီးဖြင့် –

"အာဟာလပ်၊ ရပ်လိုက်" ဟု လှမ်းအော်လိုက်သည်။ သေနာပတိအာဟာလပ်က ဆတ်ခနဲ လှမ်းကြည့်လိုက်ရာ မာယာဘုရင်ဘာလမ်းက –

"ဟူးနက်ဆီးကရော နတ်ဘုရားတွေကပါ ကျုပ်တို့မာယာတွေရဲ့ အသက်တွေကို နှုတ်ယူသွားတာ များနေပြီ။ ထပ်မံပြီး အသက်မဆုံးရှုံးစေပါနဲ့ကွယ်" ဟု မိန့်ကြားလိုက်သည်။

ထို့နောက် မာယာဘုရင်ဘာလမ်းသည် ရှိုက်ကြီးတငင် ငိုကြွေးနေသော ကလေးအမေကို လှမ်းကြည့်ပြီးနောက် ဂိုဏ်းချုပ်ကြီးအာမင်းကို လှမ်းကြည့်လိုက်သည်။ ထို့နောက် မည်သို့အားပေးစကား မိန့်ကြားရမည်ကို မတွေး မိရကား ရှေ့တူရူရှိ အပြောကျယ်လှသော ပင်လယ်ရေပြင်ကျယ်ကြီးကိုသာ ငေးကြည့်နေပေသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းလည်း မာယာဘုရင်ဘာလမ်းအပါးသို့ လျှောက်လာပြီး – "အရှင်မင်းကြီး၊ ဘာတွေ တွေးတောစဉ်းစားနေသလဲ" ဟု မေးလိုက်ရာ မာယာဘုရင်ဘာလမ်းက –

"တိုင်းပြည်တာဝန်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို မထမ်းဆောင်ရသေးတဲ့ ငယ်စဉ်တောင်ကျေးကလေးဘဝကို ပြန်ပြီးတွေးနေတာပါ။ ကျုပ်ရဲ့ငယ်စဉ်တောင်ကျေးကလေးဘဝဟာ အလွန်ပျော်စရာကောင်းပါတယ်။ ကျုပ်တို့ မာယာ တိုင်းပြည်ကြီးဟာ ငြိမ်းချမ်းသာယာပြီး ကြွယ်ဝချမ်းသာလှပါတယ်။ ဈေးနေ့တွေမှာဆိုရင် လူတွေ ကျိတ်ကျိတ်တိုးအောင် စည်းကားလှပါတယ်။ အမြို့မြို့ နယ်နယ်က ကုန်သည်တွေရော၊ ဈေးဝယ်တွေရော စုံအောင် လာကြပါ တယ်။ မြောက်ပိုင်းသား **အက်တက်**တွေတောင် ကျုပ်တို့ဈေးကို လာရောက် ပြီး ရောင်းဝယ်ဖောက်ကားကြတယ်။ အင်း … အဲဒီငယ်စဉ်တောင်ကျေးကလေးဘဝကို ပြန်ပြီးတွေးတော့ စိတ်ချမ်းသာသလိုပါပဲ" ဟု မိန့်ကြားသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက –

"အရှင့်ရဲ့ ငယ်စဉ်တောင်ကျေး ကလေးဘဝက ပျော်ရွှင်ချမ်းမြေ့သလိုပါပဲ၊ အရှင့်ဘဝ နောင်ရေးဟာလည်း ပျော်ရွှင်ချမ်းမြေ့ရမှာပါ။ ကျွန်တော်မျိုးကတော့ နတ်ဘုရားများကို အကြွင်းမဲ့ ယုံကြည်ပါတယ်" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက –

"အင်း … ကျုပ်လည်း နတ်ဘုရားများကို ယုံကြည်ပါတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ တိုင်းသူပြည်သားများက ကျုပ်ကို လေးစားရိုသေအောင်တော့ နတ်ဘုရားများက အကူအညီ မပေးကြပါကလား" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

"ငြိမ်းချမ်းသာယာဝပြောတဲ့ အချိန်အခါမျိုးမှာ တိုင်းသူပြည်သားများက လေးစားရိုသေကြတဲ့ ဘုရင်ဟာ 'ကြီးမြတ်တဲ့ဘုရင်' မဟုတ်ပါဘူး အရှင်။ ဆင်းရဲဒုက္ခ အကျပ်အတည်းပေါင်းများစွာကို ကြုံတွေ့ရတဲ့အခါမျိုးမှာ တိုင်းသူပြည်သားများက လေးစားရိုသေကြတဲ့ ဘုရင်မှ တကယ် ကြီးမြတ်တဲ့ ဘုရင်ပါ။ အခုအချိန်ဟာ ကြီးမြတ်တဲ့ ဘုရင်များ ပေါ်ထွန်းရမယ့် အချိန်အခါမျိုး ဖြစ်ပါတယ်" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက –

"ဂိုဏ်းချုပ်ကြီးရဲ့ လျှောက်တင်စကား မှန်ပါစေလို့ မျှော်လင့်ပါတယ်။ ကျုပ်ဟာ ကြီးမြတ်တဲ့ဘုရင်တစ်ပါး ဖြစ်ထိုက်တဲ့ အရည်အချင်း ရှိမှရှိရဲ့လားလို့ ကိုယ့်ကိုယ်ကို ပြန်ပြီး မေးခွန်းထုတ်နေမိပါတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

"ကိုယ့်ကိုယ်ကို ပြန်ပြီး မေးခွန်းထုတ်ချင်ထုတ်ပါ အရှင်။ ဒါပေမဲ့ နတ်ဘုရားများကိုတော့ ပြန်ပြီး မေးခွန်းမထုတ်ပါနဲ့။ နတ်ဘုရားများဟာ သူတို့နည်း သူတို့ဟန်နဲ့ အထင်အရှား တန်ခိုးပြဋ္ဌိဟာ ပြတတ်ပါတယ်" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက –

"နတ်ဘုရားများကို ကျုပ်ပြန်ပြီး မေးခွန်း မထုတ်ပါဘူး။ ကျုပ်တို့ကို ပြန်ပြီး ကူညီစောင်မတော်မူပါလို့သာ ဆုမွန်ကောင်း တောင်းနေတာပါ" ဟု မိန့်ကြားလိုက်သည်။

ထို့နောက် မာယာဘုရင်သည် မည်သို့မှ ဆက်လက်မိန့်ကြားခြင်း မပြုတော့ဘဲ ရှေ့တူရူသို့သာ ငေးစိုက်ကြည့်နေသည်။ အတန်ကြာသောအခါ အပါးတွင် ရှိနေသော ဂိုဏ်းချုပ်ကြီးအာမင်းထံမှ ဆုမွန်ကောင်းတောင်းသံ ခပ်တိုးတိုး ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မာယာဘုရင်ဘာလမ်းလည်း ရှေ့တူရူသို့ စိုက်ကြည့်ရင်း မိမိတို့နောင်ရေးကို တွေးတောနေရာမှ နေးနေးကွေးကွေး ထွက်ပေါ်လာသော လော်တက်ခတ်သံတို့ကို နားစွင့်နေသည်။ ထို့နောက် စိတ်ပျက်အားလျော့နေကြသော အသွင်ကို ဆောင်နေသည့် လူများ၏ မျက်နှာတို့ကို အတန်ကြာအောင် ငေးကြည့်နေပြီး အထက်မိုးကောင်ကင်သို့ မော့ကြည့်နေသည်။ ထို့နောက်မှ

"အာဟာလပ်၊ ဒီနေ့အတွက် ဝေပုံကျ ရေကို တိုက်လိုက်ပါ" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ လှေလော်တာဝန်ကျနေသူများလည်း ချက်ချင်း ရပ်နားလိုက်ကြပြီးလျှင် တစ်ယောက်လျှင် နှစ်ငုံစာသာရသော ဝေပုံကျရေကို စောင့်နေကြသည်။ ထိုအခိုက်တွင် လှေဝမ်းထဲ၌ လဲနေသော တပ်မှူးကြီးပစ်က မိမိ ကိုလည်း ရေပေးပါရန် လှမ်းတောင်းရာ မာယာဘုရင် ဘာလမ်းက –

"ပစ်ဟာ ဒဏ်ရာရထားတဲ့သူဖြစ်တယ်။ ဒီတော့ ပစ်ကိုလည်း ရေတိုက်လိုက်ပါ" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ တပ်မှူးကြီးပစ်လည်း ဝမ်းသာအားရ ပြုံးလိုက်ပြီး ကမ်းပေးသော ရေကို အငမ်းမရ မော့သောက်နေရာ လှေပေါ်ရှိ လူအားလုံးပင် တပ်မှူးကြီး ပစ်ကို ငေးကြည့်နေကြသည်။

www.burmeseclassic.com



ထိုအခိုက်တွင် တပ်မှူးကြီးပစ်အနီး လှေဝမ်းတွင်ရပ်နေသော သေနာ ပတိ အာဟာလပ်က –

"ကြည့်စမ်းပါ အရှင်။ ကြည့်လိုက်ကြစမ်း " ဟု ဝမ်းသာအားရ အော်ပြီး မြောက်ဘက်သို့ လက်ညှိုးညွှန်ပြနေရာ မာယာဘုရင်ဘာလမ်းလည်း သေနာပတိအာဟာလပ် ညွှန်ပြရာသို့ စိတ်ဝင်စားစွာ လှမ်းမျှော်ရှုကြည့်လိုက်သည်။ ထို့အတူ လှေပေါ်ရှိလူများအားလုံးပင် သေနာပတိအာဟာလပ် ညွှန်ပြ ရာသို့ စိတ်ဝင်စားစွာ ပြိုင်တူ လှမ်းမျှော်ရှုကြည့်ကြသည်။

ထိုအခါ သေနာပတိအာဟာလပ် ညွှန်ပြသော မြောက်ဘက် မိုးကုတ်စက်ဝိုင်းနေရာ၌ ကုန်းမြေတန်းကို ခပ်ရေးရေး မြင်ကြရတော့သည်။ ဤ တွင် မာယာဘုရင်ဘာလမ်း၏လှေရှိ လူအားလုံးပင် ဝမ်းသာအားရ ဟစ်အော် ကြွေးကြော်ကြတော့သည်။ ထို့အတူ အခြားသော လှေများမှ လူများတို့သည် လည်း ဝမ်းသာအားရ ဟစ်အော်ကြွေးကြော်ကြကုန်သည်။ ထို့နောက် လှေ လှော်တာဝန်ကျနေသူများအားလုံးပင် အားသစ်မာန်သစ်များ ပြည့်ဖြိုးလာကြ ဟန်ဖြင့် လှော်တက်ကို ချက်ချင်းကောက်ကိုင်ကာ ဝမ်းသာအားရ ကြုံးပြီး လှော်ခတ်ကြတော့သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီး အာဟာလပ်ဖက်သို့ လှည့်ကာ –

"နတ်ဘုရားများကို အကြွင်းမဲ့ယုံကြည်ပါလို့ ဂိုဏ်းချုပ်ကြီး ပြောခဲ့တာ မှန်နေပြီ။ ကျုပ်တို့ ကုန်းမြေကို တွေ့ရပြီ" ဟု မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ် ကြီး အာမင်းက ခေါင်းညိတ်ပြီး ပြုံးလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"နတ်ဘုရားများကို ကျေးဇူးအထူးတင်ပါတယ်" ဟု မိန့်ကြားပြီး မိန်းမပျိုအိချယ်ကို လှမ်းကြည့်လိုက်ရာ သူငယ်ချင်း အဇုဘင်နှင့်အတူ ရပ်ရင်း ပျပျလေးလှမ်းမြင်နေရသော ကုန်းမြေဘက်သို့ မယုံကြည်နိုင်သော မျက်လုံးအစုံ ဖြင့် ငေးကြည့်နေသည်ကို တွေ့မြင်ရသည်။

ဤသို့ လှမ်းကြည့်လိုက်သည်ကို မိန်းမပျိုအိချယ်က သတိမပြုမိသော်လည်း သေနာပတိ အာဟာလပ်ကမူ သတိပြုမိသွားပြီး အသာပြုံးလိုက်သည်။ ဒဏ်ရာရထားသော တပ်မှူးကြီးပစ်ကမူ အနီးရှိရေဘူးကို လှမ်းယူပြီး ရှိသမျှ ရေတို့ကို တကွပ်ကွပ် သောက်နေသည်။ သို့သော် လှေပေါ်ရှိလူများက မည်သို့မှ မပြောကြတော့ဘဲ ပျပျလေးလှမ်းမြင်နေရသော ကုန်းမြေဘက်သို့သာ စိတ်လှုပ်ရှားစွာ လှမ်းမျှော်ရှုကြည့်နေကြသည်။

◈

၅

# နတ်ဘုရားများ ပေးသနားသော နယ်မြေ

မာယာဘုရင် ဘာလမ်း ဦးဆောင်လာခဲ့သော မာယာလှေကြီးများသည် နောက်ဆုံး၌ ပျပျလေးလှမ်းမြင်နေရသော ကုန်းမြေပေါ်သို့ ခြေချနိုင်ခဲ့ကြပေပြီ။

မာယာဘုရင်ဘာလမ်းတို့လူစု ရောက်ရှိလာခဲ့သော နယ်မြေဒေသသစ်၏ သောင်ကမ်းစပ်မှာ သဲဖြူလွလွတို့ဖြင့် လှပဆန်းကြယ်လှပေသည်။ လှိုင်းခေါင်းဖြူများသည်လည်း သောင်ကမ်းစပ်သို့ တဖျပ်ဖျပ် ရိုက်ခတ်နေသည်။ လေနုအေးသည်လည်း တသွင်သွင် တိုက်ခတ်နေပေသည်။ လှပဆန်းကြယ်သော သောင်ကမ်းစပ်၏ တစ်ဖက်တွင်မူ မြင့်မားလှသော သစ်ပင်ကြီးများ အထူအထပ် ပေါက်နေပေသည်။ ထို့ကြောင့် သောင်ကမ်းခုံပေါ်၌ မြူးတူးပြေးလွှားနေကြသော လူများသည် တောအုပ်ညို့ညို့၏ အခြားတစ်ဖက်ကို လှမ်း၍မမြင်ကြရပေ။ သို့သော် နယ်မြေဒေသသစ်ကား တိတ်ဆိတ်ငြိမ်သက်နေပြီး အလွန်တရာ သာယာကြည်နူးဖွယ်ကောင်းနေပေသည်။

မာယာဘုရင်ဘာလမ်းသည် သောင်ကမ်းတစ်လျှောက် လမ်းလျှောက်ရင်း ဤသို့ အလွန်တရာ သာယာကြည်နူးဖွယ်ကောင်းလှသော နယ်မြေဒေသသစ်အကြောင်းကို မိမိအား အသိပေးမိန့်ကြားခဲ့သည့် ကျေးဇူးသခင် မွေးဖခင် မာယာဘုရင်ကြီးကိုလည်းကောင်း၊ မိမိတို့ကို ကူညီမှိုင်းမတော်မူသော နတ်ဘုရားများကိုလည်းကောင်း အတိုင်းမသိ ကျေးဇူးတင်လျက်ရှိသည်။ တောအုပ်ညို့ညို့ကို လှမ်းမျှော်ကြည့်ကာ 'ဤအရပ်ဒေသကား မြေဩဇာအလွန်ကောင်းသော ဒေသပေတကား' ဟုလည်း တွေးတောဝမ်းမြောက်လျက်ရှိသည်။

www.burmeseclassic.com



မာယာဘုရင်ဘာလမ်းလည်း သောင်ကမ်းတစ်လျှောက် လမ်းလျှောက်နေရာမှ သောင်ကမ်းစပ်သို့ အဆက်မပြတ် ဆိုက်ကပ်နေသော လှေကြီးများဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

သောင်ကမ်းစပ်သို့ ဆိုက်ကပ်လာကြသော လှေကြီးများ၊ လူများသည် အတိုင်းမသိ ပျော်ရွှင်ဝမ်းမြောက်နေကြဟန်ဖြင့် မျက်နှာအားလုံး ပြုံးရွှင်ကြည်ဝင်းနေသည်။ အချင်းချင်းလည်း တစ်ဦးကိုတစ်ဦး အားရဝမ်းသာ ပွေ့ဖက်တော့ယမ်းနေကြသည်။ ထို့နောက် လှေကြီးများပေါ်ရှိ ဝန်စည်စလည် အထုပ်အပိုးများကို သောင်ကမ်းခုံထက်သို့ သယ်နေကြသည်။ ကလေးမိဘများကမူ မိမိတို့ကလေးများကို သောင်ကမ်းခုံရှိရာသို့ ပွေ့ချီတင်ပေးနေကြသည်။ သောင် ကမ်းခုံထက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကလေးများသည်လည်း အံ့ဩ ဖွယ်ကောင်းအောင် ရွှင်လန်းသွားကြပြီး သောင်ကမ်းခုံပေါ်၌ ဝမ်းသာအားရ ပြေးလွှားခုန်ပေါက် နေကြတော့သည်။

မာယာဘုရင်ဘာလမ်း လှမ်းမျှော်ကြည့်နေခိုက်တွင် မိန်းမပျို အိချယ် နှင့် သူငယ်ချင်းမ အိဇုဘင်တို့နှစ်ဦးသည် လှေကြီးများထက်ရှိ သက်ကြီးရွယ် အိုများနှင့် ကလေးငယ်များကို သောင်ကမ်းခုံထက်သို့ရောက်အောင် အခေါက် ခေါက်အခါခါ တွဲမကူညီ ပို့ဆောင်ပေးနေသည်ကို တွေ့မြင်ရသည်။ ထို့ပြင် မိန်းမပျိုအိချယ်နှင့် သူငယ်ချင်းမ အိဇုဘင်တို့သည် လှေကြီးများကို သဲသောင် ခုံထက်သို့ ဆွဲတင်ကြရာ၌ ဝိုင်းဝန်းကူညီကြပေသေးသည်။

ဂိုဏ်းချုပ်ကြီးအာမင်းမှာမူ သဲသောင်ခုံထက်၌ အဘိုးအို တစ်ဦးနှင့် အတူ ထိုင်နေပေသည်။ ထိုအဘိုးအိုမှာ ဝမ်းနည်းဝမ်းသာ နှစ်ဖြာရောယှက်ဟန် ဖြင့် မျက်ရည်အသွယ်သွယ် ကျနေသည်ကို တွေ့ရသည်။

မာယာဘုရင်ဘာလမ်းလည်း သောင်ကမ်းစပ်သို့ ဆိုက်ကပ်လာသော လှေကြီးတစ်စင်းကို အကူအညီပေးရန် ရေစပ်အထိ ဆင်းလျှောက်လာခဲ့ကြသည်။ ထိုလှေကြီးထက်မှ လှေသမားများသည် သောင်ကမ်းစပ်အနီးသို့ ရောက်နေပြီဖြစ်၍ သဲသောင်ခုံထက်သို့ လှေကြီးကို ဆွဲတင်ရန်အတွက် လှေကြီး ပေါ်မှ အသီးသီးခုန်ဆင်းကာ လှေနံရံကို ကိုင်လိုက်ကြသည်။ ထိုအခိုက်တွင် လှိုင်းလုံးတစ်လုံး ဝုန်းခနဲ တိုက်လိုက်ရာ လှေသမားအတော်များများပင် လှေ နံရံကို လွတ်ထွက်သွားကြသည်။ ဤတွင် မာယာဘုရင်ဘာလမ်းလည်း ရေထဲကို ဖြတ်လျှောက်ပြီး လှေဦးကို ဖမ်းဆွဲလိုက်သည်။ ထို့နောက် အခြားလှေသမားများနှင့်အတူ လှေကြီးကို သဲသောင်ခုံပေါ်သို့ ဆွဲတင်ပေးလိုက်သည်။ ထို့နောက် လှေပေါ်ရှိ ကလေးမိခင်တစ်ဦး လက်မှကလေးငယ်တစ်ဦးကို သွားရောက်ပွေ့ချီပြီး သဲသောင်ခုံရှိရာသို့ လျှောက်လာခဲ့သည်။

ထိုလှေကြီး ဆိုက်ကပ်ထားသည့် သဲသောင်ခုံ အနီးတွင် မိန်းမပျို အိချယ် မတ်တတ်ရပ်နေရာ မာယာဘုရင် ဘာလမ်းလည်း မိန်းမပျိုအိချယ်ကို လှမ်းကြည့်ပြီးနောက် ကလေးငယ်ကို ကမ်းပေးလိုက်သည်။ မိန်းမပျိုအိချယ် လည်း ကလေးငယ်ကို တယုတယ ပွေ့ချီကာ ခပ်လှမ်းလှမ်းရှိ သဲသောင်ခုံ ထက်သို့ လျှောက်သွားပြီး ကလေးငယ်၏ အဝတ်အစားများကို ပြုပြင်ပေးနေ သည်။

ထိုအခိုက်တွင် ကလေးအမေလည်း မိန်းမပျိုအိချယ်ရှိရာသို့ လျှောက်သွားရာ မာယာဘုရင် ဘာလမ်းလည်း နောက်မှဆက်လျှောက်လာခဲ့ ပြီးလျှင် ကလေးအမေအား ကလေးကို ကမ်းပေးနေသည့် မိန်းမပျိုအိချယ်၏ မျက်နှာ ဝင်းပပလေးကို ငေးကြည့်နေသည်။ ထိုအခိုက်တွင် မိန်းမပျိုအိချယ်က မော့ကြည့်ပြီး ပြုံးလိုက်ရာ မာယာဘုရင် ဘာလမ်းလည်း ပြန်ပြုံးပြီး တစ်ဦး ကိုတစ်ဦး အတန်ကြာအောင် ငေးကြည့်နေကြသည်။ ထို့နောက် မာယာဘုရင် ဘာလမ်းက လက်ကို ကမ်းပေးရာ မိန်းမပျိုအိချယ်လည်း လက်ကို ဆုပ်ကိုင် ပြီး အသာ ထလိုက်သည်။

မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်၏ လက်ကို ရုတ် တရက် မလွှတ်ဘဲ ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားရာမှ မလှမ်းမကမ်းရှိ သဲသောင် မို့မို့ရှိရာသို့ မိန်းမပျိုအိချယ်ကို ဆွဲခေါ်သွားပြီး နှစ်ယောက်အတူ ဘေးချင်းယှဉ် ရပ်လိုက်သည်။ ထို့နောက် သဲသောင်ခုံထက်၌ ပျားပန်းခတ်မျှသွားလာ လှုပ် ရှားနေကြသော သူများကို လှမ်းကြည့်ရင်း –

“မာယာ လူမျိုးအပေါင်းတို့။ အားလုံး နားထောင်ကြလော့” ဟု ကျယ်လောင်စွာ မိန့်ကြားလိုက်သည်။

ထိုအခါ ပေါလဲ ရွာသူရွာသားများနှင့် မာယာစစ်သည်တော်များ အားလုံးပင် မာယာဘုရင် ဘာလမ်းကို လှမ်းမျှော်ကြည့်ကြပြီးနောက် သဲ သောင်မို့မို့ အပါးသို့ စုဝေးလာရောက်ကြသည်။

မာယာဘုရင်ဘာလမ်းလည်း မိန်းမပျို အိချယ်ကို ငုံ့ကြည့်လိုက်ပြီး သဲသောင်မို့မို့အပါးသို့ စုဝေးရောက်ရှိလာကြသော လူများကို စေ့စေ့ကြည့်ကာ

“ကောင်းကင်ဘုံနန်းမှာ စံမြန်းနေတဲ့ နတ်ဘုရားများဟာ ကျုပ်တို့ကို ကောင်းစွာ ကြည့်ရှုစောင်မတော်မူကြတယ်။ အပြောကျယ်တဲ့ ပင်လယ်ရေပြင် ကြီးကို ဖြတ်သန်းလာခဲ့ကြတဲ့ ကျုပ်တို့တစ်တွေကို သာယာဝပြောတဲ့ ဟောဒီ နယ်မြေဒေသသစ်ကို ရောက်အောင် ကူညီမို့မတော်မူကြတယ်။ ဟောဒီ နယ် မြေဒေသသစ်မှာ ကျုပ်တို့ဟာ ဘဝသစ်ကို ပြန်စကြမယ်” ဟု မိန့်ကြားသည်။

www.burmeseclassic.com



ထိုအခါ မိန်းမပျိုအိချယ်လည်း မာယာဘုရင် ဘာလမ်းကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ သို့သော် မာယာဘုရင် ဘာလမ်းက မိန်းမပျိုအိချယ်ကို ငုံ့မကြည့်ဘဲ –

"ကျုပ်တို့ဟာ စိတ်နှလုံးမချမ်းမြေ့စရာ ကောင်းတဲ့ ပြန်ပြောင်းတသ အမှတ်ရစရာ မကောင်းတဲ့ အဖြစ်အပျက်၊ အတွေ့အကြုံတွေ တွေ့ကြုံခဲ့ရ တယ်။ ဒဏ်ရာဒဏ်ချက်ဟောင်းတွေ ရရှိခဲ့ကြတယ်။ ကျုပ်တို့တစ်တွေဟာ အဲဒီ အဖြစ်အပျက် အတွေ့အကြုံတွေ၊ ဒဏ်ရာဒဏ်ချက်ဟောင်းတွေကို လုံးဝ မေ့ထားကြပြီး၊ နတ်ဘုရားများ ပေးသနားတော်မူတဲ့ ဟောဒီ နယ်မြေဒေသသစ် မှာ ဘဝသစ်ကို တည်ဆောက်ကြရမယ်" ဟု ဆက်လက်မိန့်ကြားသည်။

ထိုအခါ သဲသောင်မို့မို့ အပါးရှိ ဂိုဏ်းချုပ်ကြီး အာမင်းလည်း မာယာ ဘုရင်ဘာလမ်းနှင့် မိန်းမပျို အိချယ်တို့ကို ငေးကြည့်ရင်း ပြုံးနေသည်။ မိန်းမပျို အိချယ်၏ မျက်လုံးအစုံ၌ ရှေးယခင်က မတွေ့ဖူးသော နူးညံ့ပျော့ပြောင်းသည့် အရိပ်အယောင်တို့ကို တွေ့ရလေရာ ဂိုဏ်းချုပ်ကြီး အာမင်းလည်း မိမိ အရှင် သခင် မာယာဘုရင် ဘာလမ်းအတွက် ဝမ်းမြောက်ကြည်နူးနေမိသည်။

ထိုအခိုက်တွင် မာယာဘုရင်က ဆက်၍ –

"အို ... မာယာလူမျိုး အပေါင်းတို့။ ဟောဒီ နယ်မြေဒေသသစ်ကို ကျုပ်တို့တစ်တွေ ဘေးမသီ ရန်မခဘဲ ရောက်ရှိလို့ ရှိရင် ပေါလဲရွာသူကြီးသမီး အိချယ်ကို မိဖုရားမြှောက်ပါ့မယ်လို့ အများလူပုံအလယ်မှာ ပေါလဲရွာသူကြီးကို ကျုပ် ကတိပေးခဲ့ပါတယ်။ အခုဆိုရင် ကျုပ်တို့ဟာ ဘေးမသီ ရန်မခဘဲ နယ် မြေဒေသသစ်ကို ရောက်ရှိခဲ့ပါပြီ။ ဒီတော့ ကျုပ်ပေးခဲ့တဲ့ကတိကို လိုက်နာတဲ့ အနေနဲ့ ပေါလဲ ရွာသူကြီးသမီး အိချယ်ကို မိဖုရားအဖြစ် ကျုပ် တော်ကောက် ကြောင်း ကြေညာအပ်ပါတယ်။ မင်္ဂလာဘိသိက်ပွဲသဘင်ကို အမြန်ဆုံး ဆင် ယင် ကျင်းပနိုင်ရန် ဂိုဏ်းချုပ်ကြီး အာမင်းက တာဝန်ယူ ဆောင်ရွက်ပါလော့။ ကျုပ်ရဲ့ မင်္ဂလာဘိသိက်ပွဲဟာ ဒီနယ်မြေဒေသသစ်မှာ ကျုပ်တို့ မာယာ လူမျိုး တွေရဲ့ ပထမဦးဆုံးသော မင်္ဂလာပွဲသဘင်ဖြစ်ပါစေ" ဟု မိန့်ကြားတော်မူသည်။

ထိုအခါ သဲသောင်မို့မို့ အပါးသို့ စုဝေးရောက်ရှိနေကြသော လူအုပ် ကြီးလည်း ဝမ်းမြောက်ဝမ်းသာ သောင်းသောင်းဖြဖြ ဟစ်အော်ကြွေးကြော်ကြ ပြီးလျှင် မာယာဘုရင် ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့အပါးသို့ တိုးဝှေ့လာကြ သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်ကို ငုံ့ကြည့်လိုက်ရာ မျက်နှာထား တင်းမာပြီးနေသည်ကို တွေ့သည်။ ထို့ကြောင့် ဆုပ်ကိုင်ထားသော လက်ကလေးကို အသာ ဖျစ်ညှစ်လိုက်ရာ မိန်းမပျိုအိချယ်

www.burmeseclassic.com


က ဆတ်ခနဲ ဆောင့်ရုန်းလိုက်သည်။ ထို့နောက် တင်းမာသော မျက်နှာထားဖြင့် မာယာဘုရင်ဘာလမ်းကို မော့ကြည့်ပြီး –

"ကျွန်မကို မိဖုရားမြှောက်ပါ့မယ်လို့ အရှင်ကတိပေးထားခဲ့တာက ကျွန်မရဲ့ ဖေဖေကိုပါ။ ဒီတော့ ဒီကတိကို ဖျက်နိုင်ပါတယ်။ မင်္ဂလာဘိသိက်ပွဲသဘင် လုံးဝ ကျင်းပဖို့ မလိုပါဘူး" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းက –

"မင်းဖေဖေကို ကျုပ်ကတိပေးတုန်းက လူအများရဲ့ ရှေ့မှောက်မှာ ကတိပေးခဲ့တာပါ။ ဒီတော့ ကတိကို မဖျက်နိုင်ပါဘူး။ မင်္ဂလာဘိသိက်ပွဲသဘင်ကို ကျင်းပရလိမ့်မယ်" ဟု မိန့်ကြားလိုက်ရာ မိန်းမပျို့အိချယ်က –

"ဒီကိစ္စမှာ ကျွန်မရဲ့ သဘောဆန္ဒ လုံးဝ မပါပါဘူး။ ကျွန်မရဲ့ သဘောဆန္ဒကိုလည်း လုံးဝ မမေးကြပါဘူး" ဟု နာကျည်းသော လေသံဖြင့် ပြောကြားပြီး ချာခနဲ လှည့်ကာ လူအုပ်ကြားကို တိုးဝှေ့ထွက်ပြေးသွားသည်။

ထိုအခါ ဝမ်းမြောက်ရွှင်မြူးနေကြသော လူအုပ်ကြီးလည်း အံ့အားသင့်သော အမူအရာဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ငေးကြည့်နေကြသည်။ ထို့နောက် မိန်းမပျို့ အိချယ် ထွက်ပြေးသွားရာသို့ တင်းမာသော မျက်နှာထားဖြင့် စိုက်ကြည့်နေသည့် မိမိတို့အရှင် မာယာဘုရင် ဘာလမ်း၏ မျက်နှာတော်ကို မဝံ့မရဲ လှမ်းကြည့်နေကြသည်။

ထိုအခိုက်တွင် မိန်းမပျို့အိချယ်၏ သူငယ်ချင်းမ အိဇဘင်လည်း မိန်းမပျို့အိချယ်နောက်သို့ ပြေးလိုက်သွားသည်။ မိန်းမပျို့ အိချယ်မှာ မလှမ်းမကမ်းရှိ ရေစပ်တွင် ရပ်တန့်ပြီး ရှိုက်ငိုနေရာ သူငယ်ချင်း အိဇဘင်က ဖြေသိမ့် ဖျောင်းဖျသည့်အနေဖြင့် ပခုံးကို အသာဖက်လိုက်သည်။

မာယာဘုရင်ဘာလမ်းလည်း တင်းမာသော မျက်နှာထားဖြင့် မိန်းမပျို့အိချယ်ကို လှမ်းကြည့်နေပြီးမှ မိမိအပါးရှိ အံ့အားသင့်နေကြသော လူအုပ်ကြီး လှမ်းကြည့်ပြီး မည်သည့်စကားကို ပြောကြားရမှန်းမသိဘဲ ငေးငိုင်ရှာသည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းလည်း လူအုပ်ကြီးဘက် မျက်နှာမူပြီးလျှင် –

"မာယာလူမျိုးအပေါင်းတို့။ နတ်ဘုရားများ ပို့ဆောင်တဲ့အတွက် ဟောဒီ နယ်မြေဒေသသစ်ကို ရောက်ရှိနေကြတဲ့ ငါတို့တစ်တွေအဖို့ ဆောင်ရွက်စရာတွေ အမြောက်အမြား ရှိနေပါတယ်။ ငါတို့တစ်တွေဟာ ပထမဆုံး လှေပေါ်က ပစ္စည်းတွေ အားလုံးကို ချရဦးမယ်။ ပြီးတော့ ငါတို့တစ်တွေ နေထိုင်ဖို့ သင့်တော်တဲ့နေရာကို ရွေးကြရမယ်။ ပြီးတော့ နတ်ဘုရားများအတွက် ကျောင်း

www.burmeseclassic.com



တော်သစ်နေရာရွေးပြီး နတ်ဘုရားကျောင်းတော်ကြီးကို တည်ဆောက်ကြရပါမယ်” ဟု ပြောကြားလိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းလည်း မိန်းမပျို အိချယ်၏ အပြုအမူနှင့် ပတ်သက်၍ အံ့အားသင့် နေကြသော လူများကို ရုတ်ချည်း လမ်းကြောင်းပြောင်းလဲပေးလိုက်သော ဂိုဏ်းချုပ်ကြီး အာမင်းအား တအံ့တသြ လှမ်းကြည့်လိုက်သည်။ ထို့နောက် လူအုပ်ကြီးကို ငေးကြည့်ပြီး ရေစပ်တစ်နေရာတွင် သူငယ်ချင်း အိဇုဘင်နှင့်အတူ ရပ်တန့်နေသော မိန်းမပျို အိချယ်ကို လှမ်းမျှော်ကြည့်လိုက်သည်။

မိန်းမပျိုအိချယ်ကား သူငယ်ချင်းမ အိဇုဘင်နှင့်အတူ ခပ်တိုးတိုး စကားပြောနေရာမှ မာယာဘုရင် ဘာလမ်းဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထိုသို့ လှမ်းကြည့်လိုက်သည်ကို မာယာဘုရင်ဘာလမ်း အမှတ်ထင်ထင် တွေ့မြင်ရသော်လည်း ထိုအကြည့်၌ မည်သည့် အဓိပ္ပာယ်များ ဆောင်နေ သည်ကိုကား အနက်အဓိပ္ပာယ် မဖွင့်နိုင်ရှာပါပေ။

မာယာဘုရင် ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီး အာမင်းအား လှမ်းကြည့်ပြန်ရာ ဂိုဏ်းချုပ်ကြီး အာမင်းလည်း မိမိနှင့်အတူ ပါလာခဲ့သော နတ်ဘုရားရုပ်တုတော်တစ်ဆူကို ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တရိုတသေ တင်ပြီး နတ်ဘုရား ရုပ်တုတော် ရှေ့၌ ဒူးထောက်လိုက်သည်ကို တွေ့ရသည်။

မာယာဘုရင်ဘာလမ်း ရှုကြည့်နေဆဲ၌ပင် ဂိုဏ်းချုပ်ကြီး အာမင်းက

**“အို … နတ်ဘုရား အပေါင်းတို့၊ တောစောင့်နတ် တောင်စောင့်နတ် အပေါင်းတို့၊ ဤနယ်မြေဒေသသစ်၌ တပည့်တော်တို့ မိဘဘိုးဘေးများ နည်းတူ မာယာနိုင်ငံတော်ကြီးကို အစွမ်းကုန် တည်ထောင်ကြိုးစားကြမည့် တပည့်တော်တို့အား ကူညီမိုင်းမတော်မူကြပါလော့။ ပြစ်မှားကျူးလွန်ခဲ့သော အပြစ်များ ရှိပါကလည်း သနားကရုဏာတော်ထား၍ ခွင့်လွှတ်တော်မူကြပါရန် ရှိသေစွာ ပန်ကြားပါ၏။**

ဟူ၍ တတွတ်တွတ် ဆုမွန်ကောင်း တောင်းနေလေသည်။

ထိုအခိုက်တွင် ဂိုဏ်းအုပ်ဘုန်းကြီး **အာဇုတ်**သည် အမွှေးနံ့သာခိုးတို့ တလူလူထွက်သော အိုးတစ်လုံးကို ယူပြီး ဂိုဏ်းချုပ်ကြီး အာမင်းရှေ့တွင် အသာချလိုက်သည်။ ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းလည်း ထိုနံ့သာအိုးကိုယူကာ ကောင်းကင် ဘုံနန်းသို့ ရည်မှန်းပင့်မြှောက်ရင်း –

**“ဤနယ်မြေဒေသကို စောင့်ရှောက်စိုးမိုးတော်မူသော နတ်ဘုရား အပေါင်းတို့ တပည့်တော်တို့အား ဤနယ်မြေဒေသပေါ်၌လာရောက် အခြေစိုက်ခွင့်ကို ပေးသနားတော်မူပါလော့။ တပည့်တော်တို့အား ချမ်းသာကြွယ်ဝ**

www.burmeseclassic.com



**အောင် ကူညီစောင်မတော်မူပါလော့။ တပည့်တော်တို့အား သားရဲတရိစ္ဆာန် အပေါင်းတို့လာရောက်၍ ရန်မပြုအောင် စောင့်ရှောက်ကာကွယ်တော်မူပါလော့။ တပည့်တော်တို့အား ရန်သူအပေါင်းတို့ လာရောက်၍ တိုက်ခိုက်နှောင့်ယှက် ခြင်း မရှိရလေအောင် ကူညီမှိုင်းမတော်မူပါလော့"**

ဟူ၍ တတွတ်တွတ် ဆုမွန်ကောင်း တောင်းနေပေသည်။

ထိုအခိုက်တွင် မာယာဘုရင်လည်း မိန်းမပျိုအိချယ် ဘက်သို့ ငေးပြီး ကြည့်နေရာ လူအုပ်ကြီးရှိရာသို့ မိန်းမပျို အိချယ်လေးလေးတွဲ့တွဲ့ ပြန်လျှောက် လာသည်ကို တွေ့မြင်ရသည်။ မိန်းမပျိုအိချယ်လည်း ဂိုဏ်းချုပ်ကြီး အာမင်း၏ အပါးသို့ လျှောက်သွားပြီး လူအုပ်ကြီးနည်းတူ ဒူးထောက်ကာ နတ်ဘုရားတို့ ကို ရှိခိုးကန်တော့လိုက်သည်။ မာယာဘုရင်ဘာလမ်းကိုကား လှမ်းမော့၍ပင် မကြည့်ပေ။

ဂိုဏ်းချုပ်ကြီးအာမင်းလည်း နတ်ဘုရားတို့ကို ရှိခိုးကန်တော့ကာ ဆုမွန်ကောင်း တောင်းပြီးနောက် အပါးရှိ မာယာဘုန်းကြီးတစ်ပါးအား အချက်ပြလိုက်ရာ မာယာဘုန်းကြီးလည်း တောအုပ်ညို့ညို့ရှိရာသို့ လျှောက် သွားသည်။ တောအုပ်ညို့ညို့အပါးသို့ ရောက်သောအခါ ထိုမာယာဘုန်းကြီး လည်း လက်တွင်းရှိ တံပိုးခရာကြီးကို ကျယ်လောင်စွာ မှုတ်လိုက်တော့သည်။ ထိုအခါ ပင်လယ်သဲသောင်ခုံတွင် ရှိနေကြသော လူအပေါင်းတို့လည်း ထိုင်ရာမှ အသီးသီး ထလိုက်ကြပြီးလျှင် တောအုပ်ညို့ညို့ရှိရာသို့ ထွက်သွားကြသည်။

မိန်းမပျိုအိချယ်လည်း ထိုင်ရာမှထကာ လူအုပ်ကြီးနှင့်အတူ ရောပြီး လိုက်ပါသွားသည်။ မာယာဘုရင်ဘာလမ်းကိုမူ စောင်းငဲ့၍ ကြည့်မသွားပေ။ မာယာဘုရင်ဘာလမ်းမှာမူ တရွေ့ရွေ့ထွက်ခွာသွားသော မိန်းမပျိုအိချယ်အား နောက်မှ ငေးပြီးကြည့်နေရှာသည်။

◈

www.burmeseclassic.com



## သောင်ကမ်းခုံထက်က လှေကြီး

ပင်လယ်ကမ်းစပ်နှင့် ဆက်စပ်တည်ရှိနေသော မြေပြန့်လွင်ပြင်ကျယ်ကြီး၏ အခြားတစ်ဖက်၌ စိမ်းလန်းနေသော မြက်ခင်းပြင်ကျယ်ကြီးသည် မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ် တည်ရှိနေပေသည်။ ထိုမြက်ခင်းပြင်ကျယ်ကြီးသည် ဝင်းပသော နေရောင်ခြည်အောက်တွင် လေသိမ်းတိုင်း ယိမ်းနွဲ့လှုပ်ရှားနေပေသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးကား တိတ်ဆိတ်ငြိမ်သက်ကာ သာယာကြည်နူးဖွယ်ကောင်းလှပေသည်။

ထိုအခိုက်တွင် ဝမ်းမြောက်ဝမ်းသာ စူးစူးရှရှ အော်ဟစ်သံကြီးသည် ရုတ်တရက် ထွက်ပေါ်လာသည်။ ထို့နောက် မြက်ခင်းပြင်ကျယ်ကြီး ဖြတ်ပြီး ကျွဲရိုင်းကြီးတစ်ကောင် ကမူးရှူးထိုးပြေးနေသည်ကို တွေ့ရသည်။ ထိုကျွဲရိုင်းကြီးနှင့်အတူ ကျွဲရိုင်းကြီး၏ လည်ဆံမွေးကို ဖမ်းကိုင်ရင်း လိုက်ပါလာသော လူထွားကြီး တစ်ယောက်ကိုလည်း မြင်ရသည်။ ထိုလူထွားကြီးကား အခြားမဟုတ်။ ဤနယ်မြေဒေသသစ်ရှိ တိုင်းရင်းသား လူမျိုးစုတို့၏ ခေါင်းဆောင် **လင်းယုန်နက်** ပေတည်း။

လင်းယုန်နက်သည် ကျွဲရိုင်းကြီး၏ လည်ဆံမွေးကို ဖမ်းကိုင်ရင်း လိုက်ပါလာရာမှ အလွန်အမင်း အားရရွှင်မြူးဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ ထိုအခိုက်တွင် ကျွဲရိုင်းကြီးသည် မိမိကိုယ်ပေါ်ကလူ ပြုတ်ကျသွားရလေအောင် ခေါင်းတခါခါ လည်တယမ်းယမ်းနှင့် အမျိုးမျိုး ကြိုးစားနေသည်။ သို့သော် လင်းယုန်နက်ကား ကိုယ်ပေါ်မှ လုံးဝ ပြုတ်ကျသွားခြင်း

www.burmeseclassic.com



မရှိရုံမက ကျွဲရိုင်းကြီး၏ လည်ဆံမွေးကို အမိအရ ဆုပ်ကိုင်ထားရာမှ နောက်သို့ပင် စောင်းငဲ့၍ ကြည့်လိုက်သေးသည်။ ထိုအခါ မြက်ခင်းပြင်ကြားမှ တိုးဝှေ့ဖြတ်သန်းပြီး မိမိနောက်သို့ အပြင်းလိုက်လာသော မိမိအဖော်နှစ်ဦးကို တွေ့မြင်ရသည်။

ဤသို့ လင်းယုန်နက်သည် အားပါးတရ ပြုံးလိုက်ပြီးနောက် ဓားကိုင်ထားသော လက်တစ်ဘက်ကို ပင့်မြှောက်ပြီး ကျွဲရိုင်းကြီး၏လည်ပင်းကို တအားကုန် ထိုးစိုက်ချလိုက်သည်။ ထိုအခါ ပြင်းထန်သော ဝေဒနာကို ခံစားရရှိသော ကျွဲရိုင်းကြီးလည်း အပြင်းအထန် ခုန်ပေါက်ပြီး မြက်ခင်းပြင်ကြီးတွင် လှည့်ပတ်ပြေးလွှားနေတော့သည်။ ထိုသို့ ပြေးလွှားနေလင့်ကစား လင်းယုန်နက်မှာ ကျွဲရိုင်းကြီးပေါ်မှ ပြုတ်ကျသွားခြင်း၊ လွင့်ထွက်သွားခြင်း မရှိပေ။

ကျွဲရိုင်းကြီးသည် အတန်ကြာအောင် အပြင်းအထန် ခုန်ပေါက်ပြီး လှည့်ပတ်ပြေးလွှားနေရာမှ မြက်ခင်းကျယ်ကြီး၏ မြေနိမ့်ပိုင်းများသို့ ရှေ့ရှုပြီး တဟုန်ထိုး ဆက်ပြေးပြန်သည်။ ထိုသို့ ထွက်ပြေးနေခိုက်တွင် ကျွဲရိုင်းကြီး၏ လည်တိုင်မှ သွေးတို့ တစိမ့်စိမ့် စီးကျနေရာ ကျွဲရိုင်းကြီးမှာ တဖြည်းဖြည်း အင်အား ဆုတ်လျော့လာတော့သည်။ ထို့ကြောင့် ရှေ့တူရူသို့ စွတ်ပြေးလာသော ကျွဲရိုင်းကြီးမှာ ဒယိမ်းဒယိုင် ဖြစ်လာတော့သည်။

ထိုအခိုက်တွင် လင်းယုန်နက်သည် ကျွဲရိုင်းကြီး၏ လည်တိုင်မှ ဓားမြှောင်ကို နုတ်ယူပြီး ဓားမြှောင်ကို မြှောက်ကာ ထပ်မံထိုးချလိုက်ပြန်သည်။ ထိုအခါ ကျွဲရိုင်းကြီးလည်း ရှိသမျှ အင်အားကို ဖျစ်ညှစ်ပြီး ရှေ့သို့တအားကုန် ပြေးသွားပြီး တောင်ကမူကလေးတစ်ခုသို့ အတက်တွင် ရုတ်တရက် ရပ်တန့်လိုက်သည်။ ဤတွင် လင်းယုန်နက်လည်း ကျွဲရိုင်းကြီး၏ လည်ဆံမွေးကို အမိအရ ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး မြေကြီးပေါ်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်ပြီးလျှင် ကျွဲရိုင်းကြီးကို စိုက်ကြည့်လိုက်သည်။ ကျွဲရိုင်းကြီးသည် လင်းယုန်နက်ကို ပြူးကြောင်ကြောင် ကြည့်နေရာမှ မြေကြီးပေါ်သို့ ခွေကျသွားတော့သည်။

ထိုအခါ လင်းယုန်နက်လည်း လေကို အားပါးတရ တဝကြီး ရှူနေရာမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ အတန်ကြာသောအခါ လင်းယုန်နက်၏တောလိုက်အဖွဲ့မှ လူနှစ်ဦးတို့သည် လင်းယုန်နက်ရှိရာသို့ မောကြီး ပန်းကြီး ရောက်ရှိလာတော့သည်။

လင်းယုန်နက်အပါးသို့ရောက်သောအခါ အဖော်နှစ်ဦးလည်း သေဆုံးနေသော ကျွဲရိုင်းကြီးကို ငုံ့ကြည့်ပြီးနောက် လင်းယုန်နက်အား ချီးကျူးလေးစားသော အမူအရာဖြင့် မော့ကြည့်ကြသည်။

ထိုအခါ လင်းယုန်နက်က ပြုံးပြီး –

"ကျုပ်က နတ်ဘုရားတွေရဲ့ အမြန်နှုန်းနဲ့ ခရီးဆက်ခဲ့တာဗျ။ ကျုပ်လို ခင်ဗျားတို့ ခရီးဆက်နိုင်ကြရဲ့လား" ဟု မေးလိုက်ရာ ကွာဟာဒီ အမည်ရှိ အဖော်က လက်တွင်းရှိ လေးနှင့်မြားကို မြှောက်ပြရင်း –

"ကျုပ်က ခင်ဗျားလို ခေါင်းဆောင်ကြီး မဟုတ်ဘူးဗျ။ ဒီတော့ ခင်ဗျားလို ခရီးမဆက်နိုင်ပါဘူး။ ဒါပေမဲ့ ကျုပ်လေးနဲ့ မြားကတော့ ခရီးဝေးကို ပြေးနိုင်ပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က ဟက်ဟက်ပက်ပက် ရယ်မောပြီး ကွာဟာဒီ၏ ပခုံးကို တရင်းတနှီး ပုတ်ကာ –

"ဒီလို တောကစားထွက်ရတာ ပျော်စရာမကောင်းဘူးလား" ဟု ပြောကြားလိုက်ရာ အစ္စတိုင်း အမည်ရှိ အဖော်က –

"ပျော်စရာကောင်းတာပေါ့ဗျာ" ဟု ဖြေလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ဒီတိရစ္ဆာန်တွေကို ယဉ်အောင် ကျုပ်တို့ လုပ်နိုင်ခဲ့ရင် ဟောဒီ မြက်ခင်းပြင်ကျယ်ကြီးကိုလည်း ကျုပ်တို့ယဉ်အောင် လုပ်နိုင်မှာပဲ" ဟု ပြောကြားပြီး ခပ်လှမ်းလှမ်းရှိ ပင်လယ်ကမ်းခြေဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ ထိုသို့ လှမ်းမျှော်ကြည့်နေရာမှ လင်းယုန်နက်လည်း အလွန်အံ့အားသင့်သွားသော အမူအရာဖြင့် မိမိအဖော်တို့၏ပခုံးကို ပုတ်ပြီး ပင်လယ်သောင်ကမ်းတစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။ လင်းယုန်နက် လက်ညှိုးညွှန်ပြသော အရာကား အခြားမဟုတ်။ ပင်လယ်သောင်ကမ်းခုံထက်၌ တင်နေသော ကြီးမားရှည်လျားလှသည့် လှေကြီးတစ်စင်းပင် ဖြစ်တော့သည်။

လင်းယုန်နက်လည်း မိမိအဖော်နှစ်ဦးဖြစ်သော ကွာဟာဒီနှင့် အစ္စတိုင်းကိုခေါ်ကာ မြက်ခင်းပြင်ကျယ်ကြီးကိုဖြတ်ပြီး ပင်လယ်သောင်ကမ်းခုံရှိရာသို့ သတိဝီရိယကြီးစွာနှင့် လျှောက်လာခဲ့ကြသည်။ သောင်ကမ်းခုံထက်ရှိ လှေကြီးအနီးသို့ ရောက်သောအခါ လှေကြီးကို တအံ့တသြ ချီးကျူးသော အမူအရာဖြင့် အသေးစိတ် လေ့လာကြည့်ရှုကြသည်။

ထိုသို့ လေ့လာကြည့်ရှုရာမှ လင်းယုန်နက်က –

"လှိုင်းလုံးတွေက ကျုပ်တို့ဖို့ လက်ဆောင်အဖြစ် သယ်ဆောင်လာတာ ဖြစ်ရမယ်" ဟု ပြောကြားလိုက်ပြီး အစ္စတိုင်းကမူ လှေကြီးပတ်ပတ်လည်ကို လှည့်ပတ်ကြည့်ရှုနေရာမှ –

"ဒီလှေကြီးဟာ သိပ်ကို ကြီးကျယ်တယ်။ ကေ့န္ဓလူ့ဘီလူးတွေစီးတဲ့ လှေကြီးဖြစ်ရမယ်" ဟု မှတ်ချက်ချလိုက်သည်။

www.burmeseclassic.com


လင်းယုန်နက်လည်း လှေကြီးကို အသေးစိတ်လေ့လာကြည့်ရှုပြီး နောက် လှေကြီးရှိရာ ပတ်ဝန်းကျင် အခြေအနေကိုလည်း အသေးစိတ် လေ့လာ ကြည့်ရှုသည်။ ပတ်ဝန်းကျင်တစ်ခွင်ကား တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ပင်လယ်ကမ်းစပ် မနီးမဝေးရှိ မြေပြင်၌မူ မြက်ခင်းလဲ့လဲ့တို့သည် လေသိမ်းတိုင်း ယိမ်းနွဲ့နေသည်။ တောအုပ်ညို့ညို့မှ သစ်ရွက်တို့လည်း တရှဲရှဲ အသံမြည်နေ သည်။ ထိုမှအပ လူသူလေးပါး အရိပ်အယောင်ကို မတွေ့မမြင်ရပေ။

လင်းယုန်နက်နှင့် အဖော်နှစ်ဦးလည်း တစ်ဦးမျက်နှာကို တစ်ဦး ငေးကြည့်နေကြသည်။ ထို့နောက် အစ္စတိုင်းက –

"ကျုပ်တို့မြေပေါ်ကို နတ်ဘုရားတွေ ရောက်နေပြီထင်တယ်" ဟု ခပ်တိုးတိုး မှတ်ချက်ချလိုက်ပြီး၊ ကွာဟာဒီကလည်း –

"ဟုတ်တယ်။ ဒီလှေကြီးဟာ နတ်ဘုရားတွေ စီးနင်းတော်မူတဲ့ လှေ ကြီးဖြစ်ရမယ်" ဟု ခပ်တိုးတိုး ထောက်ခံလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ဒီလှေကြီးဟာ ကျုပ်တို့ နယ်မြေပေါ်ကို လူစိမ်းတွေ ရန်သူတွေ ရောက်နေကြောင်းပြသတဲ့ အမှတ်လက္ခဏာလည်း ဖြစ်နိုင်တယ်။ မကြာခင် စစ်ကြီးဖြစ်လိမ့်မယ်" ဟု ပြောကြားပြီး၊ လှေကြီးကို ထပ်မံ၍ စစ်ဆေးကြည့်ရှု ပြန်သည်။ ထို့နောက် သောင်ကမ်းခုံထက်မှ မြက်ခင်းလဲ့လဲ့တို့ ယိမ်းနွဲ့နေသော မြေပြင်ထက်သို့ ချာခနဲ ထွက်သွားရာ အဖော်နှစ်ဦးလည်း လှေကြီးကို ကျော ခိုင်းပြီး လင်းယုန်နက်နောက်သို့ လိုက်လာခဲ့ကြရတော့သည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"ကျုပ်တို့စခန်းက ခွာလာခဲ့တာလည်း ရက်အတော်ကြာပြီ။ ကျုပ် တို့တကောက်ကောက် မနားမနေ လိုက်နေတဲ့ ကျွဲရိုင်းကြီးကိုလည်း ရပြီ။ ဒီ တော့ ကျုပ်တို့စခန်းကို ပြန်ကြရအောင်" ဟု ပြောကြားပြီး သဲသောင်ခုံထက်ရှိ လှေကြီးရှိရာသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထို့နောက် ကျွဲရိုင်းသေကြီးရှိရာသို့ ပြန်လာကြပြီး သုံးယောက်သား စကားမပြောကြဘဲ သားရေကို ကြိတ်ပြီးခွာနေကြသည်။ ထိုသို့ သားရေခွာနေ ခိုက်တွင် မိမိတို့တွေ့ရှိရသော လှေကြီးအကြောင်းကို အသီးသီးတွေးတောနေ ကြသည်။ သားရေကို ခွာပြီးသောအခါ၊ လင်းယုန်နက်လည်း စခန်းသို့ ယူသွား ရန်အတွက် သားရေကို စနစ်တကျ ခေါက်လိုက်သည်။ ထို့နောက် ကျွဲရိုင်းကြီး မှ အသားအချို့ကို ဓားဖြင့် လှီးယူပြီး နတ်ဘုရားတို့ကို ပူဇော်ပသလိုက်သည်။

လင်းယုန်နက်တို့လူမျိုးစုတို့တွင် တောလိုက်မုဆိုးတို့သည် မိမိတို့ ဖမ်းယူရရှိသော သားကောင်၏အသားကို စားသောက်ရိုးထိုးစံမရှိရကား၊

ကျွဲ ရိုင်းကြီး၏အသားတို့ကို လှီးဖြတ်ယူဆောင်သွားခြင်း မပြုကြပေ။ ကျွဲသားရေကိုသာ ယူပြီး စခန်းသို့ ပြန်လာခဲ့ကြသည်။

လင်းယုန်နက်နှင့် အဖော်နှစ်ဦးတို့သည် မြင်းခင်းပြင်ကျယ်ကြီးနှင့် တောအုပ်ညို့ညို့ကို ဖြတ်ပြီး မိမိတို့စခန်းသို့ ပြန်လာခိုက်တွင် မိမိတို့တွေ့ရှိလာရသော လှေကြီးအကြောင်းကို တွေးတောခဲ့ကြသည်။ အစ္စတိုင်းမှတ်ထင်ပြောကြားသကဲ့သို့ ထိုလှေကြီးမှာ လူ့ဘီလူးကြီးတို့၏ လှေကြီးများဖြစ်လေမလား၊ လင်းယုန်နက် မှတ်ထင်ယူဆသကဲ့သို့ လူစိမ်းတွေ၊ ရန်သူတွေများ ရောက်နေလေပြီလား ဟူသော အတွေးဖြင့် ပတ်ဝန်းကျင်တစ်ခွင်ကိုလည်း ဂရုပြုပြီး ကြည့်လာခဲ့သည်။ သို့သော် လူသူလေးပါး အရိပ်အယောင်ကိုမှ မတွေ့ကြရပေ။ ပတ်ဝန်းကျင်တစ်ခွင်ကား ယခင်ကကဲ့သို့ပင် ငြိမ်သက်အေးချမ်း တိတ်ဆိတ်လျက် ရှိနေပေသည်တကား။

*

လင်းယုန်နက်နှင့် အဖော်နှစ်ဦးတို့ မတွေ့မမြင်သွားကြသော်လည်း ထိုအချိန်၌ လင်းယုန်နက်တို့ တိုင်းရင်းသားလူမျိုးစုနေထိုင်ရာ နယ်မြေဒေသသစ်ပေါ်သို့ လူစိမ်းများ ရောက်ရှိနေပြီဖြစ်၏။ ထိုလူစိမ်းများကား အခြားမဟုတ်။ မာယာဘုရင် လုလင်ပျိုဘာလမ်းခေါင်းဆောင်သော မာယာလူမျိုးများပေတည်း။

မာယာတို့သည် မာယာဘုရင်ဘာလမ်းနှင့် ဂိုဏ်းချုပ်ကြီး အာမင်းတို့၏ ညွှန်ကြားချက်အတိုင်း သစ်ပင်ကြီးများကို ခုတ်ကြသည်။ သစ်လုံးကြီးများကို ရွှေ့ကြသည်။ ထို့နောက် မိမိတို့ ရွေးချယ်ထားသော ရွာသစ်နေရာသို့ ရောက်အောင် လိမ့်ပြီးယူဖြင့် စည်းရိုးတံတိုင်း အခိုင်အခံ့ တည်ဆောက်နေကြသည်။ ကျောက်တောင်ကြီးများက ကျောက်တုံးကြီးများကို ဖြိုခွဲဖြတ်တောက်ကာ ရွာသစ်တည်ရာသို့ သယ်ဆောင်လာခဲ့သည်။ ထိုကျောက်တုံးကြီးများဖြင့် နတ်ဘုရား ကျောင်းတော်ကြီး တည်ဆောက်ရန် စတင် စီမံနေကြသည်။ ထို့ပြင် မိမိတို့အတွက် နေအိမ်များကိုလည်း အခိုင်အခံ့ တည်ဆောက်ပြီး အဆန်းတကြယ် ဆေးခြယ်နေကြသည်။

မာယာယောကျ်ား မိန်းမတိုင်းပင် လှပဆန်းကြယ်သော ငှက်မွေး ငှက်တောင်များဖြင့် ပြုလုပ်ထားသည့် ခေါင်းဆောင်းကို ဆင်မြန်းထားကြသည်။ လှပဆန်းကြယ်သော ငှက်မွေးယပ်တောင်ကို ကိုင်ဆောင်သွားလာကြသည်။ ထို့ပြင် နတ်ဘုရား ကျောင်းတော်ကြီးတွင် ထားရှိပူဇော်ရန်အတွက် ကျောက်ဆစ်ရုပ်ဖောင်းရုပ်ကြွများကို ထွင်းထုနေကြသည်။

*

www.burmeseclassic.com


ဤသို့ မာယာလူမျိုးတို့ တက်ညီလက်ညီ အားကြိုးမာန်တက်တည်ဆောက်နေကြသည်ကို လင်းယုန်နက်နှင့် အဖော်နှစ်ဦးသည် လုံးဝ မတွေ့မမြင်သွားကြဘဲ၊ မိမိတို့စခန်းသို့ တစိုက်မတ်မတ် လာခဲ့ကြရာ နောက်ဆုံး၌ စခန်းသို့ ရောက်ရှိ သွားတော့သည်။

လင်းယုန်နက်တို့ စခန်းသို့ ပြန်ရောက်သောညကား လမိုက်သောညဖြစ်သည်။ တိုင်းရင်းသား လူမျိုးစု ခေါင်းဆောင်လင်းယုန်နက်လည်း ထိုညတွင်ပင် စခန်းအလယ်၌ မီးပုံကြီးဖိုကာ စခန်းရှိ လူကြီးများနှင့် ထိုညတွင်ပင် စခန်း အလယ်၌ မီးပုံကြီးဖိုကာ စခန်းရှိလူကြီးများနှင့် ယောကျ်ားအားလုံးကို ဆင့် ခေါ်လိုက်ပြီးလျှင် မီးပုံကြီးပတ်ပတ်လည်၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

စခန်းအလယ်ရှိ မီးပုံကြီးမှ မီးတောက်သည် အရှိန်ပြင်းပြင်းနှင့် တောက်နေရာ ပတ်ဝန်းကျင်တစ်ခွင်၌ လင်းထိန်နေပေသည်။ ထိုအလင်းရောင်ကြောင့် လင်းယုန်နက်၏ တဲနံရံ၌ ချိတ်လှမ်းထားသော ကျွဲရိုင်းကြီး၏သားရေကို အထင်းသား မြင်နေရသည်။ ထို့အတူ မီးပုံကြီးပတ်ပတ်လည်၌ စုဝေးထိုင်နေသော လူအားလုံး၏ မျက်နှာကိုလည်း ထင်ထင်ကြီး မြင်နေရသည်။

လင်းယုန်နက်သည် အရေးပါသော လူကြီးများအလယ်တွင် ခံ့ခံ့ထည်ထည်ကြီး ထိုင်နေရာမှ မိမိတို့ တောကစားထွက်ရာ၌ တွေ့ရကြုံရသော အတွေ့အကြုံများကို ပြန်ပြောင်းပြောကြားနေသည်။

"ပင်လယ်ကမ်းစပ်က သဲသောင်ခုံထက်မှာ အလွန်ကြီးမားတဲ့ လှေကြီးတစ်စင်းကို ကျုပ်တို့တစ်တွေ တွေ့ခဲ့ကြရတယ်။ အဲဒီလှေကြီးဟာ လူ့ဘီလူးကြီးတွေ စီးနင်းတဲ့လှေကြီး ဖြစ်နိုင်တယ်" ဟု ပြောကြားလိုက်သောအခါတွင်မူ တစ်ချိန်လုံး ငြိမ်သက်နားထောင်နေကြသော လူအုပ်ကြီးသည် လှုပ်လှုပ် ရှားရှား ဖြစ်သွားသည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"လှေကြီး ကြီးမားတာကို ကြည့်ပြီး ဒီလှေကြီးဟာ လူ့ဘီလူးတွေ စီးနင်းတဲ့ လှေကြီးဖြစ်တယ်လို့ ကျုပ်တို့ မယူဆနိုင်ပါဘူး" ဟု ဆက်ပြောကြား ရာ ကွာဟာဒီက –

"အဲဒီလှေကြီးကို ထောက်ဆရင် ကျုပ်တို့ နယ်မြေပေါ်ကို နတ်ဘုရားတွေ ရောက်ရှိလာတာတော့ ဖြစ်နိုင်ပါတယ်" ဟု ဝင်ပြီး ပြောကြားလိုက်သည်။

ထိုအခါ အစ္စတိုင်းက –

"ကျုပ်တို့ တွေ့ခဲ့တဲ့ လှေကြီးက ကြီးလည်း ကြီးတယ်။ ရှည်လည်း ရှည်တယ်။ ဆန်းလည်း ဆန်းပါတယ်။ ဒါကြောင့် ကွာဟာဒီ ပြောသလို နတ်ဘုရားရဲ့ လှေကြီးဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ပင်လယ်ရေပြင်ကျယ်ကို ဖြတ်

သန်းလာဖို့အတွက် နတ်ဘုရားတွေမှာ ဒီလို လှေကြီးတွေ လိုအပ်ပါသလား။ နတ်ဘုရားတွေဆိုရင် တန်ခိုးဣဒ္ဓိရှိဒ်နဲ့ ကြွလာလို့ မရဘူးလားဆိုတဲ့ အချက်ကို ထည့်ပြီး စဉ်းစားဖို့ လိုပါတယ်" ဟု ပြောကြားပြီးနောက် –

"ကျုပ်ကတော့ လင်းယုန်နက်ပြောခဲ့တဲ့ အချက်ကို သဘောကျပါတယ်။ အဲဒါကတော့ ဒီထူးဆန်းတဲ့ လှေကြီးကို တွေ့ရတာ ထောက်ဆခြင်းဖြင့် ကျုပ်တို့ နယ်မြေပေါ်ကို လူစိမ်းတွေ ရောက်နေပြီဆိုတဲ့ အချက်ပါပဲ" ဟု ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် မီးပုံဘေးရှိ လူအားလုံးတို့လည်း အချင်းချင်း တိုးတိုးတိုးတိုးနှင့် ပြောကြားဆွေးနွေးကြသည်။ အစ္စတိုင်းကို ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်ကြသည်။ ထို့နောက် လင်းယုန်နက်ကို ငေးကြည့်ကာ လင်းယုန်နက် ပြောကြားမည့်စကားကို နားစွင့်နေကြသည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"ကျုပ်တို့ဟာ ဒီလောကမြေပြင်ပေါ်မှာရှိတဲ့ မည်သည့်အရာကိုမှ ကြောက်ရွံ့ထိတ်လန့်တဲ့လူတွေ မဟုတ်ဘူး" ဟု ပြောကြားလိုက်ရာ လူအားလုံးပင် ဝမ်းသာအားရ ထောက်ခံစကား ပြောကြားကြသည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"ဟောဒီ အစည်းအဝေးက ခွင့်ပြုမယ်ဆိုရင် ကျုပ်တို့ နယ်မြေပေါ်ကို ရောက်ရှိလာတဲ့ လူစိမ်းတွေကို ကျုပ်ကိုယ်တိုင် မတွေ့တွေ့အောင် ရှာပါ့မယ်။ ကျုပ်ရှာလို့ တွေ့တဲ့အခါမှာ လူ့ဘီလူးဆိုတာ ဘယ်လိုကောင်မျိုးလဲလို့ အများပရိသတ်ကြည့်ရှုရအောင် ဖမ်းပြီး ခေါ်လာခဲ့ပါ့မယ်" ဟု ပြောကြားရာ လူအားလုံးပင် လက်ခုပ်လက်ဝါး တီးကြသည်။ လင်းယုန်နက်ကြီး ပန်ကြား ချက်ကိုလည်း တညီတညွတ် ထောက်ခံကြသည်။

ထိုအခိုက်တွင် အစ္စတိုင်းက ရုတ်တရက် မတ်တတ်ထလိုက်ပြီး –

"လင်းယုန်နက်။ သင် တစ်ယောက်တည်း သွားမှာလား" ဟု မေးလိုက်ရာ လင်းယုန်နက်က –

"ဟုတ်တယ်။ အရင်ကလိုပဲ အမြန်ဆုံးနည်းကို သုံးပြီး ကျုပ်တစ်ယောက်တည်း သွားမယ်" ဟု ဖြေလိုက်သည်။

ထိုအခါ အစ္စတိုင်းက –

"ခရီးလမ်းဆုံးကို ရောက်တဲ့အခါမှာ သင့်အဖို့ ဘေးရန်အန္တရာယ် ရှိနိုင်ပါတယ်" ဟု ပြောကြားလိုက်ရာ လင်းယုန်နက်က –

"လူ့ဘီလူးကြီးတွေရဲ့ လှေကြီးတစ်စင်းက ကျုပ်ကို ဘေးရန် အန္တရာယ်ပြုနိုင်ပါ့မလား" ဟု ပြန်မေးလိုက်သည်။

www.burmeseclassic.com



ထိုအခါ မီးပုံဘေးရှိ လူအုပ်ကြီးထံမှ ရယ်သံ သောခနဲ ထွက်ပေါ်လာ သည်။ ထိုအခိုက်တွင် အစ္စတိုင်းက –

“လင်းယုန်နက်၊ သင်နဲ့အတူ သင်ရဲ့ ညာလက်ရုံးပါ ပါသွားသင့်ပါတယ်” ဟု ပြောကြားလိုက်ရာ လင်းယုန်နက်က မိမိသူငယ်ချင်း အစ္စတိုင်းကို ပြုံးကြည့်ပြီး –

“မှန်တယ်။ လူ့ဘီလူးကြီးတွေကို ယဉ်ကျေးအောင် ပြုဆောင်ဖို့ အရေးမှာ ကျုပ်အဖို့ ညာလက်ရုံး လိုပါလိမ့်မယ်” ဟု ပြောကြားလိုက်သည်။

ထိုအခါ အစ္စတိုင်းလည်း အားပါးတရ ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ လင်းယုန်နက်လည်း အစည်းအဝေး ပြီးဆုံးသွားသည့်အနေဖြင့် ထိုင်ရာ မှ ထလိုက်ရာ မီးပုံကြီး ပတ်ပတ်လည်ရှိ လူအားလုံးလည်း ထိုင်ရာမှ အသီးသီး ထလိုက်ကြပြီးလျှင် မိမိတို့တဲသို့ ထွက်ခွာသွားကြသည်။

အစ္စတိုင်းမှာမူ ရုတ်တရက် ထွက်ခွာမသွားသေးဘဲ လင်းယုန်နက်နှင့် အတန်ကြာအောင် ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ဆွေးနွေးနေသည်။ ထို့နောက်မှ မိမိတဲရှိရာသို့ လျှောက်သွားကြသည်။

လင်းယုန်နက် တစ်ယောက်တည်းရှိသောအခါတွင် မိန်းမပျိုတစ်သိုက်သည် လင်းယုန်နက် အပါးသို့ ဝိုင်းအုံလာကြသည်။ မိန်းမပျိုတစ်ဦးက ဝတ်ရုံကြီးတစ်ခုကို ယူလာပြီး အခြားမိန်းမပျိုများကမူ အစားအစာများ ယူလာကြသည်။

လင်းယုန်နက်သည် မှောင်မည်းနေသော မိုးကောင်းကင်ကို အတန်ကြာအောင် စိုက်ကြည့်ရင်း ထူးဆန်းသော လှေကြီးတို့ဖြင့် မိမိတို့နယ်မြေဒေသပေါ်သို့ ရောက်ရှိလာကြသော လူစိမ်းများကို မတွေ့တွေ့အောင် ရှာဖွေရမည့် အရေးကို တွေးတောနေသည်။ ထို့နောက် မိမိကို ဝန်းရံနေကြသော မိန်းမပျိုများအနက် မိန်းမပျိုတစ်ဦးကို ပြုံးပြီး ကြည့်လိုက်သည်။

⟐

www.burmeseclassic.com

၇

# နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်ချိန်

နယ်မြေဒေသသစ်သို့ မာယာဘုရင် ဘာလမ်းတို့လူစု ရောက်ရှိခဲ့သည်မှာ ရက်သတ္တပတ် အနည်းငယ်မျှသာ ရှိသေးသည်။ ထိုမျှတိုတောင်းလှသော အချိန်ကာလ၌ပင် မာယာတို့သည် မြောက်မြားစွာသော ဆောင်ရွက်လုပ်ကိုင်စရာတို့ကို စီမံဆောင်ရွက်ပြီးကြပေပြီ။

မာယာတို့သည် မိမိတို့ ရွေးချယ်ထားသော ရွာသစ်နေရာပတ်ပတ်လည်၌ လူ့တစ်ရပ်ကျော်ကျော် မြင့်လှသော စည်းရိုးတံတိုင်းကြီးကို သစ်တုံးတို့ဖြင့် အခိုင်အခံ့ တည်ဆောက်ပြီးကြပေပြီ။ ထို့အတူ နတ်ဘုရား ကျောင်းတော်ကြီး တည်ဆောက်ရန် ဂိုဏ်းချုပ်ကြီးအာမင်း ရွေးချယ်ပေးသော ရွာအလယ်ခေါင်ရှိ မြေကွက်လပ်နေရာ၌လည်း မြေများ အတော်ဖို့ပြီးလေပြီ။

မာယာတို့မှာ အခြားသော အရေးကိစ္စတို့ထက် နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်ရေးကို အထူးအလေးပေးကြပေရာ မာယာတိုင်းပင် မြေတူး၊ မြေသယ်၊ မြေဖို့ အလုပ်ကို အားကြိုးမာန်တက် ဆောင်ရွက်ကြသည်။ မိန်းမပျို အိချယ်ပင် ပေါလဲ ရွာသူရွာသားများနှင့်အတူ ရောနှောပြီး မြေသယ်နေပေသည်။

ဂိုဏ်းချုပ်ကြီး အာမင်းလည်း နတ်ဘုရား ကျောင်းတော်ကြီး တည်ဆောက်ရေးကို စိတ်အားထက်သန် တက်ကြွစွာဖြင့် ညီညီဖျဖျ ဆောင်ရွက်နေကြသော မာယာလူအုပ်ကြီးကို ငေးကြည့်နေရာမှ လူအုပ်ကြားတွင် မြေသယ်နေသော မိန်းမပျို အိချယ်ကို အမှတ်ထင်ထင် သတိပြုလိုက်မိသည်။ ထို့ကြောင့်

ဖုန်မှုန့်အလိမ်းလိမ်းကပ်ကာ ပေရေနေသော မိန်းမပျို အိချယ်ရှိရာသို့ လျှောက် သွားခဲ့သည်။

မိမိရှိရာသို့ ဂိုဏ်းချုပ်ကြီး အာမင်း လျှောက်လာသည်ကိုမြင်သော အခါ မိန်းမပျိုအိချယ်က ခေတ္တရပ်ပြီး ပြုံးပြလိုက်သည်။ ထိုအခိုက်တွင် ဂိုဏ်း ချုပ်ကြီး အာမင်းက မိန်းမပျို အိချယ်ကိုင်ထားသော မြေသယ်သည့် တောင်းကို အသာဆွဲယူပြီး မြေကြီးပေါ်သို့ ချလိုက်သည်။ ထို့နောက် မည်သို့မျှ မပြော ကြားဘဲ မိန်းမပျိုအိချယ်၏ လက်ကိုကိုင်ပြီး ကြမ်းတမ်းပေါက်ပြဲနေသော လက် ဝါးပြင်ကို ကြည့်ရှုနေသည်။ ထို့နောက် လက်ကို အသာပြန်ချပေးလိုက်ပြီး၊ မိန်းမပျိုအိချယ်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း –

"ဒီမြေသယ်တဲ့အလုပ်ကို သမီးလုပ်ဖို့ မလိုပါဘူးကွယ်" ဟု ပြော ကြားလိုက်သည်။

ထိုအခါ မိန်းမပျို အိချယ်က မိမိလက်ဝါး နှစ်ဖက်ကို ငုံ့ကြည့်ရင်း

"ကျွန်မဟာ ဖေဖေရဲ့တပည့်တွေနဲ့အတူ မကွဲမကွာ ရှိနေရပါတယ်" ဟု ပြောကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

"အဲဒီလူတွေ အားလုံးဟာ မာယာဘုရင်ဘာလမ်းရဲ့ တိုင်းသူပြည် သားတွေပါကွယ်။ သမီးက မိဖုရားကြီးဖြစ်ရမယ့်သူ မဟုတ်လား" ဟု ပြော ကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း ဂိုဏ်းချုပ်ကြီး အာမင်းကို ဖျတ်ခနဲ မော့ကြည့်ပြီးနောက် မြေကြီးပေါ်ရှိ တောင်းကို ဆတ်ခနဲ ကောက်ယူလိုက် သည်။ ဤတွင် ဂိုဏ်းချုပ်ကြီးအာမင်းက မိန်းမပျိုအိချယ်၏ လက်မောင်းကို အသာကိုင်ပြီး –

"သမီးလေး ... ကျုပ်တို့ရဲ့အရှင် မာယာဘုရင်ဘာလမ်းဟာ အဖော် ကင်းမဲ့တဲ့ လူတစ်ယောက်ပါ။ အထီးကျန် ဖြစ်နေတဲ့လူတစ်ယောက်ပါ။ ကျုပ် တို့ရဲ့အရှင် အဖော်ကင်းမဲ့နေတာ အထီးကျန် ဖြစ်နေတာကို သမီးလေး သတိ မထားမိဖူးလားကွယ်။ သမီးလေးရဲ့ဖေဖေဟာ ရွာသူရွာသားတွေကို အုပ်ချုပ်ခဲ့ရ တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်လေတော့ အကြီးအကဲခေါင်းဆောင်တွေမှာ ကြုံတွေ့နေရတဲ့ အဖော်ကင်းမဲ့မှု၊ အထီးကျန်မှုကို စာနာတွေးတောမိခဲ့ပါတယ်။ ဒါကြောင့် ကျုပ်တို့အရှင် တရားနဲ့အညီ အုပ်စိုးနိုင်ဖို့အတွက် ကျုပ်တို့အရှင် အဖို့ 'ဆိုးတိုင်ပင် ကောင်းတိုင်ပင်' တိုင်ပင်ရမယ့်သူကို ချစ်ခင်မြတ်နိုးပြီး ယုံ ကြည်စိတ်ချရမယ့် အဖော်ကောင်း လိုအပ်နေတဲ့အကြောင်းကို သိရှိသဘော ပေါက်ခဲ့ပါတယ်။ ဒါကြောင့်လည်း သမီးလေးရဲ့ ဖေဖေဟာ သမီးလေးရဲ့ ဆန္ဒ ကို မမေးမမြန်းဘဲ စီမံခြင်း ဖြစ်ပါတယ်ကွယ်" ဟု ပြောကြားဖျောင်းဖျသည်။

www.burmeseclassic.com


မိန်းမပျို အိချယ်က မည်သို့မျှ ပြန်မပြောဘဲ မြေအပြည့်ထည့်ထား သော တောင်းများကို ရွက်ကြ၊ သယ်ကြပြီး နတ်ဘုရားကျောင်းတော်ရာ မြေ ကွက်ကြီးပေါ်သို့ သွားရောက်သယ်ပို့နေသောသူများကို ငေးကြည့်နေရာ ဂိုဏ်း ချုပ်ကြီး အာမင်းက မိန်းမပျိုအိချယ်၏ လက်လေးကို အသာဆုပ်ကိုင်ရင်း–

"သမီးလေးရယ် ... ကျုပ်တို့ အရှင်လိုပါပဲ သမီးလေးလည်း အဖော် ကင်းမဲ့နေတာ၊ အထီးကျန်ဖြစ်နေတာကို ကျုပ် ရိပ်စားမိနေပါတယ်ကွယ်" ဟု ပြောကြားသည်။

ထိုအခါ မိန်းမပျို အိချယ်လည်း ဂိုဏ်းချုပ်ကြီး အာမင်း၏ မျက်နှာ ကို မော့ကြည့်ပြီး –

"ဒီစကားတွေကို ကျွန်မတို့ အရှင်ဘာလမ်းက ကိုယ်တော်တိုင် ဘာ ကြောင့် မပြောကြားဘဲ ဘဘကိုတစ်ဆင့် ပြောခိုင်းရတာလဲ ဟင်" ဟု မေး လိုက်သည်။

ဤသို့ မေးလိုက်သော်လည်း မိန်းမပျိုအိချယ်၏ နွမ်းလျသော မျက် နှာ၌ ကျေနပ်ဖြေသိမ့်သည့်အသွင်ကို မသိမသာ ပေါ်လွင်နေရာ ဂိုဏ်းချုပ်ကြီး အာမင်းလည်း မိန်းမပျိုအိချယ်၏ လက်ကို အသာလွှတ်ပေးလိုက်ပြီး ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။ ထိုအခါ မိန်းမပျိုအိချယ်လည်း စကားတစ်ခွန်းမှ ပြန်မပြော တော့ဘဲ အနားရှိ မြေသယ်သည့်တောင်းကို ဆတ်ခနဲ လှမ်းကောက်ပြီးနောက် အပါးမှ ထွက်ထွက်ခွာသွားတော့သည်။

ဂိုဏ်းချုပ်ကြီး အာမင်းလည်း စကားတစ်ခွန်းမှ မပြောကြားတော့ဘဲ မြေသယ်နေသည့် လူအုပ်ကြားတွင် တိုးဝှေ့ရောဝင်သွားသော မိန်းမပျိုအိချယ် ကို ငေးကြည့်နေသည်။ ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းလည်း အမျိုးမျိုး အတွေးနယ်ချဲ့နေမိရှာသည်။

"အင်း ... ငါနဲ့ မဆိုင်တဲ့ အရေးကိစ္စတွေမှာ ငါ ဝင်စွက်နေမိပါပကော။ ငါ မပြောသင့်တဲ့စကားတွေကို ငါ အတော်များများ ဝင်ပြောနေမိပါပကော။ အင်း ... ဒီနယ်မြေဒေသသစ်ရောက်မှ ငါ မသိတာတွေ အတော်များများ ရှိနေပါ ကလား။ အိချယ်ဟာ မျိုးရိုးမြင့်မြတ်တဲ့သူ ဖြစ်တယ်။ ရွာသူကြီးသမီး ဖြစ် တယ်။ ဒါပေမဲ့ သာမန်ရွာသူရွာသားတွေနဲ့ရောပြီး မြေသယ်၊ မြေဖို့လုပ်နေတယ်။ ကျုပ်တို့အရှင် ဘုရင်ဘာလမ်းကတော့ အရင်ကလို တက်တက်ကြွကြွ မရှိပြန် ဘူး။ ကျုပ်တို့နဲ့လည်း ရောရောနှောနှော ပြောလားဆိုလား မနေပြန်ဘူး။ တစ် ယောက်တည်း တွေဝေငေးမောပြီး စဉ်းစားတွေးတော နေတာချည်းပဲ။ ကျုပ်ဖြင့် ဘာတွေ ဖြစ်ကုန်မှန်းတောင် မတွေးတတ်တော့ပါဘူး"

www.burmeseclassic.com



"သြော် ... ဒါပေမဲ့ နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်မယ့် ကွက်လပ်ကြီးကတော့ လူအများ တက်တက်ကြွကြွ ညီညီညာညာ ဝိုင်းပြီး မြေသယ်ကြ၊ မြေဖို့ကြတာကြောင့် တဖြည်းဖြည်း မြင့်သထက် မြင့်လာပါပြီ။ ဒီတော့ မကြာမီ နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်ပြီးစီးမှာ သေချာတယ်။ ဒီလို နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်ပြီးစီးမှပဲ လူတွေဟာ နတ်ဘုရားတွေနဲ့ ဆက်သွယ်ဖို့လမ်း ပွင့်လန်းလာလိမ့်မယ်။ အင်း ... နတ်ဘုရားတွေ၊ နတ်ဘုရားတွေ၊ ကျုပ်တို့ကို နတ်ဘုရားတွေ အထင်အရှား ကူညီစောင်မခြင်း မပြုတာ ကြာနေပါပကော။ ဒါကြောင့်လည်း မင်းနေပြည်တော် ချီချင်အဖွားက ကျုပ်တို့တစ်တွေ ခြေလွတ်လက်လွတ် ထွက်ပြေးတိမ်းရှောင်ခဲ့ရတာပေါ့။ ဒါပေမဲ့ ဒီလို အပြစ်တင်လို့လည်း မသင့်သေးဘူးလေ။ အပြောကျယ်တဲ့ ပင်လယ်ရေပြင်ကျယ်ကြီးကို ဖြတ်သန်းလာခဲ့ကြတဲ့ ကျုပ်တို့တစ်တွေကို ဟောဒီ ငြိမ်းချမ်းသာယာဝပြောတဲ့ နယ်မြေဒေသသစ်ကို ရောက်အောင် ဘယ်သူက ကူညီမှိုင်းမသလဲ။ ဒီနတ်ဘုရားတွေပဲ မဟုတ်လား"

"အင်း ဒီနယ်မြေဒေသသစ်ကို ငြိမ်းချမ်းသာယာဝပြောတဲ့ ဒေသလို့ ခေါ်ရပေမဲ့ မိုးလုံးဝမရွာတာ အကြာကြီး ကြာပါပကော။ ဒီနယ်မြေဒေသသစ်ကို ကျုပ်တို့ရောက်ကတည်းက ဆိုပါတော့။ အင်းလေ ... မိုးမရွာလည်း ဘာအရေးကြီးတုံး။ နတ်ဘုရားကျောင်းတော် တည်ဆောက်ပြီးစီးလို့ နတ်ဘုရားတွေကို ဆုမွန်ကောင်း တောင်းလိုက်ရင် နတ်ဘုရားတွေက မိုးရွာသွန်းပေးမှာပေါ့"

"ပြီးတော့ မိန်းမလှလေး အိချယ်နဲ့ ကျုပ်တို့အရှင် ဘုရင်ဘာလမ်းတို့ရဲ့ ပြဿနာကိုလည်း နတ်ဘုရားများက ဖြေရှင်းပေးတန်ကောင်းပါရဲ့။ အိချယ် ... အိချယ်။ ရုပ်လေးလှသလောက် တယ်လည်း မာနကြီးတာပဲ။ မာနကြီးမှာပေါ့။ ကျုပ်တို့အရှင်ဘုရင် ဘာလမ်းကလည်း ခပ်တည်တည်ကြီး။ ဖာသိဖာသာ နေနေတာကိုး။ တကယ်ဆို ရောရောနှောနှော နေရောပေါ့"

ဒီနယ်မြေဒေသသစ်ကိုရောက်မှ နတ်ဘုရားတွေကို မပူဇော် မပသရတာလည်း ကြာပါပကော။ နတ်ဘုရားတွေကို ပူဇော်ဖို့အတွက် အမွှန်အမြတ် လှူဖွယ်ဝတ္ထုပစ္စည်းကတော့ ပြောင်းဖူးပေပဲ။ ဒါကြောင့် ပြောင်းဖူးကို အားကြိုးမာန်တက် စိုက်နေကြရတာ။ ပင်ပန်းခံရကျိုးနပ်လောက်အောင် ပြောင်းဖူးတွေ ဖြစ်ထွန်းတန်ကောင်းပါရဲ့"

ဂိုဏ်းချုပ်ကြီး အာမင်းလည်း ဤသို့ အမျိုးမျိုး အတွေးနယ်ချဲ့နေရာမှ နတ်ဘုရားကျောင်းတော်ကြီးနေရာကို စိုက်ကြည့်ပြီး နတ်ဘုရားများထံ ဆုမွန်ကောင်းကို တိုးတိုးလေး တောင်းနေရှာသည်။ ထို့နောက် နတ်ဘုရားကျောင်းတော်ကြီးအပါးမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ထိုသို့ ပြန်လည်ထွက်ခွာလာခိုက်တွင် ဂိုဏ်းချုပ်ကြီးအာမင်းသည် သေနာပတိအာဟာလပ်နှင့်အတူ ရပ်နေသော မာယာဘုရင်ဘာလမ်းကို လှမ်း မြင်လိုက်ရသည်။ သေနာပတိအာဟာလပ်သည် ခိုင်ခံ့လှသော စည်းရိုးတံတိုင်း တစ်နေရာကို လက်ညှိုးညွှန်ပြရင်း ရှင်းလင်းပြောကြားနေရာ မာယာဘုရင် ဘာလမ်းက သဘောတူကျေနပ်ဟန်ဖြင့် ခေါင်းညိတ်နေသည်။

ဂိုဏ်းချုပ်ကြီး အာမင်းလည်း မာယာဘုရင် ဘာလမ်းနှင့် သေနာပတိ အာဟာလပ်တို့ရှိရာသို့ လျှောက်သွားရာ နှစ်ဦးစလုံး ဝမ်းမြောက်ဝမ်းသာ ကြို ဆိုသည်။ ထို့နောက် မာယာဘုရင် ဘာလမ်းက –

"ဒီမှာ ဂိုဏ်းချုပ်ကြီး ... နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက် မယ့် မြေကွက်လပ်ကြီးကို မြေသယ်မြေဖို့နဲ့ လုပ်တဲ့အလုပ်က ဘယ်တော့များမှ ပြီးစီးမှာလဲ။ လယ်သမား၊ ယာသမားတွေ ပြောင်းဖူးစိုက်ဖို့ အချိန်ကော ရပါ့ဦး မလား" ဟု မိန့်ကြားရာ ဂိုဏ်းချုပ်ကြီး အာမင်းက တည်ငြိမ်သော အမူအရာ ဖြင့် –

"လူပျိုလူရွယ်တွေအဖို့ နတ်ဘုရားတွေကို ပြက်ရယ်ပြုတာဟာ ပျော်စရာကောင်းချင်ကောင်းပေလိမ့်မယ်။ ဒါပေမဲ့ နတ်ဘုရားတွေဟာ အားလုံး သော စကားတွေကို ကြားသိတော်မူတယ်။ အထူးသဖြင့် ဘုရင်မင်းမြတ်များ မိန့်ကြားတော်မူတဲ့ စကားတွေကို ပိုပြီး ကြားသိတော်မူတယ်ဆိုတာကို သတိ ပြုစေချင်ပါတယ်" ဟု လျှောက်တင် သတိပေးလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်လို့ မပြီးသေးခင်မှာ ကျုပ်တို့ ပြောကြားတဲ့ စကားတွေကို နတ်ဘုရားများ မကြားနိုင်ပါဘူးဗျာ။ ဒီတော့ ကျုပ်တို့ စိတ်ထဲမှာ ရှိတာကို လွတ်လွတ်ကျွတ်ကျွတ် ပြောနိုင်ခွင့်ရှိပါ သေးတယ်" ဟု ရယ်မောပြီး မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

"အရှင် အတည်ပြောနေတာလား" ဟု ခပ်ဆတ်ဆတ် မေးလိုက် သည်။

ထိုအခါ သေနာပတိ အာဟာလပ်က ရယ်မောလိုက်ပြီး –

"အတည်ပြောတာ မဟုတ်ပါဘူးဗျာ။ ကျုပ်တို့ အရှင်က ပြက်ရယ် ပြုတာပါ" ဟု ပြောကြားလိုက်သည်။

ဂိုဏ်းချုပ်ကြီး အာမင်းလည်း မာယာဘုရင် ဘာလမ်းကို စေ့စေ့ကြည့် ပြီး –

"အရှင်မင်းကြီး။ ပြက်ရယ်ပြုချင်သပဆိုရင် အခြားအရာတွေကိုသာ ပြက်ရယ်ပြုတော်မူပါ။ နတ်ဘုရားများကို ပြက်ရယ်ပြုတော်မမူပါနဲ့။ နတ်ဘုရား

www.burmeseclassic.com


များကို ပြက်ရယ်ပြုတာနဲ့ တစ်ပြိုင်နက် စိတ်နှလုံး ဆောက်တည်ရာ မရဘဲ သောက ပရိဒေဝ ကြုံရပါလိမ့်မယ်”ဟု ပြောကြား လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက –

“မှန်ပါတယ် ဂိုဏ်းချုပ်ကြီး။ နတ်ဘုရားများကို ပြက်ရယ်ပြုဖို့ မသင့်ဘူးဆိုတာကို ကျုပ်သိပါတယ်”ဟု မိန့်ကြားလိုက်သည်။ ထို့နောက် ဆက်၍–

“အခုအချိန်ဟာ ပြောင်းဖူးစိုက်ဖို့ အချိန်အခါပါပဲ။ ဒီတော့ နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်မယ့် မြေကွက်လပ်ကြီးကို မြေသယ်မြေဖို့ လုပ်ရတဲ့အလုပ်က လယ်သမား ယာသမားတွေ ဘယ်တော့ အနားရမလဲ ဆိုတာကို ကျုပ်သိရှိလိုပါတယ်”ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

“ဘာကြောင့် ဒီစကားကို မေးရတာလဲ အရှင်။ အခုအချိန်မှာ မိုးလည်း လုံးဝ မရွာသေးပါဘူး။ မိုးမရွာဘဲနဲ့ ပြောင်းဖူးကို ဘယ်လိုစိုက်ကြမလဲ။ မိုးမရွာဘဲနဲ့ ပြောင်းဖူးစိုက်ရင် ခြောက်သွေ့ပျက်စီးသွားကုန်မှာပေါ့။ ဒီလိုအချိန်အခါ မကျရောက်သေးခင်မှာ နတ်ဘုရား ကျောင်းတော်ကြီး တည်ဆောက်ပြီးစီးသွားအောင် တည်ဆောက်ကြပါစေ။ မိုးရွာတော့မှ နတ်ဘုရား ကျောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းကို ရပ်တန့်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကြတာပေါ့။ စိုက်ပျိုးရေးလုပ်ငန်းတွေ ဘယ်နေ့စရမယ်ဆိုတာတော့ ကျုပ်လည်း မပြောတတ်ဘူး။ နတ်ဘုရားများရဲ့ အလိုတော်အတိုင်းပဲ ဖြစ်ရမှာပေါ့”ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းက –

“စိုက်ပျိုးရေးလုပ်ငန်းတွေကို စတင် လုပ်ဆောင်ဖို့အတွက် နတ်ဘုရားများရဲ့ အလိုတော်ကို ငံ့လင့်စောင့်ဆိုင်းနေဖို့ မလိုပါဘူးဗျာ”ဟု ခပ်ဆတ်ဆတ် မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

“ဘယ်လိုအဓိပ္ပာယ်နဲ့ ဒီစကားကို မိန့်ကြားတာလဲ အရှင်။ နတ်ဘုရားများကို ထပ်မံပြီး ပြက်ရယ်ပြုတာလား”ဟု မျက်နှာထား တင်းတင်းနှင့် မေးလိုက်ရာ မာယာဘုရင်ဘာလမ်းက –

“မဟုတ်ပါဘူးဗျာ။ အခုတလော ကျုပ် ဘယ်သူနဲ့မှ ရောရောနှောနှော မနေဘဲ တစ်ယောက်တည်း စဉ်းစားတွေးတောနေတာဟာ အကြောင်းရှိပါတယ်။ အဲဒီအကြောင်းကြောင့် အကျိုးတရား ပေါ်ထွန်းလာပါတော့မယ်။ ဒီမှာ ဂိုဏ်းချုပ်ကြီး ကျုပ်ဟာ ကောင်းကင်ဘုံနန်းက နတ်ဘုရားများလိုပဲ နတ်ဒေဝတာ တစ်ဆူဖြစ်တော့မယ်ဗျ။ ကျုပ် အလိုရှိတဲ့အရပ်ကို မိုးရေရောက်ရှိအောင် ပြုဆောင်နိုင်တော့မယ်”ဟု မိန့်ကြားလိုက်သည်။

www.burmeseclassic.com



ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းသည် အလွန်တရာ ကြောက်ရွံ့တုန်လှုပ်သော အမူအရာဖြင့် နားနှစ်ဖက်ကို လက်ဖြင့် စုံပိတ်ရင်း –

"ဒီလိုစကားမျိုးတွေကို ကျွန်တော်မျိုး နားမထောင်ဝံ့ဘူး" ဟု ပြောကြားလိုက်ရာ မာယာဘုရင် ဘာလမ်းက ရယ်မောပြီး –

"ဒီစကားတွေကို နားမထောင်ဝံ့ရင် ရှိပါစေတော့။ ဒါပေမဲ့ မကြာခင်ရက်အတွင်းမှာ ကျုပ်မိန့်ကြားတဲ့အတိုင်း ဖြစ်ပျက်တာ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ရပါစေ့မယ်" ဟု မိန့်ကြားလိုက်သည်။

ထို့နောက် သေနာပတိအာဟာလပ်ဘက်သို့ လှည့်ကာ စည်းရိုးတံတိုင်းတွင် အစောင့်တာဝန်ချထားပုံနှင့် ပတ်သက်၍ ဆွေးနွေးရင်း –

"အစောင့်တာဝန် ချထားပုံကတော့ အကွက်စေ့ပါပေတယ်။ ကျုပ်တို့ ဒီနယ်မြေဒေသသစ်ကို ရောက်ကတည်းက လူသူလေးပါး အရိပ်အယောင်တောင် မမြင်ရဘူး။ သားရဲတိရစ္ဆာန်တစ်ကောင်တလေသာ တွေ့ရပေတယ်။ ဒါပေမဲ့ ကျုပ်တို့ ပေါ့လျော့လို့ မဖြစ်ပေဘူး။ အစောင့်တာဝန်ကို အရင်က အတိုင်းပဲ အကွက်စေ့စေ့ ချထားပါ။ တာဝန် မပေါ့ပါစေနဲ့။ ပြီးတော့ ဒီနယ်မြေ ဒေသသစ်အကြောင်းကို ပိုသိရလေအောင် ကျုပ်တို့ တစ်တွေ ထပ်ပြီး စူးစမ်း လေ့လာဖို့ လိုတယ်" ဟု မိန့်ကြားလိုက်ရာ သေနာပတိ အာဟာလပ်က ခေါင်းညိတ်လိုက်ပြီး အပါးမှ ထွက်ခွာသွားသည်။

မာယာဘုရင်ဘာလမ်းနှင့် ဂိုဏ်းချုပ်ကြီး အာမင်းတို့လည်း အပါးမှ ထွက်ခွာသွားသော သေနာပတိ အာဟာလပ်ကို လှမ်းပြီး ကြည့်နေကြရာ နတ်ဘုရား ကျောင်းတော်ကြီး ကျောင်းတော်ရာ မြေကွက်ကြီးဘက်သို့ လျှောက်သွားသည်ကို မြင်ရပြီး မြေဖို့ မြေသယ်နေသော လူအုပ်ကြားတွင် ရောနှောပျောက်ကွယ်သွားသည်ကို တွေ့ရသည်။ ထို့ပြင် မြေဖို့ မြေသယ်နေသော လူအုပ်ကြီးကြားတွင် မြေအပြည့်ထည့်ထားသော တောင်းကို ရွက်ရင်း မြေ သယ်နေသော မိန်းမပျိုအိချယ်ကိုလည်း တွေ့မြင် သတိပြုမိသွားကြသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

"အိချယ်ဟာ တခြားသူတွေထက် ပိုပြီး မြေဖို့ မြေသယ်အလုပ်ကို လုပ်နေတယ်" ဟု လျှောက်တင်ရာ မာယာဘုရင်ဘာလမ်းက မည်သို့မျှ မပြောဘဲ နှုတ်ဆိတ်နေသည်။ ဤတွင် ဂိုဏ်းချုပ်ကြီးအာမင်းက ဆက်၍ –

"အရှင်မင်းကြီး ... မကြာသေးခင်က အိချယ်နဲ့ ကျွန်တော်မျိုး စကားစမြည် ပြောခဲ့ပါတယ်။ အိချယ်ဟာ အရှင် တော်ကောက်ထားတဲ့သူဖြစ်တယ်။ မကြာခင် မိဖုရားကြီးဖြစ်တော့မယ့်သူဖြစ်တယ်လို့ ကျွန်တော်မျိုး ပြောကြားခဲ့ပါ

www.burmeseclassic.com


တယ်”ဟု လျှောက်တင်ရာ မာယာဘုရင်ဘာလမ်းက ဆတ်ခနဲ လှည့်ကာ ဂိုဏ်းချုပ်ကြီး အာမင်း၏မျက်နှာကို စိန်းစိန်းကြည့်ရင်း –

“ဒီအရေးကိစ္စမှာ ဂိုဏ်းချုပ်ကြီးနဲ့ ဘာမှ မပတ်သက် မစပ်ဆိုင်ပါဘူး” ဟု ခပ်တင်းတင်း မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက –

“အို ... အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့ မာယာလူမျိုးတွေရဲ့ အကျိုးစီးပွားနဲ့ ပတ်သက်နေတဲ့ကိစ္စတွေမှာ ကျွန်တော်မျိုးနဲ့ မပတ်သက် မစပ်ဆိုင်ပါဘူးလို့ ဘာကြောင့် ပြောရတာလဲ”ဟု ပြန်လည်မေးခွန်းထုတ်ပြီးနောက် –

“နတ်ဘုရားကျောင်းတော်ကြီးလည်း မကြာခင် တည်ဆောက်ပြီးစီးပါတော့မယ် အရှင်” ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းက–

“နတ်ဘုရားကျောင်းတော်ကြီး တည်ဆောက်ပြီးစီးဖို့ကတော့ ဂိုဏ်း ချုပ်ကြီးရဲ့ တာဝန် လုံးဝဖြစ်ပေတယ်။ အဲဒီ တာဝန်ကိုလည်း ပြီးစီးအောင် အာရုံစိုက်ပါ။ အခြားကိုယ်ရေးကိုယ်တာကိစ္စတွေဝင်ပြီး မပါဝင် မပတ်သက်ပါ နဲ့” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက –

“ဟောဒီမှာရှိတဲ့ မာယာလူမျိုးတိုင်းရဲ့ အရေးကိစ္စဟာ ကျွန်တော်မျိုးရဲ့ အရေးကိစ္စပါပဲ။ ကျွန်တော်မျိုးနဲ့ ပတ်သက်နေတာပဲ” ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းက –

“သြော် ... ဟုတ်လား” ဟု သရော်တော်တော် မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

“ကျွန်တော်မျိုးဟာ မာယာဘာသာရေးရဲ့ အကြီးအကဲ ဂိုဏ်းချုပ်ကြီးလည်း ဖြစ်တယ်။ မာယာဘုရင်တို့ရဲ့ အတိုင်ပင်ခံ အမတ်ချုပ်ကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်မျိုးမှာ အရှင့်ဖခမည်းတော် လက်ထက်တည်းက အရှင့်ကို ပညာအမျိုးမျိုးသင်ကြားပေးခဲ့ရပါတယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားဝေဖန်တတ်အောင် လေ့ကျင့်ပေးခဲ့ပါတယ်။ ဒီတော့ အရှင့်အပေါ်မှာ ကျွန်တော်မျိုးထားရှိတဲ့ သဘောထားနဲ့ စေတနာကို အရှင် ကောင်းကောင်း သိရှိနားလည်လိမ့်မယ်လို့ ကျွန်တော်မျိုးအကြွင်းမဲ့ ယုံကြည်ပါတယ်” ဟု လျှောက်တင်လိုက်သည်။

ဤတွင် မာယာဘုရင်ဘာလမ်းလည်း တင်းထားသော မျက်နှာကို ချက်ချင်းပြောင်းကာ ပြုံးရယ်လိုက်ပြီး ဂိုဏ်းချုပ်ကြီး အာမင်း၏ ပခုံးကို ချစ်ခင်လေးစားသော အမူအရာဖြင့် လှမ်းကိုင်ရင်း –

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီး မိန့်ကြားတာ မှန်ပါတယ်။ ကျုပ်ရဲ့အပြုအမူ အပြော အဆို ရိုင်းပျမောက်မာသွားရင်လည်း တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ။ အိချယ် နဲ့ ပတ်သက်လို့တော့ ဘာမှ မလျှောက်တင်ပါနဲ့တော့။ အိချယ်အကြောင်းကို ကျုပ်ဘာမှ မတွေးတော မစဉ်းစားလိုပါဘူး" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

"မဟုတ်သေးပါဘူးကွယ်။ အရှင်မင်းကြီးအတွက် 'ဆိုးတိုင်ပင် ကောင်းတိုင်ပင်' တိုင်ပင်ရမယ့်သူတစ်ဦး ရှိသင့်ပါတယ်။ မာယာလူမျိုးတွေ အတွက် ကျုပ်တို့ရဲ့အရှင်မှာ မိဖုရားတစ်ပါးတော့ ရှိသင့်ပါတယ်" ဟု လျှောက် တင်ရာ မာယာဘုရင် ဘာလမ်းက –

"ဒီအရေးကိစ္စက သိမ်မွေ့နက်နဲလှပါတယ်။ တန်ခိုးအာဏာကို အသုံးပြုလို့ လုံးဝ မသင့်ပါဘူး" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းလည်း ကောင်းကင်ဘုံနန်းသို့ မျက် နှာကို မော့လိုက်ပြီး –

**"အို ... အာကာသကောင်းကင်ဘုရားနှင့် ပထဝီ မြေကြီးဘုရား အပေါင်းတို့။ ကျွန်ုပ်တို့ မာယာလူမျိုးများ ကျင့်သုံးသော ရိုးရာဓလေ့ထုံးစံများ သည် ရှိုချင်အဖွင့်နေပြည်တော်၌ပင် မေ့ကျန်၍ သွားခဲ့လေပြီလော။ ကျွန်ုပ် တို့သည် ရိုးရာဓလေ့ထုံးစံတို့ကို ပစ်ပယ်ကြတော့မည်လော"**

ဟု တိုင်တည်၍ ပြောကြားသည်။ ထို့နောက် မာယာဘုရင်ဘာလမ်း ကို ကြည့်ကာ –

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးက တန်ခိုးအာဏာကို အသုံးပြုဖို့ အကြံပေးနေတာ မဟုတ်ပါဘူး။ မာယာလူမျိုးတွေရဲ့ အကျိုးစီးပွားအတွက် အကြံကောင်း ဉာဏ်ကောင်း ပေးခြင်းသာ ဖြစ်ပါတယ်။ အရှင်ဟာ မာယာ လူမျိုးတွေရဲ့အရှင် ဘုရင်တစ်ပါး ဖြစ်ပါတယ်။ **ဘုရင်တို့မည်သည် မိမိရဲ့ ပုဂ္ဂလိက စိတ်ခံစားချက်ကို ရှေ့တန်းမတင်ကြရပါဘူး။ အများပြည်သူတွေရဲ့ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်ကြရပါမယ်။** အခုအခါမှာ အိချယ်ဟာ အများပြည်သူတွေနဲ့အတူ တစ်သားတည်းနေပြီး 'အေးအတူ ပူသမျှ' လုပ် ကိုင်ဆောင်ရွက်နေပါတယ်။ အများပြည်သူတွေနည်းတူ မြေဖို့ မြေသယ်အလုပ် ကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပါတယ်။ ဒါကြောင့် အများပြည်သူဟာ အိချယ်ကို ချစ်ခင်လေးစားနေကြပါတယ်။ မြတ်နိုးကြည်ညိုနေကြပါတယ်။ အိချယ်ကို မိဖုရားမြှောက်ဖို့ အရှင် အတိအလင်း ကြေညာပြီးပါလျက်နဲ့ မိဖုရား မမြှောက်တော့ဘူးဆိုရင် အများပြည်သူဟာ စိတ်မချမ်းမသာ ဖြစ်ကုန်ကြပါ လိမ့်မယ်။ သတိထား ဆင်ခြင်တော်မူပါ" ဟု လျှောက်တင်သည်။

www.burmeseclassic.com



ထိုအခါ မာယာဘုရင်ဘာလမ်းက –

“အိချယ်ကို မိဖုရား မြှောက်ဖို့ တော်ကောက်ကြောင်း အများပြည်သူ ရှေ့မှောက်မှာ ကျုပ်အတိအလင်း ကြေညာခဲ့သားပဲ။ အဲဒီတုန်းက အိချယ်က သဘောမတူတဲ့အနေနဲ့ ငြင်းပယ်ခဲ့တာ မဟုတ်လား” ဟု မိန့်ကြားရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

“ဒီလိုငြင်းပယ်ရခြင်းက သူ့ကို မြတ်နိုးချစ်ကြင်လို့ မိဖုရားမြှောက်ဖို့ တော်ကောက်တာ မဟုတ်ဘူး။ ပေါလဲ ရှာသူကြီးကို ပေးထားခဲ့မိတဲ့ ကတိစကားကြောင့် တော်ကောက်ခြင်းသာ ဖြစ်တယ်လို့ မှတ်ထင်ယူဆတဲ့အတွက်သာ ဖြစ်ပါတယ်။ အို … အရှင်မင်းကြီး။ အားနွဲ့တဲ့ မိန်းမသားများအဖို့ မာနဟာဂုဏ်အင်္ဂါတစ်ရပ် ဖြစ်နေပါတယ်။ စိတ်ထားကြံ့ခိုင်တဲ့ မင်းယောကျ်ားဖြစ်တဲ့ အရှင်မင်းကြီးအနေနဲ့ အဲဒီမာန်မာနမျိုးကို လုံးဝ မထားသင့်ပါဘူး။ ‘သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းနဲ့အုပ်’ ပြီး မာန်မာနကို ရုပ်သိမ်းသင့်ပါတယ်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းက –

“ကိုင်း … ဒါဖြင့် ကျုပ်အနေနဲ့ ဘယ်လိုများ ဆောင်ရွက်သင့်တယ်လို့ ဂိုဏ်းချုပ်ကြီး ထင်မြင်ပါသလဲ” ဟု မေးလိုက်ရာ၊ ဂိုဏ်းချုပ်ကြီး အာမင်းက–

“အကောင်းဆုံး နည်းလမ်းကတော့ အိချယ်ဆီကို အရှင်သွားပြီး တွေ့ပါ။ အိချယ်နဲ့ စကားစမြည် ပြောပါ။ ဒီလို ပြုမူဆောင်ရွက်တာနဲ့ တစ်ပြိုင်နက် တင်းမာထားတဲ့ အိချယ်နဲ့ မာန်မာနတွေ အရည်ပျော်သွားပါလိမ့်မယ်။ ပြေပျောက်သွားပါလိမ့်မယ်။ အို … အရှင်။ အိချယ်ဟာ ရုပ်အဆင်း ချောမောတင့်တယ်တဲ့ မိန်းမလှတစ်ဦးပါ” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

“ကျုပ်ဟာ မပျက်သော မင်းရိုးက ဆင်းသက်လာတဲ့ မာယာဘုရင်တစ်ပါးပါ။ လူတစ်ဖက်သားကို ခယဝယ လုပ်ရတဲ့ အောက်ကျို့ရတဲ့ အလုပ်မျိုးကို တစ်ခါမှ မလုပ်ဖူးပါဘူး” ဟု ခပ်တင်းတင်း မိန့်ကြားရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

“ခယဝယ လုပ်ဖို့ပြောတာ မဟုတ်ဘူး အရှင်။ အိချယ်နဲ့ တွေ့ရုံတွေ့ပြီး စကားစမြည် ပြောရုံပြောဖို့သာ ပန်ကြားတာပါ။ အရှင် မိန့်ကြားသမျှကို အိချယ်က နာခံတာပါ” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက အေးစက်တင်းမာသော လေသံဖြင့် –

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးက ကျုပ် ထပ်ပြီး အရှက်ကွဲအောင် အကြံပေးနေပြန်ပါပြီ။ ဒီမှာ ... ဂိုဏ်းချုပ်ကြီး။ ကျုပ်ကို ဒီလိုအကြံတွေ ပေးမဲ့အစား နတ်ဘုရားကျောင်းတော်ကြီး အမြန်ဆုံး တည်ဆောက် ပြီးစီးအောင်သာ တွေးကြံနေပါ။ မာယာတို့အရှင်ဘုရင်တစ်ပါးအနေနဲ့ ဘယ်အရေးကိစ္စကို ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို အတွေ့အကြုံအရ ကျုပ် တဖြည်းဖြည်း နားလည်သဘောပေါက်နေပါပြီ" ဟု မိန့်ကြားပြီးနောက် အပါးမှာ ချာခနဲ ထွက်ခွာကြွမြန်းသွားသည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီးအာမင်းလည်း 'နတ်ဘုရားတို့ကို ပြက်ရယ်ပြုခဲ့သော မာယာဘုရင်ဘာလမ်း၏ စကားတို့ကို နတ်ဘုရားများ မကြားမသိပါစေနှင့်။ မတော်တဆ ကြားသိသွားပါကလည်း မာယာဘုရင်ဘာလမ်းအပေါ် နတ်ဘုရားများ ခွင့်လွှတ်တော်မူကြပါစေ" ဟု တိုးတိုးတိတ်တိတ် ကြိတ်ပြီး တစ်ယောက်တည်း ဆုတောင်းနေရှာသည်။

မာယာဘုရင်ဘာလမ်းနှင့် ဂိုဏ်းချုပ်ကြီး အာမင်းတို့နှစ်ကိုယ်ကြားပြောကြားနေသည့် စကားတို့ကို ကောင်းကင်ဘုံနန်းက နတ်ဘုရားတို့ ကြားသိမည်၊ မကြားသိမည်ကိုကား မည်သူမျှ အတိအကျ မပြောနိုင်ပါပေ။ သို့သော် ထိုနှစ်ကိုယ်ကြား ပြောကြားသည့် စကားတို့ကိုကား စည်းရိုးတံတိုင်း တစ်နေရာတွင် မာယာအစောင့်စစ်သည်တို့ မမြင်ရအောင် ကိုယ်ယောင်ဖျောက်ပြီး ပုန်းခိုနေသည့်လူတစ်ဦးက အသေအချာ ကြားသိသွားပေသည်။ ထိုသူကား အခြားမဟုတ်။ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်ကြီး လင်းယုန်နက်ပေတည်း။

◈

www.burmeseclassic.com

၈

# လူစိမ်းများကို ရှာပုံတော်ဖွင့်သူများ

တိုင်းရင်းသားလူမျိုးစု အစည်းအဝေးက အခွင့်ရပြီးနောက် လင်းယုန်နက်နှင့် သူငယ်ချင်း အစ္စတိုင်းတို့ နှစ်ယောက်သည် မိမိတို့နယ်မြေပေါ်သို့ ကျူးကျော် ရောက်ရှိနေမည့် လူစိမ်းများကို ရှာဖွေရန် မိမိတို့ စခန်းမှ ထွက်ခွာလာခဲ့ကြ သည်။

လင်းယုန်နက်နှင့် အစ္စတိုင်းတို့သည် စိမ်းလဲ့နေသော မြက်ခင်းပြင် ကျယ်ကြီးများနှင့် အပြောကျယ်သော ကုန်းမြင့်မြေပြန့်ကြီးများကို ဖြတ်သန်း ကာ မိမိတို့တွေ့ရှိခဲ့သော သောင်ကမ်းခုံထက်က လှေကြီးရှိရာ ပင်လယ်ကမ်း စပ်သို့ တစိုက်မတ်မတ် ခရီးဆက်လာခဲ့သည်။ ထိုသို့ ခရီးဆက်လာခိုက်တွင် လမ်းခရီး၌ ကျွဲအုပ်ကြီးတစ်အုပ်နှင့် ဒရယ်အုပ်တို့ကို တွေ့ရကြုံရသည်။ အပြောကျယ်သော ပင်လယ်ဘက်က လာရောက်ကြသည့် လူစိမ်းတို့ကိုကား အရိပ်အယောင်မှပင် မတွေ့မမြင်ရပေ။

သောင်ကမ်းခုံထက်က လှေကြီးရှိရာ ပင်လယ်ကမ်းခြေသို့ ရောက် သောအခါ လင်းယုန်နက်နှင့် အစ္စတိုင်းတို့လည်း ထိုပင်လယ်ကမ်းခြေကို ဗဟို ပြုပြီး အနောက်နေဝင်ရာ ကမ်းခြေတစ်လျှောက် ရှာပုံတော်ခရီး ဆက်ကြသည်။ လူစိမ်းများကို မတွေ့သောအခါ အရှေ့နေဝင်ရာ ကမ်းခြေတစ်လျှောက် ရှာပုံ တော် ခရီးဆက်ကြသည်။

ထိုသို့ ပင်လယ်ကမ်းခြေတစ်လျှောက် အနှံ့အစပ်ရှာပြီးသောအခါ လင်းယုန်နက်နှင့် အစ္စတိုင်းတို့သည် ပင်လယ်ကမ်းခြေကို ခွာပြီး တောအုပ်ညို့

www.burmeseclassic.com



ညို့ဘက်သို့ ရှာပုံတော်ခရီး ဆက်ကြပြန်သည်။ တောအုပ်ညို့ညို့ကား တမျှော် တခေါ်ကြီး တည်ရှိနေရာ လင်းယုန်နက်နှင့် အစ္စတိုင်းတို့သည် တောအုပ်ညို့ ညို့ အတွင်းသို့ ရှာပုံတော်ခရီး ဆက်ရင်း တောနက်တွင်းသို့ ရောက်သည်ထက် ရောက်လာခဲ့ကြသည်။ တောအုပ်ညို့ညို့တွင်းရှိ စမ်းချောင်းများကို တွေ့လေ တိုင်း 'လူသားတို့အတွက် အလိုအပ်ဆုံးအရာကား ရေဖြစ်သည်။ ထို့ကြောင့် အနီးအနား၌ လူစိမ်းတို့ရှိပါက ဤစမ်းချောင်းသို့ ရေအလို့ငှာ တစ်ယောက် မဟုတ် တစ်ယောက် လာရောက်ကြပေလိမ့်မည်' ဟု တွေးတောကာ စမ်း ချောင်းများအနီးတွင် ချောင်းမြောင်းစောင့်စားနေလေ့ရှိသည်။ သို့သော် လူစိမ်း တို့ကို အရိပ်အယောင်မျှပင် မတွေ့ရသေးပေ။

ဤသို့ဖြင့် တစိုက်မတ်မတ် ရှာပုံတော်ခရီး ဆက်ခဲ့ရာ မြောက်ဘက်ရှိ တောင်တန်းကြီးများမှ ဖြတ်သန်းစီးဆင်းလာသော မြစ်ကြီးတစ်မြစ် အပါးသို့ ရောက်လာခဲ့ကြသည်။ ထိုအခါ လင်းယုန်နက်နှင့် အစ္စတိုင်းတို့လည်း မြစ် ကြောင်းတစ်လျှောက် စုန်ဆင်းပြီး ရှာပုံတော်ခရီး ဆက်ကြပြန်သည်။ ထိုအခါ မြစ်ကြောင်းတစ်လျှောက်၌ မရေမတွက်နိုင်သော မြေနုကျွန်းများကိုလည်း ကောင်း၊ ထူထပ် စိမ်းညို့နေသော တောအုပ်ကြီးများကိုလည်းကောင်း တွေ့ မြင်ကြရသည်။

လင်းယုန်နက်နှင့် အစ္စတိုင်းတို့ ရှာပုံတော်ခရီး ဆက်ခဲ့သည့် မြစ် ကြီးသည် နောက်ဆုံး၌ အပြောကျယ်သော ပင်လယ်ပြင်ကြီးသို့ သွားရောက် ပေါင်းဆုံခဲ့သည်။ ထိုအခါ လင်းယုန်နက်နှင့် အစ္စတိုင်းတို့လည်း ထိုမြစ်ကြီးကို ခွာပြီးလျှင် အနောက်နေဝင်ရာဘက်သို့ ရှာပုံတော်ခရီးဆက်ကြပြန်သည်။ ထိုသို့ ခရီးဆက်ကြရာတွင် လမ်းခရီး၌ ဆန်းကြယ်သော ငှက်အမျိုးမျိုးကို တွေ့ရမြင် ရသည်။ ထူးခြားသော ငါးအမျိုးမျိုးကို တွေ့ရမြင်ရသည်။ ထို့ကြောင့် မိမိတို့ နယ်မြေပေါ်သို့ ကျူးကျော်ဝင်ရောက်လာသော လူစိမ်းတို့ကို မတွေ့မမြင်ရလင့် ကစား လင်းယုန်နက်နှင့် အစ္စတိုင်းတို့အဖို့တွင် မိမိတို့ စခန်းသို့ ပြန်ရောက်လာ ပါက ပြန်ပြောင်းပြောကြားစရာ အကြောင်းအရာမျိုးစုံတို့ကို ပြောမကုန်အောင် တွေ့ရမြင်ရပြီး ဖြစ်တော့သည်။

လင်းယုန်နက်နှင့် အစ္စတိုင်းတို့မှာ 'မိမိတို့နယ်မြေဒေသသည် မိမိတို့ တွေးတောထင်မှတ်ထားသည်ထက် ပို၍အတိုင်းမသိ ကျယ်ပြန့်ကြီးမားပါ တကား' ဟု ကိုယ်တွေ့မျက်မြင်သိရှိသွားပြီး ဖြစ်ကြပေရာ မိမိတို့နယ်မြေဒေသ မည်မျှအထိ ကျယ်ပြန့်ကြီးမားသည်ကို သိချင်စိတ်လည်း တဖွားဖွား ပေါ် ပေါက်လာကြသည်။ ထို့ကြောင့် ရှေ့သို့သာ တိုးပြီး တစိုက်မတ်မတ် ခရီးဆက် တော့သည်။

www.burmeseclassic.com



မြစ်ချောင်း အမြောက်အမြားကို ဖြတ်ပြီး တစ်တောထွက် တစ်တောဝင်နှင့် ခရီးဆက်လာခဲ့ရာ နောက်ဆုံး၌ ချောင်းလေးတစ်ချောင်းအပါးသို့ ရောက် ရှိလာခဲ့သည်။ ထိုအခါ အစ္စတိုင်းက ချောင်းကမ်းစပ်သို့သွားကာ လက်ခုပ်ဖြင့် ရေတဝကြီးသောက်ပြီးနောက်၊ ပတ်ဝန်းကျင်တစ်ခွင်ကို လှည့်ပတ်ကြည့်ရှုနေ သော လင်းယုန်နက်ရှိရာသို့ လျှောက်လာခဲ့သည်။

ထိုအခါ လင်းယုန်နက်က ပြုံးပြီး –

"သူငယ်ချင်းရေ။ ကျုပ်တို့စခန်းက ထွက်လာတာ ဘယ်နှစ်ရက်ကြာသွားပြီလဲ" ဟု မေးလိုက်ရာ အစ္စတိုင်းက –

"လပြည့်တာ သုံးကြိမ်ရှိသွားပြီ သူငယ်ချင်း။ ဒီတော့ ဆယ့်ငါးရက်ရှိပြီဆိုပါတော့" ဟု ပြောကြားသည်။

ထိုအခါ လင်းယုန်နက် က –

"ကျုပ်တို့တော့ ဆက်ပြီး ရှာပုံတော်ဖွင့်ရဦးမယ် သူငယ်ချင်းရေ" ဟု ရယ်မောပြီးပြောလိုက်ရာ အစ္စတိုင်းက –

"ဆက်ပြီး ရှာပုံတော်ဖွင့်ဖို့ကော လိုသေးရဲ့လားဗျာ။ ကျုပ်တို့ နယ်မြေပေါ်ကို လူစိမ်းတွေ ရောက်မယ် မထင်ပါဘူး။ ကျုပ်တို့ တွေ့ရတဲ့ လှေကြီး က မတော်တဆ ရေမျောကမ်းတင်လာတဲ့ လှေကြီး ဖြစ်မှာပါ" ဟု ပြောကြား လိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ခင်ဗျားအထင် မှန်မမှန်ကို ဆက်ပြီး စူးစမ်းကြည့်ကြသေးတာပေါ့။ ကျုပ်တို့မြေပေါ်ကို လူစိမ်းတွေ၊ လူ့ဘီလူးကြီးတွေ မရောက်တာ သေချာတဲ့အခါ မှ စခန်းကို ပြန်ကြတာပေါ့။ ဒီလို မသေချာဘဲနဲ့တော့ စခန်းကို မပြန်ချင်ဘူးဗျာ" ဟု ပြောကြားပြီးနောက် –

"ဘာလဲ ကျုပ်ရဲ့ ညာလက်ရုံးကြီးက ကျုပ်တို့ရဲ့ မြေအဝှမ်းကို ရှု ကြည့်ရတာကို ငြီးငွေ့သွားပြီလား" ဟု မေးလိုက်သည်။

ထိုအခါ အစ္စတိုင်း က –

"ဒါကြောင့် ပြောတာ မဟုတ်ပါဘူးဗျာ။ ကျုပ်က ခင်ဗျား သွားရာနောက်ကို ဖဝါးခြေထပ်လိုက်ပါ့မယ်။ ဒီအတွက် စိုးရိမ်မနေပါနဲ့။ စိတ်ချစမ်းပါ။ ကျုပ်တို့ရဲ့ နယ်မြေအဝှမ်း သမိုင်းဒဏ္ဍာရီတွေမှာ ဖော်ပြထားတာထက် အများကြီးကျယ်ဝန်းပြီး၊ အတိုင်းမသိ ကြည်နူးသာယာ ဂုဏ်ယူစရာကောင်းလှပါတယ်။ ဒါကြောင့် ကျုပ်တို့နယ်မြေအဝှမ်းကို ရှုကြည့်ရတာ မငြီးငွေ့ရုံမကဘူး။ ရှုကြည့်လို့တောင် မဝနိုင်အောင် ရှိနေပါတယ်" ဟု ပြောကြားပြီးနောက် –

"ဒါပေမဲ့ဗျာ ... လာမယ့် လပြည့်ချိန်မှာဆိုရင် ကျွဲအုပ်ကြီးကို တောင်တန်းတွေဆီကို မောင်းရတော့မယ် မဟုတ်လား။ ဒီတော့ ကျုပ်တို့လူမျိုးတွေနဲ့ အတူ ကျုပ်တို့ ရှိနေသင့်တာပေါ့။ ဒါမှ ကျုပ်တို့လူမျိုးတွေကို ကျုပ်တို့ ဦးဆောင် ကူညီနိုင်မှာပေါ့" ဟု ပြောကြားသည်။

ထိုအခါ လင်းယုန်နက်က –

"ကျုပ်တို့ ပထမဆုံး ဆောင်ရွက်ရမယ့် အလုပ်က ကျုပ်တို့နယ်မြေပေါ်ကို ရောက်နေတဲ့ လူစိမ်းတွေကို မတွေ့တွေ့ရအောင် ရှာဖို့ပါဗျာ။ အခြားကိစ္စတွေကို နောက်မှ စဉ်းစားကြတာပေါ့" ဟု ပြောကြားရင်း အစ္စတိုင်းက ကျောတွင် လွယ်ထားသော မြားတောင့်နှင့် လေးကို ကြည့်ရှုစစ်ဆေးနေသည်ကို ငေးကြည့်ပြီးနောက် တောအုပ်ဘက်ရှိရာသို့ လျှောက်သွားရာ အစ္စတိုင်းလည်း နောက်မှအမီ လိုက်သွားသည်။

*

နောက်တစ်နေ့နံနက် အရုဏ်တက်ခါနီးတွင် လင်းယုန်နက်နှင့် အစ္စတိုင်းတို့သည် သစ်ပင်တို့ ကျိုးတိုးကျဲတဲသာ ပေါက်သောတောအုပ်လေးတစ်အုပ်ကို ဖြတ်သန်းလာခဲ့ကြသည်။ ထိုအခိုက်တွင် ခရသင်းမှုတ်သံကို ခပ်သဲ့သဲ့ကြားရပြီး မိမိတို့ခေါင်းထက်မှ ဖြတ်ပြီး ပင်လယ်ကမ်းခြေဘက်သို့ပျံသွားသော တော ဘဲတစ်အုပ်ကို မြင်ရသည်။ ထိုအခါ လင်းယုန်နက်လည်း တောဘဲအုပ်ကို မော့ကြည့်ပြီးနောက် အစ္စတိုင်းဘက်သို့ ပြုံးပြလိုက်သည်။ ထို့နောက် နှစ် ယောက်သား ရှာပုံတော်ခရီး ဆက်လာခဲ့ကြသည်။

ခရီးဆက်၍ အတန်ငယ် ကြာသောအခါ ရှေးယခင်ကထက်ပို၍ ပီပြင်ထင်ရှားသော ခရသင်းမှုတ်သံကို ထပ်မံ၍ကြားရပြန်သည်။ ထိုအခါ လင်းယုန်နက်သည် လက်တစ်ဖက်ကို နားနောက်၌ကပ်ပြီး နားစွင့်ထောင်နေသည်။ ထိုအခိုက်တွင် ခရသင်းမှုတ်သံသည် တောအုပ်၏တစ်ဘက်မှ ထပ်မံထွက်ပေါ်လာပြန်ရာ လင်းယုန်နက်လည်း အစ္စတိုင်းကို ဆတ်ခနဲ လှမ်းကြည့်ပြီး –

"ဘာသံလဲ မသိဘူး။ ဒီအသံမျိုးကို တစ်ခါမှ မကြားဖူးဘူး" ဟု ပြောကြားလိုက်ရာ၊ အစ္စတိုင်းက –

"ဟုတ်တယ်။ ကျုပ်လည်း ဒီအသံမျိုးကို တစ်ခါမှ မကြားဖူးဘူး" ဟု ထောက်ခံပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း ခရသင်းမှုတ်သံ ထွက်ပေါ်ရာ တောအုပ်ဘက်သို့ ငေးကြည့်ပြီးနောက် လက်တစ်ဖက်ကို မြှောက်ကာ အချက်ပေးလိုက်သည်။ ထို့နောက် လင်းယုန်နက်နှင့် အစ္စတိုင်းတို့သည် အထူးသတိ

ဝီရိယကြီးစွာထားပြီး ရှေ့သို့တိုးသွားလိုက်၊ ခေတ္တရပ်နားကာ နားစွင့်လိုက်နှင့် ခရီးဆက်လာခဲ့ကြသည်။

ဤသို့ဖြင့် ခရီးဆက်လာခဲ့ကြရာ တောအုပ်တစ်နေရာ၌ ခုတ်ထွင်ရှင်းလင်းထားသော မြေကွက်ကျယ်ကြီးတစ်ခုကို လှမ်းမြင်ရသည်။ ထိုအခါ လင်းယုန်နက်လည်း လက်တစ်ဘက်ကို မြှောက်ကာ အချက်ပြရင်း ရပ်တန့်လိုက်ရာ အစွတိုင်းလည်း ချက်ချင်းပင် ရပ်တန့်လိုက်သည်။ ထိုအခါ လင်းယုန်နက်က အစွတိုင်းကို ရပ်မြဲနေရာ၌ ဆက်လက်ရပ်တန့်ရန် အချက်ပြပြီးနောက် အနီးဝန်းကျင်ရှိ သစ်ပင်တို့ကို လှည့်ပတ်ကြည့်ရှုသည်။ ထို့နောက် အကိုင်းအခက်ဝေဆာပြီး မြင့်မားသွယ်ဖြူးသော သစ်ပင်ကြီးတစ်ပင်ကို ရွေးချယ်ကာ သစ်ပင်ထက်သို့ သွက်လက်ပေါ့ပါးစွာ တက်သွားသည်။ သစ်ပင်ကိုင်းဖျားပေါ်သို့ ရောက်သောအခါတွင် လင်းယုန်နက်လည်း မိမိတို့ လှမ်းမြင်ရသော မြေကွက်ကျယ်ကြီးရှိရာသို့ လှမ်းမျှော်ကြည့်ရှုလိုက်သည်။ ထိုအခါ လင်းယုန်နက်၏ မျက်လုံးအစုံသည် မိမိတွေ့မြင်ရသော မြင်ကွင်းကြောင့် ပြူးကျယ်သွားတော့သည်။ ထို့ပြင် အတွေးအာရုံထဲ၌လည်း –

“အလို ... အခု ငါမြင်ရတဲ့ သူတွေဟာ အပြောကျယ်တဲ့ ပင်လယ်ရေပြင်ကျယ်ကြီးကို လှေကြီးတွေနဲ့ဖြတ်ပြီး လာရောက်ကြတဲ့ လူစိမ်းတွေ ဖြစ်မှာပဲ။ ဒီလူတွေဟာ ဘယ်လိုလူမျိုးတွေလဲ မသိဘူး။ သစ်တုံးတွေကို စည်းရိုးတံတိုင်းခတ်ပြီး အထဲမှာ စခန်းချနေကြတယ်။ ပြီးတော့ သူတို့အိမ်တွေကလည်း တယ်ပြီး ခိုင်ခံ့တာပဲ။ ကျောက်တုံးတွေနဲ့တောင် ဆောက်ထားကြတယ်။ အထူးခြားဆုံး အဆန်းကြယ်ဆုံး စိတ်ဝင်စားဖွယ်အကောင်းဆုံး အရာကတော့ သူတို့ စခန်း အလယ်ခေါင်က အဆောက်အဦကြီးပဲ။

“ပြီးတော့ သူတို့ ဝတ်စားဆင်ယင်ပုံတွေကလည်း တယ်ပြီး ထူးဆန်းတာပဲ။ သူတို့တစ်တွေဟာ ခြေထောက်ကို လုံအောင်လည်း မဝတ်ဆင်ကြဘူး။ ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်တန်ဆာတွေကလည်း တိရစ္ဆာန်သားရေတွေ မဟုတ်ကြဘူး။ ငှက်မွေးတွေကို ချုပ်ထားတဲ့ အဝတ်တန်ဆာတွေ ဖြစ်နေတယ်။ ပြီးတော့ သူတို့ဆံပင်တွေကလည်း သိပ်ပြီး ရှည်တာပဲ။

ငါ့တစ်သက်မှာ ဒီလို လူမျိုးတွေကို တစ်ယောက်တလေမှတောင် မတွေ့မမြင်ခဲ့ဖူးဘူး။ ဒီလူမျိုးတွေနေတဲ့ အိမ်ကြီးတွေလောက် ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးတွေလည်း မတွေ့မမြင်ခဲ့ဖူးဘူး။ သူတို့ဟာ ဒီလိုကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးတွေကို ဘာကြောင့်များ ဆောက်ကြပါလိမ့်။ ကျွဲအုပ်၊ နွားအုပ်တွေကို မောင်းပြီး စားကျက်ပြောင်းကြတဲ့အခါမှာ အခက်မကြုံကြဘူးလား” စသည်ဖြင့် အမျိုးမျိုး အတွေးနယ်ချဲ့နေရှာသည်။

ထို့နောက် လင်းယုန်နက်လည်း သစ်ပင်ကိုင်းဖျားထက်မှ အောက်သို့ ပေါ့ပါးသွက်လက်စွာ ဆင်းသက်လာပြီး စိုးရိမ်ကြောင့်ကျသော အမူအရာ ဖြင့် မော့ကြည့်နေသည့် အစွတိုင်းအပါးသို့ ရပ်တန့်လိုက်သည်။

ထိုအခါ အစွတိုင်းက –

"လူ့ဘီလူးကြီးတွေလား" ဟု လေသံတိုးတိုးဖြင့် မေးလိုက်ရာ လင်းယုန်နက်က –

"လူ့ဘီလူးကြီးတွေ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ဟာ ကျုပ်တို့မြင်ဖူးတဲ့ လူမျိုးတွေနဲ့တော့ လုံးဝမတူဘူး" ဟုဖြေကြားလိုက်သည်။

ထိုအခါ အစွတိုင်းက –

"ဒါဖြင့် သူတို့က ဘယ်လိုလူမျိုးတွေလဲ" ဟု ထပ်မေးရာ လင်းယုန်နက်က –

"ဒါတော့ ကျုပ်လည်း မဖြေတတ်ဘူး။ သူတို့ဟာ ကျောက်တုံးတွေနဲ့ အိမ်ဆောက်ကြတယ်။ ပြီးတော့ သူတို့စခန်းကိုလည်း သစ်တုံးကြီးတွေနဲ့ ပတ်ပတ်လည် အခိုင်အခံ့ကာရံထားကြတယ်။ သူတို့ရဲ့ဆံပင်တွေက သိပ်ရှည်ပြီး၊ သူတို့ရဲ့ မျက်လုံးတွေက ဝိုင်းစက်နေတယ်။ ပြီးတော့ သူတို့ဟာ ငှက်မွေးတွေနဲ့ အဆန်းတကြယ် ဖန်တီးထားတဲ့ ဝတ်စားတန်ဆာတွေကို ဝတ်ဆင်ထားကြတယ်" ဟု ဖြေကြားပြီးနောက် –

"သူငယ်ချင်း အစွတိုင်းရေ။ ဒီနေရာမှာ မင်းနေရစ်ခဲ့။ ငါတော့ သူတို့ရဲ့ စခန်းကို တစ်ယောက်တည်းသွားပြီး ထောက်လှမ်းစုံစမ်းလိုက်ဦးမယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အစွတိုင်းက –

"ကျုပ်လည်း အဖော်အဖြစ် လိုက်ပါရစေဟု ပြောကြားလိုက်ရာ လင်းယုန်နက်က –

"မလိုက်ပါနဲ့ဗျာ။ ကျုပ်တစ်ယောက်တည်းပဲ သွားပါ့မယ်" ဟု ပြောကြားလိုက်သည်။

"ဟုတ်ပါတယ် သူငယ်ချင်းရယ်။ မင်းဟာ ကျုပ်အားကိုးယုံကြည်ရတဲ့ ညာလက်ရုံးမှန်ပါတယ်။ ဒါပေမဲ့ ပြောတဲ့အတိုင်း ဒီမှာနေခဲ့ပါ။ ကျုပ်တစ်ယောက်တည်း သွားရောက်ထောက်လှမ်းပါမယ်။ မကြာစေရပါဘူး။ ကျုပ်ချက်ချင်းပြန်လာပါ့မယ်" ဟု ပြောကြားလိုက်သည်။

*

လင်းယုန်နက်လည်း သစ်ပင်မြင့်အနီးရှိ တောအုပ်တစ်နေရာတွင် အစွတိုင်းကို အစောင့်ခိုင်းပြီးနောက် မိမိလှမ်းမြင်ရသော မြေကတုတ်တွင် ရှင်းလင်းထား

www.burmeseclassic.com


သည့် မြေကွက်လပ်ကျယ်ကြီးရှိရာသို့ ခြေသံမကြားအောင် သတိထားပြီး လျှောက်လာခဲ့သည်။

မာယာလူမျိုးတို့ ရွာတည်ရန် ရွေးချယ်ရှင်းလင်းထားသော မြေကွက်လပ်ကျယ်ကြီးအနီးသို့ ရောက်သောအခါ လင်းယုန်နက်လည်း ခေတ္တရပ်နားပြီးနောက် မာယာလူမျိုးတို့ အခိုင်အခံ့ကာရံထားသော စည်းရိုးတံတိုင်းအပါးသို့ ပုန်းလျှိုးကွယ်လျှိုးတိုးလာခဲ့သည်။ ထို့နောက် စည်းရိုးတံတိုင်းအတွင်းဘက်မှ အသံဗလံတို့ကို နားစွင့်ထောင်နေသည်။ ထိုအခါ စည်းရိုးတံတိုင်းအတွင်းမှ အဆောက်အဦးဆောက်လုပ်ရာ၌ ထွက်ပေါ်လာတတ်သော ထုသံ၊ ရိုက်သံ၊ ခုတ်သံ၊ လှီးသံမျိုးတို့ကိုလည်းကောင်း၊ လူသံဆူသံအမျိုးမျိုးတို့ကိုလည်းကောင်း မသဲမကွဲကြားရသည်။ ထို့ကြောင့် လင်းယုန်နက်လည်း ပို၍ သဲသဲကွဲကွဲ ကြားရလေအောင် စည်းရိုးတံတိုင်းအပါးသို့ တိုးကပ်၍ လာခဲ့သည်။

ထို့နောက် သစ်တုံးကြီးများဖြင့် စေ့နေအောင် ကာထားသော စည်းရိုးတံတိုင်းကြီးတစ်လျှောက် လှည့်ပတ်ပြီး အတွင်းသို့ လှမ်းမြင်နိုင်မည့် နေရာကြားလပ်လေးကို လိုက်ရှာနေသည်။ ထို့နောက် တွေ့ရသော နေရာကြားလပ်လေးတွင် မျက်နှာအပ်ပြီး အတွင်းသို့စိတ်အားထက်သန်စွာ လှမ်းကြည့်လိုက်သည်။

ထိုအခါ သစ်ပင်ကိုင်းဖျားထက်က မိမိလှမ်းမြင်ရသည်ထက် ပိုမိုပီပြင် သဲကွဲသော မြင်ကွင်းကို မြင်ရတော့သည်။

သစ်တုံးစည်းရိုးတံတိုင်းအတွင်း၌ လူအများသည် မြေအပြည့်ထည့်ထားသော တောင်းကြီးများကို ရွက်သူရွက်၊ သယ်သူသယ်ဖြင့် ပျားပန်းခတ်မျှ အလုပ်လုပ်နေကြသည်ကို တွေ့မြင်ရသည်။ ထိုလူများသည် မိမိတို့ရွက်ကြ သယ်ကြသော မြေကြီးများကို စခန်းအလယ်ရှိ ကွက်လပ်ကျယ်ကြီးတွင် လောင်းချကြသည်။ ဤနည်းအားဖြင့် မြေကွက်လပ်ကျယ်ကြီး၌ မြေပုံကြီးသည် မြင့်သည်ထက်မြင့်၊ မောက်သည်ထက် မောက်လာတော့သည်။ လင်းယုန်နက်လည်း ထိုမြင်ကွင်းကို ကြည့်ရင်း 'ဤလူများက တောင်ကြီးတစ်တောင် ဖို့နေပါကလား' ဟု တွေးတောကာ ရယ်ချင်စိတ်တို့ တလိမ့်လိမ့် လိမ့်တက်လာသည်ကို အတင်းချုပ်တည်းထားရရှာသည်။

လင်းယုန်နက်လည်း စည်းရိုးတံတိုင်းနေရာ ကြားလပ်လေးမှ အတွင်းသို့ တစ်ချိန်လုံး ချောင်းကြည့်ရင်း ထိုသူများ ပြောကြားသမျှကို နားစွင့်ထောင်နေခဲ့သည်။ ထိုသူများ ပြောကြားသော ဘာသာစကားကို လင်းယုန်နက်သိရှိသော်လည်း ထိုသူများ ပြောကြားသည့် အကြောင်းအရာကိုကား ကြည်ကြည်လင်လင် နားလည်သဘောပေါက်ခြင်း မရှိပေ။

ဤသို့ဖြင့် တစ်ချိန်လုံး ဖွဲကောင်းကောင်းနှင့် ချောင်းမြောင်းထောက်လှမ်းနေရာ နေမွန်းတိမ်းအချိန်တွင် လင်းယုန်နက်ပုန်းခိုနေသော စည်းရိုးတံတိုင်းအနီးသို့ လူနှစ်ယောက် လျှောက်လာပြီး စကားရပ်ပြောနေသည်ကို တွေ့ရ သည်။ ထိုသူများ၏ ဝတ်စားဆင်ယင်ထားပုံမှာ အခြားသူများနှင့်မတူဘဲ ထူး ခြားတောက်ပြောင်ခမ်းနားသည်ကို လင်းယုန်နက် သတိပြုမိသည်။ ထို့ကြောင့် လင်းယုန်နက်လည်း အထူးစိတ်ဝင်စားသွားပြီး ဆက်လက်ချောင်းမြောင်းကြည့်ရှုနေရာ အတန်ကြာသောအခါ၌ ထိုလူနှစ်ဦးရှိရာသို့ လူကြီးတစ်ယောက်လျှောက်လာသည်ကို တွေ့ရသည်။ ထိုတတိယလူကြီး ရောက်လာသည်နှင့် တစ်ပြိုင်နက် ယခင်စကားပြောနေသည့် လူနှစ်ဦးအနက် လူတစ်ဦးသည် အပါးမှ ရှောင်ထွက်သွားသည်ကို မြင်ရသည်။ ကျန်ရစ်သောလူနှင့် နောက်ရောက်လာသော လူကြီးတို့လည်း အတန်ကြာအောင် စကားပြောနေကြပြီးမှ လူချင်းခွဲသွားကြသည်။

ထိုအခါ လင်းယုန်နက်လည်း အတန်ကြာအောင် ချောင်းမြောင်းကြည့်နေပြီးနောက်၊ အစ္စတိုင်း စောင့်ကျန်နေသော တောအုပ်ဘက်သို့ အလျင် အမြန်ဆုံး ပြန်လည်ထွက်ခွာလာခဲ့သည်။

အစ္စတိုင်းနှင့် တွေ့ဆုံသောအခါ လင်းယုန်နက်လည်း မိမိတွေ့ရမြင်ရသော အကြောင်းအရာတို့ကို အသေးစိတ် ပြန်ပြောင်းပြောကြားပြီးနောက်

"ကျုပ် နောက်ဆုံးတွေ့ရတဲ့ သူတွေဟာ အဲဒီလူမျိုးတွေရဲ့ အကြီးအကဲ ဖြစ်ရမယ်။ သူတို့ ဝတ်ဆင်ထားတဲ့ ဝတ်စားတန်ဆာတွေဟာ အစိမ်းရောင်ငှက်မွေးတောင် လှလှလေးတွေနဲ့ အဆန်းတကြယ် ပြုထားတယ်။ အဲဒီ ဝတ်စားတန်ဆာတွေဟာ ကျုပ်တို့ဝတ်စားဆန်ဆာတွေနဲ့ နှိုင်းယှဉ်ရင် ပိုပြီး နူးညံ့ပုံရတယ်။ ပိုပြီး ပါးပုံရတယ်။ ပြီးတော့ ပိုပြီးလည်း လှပဆန်းကြယ်တယ်" ဟု ပြောကြားသည်။

ထိုအခါ အစ္စတိုင်းက –

"သူတို့စခန်းမှာ အကြီးအကဲတွေနေတဲ့ စံအိမ်တော်ကြီးကော ရှိလား" ဟု မေးလိုက်ရာ၊ လင်းယုန်နက် –

"သူတို့စခန်းအလယ်က မြေကွက်လပ် ကျယ်ကြီးမှာတော့ အလွန်ကြီးကျယ်ထူးဆန်းတဲ့ အဆောက်အဦးကြီး ဆောက်နေတဲ့ လက္ခဏာတော့ တွေ့ရတယ်။ သစ်တပ်စည်းရိုးတံတိုင်းထဲမှာရှိတဲ့ လူအားလုံးပဲ မြေကွက်လပ်ကျယ်ကြီးထဲကို မြေကြီးတွေ သယ်သွားကြတယ်။ ပြီးတော့ တောင်လောက်နီးနီးမြင့်နေတဲ့ မြေပုံကြီးပေါ်ကို မြေကြီးတွေ လောင်းချကြတယ်။ ဒီနည်းနဲ့ သူတို့ဟာ တောင်ကြီးတစ်တောင်ကို ဖန်တီးနေကြတယ်။ တောင်ကြီးကို ဖန်

www.burmeseclassic.com


တီးလို့ ပြီးတဲ့အခါမှာတော့ အဲဒီတောင်ကြီးပေါ်မှာ အဆောက်အဦးကြီးတစ်ခု ဆောက်လုပ်မယ် ထင်ပါရဲ့”ဟု ပြောကြားသည်။ ထို့နောက် ဆက်လက်၍

“သူငယ်ချင်းရေ။ ဒီလူမျိုးတွေဟာ သိပ်ထူးဆန်းတဲ့ လူမျိုးတွေပဲကွယ့်။ ငါတွေ့ဖူးတဲ့ ဘယ်လူမျိုးနဲ့ မတူကြဘူး။ သူတို့ဟာ နတ်ဘုရားတွေနဲ့တော့ အလွန်တူတယ်။ ဒါပေမဲ့ နတ်ဘုရားတွေတော့ ဟုတ်ဟန်မတူဘူး။ နတ်ဘုရားတွေဆိုရင် ဘယ်မှာ မြေကြီးတွေ သယ်နေပါ့မလဲ”ဟု ပြောကြားရာမှ –

“ဘာပဲဖြစ်ဖြစ်ကွာ။ ငါတော့ သူတို့အကြီးအကဲကို လက်ရဖမ်းယူမယ်။ ပြီးတော့မှ သူတို့ဟာ ဘာနဲ့တူတယ်ဆိုတာကို သေသေချာချာ ဆန်းစစ်ကြည့်ကြတာပေါ့” ဟု ပြောကြားသည်။

ထိုအခါ အစ္စတိုင်းက –

“သူတို့က အခိုင်အခံ့ကာရံထားတဲ့ သစ်လုံး စည်းရိုးတံတိုင်းထဲမှာ နေကြတယ်ဆို။ အဲဒီ စည်းရိုးတံတိုင်းထဲကို မင်းဘယ်လိုဝင်မလဲ။ သူတို့အကြီးအကဲကို မင်းဘယ်လို လက်ရဖမ်းမလဲ”ဟု မေးလိုက်ရာ လင်းယုန်နက်က –

“စည်းရိုးတံတိုင်းထဲ ဝင်ပြီးဖမ်းဖို့ ကျုပ် မကြိုးစားပါဖူးဗျာ။ အဲဒီ စည်းရိုးတံတိုင်းထဲက သူတို့အကြီးအကဲ ထွက်လာတာကို စောင့်ပြီးမှ ဖမ်းယူမှာပါ” ဟု ဖြေကြားလိုက်သည်။

ထိုအခါ အစ္စတိုင်းက –

“သူတို့အကြီးအကဲက စည်းရိုးတံတိုင်းထဲက အပြင်ကို ထွက်ပါ့မလား” ဟု မေးလိုက်ရာ လင်းယုန်နက် က –

“ထွက်မှာပါ။ ဒီအတွက် လုံးဝစိတ်မပူပါနဲ့။ တောင်ကြီးကို ဆောင်ရွက်နေတဲ့လူမျိုးရဲ့ အကြီးအကဲဟာ သစ်လုံးစည်းရိုးတံတိုင်းကာထားတဲ့ အဲဒီ မြေကွက်လေးလောက် စိုးမိုးအုပ်ချုပ်ရရုံနဲ့ ကျေနပ် ရောင့်ရဲမယ် ထင်သလား။ ဟောဒီ ပတ်ဝန်းကျင်တစ်ခွင်လုံး၊ ဟောဒီ နယ်မြေဒေသကြီးတစ်ခုလုံးကို စိုးမိုးအုပ်ချုပ်ရတဲ့အထိ ဆက်လက်ကြိုးပမ်းအားထုတ်မှာ သေချာပါတယ်ဗျာ။ ဒီတော့ စည်းရိုးတံတိုင်းထဲက တစ်နေ့မဟုတ် တစ်နေ့ထွက်လာမှာပေါ့။ အဲဒီလို ထွက်လာတဲ့အချိန်ကိုတော့ ကျုပ်က စိတ်ရှည်လက်ရှည် စောင့်ရမှာပဲ” ဟု ဖြေကြားပြီးနောက် –

“အင်း … ကျုပ်နဲ့တော့ တစ်ပွဲတစ်လမ်း တွေ့ကြရသေးတာပေါ့လေ” ဟု ကြုံးဝါးလိုက်သည်။

◈

www.burmeseclassic.com

၉

# လင်းယုန်နက်နှင့် ကျားသစ်

လင်းယုန်နက်နှင့် အစ္စတိုင်းတို့လည်း တောတွင်းတစ်နေရာ၌ပုန်းပြီး သစ်လုံးစည်းရိုးတံတိုင်း ကာရံထားသော မာယာလူမျိုးတို့၏ ရွာသစ်ကြီးကို စိတ်ရှည် လက်ရှည် ချောင်းမြောင်းစောင့်ကြည့်ရှုနေကြသည်။

ထိုအခါ မာယာရွာသစ်တွင်းမှ မာယာလူမျိုးများသည် အဖွဲ့လိုက် အဖွဲ့လိုက် ထွက်လာပြီး ပင်လယ်ဘက်သို့ သွားကြသည်ကို တွေ့ရသည်။ ထို့နောက် ဝါးလုံးရှည်ကြီးတွင် ငါးတွေကိုသီပြီး ပင်လယ်ဘက်မှ ပြန်လာကြသည်ကို တွေ့ရသည်။ ထို့ပြင်လူတစ်ရပ်ကျော်ကျော်မြင့်သည့် သစ်လုံးစည်းရိုးတံတိုင်းထက်ပင် အများကြီးမြင့်နေပြီဖြစ်သော မြေတောင်ပို့ထိပ်၌ မာယာလူမျိုးအချို့ အဆောက်အဦတစ်ခု ဆောက်နေသည်ကိုလည်း တွေ့ရသည်။ သို့သော် မာယာလူမျိုးတို့၏ အကြီးအကဲကို လုံးဝမတွေ့ရပေ။

သို့သော် စိတ်ရှည်လက်ရှည်ဆက်ပြီး စောင့်နေကြရာ တတိယမြောက်သောနေ့တွင်မူ ရွာတံခါးမကြီး ရုတ်တရက် ပွင့်သွားပြီး အတွင်းမှ လူနှစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။ ထိုအခါ လင်းယုန်နက်လည်း အစ္စတိုင်းဘက်သို့ လှည့်ကာ အသာခေါင်းညိတ်ပြလိုက်သည်။

ရွာတံခါးမကြီးအတွင်းမှ ထွက်လာကြသောသူ နှစ်ဦးမှာ အခြားသာမန် ရွာသူရွာသားများနှင့် ဝတ်စားဆင်ယင်ပုံ၌ လုံးဝမတူကြပေ။ သူတို့၏ အဝတ်တန်ဆာတို့မှာ ပို၍လှပကောင်းမွန်ပြီး ဆန်းကြယ်လှပေသည်။ ထို့ပြင် သူတို့၏ ခေါင်း၌လည်း အရောင်အသွေးစုံနေသော ငှက်မွေးတို့ဖြင့် အဆန်းတကြယ်ပြုသည့် ခေါင်းဆောင်းတန်ဆာတစ်မျိုးကို ဆင်မြန်းထားကြသည်။

www.burmeseclassic.com



ထိုလူနှစ်ဦးကို အစ္စတိုင်းက မျက်လုံးအပြူးသားနှင့် စိတ်ဝင်စားစွာ ကြည့်နေရာ လင်းယုန်နက်က ပြုံးပြီး –

“သူတို့က အကြီးအကဲတွေပေါ့။ သူတို့ ဘာလုပ်ကြမလဲဆိုတာ အစအဆုံး စောင့်ကြည့်ရအောင်” ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ရွာတံခါးမကြီးအတွင်းမှ ထွက်လာကြသော အကြီးအကဲနှစ်ဦးသည် အခြားငါးဖမ်းထွက်သည့် ရွာသူရွာသားများကဲ့သို့ ပင်လယ်ဘက်သို့ မသွားကြဘဲ၊ တောအုပ်တွင်းသို့ လျှောက်သွားကြသည်။ ထိုအခါ လင်းယုန်နက်က အစ္စတိုင်းကို စောင့်ဆိုင်းနေရန် အချက်ပြပြီးနောက် ထိုအကြီးအကဲနှစ်ဦးနောက်သို့ ခြေသံမကြားအောင် အထူးသတိဝီရိယထားပြီး နောက်ယောင်ခံလိုက်လာခဲ့သည်။

မာယာအကြီးအကဲနှစ်ဦးလည်း တောအုပ်တွင်းသို့ လျှောက်လာကြပြီးနောက် ရေတသွင်သွင် စီးနေသော ချောင်းတစ်ခုဘေးတွင် ရပ်နားလိုက်ကြသည်။ ထိုအခါ လင်းယုန်နက်လည်း ထိုအကြီးအကဲနှစ်ဦး ရပ်နားနေသော နေရာအနီး၌ ပေါက်နေသည့် သစ်ပင်ကြီး၏ အကိုင်းတစ်ကိုင်းကို ဖျတ်ခနဲ လှမ်းဆွဲကာ သစ်ပင်ကြီးပေါ်သို့ ပေါ့ပါးသွက်လက်စွာ တက်လိုက်သည်။ ထို့နောက် အကြီးအကဲနှစ်ဦး ရပ်နားနေသော နေရာကို မိုးပြီး တည်ရှိနေသည့် သစ်ကိုင်းပေါ်တွင် ပုန်းခိုရင်း အကြီးအကဲနှစ်ဦးပြောကြားနေကြသော စကားတို့ ကို နားစွင့်ထောင်လိုက်သည်။

ထိုအခိုက်တွင် အသက်အရွယ် နုနယ်သော အကြီးအကဲက –

“ဂိုဏ်းချုပ်ကြီး၊ ကျုပ်တို့ စိုက်ပျိုးခင်းတွေအတွက် မိုးရေရအောင် ကျုပ်က ဘယ်လိုလုပ်မယ်ဆိုတာကို အခု ရှင်းပြပါ့မယ်” ဟု ပြောကြားပြီး လက်တွင်းရှိ တုတ်တစ်ချောင်းဖြင့် မြေကြီးပေါ်တွင် ပုံများရေးဆွဲပြနေရာ လင်းယုန်နက်လည်း မြေကြီးပေါ်က ပုံများကို စိတ်ဝင်စားစွာ လှမ်းကြည့်ရင်း နားစွင့်ထောင်နေလိုက်သည်။

ထိုအခိုက်တွင် အကြီးအကဲ လုလင်ပျိုက –

“ဟောဒီနေရာမှာ တမံတုတ်ပြီး ဆည်ကြီးတစ်ခုတည်ဖို့ ကျုပ် စိတ်ကူးထားတယ်။ အဲဒီလို ဆည်ကြီးတည်ပြီးတဲ့အခါ အဲဒီဆည်ကြီးက ကျုပ်တို့ စိုက်ပျိုးခင်းတွေထဲကို အရောက် မြောင်းတွေသွယ်ပြီး ရေသွင်းမယ်။ ဒီလိုနည်းနဲ့ ကျုပ်တို့စိုက်ပျိုးခင်းတွေမှာ အမြဲမိုးရေရနေမယ်။ နတ်ဘုရားတွေဆီက မိုးရေရအောင် မိုးရွာပေးတော်မူပါလို့ ဆုတောင်းနေစရာလည်း လုံးဝ မလိုတော့ဘူး” ဟု ပြောကြားရှင်းပြရာ အသက်အရွယ်ကြီးသော အကြီးအကဲက အသာခေါင်းယမ်းရင်း –

"အရှင်ဘာလမ်း။ ဒီလိုပြုမှုတာဟာ နတ်ဘုရားတွေရဲ့ အရေးကိစ္စမှာ အရှင် ပါဝင်စွက်ဖက်ရာ ကျပါတယ်" ဟု ပြောကြားလိုက်သည်။

သစ်ကိုင်းထက်၌ ပုန်းခိုရင်း အကြီးအကဲနှစ်ဦးတို့ ပြောကြားနေသော စကားကို ချောင်းမြောင်းနားထောင်နေသော လင်းယုန်နက်လည်း 'ဆည်တူး မြောင်း၊ မိုးမရွာဘဲ ရသောရေ' စသော စကားဆန်းတို့အတွက် အလွန်အမင်း အံ့အားသင့်နေမိသည်။ ထိုစကားဆန်းများ မည်သည့်အဓိပ္ပာယ်ဆောင်ကြ သည်ကိုလည်း မတွေးတောတတ်ရှာပေ။

ထိုအခိုက်တွင် အကြီးအကဲလုလင်ပျိုသည် အကြီးအကဲအဘိုးကြီး ကို ပြုံးကြည့်ပြီးနောက် ချောင်းနံဘေးတစ်လျှောက်အတူ လမ်းလျှောက်သွား ကြသည်။ ထို့ကြောင့် အကြီးအကဲနှစ်ယောက် မည်သည့်စကားများ ဆက် လက် ပြောကြားကြသည်ကို လုံးဝ မကြားမသိတော့ပေ။ သို့သော် တစ်စုံ တစ်ရာသော အကြောင်းကိစ္စနှင့် ပတ်သက်၍ အခြေအတင် ပြောဆိုငြင်းခုန်နေ သည်ကိုကား ရိပ်စားသိရှိနေသည်။

အတန်ကြာသောအခါ အကြီးအကဲနှစ်ယောက်လည်း လင်းယုန် နက် ပုန်းခိုနေသော သစ်ကိုင်းအောက်သို့ ပြန်လျှောက်လာသည်ကို တွေ့ရ သည်။ ထို့အတူ အကြီးအကဲ လုလင်ပျိုက –

"ဂိုဏ်းချုပ်ကြီး ... ကျုပ် ရှင်းပြတာကို သဘောမပေါက်သေးဘူး လား။ ကျုပ်လူတွေရဲ့ ဘဝကံကြမ္မာကို နတ်ဘုရားတွေလက်ထဲ ဝကွက်ပြီး အပ်မထားနိုင်ဘူး။ နတ်ဘုရားတွေ အလိုတော်ရှိမှ ရွာသွန်းမယ့်မိုးရေကို မစောင့် စား မမျှော်ကိုးနိုင်ဘူး။ ဒီတော့ ကျုပ်တို့ အလိုရှိတဲ့အချိန်အခါမှာ မိုးရေအမြဲ မပြတ် ရနေဖို့အတွက် ကျုပ်တို့ဟာ ဆည်ကြီးကို မဖြစ်မနေ ဆောက်ရမယ်။ အဲဒါဟာ ကျုပ်ရဲ့ ဆုံးဖြတ်ချက်၊ ကျုပ်ရဲ့အမိန့်ပဲ" ဟု ပြတ်ပြတ်သားသား ပြောကြားလိုက်သည်ကိုလည်း ကြားရသည်။

ထိုအခါ လင်းယုန်နက်လည်း 'အကြီးအကဲ လုလင်ပျိုကား မိမိ စိတ်ကူး၊ မိမိအကြံအစည်၊ မိမိဆုံးဖြတ်ချက်အတိုင်း ပြတ်ပြတ်သားသား ဆောင်ရွက်တတ်သော သူပါတကား။ တကယ့်ခေါင်းဆောင်ကောင်း အရည် အချင်းနှင့် ပြည့်စုံသူပါတကား" ဟု တွေးသော မှတ်ချက်ချနေမိသည်။

ထိုအခိုက်တွင် လင်းယုန်နက်၏ အောက်တည့်တည့်တွင် ရှိနေသော အကြီးအကဲနှစ်ဦးလည်း တစ်ဦးနှင့်တစ်ဦး စကားဆက်မပြောကြပဲ တစ်ဦးကို တစ်ဦး အတန်ကြာအောင် တွေပြီး စိုက်ကြည့်နေသည်။ ထို့နောက် ဘာလမ်း အမည်ရှိ အကြီးအကဲ လုလင်ပျိုလည်း ချာခနဲ လှည့်ကာ စည်းရိုးတံတိုင်း ကာထားသော ရွာဘက်သို့ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com



ထိုအခိုက်တွင် လင်းယုန်နက်သည် ခါးမှ ကျောက်ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်ပြီးနောက်၊ ကြောင်တစ်ကောင်၏ ပေါ့ပါးလျင်မြန်မှုဖြင့် သစ် ကိုင်းပေါ်မှ အောက်သို့ ဖျတ်ခနဲ ခုန်ဆင်းလိုက်ရာ မာယာဘုရင်ဘာလမ်း၏ ကျောနောက်နားတွင် ကပ်ပြီး ကျရောက်သွားသည်။

ထိုအခါ မာယာဘုရင်လည်း ဆတ်ခနဲ လန့်သွားပြီးလျှင် ဖျတ်ခနဲ ခြေလှမ်းကိုတုန့်လိုက်ပြီးလျှင် ရုတ်တရက် ကျရောက်လာသော ဘေးအန္တရာယ် မှ ကာကွယ်ရန် ကိုယ်ကို အသင့်ပြင်လိုက်သည်။ ထိုအခိုက်တွင်ပင် အလွန် လျင်မြန်လှသော လင်းယုန်နက်လည်း မာယာဘုရင်၏ လည်တိုင်ကို ဘယ် လက်ဖြင့် နောက်မှနေပြီး ဖျတ်ခနဲ ရစ်ပတ်လိုက်သည်။ ထို့နောက် ကျောက်ဓား မြှောင်ကိုင်ထားသော ညာလက်ဖြင့် မာယာဘုရင်၏ ရင်ညွန့်ကို ထိုးချိန်လိုက် ပြီးလျှင် ကိုယ်ကို တစ်ပတ်လှည့်လိုက်ရာ၊ ကြောက်လန့်တကြားဖြင့် ငေးကြည့် နေသော မာယာဂိုဏ်းချုပ်ကြီးအာမင်းနှင့် မျက်နှာချင်းဆိုင်မိသွားတော့သည်။

ထိုအခါ လင်းယုန်နက်လည်း မိမိကို ကြောက်လန့်တကြား ငေး ကြည့်နေသည့် ဂိုဏ်းချုပ်ကြီးအာမင်းကို စိန်းစိန်းကြည့်ရင်း –

"ဒီမှာ ... အဘိုးကြီး။ ခင်ဗျားတို့ အကြီးအကဲကို ကျုပ်ဖမ်းခေါ်သွား တဲ့အကြောင်းကို ခင်ဗျားတို့ လူမျိုးတွေကို အပြေးသွားပြောလော့။ ပြီးတော့ ဟောဒီမြေကြီးပေါ်က ပိုးကောင်မွှားကောင်တွေကို ခြေထောက်နဲ့ နင်းချေပစ် သလို၊ ခင်ဗျားတို့တစ်တွေကို ကျုပ်ရဲ့ စစ်သည်တော်တွေက မကြာမီ လာ ရောက်ပြီး သတ်ဖြတ်နင်းမယ့်အကြောင်းကိုလည်း အပြေး သွားပြောလော့" ဟု အော်ပြောလိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း ရှိသမျှ ခွန်အားတို့ကို ဖျစ်ညှစ်သုံးပြီးလျှင် မိမိ၏ လည်တိုင်ကို ရစ်ပတ်ထားသော လင်းယုန်နက်၏ လက်ကို ဆွဲဖြည်ကာ၊ တအားကုန်ဆောင့်တွန်းလိုက်သည်။ ထိုအခါ လင်းယုန် နက်လည်း သမင်ဒရယ် စသော သားကောင်ငယ်လေးများကို ဖမ်းဆီးသတ် ဖြတ်ရန်အတွက် အရှိန်ယူနေသော သားရဲသတ္တဝါကြီးကဲ့သို့ ကိုယ်ကို အသင့် ပြင်ထားရာမှ မာယာဘုရင်ဘာလမ်းကို ခပ်ပြုံးပြုံး ကြည့်လိုက်သည်။ ထို့ နောက် မိမိခါးတွင် ချိတ်ထားသော ကျောက်တင်းပုတ်ကြီးကို ဖျတ်ခနဲ ဆွဲ ထုတ်လိုက်သည်။

ထို့နောက်တွင်ကား လင်းယုန်နက်နှင့် မာယာဘုရင်တို့သည် တစ်ဦး အလစ်ကို တစ်ဦးချောင်းရင်း လှည့်ပတ်ရွေ့လျားနေကြသည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"ဒီလို နှစ်ယောက်တည်း စီးနင်းတွေ့ရတာ ကောင်းသဗျာ။ ခင်ဗျားကို ကျုပ်မသေသေအောင် အနိုင်သတ်ပြပါ့မယ်" ဟု ပြောကြားလိုက်ရာ မာယာဘုရင်ဘာလမ်းက မည်သို့မှ ပြန်မပြောဘဲ လက်တွင်းရှိ ကျောက်ဓားကြီးဖြင့် ဆတ်ခနဲ ထိုးလိုက်သည်။ သို့သော် လင်းယုန်နက်က ကိုယ်ကို အသာတိမ်းကာ လွတ်ရုံလေး ရှောင်ရင်း လက်တွင်းရှိ ကျောက်တင်းပုတ်ကြီးဖြင့် ကာဖယ်, ဖယ်လိုက်သည်။

ထို့နောက် နှစ်ယောက်သားတစ်ဦးကိုတစ်ဦးကို စိန်းစိန်းကြည့်ပြီး တစ်ဦး အလစ်ကို တစ်ဦး ချောင်းရင်း လှည့်ပတ်ရွေ့လျားနေကြပြန်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်နှင့် ပတ်သက်ပြီး အမျိုးမျိုး အပြေးအလွှား တွေးတောစဉ်းစားနေရှာသည်။

"ငါ့ကို ရန်ရှာတဲ့ ဒီလူက ဘယ်လူလဲ။ ဘာလူမျိုးလဲ။ သူက သူတို့လူမျိုးစုရဲ့ ခေါင်းဆောင်လား။ သူဝတ်ထားတဲ့ ဝတ်စားတန်ဆာတွေကလည်း တိရစ္ဆာန်သားရေတွေနဲ့ ပြုထားတာချည်းပဲ။ ပြီးတော့ သူ့ခေါင်းကိုလည်း ပြောင်နေအောင် ရိတ်ထားတယ်။ သြော် ... သြော် ... ကျစ်ဆံမြီးတစ်ချောင်းတော့ ရှိပါသေးကလား။ ပြီးတော့ သူဟာ လူငါးယောက်နီးပါး အင်အားကြီးမားတယ်။ ငါ့လည်တိုင်ကို ရစ်ပတ်ထားတုန်းကများ အသက်ရှူကြပ်ပြီး ရုတ်တရက် အသက်ထွက်သွားမလား အောက်မေ့ရတယ်။ ဒီတော့ သူဟာ ငါတို့ရောက်ရှိနေတဲ့ ဟောဒီနယ်မြေဒေသသစ်ရဲ့ အကြီးအကဲဖြစ်မှာပဲ။ ခေါင်းဆောင်ဖြစ်မှာပဲ"

ဤသို့ တွေးတောနေခိုက်တွင် လင်းယုန်နက်သည် လက်တွင်းရှိ ကျောက်တင်းပုတ်ကြီး တဝီဝီမြည်အောင် ဝှေ့ယမ်းပြီး မာယာဘုရင်ဘာလမ်းကို အရှိန်ဖြင့် ထုလိုက်သည်။ ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ဆေးသို့ ဖျတ်ခနဲ အသာတိမ်းရင်း လက်တွင်းရှိ ကျောက်ဓားကြီးဖြင့် လင်းယုန်နက်ကို ဆတ်ခနဲ လှမ်းထိုးလိုက်သည်။ လင်းယုန်နက်လည်း ဓားချက်မှ လွတ်ရုံ ဖျတ် ခနဲ တိမ်းကာ၊ မာယာဘုရင် ဘာလမ်းကို ကျောက်တင်းပုတ်ကြီးဖြင့် တုန့်ပြန် တိုက်ခိုက်ကြသည်။

ဤသို့ဖြင့် လင်းယုန်နက်နှင့် မာယာဘုရင်ဘာလမ်းတို့သည် တစ်ဦးနှင့်တစ်ဦး ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသည်။ ထိုသို့ တိုက်ခိုက်နေခိုက်တွင် လင်းယုန်နက်က တဟားဟား ရယ်မောနေရာ မာယာဘုရင်ဘာလမ်းလည်း ကြောက်စိတ် လုံးဝကင်းသော မိမိရန်သူကို ရုတ်တရက်ငေးပြီး ကြည့်နေလိုက်မိသည်။ ထိုသို့ တဒင်္ဂမျှ သတိလစ်သွားခိုက်တွင် လင်းယုန်နက်၏

ကျောက်တင်းပုတ်ကြီးသည် မာယာဘုရင် ဘာလမ်း၏ ဘယ်ပခုံးစွန်းကို ထိမိ သွားတော့သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ရုတ်တရက် ရရှိလိုက်သော ဒဏ်ရာကြောင့် တုန်လှုပ်ထိတ်လန့်သွားရာ လင်းယုန်နက်လည်း မာယာဘုရင် ဘာလမ်း၏ မျက်နှာကို စေ့စေ့ကြည့်နေရာမှ ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ထို့နောက် –

"လူ့ဘီလူးကြီးတွေကလည်း သွေးထွက်ပါကလား" ဟု တစ်ကိုယ်တည်း ရေရွတ်ပြီး ထပ်မံ၍ တဟားဟား ရယ်မောပြန်သည်။

ထိုအခိုက်တွင် လင်းယုန်နက်နှင့် မာယာဘုရင် ဘာလမ်းတို့ အသေအကြေတိုက်ခိုက်နေသောနေရာသို့ အပြေးအလွှား ပြေးလာကြသော ခြေသံတို့ကို ကြားရသည်။ ထို့ကြောင့် ဆတ်ခနဲ ပြိုင်တူလှည့်ကြည့်လိုက်သော် သေနာပတိ အာဟာလပ် ဦးဆောင်လာသော မာယာစစ်သည်တော်တစ်စုကို တွေ့မြင်ကြရသည်။

သေနာပတိ အာဟာလပ်နှင့် မာယာစစ်သည်တော်များလည်း လင်းယုန်နက်နှင့် မာယာဘုရင်ဘာလမ်းတို့ကို ဝန်းပတ်ပြီး နေရာယူထားကြရာမှ လင်းယုန်နက်ကို အသင့်ကိုင်စွဲထားကြသော ကျောက်သွားတပ်လှံတံကြီးများဖြင့် ချိန်ရွယ်ထားကြသည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက –

"နောက်ဆုတ်ကြ" ဟု အမိန့်ပေးလိုက်ရာ သေနာပတိ အာဟာလပ်နှင့် မာယာစစ်သည်တော်တို့သည် နောက်သို့ ခပ်ကြဲကြဲ ဆုတ်ပေးကြသည်။ သို့သော် လင်းယုန်နက်နှင့် မာယာဘုရင်ဘာလမ်းတို့ကို ဝန်းထားမြဲ ဝန်းရံထား ကြသည်။ လင်းယုန်နက်ကို ကျောက်လှံတံကြီးများဖြင့် ချိန်ရွယ်ထားမြဲ ချိန် ရွယ်ထားကြသည်။

ထိုအခိုက်တွင် လက်တစ်ဘက်က ကျောက်ဓားမြှောင်ကို ကိုင်ထားပြီး လက်တစ်ဘက်က ကျောက်တင်းပုတ်ကြီးကို ကိုင်ထားသော လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းကို အတင်းဝင်ပြီး တိုက်ခိုက်ပြန်သည်။ ထိုအခါ မာယာဘုရင်ဘာလမ်းမှာ ဘယ်ပခုံးစွန်းတွင် ဒဏ်ရာရကာ သွေးတစိမ့်စိမ့်ထွက်နေသောကြောင့် ဘယ်လက်ကို လုံးဝ အသုံးမပြုနိုင်ရှာဘဲ ကျောက်ဓားကြီးကို ကိုင်ထားသော ညာဘက်တစ်ဖက်တည်းဖြင့်သာ အပြင်းအထန် ခုခံတိုက်ခိုက်နေရတော့သည်။

ထိုသို့ ခုခံတိုက်ခိုက်နေရာမှ မာယာဘုရင် ဘာလမ်းလည်း လင်းယုန်နက်အလစ်တွင် ရင်ညွန့်တည့်တည့်ကို ကျောက်ဓားကြီးဖြင့် လှစ်ခနဲ ထိုးသွင်း

www.burmeseclassic.com



လိုက်ရာ လင်းယုန်နက်မှာ နောက်သို့ ဖျတ်ခနဲ ဆုတ်ရင်း ရင်ညွှန့်တည့်တည့်သို့ လှစ်ခနဲ ဝင်လာသော မာယာဘုရင်ဘာလမ်း၏ ကျောက်ဓားကြီးကို လက်တွင်းရှိ ကျောက်တင်းပုတ်ကြီးဖြင့် အတင်းရိုက်ပုတ် ဖယ်ရှားလိုက်ရသည်။ ထိုအခိုက်တွင် လင်းယုန်နက်လည်း ကိုယ့်ဟန်ချက်ကို ကိုယ်မထိန်းနိုင်တော့ဘဲ ပက်လက်လန် လဲကျသွားတော့သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း တိုက်ပွဲကို လက်စသိမ်းလိုဟန်ဖြင့် ပက်လက်လန် လဲနေသော လင်းယုန်နက်၏ ရင်ညွှန့်ကို စိုက်ဓားတစ်ချက် သွင်းလိုက်သည်။ သို့သော် လင်းယုန်နက်က ကိုယ်ကို တစ်ဘက်သို့ ဖျတ်ခနဲ လိမ့်ရှောင်လိုက်ပြီးနောက် မိမိအနားကပ်လာသော မာယာဘုရင် ဘာလမ်း၏ နံစောင်းကို ကျောက်တင်းပုတ်ကြီးဖြင့် တစ်ချက် လှမ်းထုလိုက်သည်။ ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ကိုယ်ကို မထိန်းနိုင်ရှာဘဲ မြေကြီးပေါ်သို့ ဒူးညွှတ်ကျသွားရာမှ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ရာ မိန်းမပျိုအိချယ်နှင့် အခြား မိန်းမပျိုတို့ မလှမ်းမကမ်းသို့ ရောက်နေပြီး မိမိနှင့် လင်းယုန်နက်တို့ တိုက်ပွဲကို စိတ်ဝင်စားစွာ ငေးကြည့်နေသည်ကို မြင်လိုက်ရသည်။

ထိုအခိုက်တွင် မြေကြီးပေါ်သို့ လဲနေသော လင်းယုန်နက်လည်း ဖျတ်ခနဲ ခုန်ထလိုက်ပြီးလျှင် မိမိကို ဝိုင်းကြည့်နေသော လူအားလုံးကို ဖျတ်ခနဲ တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် မိမိ၏ ကျောက်တင်းပုတ် လက်ချက်ကြောင့် မြေကြီးပေါ်သို့ ဒူးညွှတ်ကျသွားသော မာယာဘုရင် ဘာလမ်းကို ကျောက်တင်းပုတ်ကြီးနှင့် အသေထုရန် ကျောက်တင်းပုတ်ကြီးကို တအားကုန် ပင့်မြှောက်လိုက်သည်။

ထိုအခိုက်တွင် ဘေးပတ်ပတ်လည်မှ ဝန်းရံထားကြကုန်သော သေနာပတိ အာဟာလပ် ဦးဆောင်သည့် မာယာစစ်သည်အပေါင်းတို့လည်း လင်းယုန်နက်ကို ဝိုင်းရံတိုက်ခိုက်ကြရာ လင်းယုန်နက်လည်း မြေကြီးပေါ်သို့ လဲကျသွားတော့သည်။ ထိုအခါ မာယာစစ်သည်တော်များက လင်းယုန်နက်ကို မလှုပ်သာ မလွန့်သာ မလှုပ်သာအောင် ဝိုင်းဝန်းချုပ်ကိုင်ထားကြပြီး သေနာပတိ အာဟာလပ်ကမူ လက်တွင်းရှိ ကျောက်ဓားကြီးဖြင့် လင်းယုန်နက်ကို အသေထိုးစိုက်ရန် ချိန်ရွယ်လိုက်သည်။ ထိုအခိုက်တွင်ပင် –

"ဟော့ ... မသတ်နဲ့ ... မသတ်နဲ့" ဟူသော အသံကြီး ထွက်ပေါ်လာရာ သေနာပတိအာဟာလပ်လည်း ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ထိုအခါ မာယာဘုန်းကြီးအချို့နှင့်အတူ ငေးကြည့်နေသော ဂိုဏ်းချုပ်ကြီးအာမင်းကို တွေ့ရသည်။

www.burmeseclassic.com


ဤတွင် သေနာပတိအာဟာလပ်သည် လင်းယုန်နက်ကို စိန်းစိန်း ကြည့်ရင်း ချိန်ရွယ်ထားသော ကျောက်ဓားကြီးကို ပြန်ရုပ်သိမ်းလိုက်သည်။ ထို့နောက် မာယာဘုရင် ဘာလမ်းအပါးသို့ လျှောက်သွားပြီး တွဲထူပေးလိုက်သည်။

လင်းယုန်နက်၏ ကျောက်တင်းပုတ် လက်ချက်မိသွားရကား မာယာဘုရင်ဘာလမ်းမှာ မတ်ရပ်ထ အလိုက်တွင် ကိုယ်ကို မဟန်နိုင်ဘဲ ယိမ်းထိုးသွားသည်။ ထို့နောက် အားတင်းကာ မတ်မတ်ရပ်လိုက်ပြီး လင်းယုန်နက်၏ မျက်နှာကို စိန်းစိန်းစိုက်ကြည့်လိုက်ရာ လင်းယုန်နက်က စိုးမရွံ့ထီမထင်သော အသွင်ဖြင့် မခန့်လေးစား ပြုံးပြလိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း ဒဏ်ရာရထားသော မိမိ၏နံဘေးကို တစ်စုံတစ်ရာနှင့်လာပြီး ဖိကပ်ပေးသကဲ့သို့ ခံစားရသော ကြောင့် လှည့်ကြည့်လိုက်ရာ လည်စည်းပဝါလေးဖြင့် မိမိဒဏ်ရာကို စည်း နှောင်ပေးနေသော မိန်းမပျို အိချယ်ကို တွေ့ရသည်။ ထို့ပြင် မိမိလှည့်အကြည့် တွင် မိန်းမပျိုအိချယ်၏ ကရုဏာ အပြုံးကိုလည်း မြင်လိုက်ရသည်။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်က မိမိဒဏ်ရာကို တယုတယ စည်းနှောင်ပေးနေသည်ကို ငြိမ်ခံရင်း မိန်းမပျိုအိချယ်ကို တရှိုက်မက်မက်ငေး ကြည့်နေသည်။

ထို့နောက် မာယာဘုရင်ဘာလမ်းသည် မိန်းမပျိုအိချယ်နှင့်အတူ ရွာဘက်သို့ လျှောက်သွားရာ မာယာစစ်သည်တော်များလည်း လက်နှစ်ဖက်ကို ကြိုးဖြင့် နှောင်ဖွဲ့ထားခြင်း ခံနေရသော လင်းယုန်နက်ကို အတင်းတွန်းထိုးပြီး ရွာဘက်သို့ ခေါ်ဆောင်ရင်း မာယာဘုရင်ဘာလမ်းတို့ နောက်ဘက်မှ ထပ်ချပ် မကွာ လိုက်ပါသွားကြသည်။

*

လင်းယုန်နက်၏အမိန့်အတိုင်း တောအုပ်တစ်နေရာတွင် စောင့်ဆိုင်းကျန်ရစ်ခဲ့သော လင်းယုန်နက်၏ သူငယ်ချင်း အစ္စတိုင်းသည် သစ်ပင်မြင့်ကြီးပေါ်သို့ တက်ပြီး လင်းယုန်နက်ရှိရာသို့ တစ်ချိန်လုံး လှမ်းမျှော်ကြည့်နေရကား လင်းယုန်နက်၏ ပြုမူလှုပ်ရှားမှုများအားလုံးကို တွေ့နေမြင်နေရသည်။

လင်းယုန်နက်နှင့် အကြီးအကဲ လုလင်ပျိုတို့ အပြင်းအထန် သူသေကိုယ်သေ တိုက်ပွဲကြီးကိုလည်းကောင်း၊ တိုက်ပွဲ၌ အနိုင်ရခါနီး လင်းယုန်နက် အဖမ်းခံသွားရသည့် အဖြစ်ကိုလည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com



လင်းယုန်နက်၏ လက်နှစ်ဖက်ကို ကြိုးနှင့်တုပ်ပြီး သစ်လုံးစည်းရိုးတံတိုင်း ကာထားသော ရွာဘက်သို့ တွန်းထိုးခေါ်သွားသည်ကို မြင်ရသောအခါ အစ္စတိုင်းလည်း မိမိလူမျိုးစု၏ ခေါင်းဆောင်၊ မိမိအချစ်ဆုံးသူငယ်ချင်း လင်းယုန်နက်အတွက် အပြင်းအထန် ဒေါသအမျက် ထွက်သွားသည်။ ထို့ကြောင့် အသင့်ပါလာသော လေးညှို့ကိုအားကုန်ဆွဲပြီး မြားတစ်စင်းပြီးတစ်စင်း ပစ်လွှတ်တိုက်ခိုက်ရန် ကြံရွယ်မိတော့သည်။

သို့သော် ... သို့သော် ... မိမိနေရာနှင့် ရန်သူတို့ရှိနေသော နေရာ ခရီးအကွာအဝေးမှာ အလွန်အလှမ်းဝေးနေရကား၊ မိမိစိတ်လိုက်မာန်ပါ ပစ်လွှတ်လိုက်သော မြားတစ်စင်းစင်းသည် မိမိတို့ လူမျိုးစုခေါင်းဆောင် လင်းယုန်နက်ကို ထိမှန်သွားနိုင်ကြောင်း ချက်ချင်းတွေးတော ဆင်ခြင်လိုက်မိသည်။ ထို့ကြောင့် အစ္စတိုင်းသည် မိမိဒေါသကို ချုပ်တည်းကာ မိမိတို့လူမျိုးစုခေါင်းဆောင် လင်းယုန်နက်ရှိရာသို့ အတန်ကြာအောင် ငေးကြည့်နေရှာသည်။

ထို့နောက် သစ်ပင်ထက်မှအောက်သို့ ပေါ့ပါးဖျတ်လတ်စွာ ဆင်းလာပြီးနောက်၊ မိမိတို့ လာခဲ့သော တောနက်ကြီးရှိရာသို့ တဟုန်ထိုးပြေးလာခဲ့သည်။ ထိုသို့ တဟုန်ထိုးပြေးလာခိုက်တွင် မိမိတို့ စခန်းသို့ ရောက်၍ အပေါင်းအဖော်များကို ခေါ်ပြီး ပြန်လာပါက လမ်းမမှားရလေအောင် အစ္စတိုင်းသည် လမ်းခရီးကို ခုတ်ထစ်မှတ်သားကာ မှတ်မှတ်ပြီး သွားရှာသည်။

*

မိန်းမပျိုအိချယ်နှင့်အတူ ရွာစည်းရိုးတံတိုင်းအတွင်းသို့ မာယာဘုရင်ဘာလမ်း ဝင်ရောက်လာခိုက်တွင် မာယာလူမျိုးအပေါင်းတို့လည်း လမ်းတစ်ဘက်တစ်ချက်တွင် ငြိမ်သက်စွာ ရပ်တန့်ပြီး ငေးကြည့်နေကြသည်။

ထိုအခိုက်တွင် မာယာစစ်သည်တော်တို့လည်း လက်နှစ်ဖက်ကို ကြိုးဖြင့် အခိုင်အခန့် တုပ်နှောင်ထားသော လင်းယုန်နက်ကို တွန်းထိုးပြီး ခေါ်ဆောင်လာခဲ့ရာ မာယာလူမျိုးအပေါင်းတို့လည်း လင်းယုန်နက်ကို တအံ့တသြငေးကြည့်ရင်း အချင်းချင်း တိုးတိုးတိုးတိုးနှင့် ပြောဆိုဝေဖန်နေကြသည်။

ထိုအခိုက်တွင် မာယာစစ်သည်တော်တို့ တွန်းထိုးခေါ်ဆောင်ခြင်းခံရသော လင်းယုန်နက်လည်း အတတ်နိုင်ဆုံး ကိုယ်ကိုမတ်မတ်ထားပြီးလျှင် မိမိကိုဝိုင်းပြီး ငေးကြည့်နေကြသော လူအပေါင်းတို့အား မထီလေးစားအမူအရာဖြင့် တုံ့ပြန်ကြည့်ရှုနေသည်။ ဤသို့ဖြင့် လင်းယုန်နက်သည် မာယာစစ်သည်တော်တို့ ခေါ်ဆောင်ရာသို့ ကန့်လန့် ကန့်လန့်နှင့် လိုက်ပါလာခဲ့ရာ အလွန် တရာကြီးမားလှသည့် နတ်ဘုရား ကျောင်းတော်ကြီးကို တည်ဆောက်နေ သောရွာလယ်ရှိ မြေကွက်လပ်ကျယ်ကြီးအပါးသို့ ရောက်ခဲ့သည်။ ထို့နောက်

www.burmeseclassic.com


နတ်ဘုရား ကျောင်းတော်ကြီး တည်ဆောက်ရာ မြေကွက်လပ်ကျယ်ကြီးကို ကျော်ဖြတ်ပြီး အနီးရှိ အိမ်ကြီးတစ်လုံးရှိရာသို့ ခေါ်ဆောင်သွားကြသည်။

ထိုအိမ်ကြီးမှာ မိမိလမ်းခရီး၌ တွေ့မြင်ဖြတ်သန်းလာခဲ့ရသော အိမ်များထက် ပို၍ ကြီးမားခံ့ထည်နေပြီး ထိုအိမ်ကြီးအတွင်းမှ မိမိနှင့် သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခဲ့သော အကြီးအကဲ လုလင်ပျို ဘာလမ်းထွက်လာသည်ကို တွေ့မြင်လိုက်သည်။ ထိုအကြီးအကဲ လုလင်ပျိုဘာလမ်းနှင့်အတူ မိမိကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသော စစ်သည်တော်များ၏ ခေါင်းဆောင်ကိုလည်း တွေ့မြင်လိုက်ရသည်။

ဤသို့ မာယာဘုရင် ဘာလမ်းကို တွေ့မြင်ရသောအခါ လင်းယုန်နက်၏အမျက်ဒေါသမီးတို့လည်း တဟုန်းဟုန်း တောက်လောင်လာတော့သည်။ ထို့ကြောင့် လင်းယုန်နက်သည် အတင်းအဓမ္မ အကြောက်အကန်ရုန်းကန်လိုက်ရာ လင်းယုန်နက်ကို ချုပ်ကိုင်ထားသော မာယာစစ်သည်တစ်ဦးမှာ အဝေးသို့လွင့်ထွက်သွားတော့သည်။ ထိုအခိုက်တွင် လင်းယုန်နက်လည်း ကြောက်မက်ဖွယ်ကောင်းသော အသံကြီးဖြင့် ဟစ်အော်ကြုံးဝါးပြီး မာယာဘုရင်ဘာလမ်းရှိရာသို့ တဟုန်ထိုးပြေးဝင်တော့သည်။

ထိုသို့ ပြေးဝင်သည်နှင့်တစ်ပြိုင်နက် အနီးရှိ မာယာစစ်သည်တော်တစ်ဦးလည်း လက်တွင်းရှိ ကျောက်လှံတံကြီးဖြင့် လင်းယုန်နက်၏ နံဘေးကို တအားကုန်ပစ်ထိုးလိုက်ရာ လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းထံသို့ ရောက်အောင် မသွားနိုင်တော့ဘဲ အသံနက်ကြီးဖြင့် တအားကုန်ဟစ်အော်ရင်း မြေကြီးပေါ်လိမ့်ကျသွားတော့သည်။

ထိုအခိုက်တွင် မာယာစစ်သည်တော်အပေါင်းလည်း လင်းယုန်နက်ကို ဝိုင်းရံလိုက်ကြပြီး ကျောက်လှံတံကြီးများဖြင့် ထိုးချိန်လိုက်ကြသည်။ ထို အခိုက်တွင်ပင် လင်းယုန်နက်၏ မျက်လုံးအစုံသည် မှိတ်ကျသွားတော့သည်။ လင်းယုန်နက်ကား ပြင်းထန်သော ဒဏ်ရာဒဏ်ချက်ကြောင့် သတိလစ်ကာ မေ့မျောသွားခဲ့လေပြီတကား။

◈

၁၀

# လင်းယုန်နက်၏ ကံကြမ္မာ

မာယာဘုရင်ဘာလမ်းသည် မိမိနံဘေးနှင့် ပခုံးတွင် ရထားသောဒဏ်ရာတို့ကို တယုတယ ဆေးထည့်ကာ အဝတ်စည်းနှောင်ပေးနေသော မိန်းမပျိုအိချယ်ကို ငေးကြည့်နေရာမှ မိမိနှင့် သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသော လူထွား ကြီးကို အမှတ်ရနေမိသည်။

ဤလူထွားကြီးကား ဤနယ်မြေဒေသရှိ တိုင်းရင်းသားလူမျိုးစုတို့၏ ခေါင်းဆောင်ကြီးဖြစ်၍၊ အမည်မှာ လင်းယုန်နက်ဟု ခေါ်တွင်ကြောင်း မိမိသိရှိခဲ့ပေပြီ။ ဤလင်းယုန်နက်ခေါ် လူထွားကြီးကား ခွန်အားဗလကြီးမား၍ တိုက် ရည်ခိုက်ရည်နှင့် ပြည့်စုံလှသူဖြစ်ပေသည်။ ထိုသို့သော သူမျိုးနှင့် သူသေကိုယ် သေ ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ မိမိလက်ရည်မညံ့သည့်အတွက် မိမိကိုယ်ကို မိမိ ကျိတ်ပြီး ချီးကျူးဂုဏ်ယူမိပါ၏။ ဤလူထွားကြီးကို ထောက်ဆသော် ဤလူ ထွားကြီး၏ နောက်လိုက်နောက်ပါများသည်လည်း သန်မာထွားကျိုင်းသော လူမျိုးများဖြစ်လိမ့်မည်ဟုလည်း တွေးတောနေမိသည်။

ထို့နောက် မာယာဘုရင်ဘာလမ်းသည် နံဘေးတွင် ရထားသော ဒဏ်ရာဝေဒနာမှာ အနည်းငယ်သက်သာရာရလေအောင် ခုတင်ညောင်စောင်းထက်၌ အသာလျောင်းလိုက်ပြီး မိမိစံအိမ်တော်အတွင်းရှိ လူများကို လှည့်ပတ် ကြည့်ရှုလိုက်သည်။

ထိုအခါ မိမိအား စိုးရိမ်မကင်းသော အမူအရာဖြင့် လှမ်းကြည့်နေကြသော သေနာပတိ အာဟာလပ်နှင့် ဂိုဏ်းချုပ်ကြီးအာမင်းတို့ကို တွေ့မြင်ရ

www.burmeseclassic.com


သည်။ ထို့ပြင် မာယာဘုန်းကြီးအချို့နှင့် စံအိမ်တော်နံရံ၌ ပန်းချီဆေးရေးနေသော မာယာအနုညာရှင်တစ်ဦးကိုလည်း မြင်ရသည်။ မာယာပညာရှင်ကား အပြောကျယ်သော ပင်လယ်ပြင်ကြီးကို လှေကြီးများဖြင့် ဖြတ်ပြီး ဤနယ်မြေ ဒေသသစ်ကို မာယာလူမျိုးတို့ စွန့်စွန့်စားစား ထွက်လာခဲ့ကြပုံ အကြောင်းအရာများကို အနုစိတ်ပန်းချီရေးခြယ်နေလေသည်။

မာယာဘုရင်ဘာလမ်းလည်း မာယာအနုပညာရှင်ကြီး၏ နံရံဆေးရေး ပန်းချီတို့ကို အတန်ကြာအောင် ငေးကြည့်နေသည်။ ထိုအခိုက်တွင် စံအိမ် တော်တွင်းသို့ ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်လည်း ပျာယီးပျာယာ ဝင်ရောက်လာ သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက –

"ဘယ်နှယ့်လဲ အာဇုတ်။ လူရိုင်းကောင် အသက်ရှင်ရဲ့လား" ဟု မေးလိုက်ရာ ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်က –

"မှန်ပါ။ အသက်ရှင်ပါတယ်။ အဲဒီအရိုင်းကောင် ရရှိခဲ့ ဒဏ်ရာဒဏ်ချက်ဟာ သေလောက်တဲ့ ဒဏ်ရာဒဏ်ချက်ပါ။ အခြားလူဆိုရင် တုန်းခနဲ သေမှာ သေချာပါတယ်။ ဒါပေမဲ့ ဒီအရိုင်းကောင်က သူမတူအောင် ကြံ့ခိုင်သန်စွမ်းတဲ့အတွက် အသက်ဘေးမှ လွတ်သွားခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက ပြုံးပြီး –

"ဟုတ်တယ်။ အဲဒီအရိုင်းကောင်ဟာ သူမတူအောင် ကြံ့ခိုင်သန်စွမ်းပေတယ်" ဟု မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

"ဒီလို အရိုင်းကောင် အသက်မသေဘူးလို့ သိရတဲ့အတွက် ကျွန် တော်ကျွန်တော်မျိုး စိတ်အေးသွားခဲ့ပါပြီ။ တကယ်ပဲ ဒီအရိုင်းကောင် အသက်ရှင်ဖို့ လိုပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ဘာကြောင့်လဲ ဂိုဏ်းချုပ်ကြီး" ဟု မေးလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

"ကျွန်တော်မျိုးတို့ စိုက်ပျိုးခင်းတွေမှာ မိုးရေရဖို့အတွက် နတ်ဘုရားများကို ယဇ်ပူဇော်စရာ ရှိပါတယ် အရှင်။ အဲဒီ ယဇ်ပူဇော်ပွဲမှာ ဒီအရိုင်းကောင်ကို အသုံးပြုဖို့ ရည်ရွယ်ထားလို့ပါပဲ" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြသည်။ သို့သော် မည်သည့်စကားကိုမှ မပြောကြားကြပေ။ မာယာဘုရင်ဘာလမ်း၏ ရင်တွင်း၌

www.burmeseclassic.com



မှု ဂိုဏ်းချုပ်ကြီးအာမင်း၏ လျှောက်တင်စကားကြောင့် လေးလံထိုင်းမှိုင်းသွားတော့သည်။

ထိုအခိုက်တွင် ဂိုဏ်းအုပ်ကြီးဘုန်းအာဇုတ်က –

"ဒီလူရိုင်းကောင်နဲ့ ယဇ်ပူဇော်တာကို နတ်ဘုရားများက သဘောကျပါ့မလား" ဟု မေးလိုက်ရာ ဂိုဏ်းချုပ်ကြီးအာမင်းက –

"သဘောကျပါတယ်။ ကျုပ်တို့က ဒီနယ်မြေဒေသသစ်မှာ လူစိမ်းတွေပဲ။ ဒီလူရိုင်းကောင်ကတော့ ဒီနယ်မြေဒေသသစ်မှာ ပေါက်ဖွားကြီးပြင်းတဲ့လူပဲ။ ဒီလိုဒေသခံလူမျိုးနဲ့ ယဇ်ပူဇော်တာပဲဟာ နတ်ဘုရားများက သဘောမကျဘဲ ဘယ်နေပါ့မလဲ" ဟု ပြန်ဖြေလိုက်သည်။

ထိုအခါ စံအိမ်တော်အတွင်းရှိ လူအားလုံးပင် တိတ်ဆိတ်ငြိမ်သက်စွာ အတွေးကိုယ်စီနှင့် စကားမပြောဘဲ ငြိမ်နေကြသည်။ ထိုသို့ ငြိမ်သက်နေကြရာမှ မာယာဘုရင် ဘာလမ်း၏ ဒဏ်ရာဒဏ်ချက်တို့ကို တယုတယစည်း နှောင်ပေးနေသော မိန်းမပျိုအိချယ်ကို ငေးကြည့်နေကြသည်။

ဤသို့ တိတ်ဆိတ်နေကြသည်ကို တွေ့ရသောအခါ ဂိုဏ်းချုပ်ကြီးအာမင်းလည်း နေမထိ ထိုင်မသာ ဖြစ်သွားတော့သည်။ အတန်ကြာသောအခါ၌မှ –

"ကျွန်တော်မျိုးတို့ စိုက်ပျိုးခင်းတွေမှာ မိုးရေမပြတ်ရရှိလေအောင် ဆည်ကြီးတည်ပြီး၊ မြောင်းတွေသွယ်ဖို့ အရှင်မင်းကြီး ကြံစည်ထားတယ်မဟုတ်လား။ အဲဒီ အကြံအစည်တော် အောင်မြင်ဖို့အရေးမှာ နတ်ဘုရားများရဲ့ အကူအညီ အများကြီး လိုပါတယ်။ နတ်ဘုရားများ အမျက်မထွက်အောင် ပြုဆောင်ဖို့လိုပါတယ်။ ဒီအရိုင်းကောင်ကို ယဇ်ပူဇော်ဖို့ စီမံခြင်းဟာ နတ်ဘုရားများထံမှ အကူအညီ တောင်းခံခြင်း ဖြစ်ပါတယ်။ နတ်ဘုရားများ အမျက်မထွက်အောင် အသနားခံခြင်း ဖြစ်ပါတယ်" ဟု မိမိ အဆုံးအဖြတ်နှင့် ပတ်သက်၍ ရှင်းလင်းလျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ကောင်းပါပြီလေ။ ဂိုဏ်းချုပ်ကြီး သင့်တော်သလို စီမံဆောင်ရွက်ရတာပေါ့။ အခုလောလောဆယ်မှာတော့ အရိုင်းကောင်ကြီးကို သွားပြီး ကြည့်ရှုလိုက်ပါဦး" ဟု မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ်ကြီးအာမင်းလည်း မာယာဘုရင်ဘာလမ်းကို ဦးညွှတ်လိုက်ပြီးနောက် စံအိမ်တော်တွင်းမှ ထွက်ခွာသွားသည်။ ထိုအခါ ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်နှင့် မာယာဘုန်းတော်ကြီးများလည်း ဂိုဏ်းချုပ်ကြီး အာမင်းနောက်မှ လိုက်ပါသွားကြသည်။

www.burmeseclassic.com



ထိုအခါ မာယာဘုရင်ဘာလမ်းနှင့် သေနာပတိအာဟာလပ်တို့ လည်း တစ်ယောက်မျက်နှာကိုတစ်ယောက် ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြသည်။ သို့သော် မည်သို့မျှ မပြောကြားဘဲ အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။ မိန်းမပျိုအိချယ်မှာမူ မာယာဘုရင်ဘာလမ်း၏ ဒဏ်ရာဒဏ်ချက်တို့ တယုတယ စည်းနှောင်မြဲစည်းနှောင်ပေးနေသည်။

အတန်ကြာသောအခါ မာယာဘုရင် ဘာလမ်းက သေနာပတိ အာဟာလပ်ကို စိုက်ကြည့်ပြီး –

"အရိုင်းကောင်လို့ ကျုပ်တို့ ခေါ်နေကြတဲ့ လင်းယုန်နက်ဟာ သူ့လူမျိုးစုရဲ့ ခေါင်းဆောင်အကြီးအကဲ တစ်ယောက်ပဲ။ ဒီလို အကြီးအကဲမှာ ရာနဲ့ထောင်နဲ့ချီပြီး နောက်လိုက်နောက်ပါတွေ ရှိနိုင်တယ်။ အဲဒီနောက်လိုက်နောက်ပါတွေကလည်း အချိန်တန်လို့ မိမိတို့ခေါင်းဆောင် ပြန်မရောက်ဘူးဆိုရင် ငြိမ်ပြီးနေကြမှာ မဟုတ်ဘူး။ မိမိတို့ ခေါင်းဆောင်ကို မတွေ့တွေ့အောင် တောနင်းပြီး ရှာကြမှာ အမှန်ပဲ" ဟု မိန့်ကြားပြီးနောက် –

"ဒီတော့ အာဟာလပ်၊ ကျုပ်တို့ အနေနဲ့ ပိုပြီး သတိဝီရိယ ရှိဖို့လိုတယ်။ နိုးကြားတက်ကြွနေဖို့လိုတယ်။ ကျုပ်တို့ ပတ်ဝန်းကျင် နယ်မြေတစ်ဝိုက်မှာ ကင်းပုန်းတွေ ချထားပါ။ စုံစမ်းရေးအထောက်တော်တွေလည်း လွှတ်ပါ။ ပြီးတော့ ကျုပ်တို့ရဲ့ စည်းရိုးတံတိုင်းတွေ၊ ရွာဝင်တံခါးတွေမှာလည်း အစောင့်တွေ အလုံအလောက်ချထားပါ" ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ သေနာပတိ အာဟာလပ်က –

"အရှင့်ရဲ့ အမိန့်တော်အတိုင်း တသွေမတိမ်း ဆောင်ရွက်ပါ့မယ် အရှင်" ဟု လျှောက်တင်ရာ မာယာဘုရင် ဘာလမ်းက –

"အေး ... ကောင်းလှပြီ။ ဒါထက် မှာကြားစရာ တစ်ရပ်လည်း ရှိပေသေးတယ်။ အဲဒါကတော့ နတ်ဘုရား ကျောင်းတော်ကြီးရဲ့ ထိပ်မှာ ထင်းတွေ အသင့်ပုံထားဖို့ပဲ။ အရေးအကြောင်း ကြုံရင် အဲဒီနတ်ဘုရားကျောင်းတော်ကြီး ထိပ်ကနေပြီး အချက်ပြမီးကို ပြဖို့လိုလိမ့်မယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ သေနာပတိ အာဟာလပ်က အသာခေါင်းညိတ်လိုက်ပြီးနောက် မာယာဘုရင်ဘာလမ်း၏ ဒဏ်ရာတို့ကို လှမ်းကြည့်ရင်း –

"အရိုင်းကောင်ဟာ ကိုယ်ခန္ဓာသန်စွမ်းထွားကျိုင်းရုံမကဘူး၊ တိုက်ရည်ခိုက်ရည်နဲ့လည်း အထူးပြည့်စုံပါတယ်။ ဒီလိုလူမျိုးကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်တဲ့အတွက် အရှင့်ကို ကျွန်တော်မျိုး ချီးကျူးစကားပြောကြားပါရစေ" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက ကျေနပ်ဝမ်းမြောက်ဟန်ဖြင့် ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com



စံအိမ်တော်တွင်းမှ သေနာပတိအာဟာလပ် ထွက်ခွာသွားသောအခါ၌ မာယာဘုရင်ဘာလမ်းလည်း မိမိ၏ ဒဏ်ရာဒဏ်ချက်တို့ကို တယုတယ စည်းနှောင်ပြုစုနေသော မိန်းမပျို အိချယ်ကို တရှိုက်မက်မက် ငေးကြည့်နေသည်။ ထို့နောက် မိန်းမပျိုအိချယ်၏ ပခုံးသားပြည့်ပြည့်လေးကို အမြတ်တနိုး လှမ်းကိုင်လိုက်ရာ မိန်းမပျိုအိချယ်က ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ထို့နောက် အသာမျက်လွှာချလိုက်ပြီး မာယာဘုရင်ဘာလမ်း၏ ဒဏ်ရာဒဏ်ချက်တို့ကို တယုတယ ဆက်လက်စည်းနှောင်ပြုစုနေသည်။

ထိုအခါ မာယာဘုရင် ဘာလမ်းလည်း နံရံဆေးရေး အနုပညာရှင်ကြီးဘက်သို့ လှည့်ပြီး –

"ဆရာကြီး" ဟုခေါ်လိုက်ရာ အနုပညာရှင်ကြီးက လှည့်ကြည့်ရင်း မာယာဘုရင်ဘာလမ်း၏ အမိန့်စကားကို နားစွင့်နေသည်။

ဤတွင် မာယာဘုရင်ဘာလမ်းက –

"ဆရာကြီး … တကုပ်ကုပ်နဲ့ အလုပ်လုပ်နေတာ ကြာလှပါပြီ" ဟု မိန့်ကြားလိုက်ရာ အနုပညာရှင်ကြီးက –

"မှန်လှပါ၊ ကျွန်တော်မျိုးရေးဆွဲနေတဲ့ နံရံဆေးရေးပန်းချီကားကြီးဟာ လက်စသတ်လုပါပြီ။ အပြီးသတ်ဖို့ နည်းနည်းပဲ လိုပါတော့တယ်" ဟု ပြန်လည်လျှောက်တင်လိုက်သည်။

ဤတွင် မာယာဘုရင်ဘာလမ်းက –

"ဒီနေ့အဖို့တော့ တော်လောက်ပါပြီဗျာ။ ဆရာကြီးအနားယူပါတော့" ဟု ပွင့်ပွင့်လင်းလင်း မိန့်ကြားလိုက်ရာ အနုပညာရှင်ကြီးက –

"ကောင်းပါပြီ အရှင်" ဟု လျှောက်တင်ကာ မိမိ၏ ပစ္စည်းများကို အမြန်သိမ်းဆည်းနေသည်။ ထို့နောက် မာယာဘုရင်ဘာလမ်းကို ဦးညွတ်ပြီး စံအိမ်တော်တွင်းမှ ထွက်ခွာသွားသည်။

*

ယခုအခါ၌ စံအိမ်တော်တွင်း၌ မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့ နှစ်ဦးသာ ရှိပေတော့သည်။ မိန်းမပျိုအိချယ်လည်း မာယာဘုရင်၏ ဒဏ်ရာဒဏ်ချက်တို့ကို တယုတယ စည်းနှောင်နေရာ ယခုအခါ၌ လုံးဝပြီးစီးသွားခဲ့ပေ ပြီ။ ထို့ကြောင့် မိန်းမပျို အိချယ်လည်း ဆေးဝါးပစ္စည်းများ၊ အဝတ်စများ တို့ကို လျင်မြန်ဖျတ်လတ်စွာ သိမ်းဆည်းနေပေသည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်ကို တရှိုက်မက်မက် ငေးကြည့်နေရှာသည်။ သို့သော် မိန်းမပျိုအိချယ်ကမူ မာယာဘုရင်ဘာလမ်းကို လုံးဝ မော့မကြည့်တော့ပေ။

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်ခြင်းကား စံအိမ်တော်တွင်း၌ ကြီးစိုးနေပေတော့သည်။ နောက်ဆုံး၌ မိန်းမပျိုအိချယ်လည်း မိမိပစ္စည်းများကို သိမ်းယူပြီး အသာထလိုက်သည်။ ထို့နောက် စံအိမ်တော် တံခါးပေါက်ဆီသို့ တိတ်ဆိတ်ဖြည်းညှင်းစွာ လျှောက်သွားတော့သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်း၏ နှလုံးသားသည် လှုပ်ရှားလာသည်။ ပေါလဲရွာကြီးအနီးရှိ သဲသောင်ခုံထက်၌ မိန်းမပျိုအိချယ်ကို စတင် တွေ့စဉ်အခါ၌ မာယာဘုရင်ဘာလမ်း ရင်တသိမ့်သိမ့်ခုန်ဘိသကဲ့သို့ ယခုအခါ ၌လည်း ရင်တသိမ့်သိမ့်ခုန်လာသည်။ ထို့ကြောင့် မာယာဘုရင်လည်း ထိုင်ရာမှ အသာထရင်း –

“အိချယ်” ဟု လှမ်းခေါ်လိုက်ရာ မိန်းမပျိုအိချယ်လည်း ရုတ်တရက် ရပ်လိုက်ပြီးလျှင် မာယာဘုရင်ဘာလမ်းဘက်သို့ ခပ်ဖြည်းဖြည်း လှည့်လိုက် သည်။ မာယာဘုရင်ဘာလမ်း၏ မျက်လုံးအစုံကိုလည်း ဝံ့ဝံ့စားစား စိုက်ကြည့် လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မိန်းမပျို အိချယ်၏ မျက်နှာဝင်းပပလေးကို စေ့စေ့ကြည့်ခွင့်ရပြီး ပို၍ရင်တသိမ့်သိမ့် ခုန်နေတော့သည်။ ထိုသို့ ရင်ခုန်နေရာမှ –

“အိချယ်၊ မင်းကို ကျုပ်စကား တစ်ခွန်းလောက် ပြောချင်တယ်ကွယ်” ဟု မိန့်ကြားလိုက်ရာ မိန်းမပျို အိချယ်က –

“နားဆင်လျက်ပါ အရှင်”

ဟု ပြန်လည်လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

“ဒီစကားကို ပြောဖို့ ကြံရွယ်နေတာ ကြာပါပြီကွယ်။ ဘယ်လို ပြောရမှန်း မသိတာကြောင့် မပြောဖြစ်ဘဲ ကြန့်ကြာနေတာပါ” ဟု ဆက်လက်မိန့်ကြားရာ မိန်းမပျိုအိချယ်လည်း မာယာဘုရင်အပါးသို့ တိုးလာပြီး –

“ဘာစကားများပါလိမ့် ရှင်ရယ်” ဟု ကတုန်ကယင် ရေရွတ်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

“အို … ကျုပ်ပြောချင်တဲ့စကားက မင်းတို့ ပေါလဲရွာသူရွာသားတွေနဲ့ ပတ်သက်တဲ့စကားပါကွယ်။ မင်းတို့ပေါလဲရွာသူရွာသားတွေဟာ ကျရာ တာဝန်ကို မခိုမကပ်ဘဲ အားကြိုးမာန်တက် ဆောင်ရွက်ကြပါတယ်။ အထူးသဖြင့် မင်းဟာ တစ်ပါးသူတွေထက် ပိုပြီးတောင် အလုပ်ကို ကြိုးကြိုးစားစား ဆောင်ရွက်ပါသေးတယ်။ အဲဒီလို ဆောင်ရွက်ကြတဲ့ ပေါလဲရွာသူရွာသားတွေကို

ကော၊ မင်းကိုပါ ကျေးဇူး အထူးတင်ပါတယ်ကွယ်” ဟု ဒရောသောပါး မိန့်ကြားလိုက်သည်။

မာယာဘုရင်ဘာလမ်း၏ မျက်နှာတော်ကို ရွှန်းရွှန်းစားစားမော့ကြည့်နေသော မိန်းမပျို အိချယ်လည်း မာယာဘုရင်ဘာလမ်း၏ စကားကိုကြားရသောအခါ ဖျတ်ခနဲ မျက်နှာထားပြောင်းသွားသည်။ အေးစက် တည်ငြိမ်သော အသံဖြင့် –

“ကောင်းပါပြီ အရှင်။ အရှင့်ရဲ့ ချီးကျူးစကားကို သူတို့ကို မပျက်မကွက် ဆက်ဆက်ပြောကြားလိုက်ပါ့မယ်” ဟု လျှောက်တင်လိုက်သည်။

ထို့နောက် မာယာဘုရင် ဘာလမ်းကို အတန်ကြာအောင် တွေတွေကြီး စိုက်ကြည့်ပြီး စံအိမ်တော်တွင်းမှ ချာခနဲ ထွက်ခွာသွားသည်။

မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်၏ နောက်ကျောကိုငေးကြည့်နေရာမှ ရင်တသိမ့်သိမ့် ခုန်နေရှာသည်။ ထို့အတူ မိမိရင်ထဲ၌ မိန်းမပျိုအိချယ်ကို ပြောကြားလိုသည့်စကားများ အပြည့်အသိပ်ရှိနေသော်လည်း ထိုမိမိပြောကြားလိုသော စကားများကို လုံးဝ မပြောကြားဖြစ်ဘဲ၊ မိမိပြောကြား မည်ဟုလုံးဝ မတွေးမကြံထားသော စကားများကို ပြောကြားလိုက်မိသည့် အတွက်လည်းကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်နေမိသည်။ စိတ်မကောင်းဖြစ်နေ မိသည်။

ထိုအခိုက်တွင် စံအိမ်တော်အပြင်ဘက်ရှိ မာယာလူမျိုးတို့၏ ဝမ်းသာအားရပြောကြားနေကြသော အသံတို့ စီခနဲ ညံခနဲ ထွက်ပေါ်လာသည်။

မာယာဘုရင်လည်း စံအိမ်တော်ပြတင်းပေါက်မှ အပြင်ဘက်သို့ အတန်ကြာအောင် တတွေးတောတော ငေးမောကြည့်နေပြီးနောက် မိမိ၏ ညောင်စောင်း သလွန်ထက်၌ စိတ်မောမောနှင့် လျောင်းစက်လိုက်ရှာသည်။

လင်းယုန်နက်ကို ချုပ်နှောင်အကျဉ်းချထားသော တဲအိမ်လေးရှိရာသို့ မိန်းမပျိုအိချယ် လျှောက်လာခဲ့ရာ တဲအိမ်အနီးတွင် ကျောက်လုံတံကြီးကို ကိုင်ကာ စောင့်ကြပ်နေသော မာယာစစ်သည်တော်တစ်ဦးကို တွေ့ရသည်။

တဲအိမ်လေးတံခါးဝသို့ မိန်းမပျိုအိချယ် ရောက်သောအခါ၌မူ အတွင်းဘက်မှ ဆူဆူညံညံ အသံများ ကြားရပြီးနောက်၊ တဲအိမ်အတွင်းမှ ဒရောသောပါးပြေးထွက်လာကြသော ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်နှင့် မိမိသူငယ်ချင်းမ အိဇုဘင်တို့ကို တွေ့မြင်လိုက်ရသည်။ ထို့ပြင် တဲအိမ်တံခါးဝနား၌ ရေတာကောင်း တစ်လုံး စိစိညက်ညက် ကွဲကျေနေသည်ကိုလည်းကောင်း၊ မြေပြင်ထက်၌ ရေတို့ အိုင်နေသည်ကိုလည်းကောင်း တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com



ထိုအခိုက်တွင် အစောင့်စစ်သည်တော်သည် ကျောက်လှံတံကြီးကို အသင့်ချိန်ရွယ်ပြီး တဲအိမ်၏ အတွင်းသို့ ပြေးဝင်သွားသည်။ သို့သော် တဲအိမ် လေးအတွင်းမှ မည်သည့်အသံဗလံမှ ထပ်၍ ထွက်ပေါ်မလာပေ။

ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်နှင့် သူငယ်ချင်းမ အိဇုဘင်တို့သည် တဲအိမ်တံခါးဝနားတွင် မိန်းမပျိုအိချယ်နှင့်အတူ ကြောင်ပြီး ရပ်တုံ့နေကြသည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းလည်း တဲအိမ်လေးရှိရာသို့ ပြေးလာပြီး –

"ဘာဖြစ်ကြတာလဲ" ဟု မေးလိုက်ရာ ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ် က –

"အရိုင်းကောင်က သူ့နားကို ဘယ်သူကပ်တာမှ မခံဘူး" ဟု ပြော ကြားလိုက်ပြီး မိန်းမပျိုအိဇုဘင်ကမူ –

"ဒီအရိုင်းကောင်ဟာ ဒဏ်ရာအနာတရ ရသွားတဲ့ ကျားသစ်ဆိုးကြီး နဲ့ တူတယ်။ သူ့ကို ပြုစုဖို့ သွားရတာဟာ ကျားသစ်ဆိုးကြီးကို ပြုစုကူညီဖို့ ကြိုးစားရတာနဲ့ သိပ်တူတာပဲ" ဟုပြောကြားသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

"ဘာပဲဖြစ်ဖြစ် သူ့ကိုသွားပြီး ပြုစုပါ" ဟု တင်းမာသော လေသံဖြင့် အမိန့်ပေးလိုက်ရာ မိန်းမပျိုအိဇုဘင်က –

"ကျွန်မတော့ မသွားနိုင်ဘူး။ သူ့အနားကို ကျွန်မသွားတာနဲ့ ကျွန်မ ကို ဒီအရိုင်းကောင်က သတ်ပစ်မှာ သေချာတယ်။ ဒီတော့ ဒီအရိုင်းကောင်နား ကို ကျွန်မထပ်ပြီး မသွားပါရစေနဲ့" ဟုပြောကြားတောင်းပန်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်း၏ မျက်နှာထားသည် တင်းမာခက် ထရော်သွားသည်။ ထို့နောက် လေသံမာမာဖြင့် –

"ဒီမှာ ကလေးမ။ ဘာပဲဖြစ်ဖြစ် ဒီအရိုင်းကောင်ကို ကလေးမ သွား ပြီး ပြုစုရမယ်။ ဒီအရိုင်းကောင်ဟာ နတ်ဘုရားများကို ယဇ်ပူဇော်ဖို့အတွက် အရွေးချယ်ခံထားပြီးတဲ့သူ ဖြစ်တယ်။ ဒီတော့ သူရထားတဲ့ ဒဏ်ရာဒဏ်ချက် တွေကို ပျောက်ကင်းအောင် ကုသဖို့ လိုတယ်။ နတ်ဘုရားများကို ယဇ်ပူဇော် ရမယ့် သူဟာ အပြစ်အနာအဆာ လုံးဝ မရှိရဘူး။ ဒါကို ကလေးမ နားလည် သဘောပေါက်တယ် မဟုတ်လား" ဟု ပြေကြားလိုက်သည်။

ဤတွင် မိန်းမပျို အိဇုဘင်လည်း ရှိုက်ကာ ရှိုက်ကာ ငိုကြွေးရင်း–

"ဟင့်အင်း၊ ကျွန်မ မသွားပါရစေနဲ့။ ဒီအရိုင်းကောင်ဆီကို ကျွန်မ မသွားပါရစေနဲ့" ဟူ၍ ပြောကြားတောင်းပန်နေရာ မိန်းမပျိုအိချယ်လည်း သူငယ်ချင်းမ အိဇုဘင်ကို အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် ဂိုဏ်းချုပ်

ကြီး အာမင်းနှင့် ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်တို့ဘက်သို့ ဆတ်ခနဲ လှည့်ကာ တည်ငြိမ်သော အသံဖြင့် –

"ကျွန်မသွားပြီး ပြုစုပါ့မယ်" ဟု ပြောကြားကာ တဲအိမ်လေးတွင်းသို့ ဝင်ရောက်သွားသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းလည်း မည်သို့မျှ စကားမပြောနိုင်ဘဲ မိန်းမပျိုအိချယ်ကို ငေးကြည့်နေပြီးမှ အနီးရှိ ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်အား မိန်းမပျိုအိချယ်နောက်သို့ အဖော်အဖြစ် လိုက်သွားရန် အချက်ပေးလိုက်သည်။ ထို့ပြင် –

"အိချယ်" ဟု လှမ်းခေါ်ပြီးနောက် တွေတွေလေး ရပ်တန့်နားထောင်နေသော အိချယ်အား –

"သမီးလေးရေ၊ ဒီအရိုင်းကောင်ကို ယဇ်ပူဇော်မယ့်အကြောင်း လုံးဝ မပြောပါနဲ့နော်။ ပြောသင့်ပြောထိုက်တဲ့ အချိန်အခါ ကျမှပဲ အဘကိုယ်တိုင် ပြောကြားပါ့မယ်" ဟု ညင်ညင်သာသာ မှာကြားလိုက်သည်။

မိန်းမပျိုအိချယ်လည်း တဲအိမ်လေးအတွင်းသို့ ခပ်ရဲရဲ လှမ်းဝင်သွားရာ တဲအိမ်လေး အတွင်း၌ မှောင်နေသည်ကို တွေ့ရသည်။ တဲအိမ်လေး အတွင်းသို့ ရောက်၍ မျက်စိကျင့်သားရသောအခါ၌မူ တဲအိမ်ထောင့်တစ်နေရာ ၌ ကွပ်ပျစ်ကြီးတစ်လုံးရှိပြီး ထိုကွပ်ပျစ်ကြီးပေါ်၌ ငြိမ်သက်စွာ လဲလျောင်းနေသော လူထွားကြီးတစ်ယောက်ကို တွေ့မြင်ရသည်။ ထိုလူထွားကြီးကား လင်းယုန်နက်ပေတည်း။

မိန်းမပျိုအိချယ်လည်း လင်းယုန်နက်အပါးသို့ လျှောက်သွားရာ လင်းယုန်နက်၏ နံဘေးရှိ ဒဏ်ရာဒဏ်ချက်တို့ကို အဝတ်သန့်သန့်တို့ဖြင့် စည်းနှောင်ထားသည်ကို တွေ့ရရုံမက၊ ထိုဒဏ်ရာဒဏ်ချက်တို့မှ စီးထွက်နေသော သွေးတို့ကြောင့် ဟိုတစ်ကွက် သည်တစ်ကွက် သွေးစွန်းနေသည်ကို လည်း တွေ့ရသည်။ ထို့ပြင် မျက်စိကို စုံမှိတ်ထားသော လင်းယုန်နက်၏ မျက်နှာပေါ်၌လည်း ပြင်းထန်သော ဝေဒနာကို ကြိတ်မှိတ်ပြီး ခံစားနေရသည့် အသွင်ပေါ်လွင်နေပေသည်။

မိန်းမပျို အိချယ်လည်း လင်းယုန်နက်ကို အတန်ကြာငေးစိုက်ကြည့်ပြီးနောက်၊ လင်းယုန်နက်ဘေးတွင် ဒူးထောက်ချလိုက်သည်။ ထို့နောက် လင်းယုန်နက်၏ နဖူးပြင်ကို လက်ဝါးနုနုလေးဖြင့် ခပ်ဖွဖွ စမ်းလိုက်ရာ ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်လည်း မိန်းမပျိုအိချယ်၏ နောက်ဘက်တွင် စိုးရွံ့တုန်လှုပ်သည့် အမူအရာဖြင့် ရပ်စောင့်နေသည်။

လင်းယုန်နက်၏ နဖူးကို စမ်းကြည့်ပြီး ပြီးချင်း မိန်းမပျိုအိချယ်က ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်ကို မော့ကြည့်ပြီး –

"အဝတ်သန့်သန့်တစ်ပိုင်းကို ရေဆွတ်ပြီး ယူခဲ့ပေးပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်သည် တဲထောင့်တစ်နေရာရှိ စားပွဲလေးတစ်လုံး ရှိရာသို့ ခပ်သွက်သွက် လျှောက်သွားသည်။ ထိုစားပွဲလေးပေါ်၌ကား မာယာလူမျိုးတို့ သုံးစွဲသော ဆေးဝါးပစ္စည်းများ၊ အဝတ်ပိုင်း အဝတ်စများနှင့် ရေတာကောင်းတစ်လုံးကို အသင့်ရှိနေရာ ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်လည်း အဝတ်ပိုင်း တစ်ပိုင်းကို ကောက်ယူပြီး ရေဆွတ်လိုက်သည်။ ထို့နောက် ရေစိုအဝတ်ပိုင်းကို ယူပြီး မိန်းမပျို အိချယ်အား ကမ်းပေးလိုက်သည်။

မိန်းမပျိုအိချယ်လည်း ရေစိုအဝတ်ပိုင်းကို ယူပြီး ခြစ်ခြစ်တောက်အောင် ကိုယ်ပူနေသော လင်းယုန်နက်၏ နဖူးပြင်ပေါ်သို့ အသာတင်ပေးလိုက်သည်။ ထို့နောက် လင်းယုန်နက်၏ မျက်နှာကို စိုက်ကြည့်ရင်း ငြိမ်ငြိမ်လေး ထိုင်စောင့်နေရာ အတန်ကြာသော အခါ၌ လင်းယုန်နက်လည်း ဖျတ်ခနဲ မျက်တောင်တစ်ချက် ခတ်လိုက်ပြီးနောက် ရုတ်တရက် မျက်လုံးဖွင့်ကြည့်သည်ကို မြင်ရသည်။

ထိုခဏ၌ပင် မိန်းမပျိုအိချယ်လည်း မိမိ၏ခါးသိမ်သိမ်လေးကို တုတ်ခိုင်သန်စွမ်းလှသော လက်မောင်းကြီးဖြင့် ရုတ်တရက် သိမ်းဖက်လိုက်သည်ကို ခံလိုက်ရသည်။ ထို့အတူ အသည်းခိုက်မျှ နာကျင်သော ဝေဒနာကိုလည်း ခံစားလိုက်ရသည်။ သို့သော် မိန်းမပျိုအိချယ်လည်း မိမိခံစားရသော ဝေဒနာကို အောင့်အည်းသည်းခံပြီး၊ မိမိကို သိမ်းဖက်ထားသော လက်မောင်းကိုသာ အတင်းဆွဲဖယ်နေသည်။

ထိုသို့ ဆွဲဖယ်နေခိုက်တွင် လင်းယုန်နက်လည်း လဲလျောင်းနေရာမှ ဝုန်းခနဲ ထထိုင်လိုက်ပြီးနောက် မိန်းမပျိုအိချယ်ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။ ထို့နောက် မိန်းမပျိုအိချယ်အား တဲအိမ်ထောင့်တစ်နေရာသို့ ကိုင်ပေါက် လိုက်သည်။

ထိုအခါ ကြောင်ငေးနေသော ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်က –

"လာပါဦး။ လာပါဦး" ဟု အော်ခေါ်လိုက်ရာ အစောင့် စစ်သည်တော်လည်း တဲအိမ်လေးအတွင်းသို့ ဝုန်းခနဲ ပြေးဝင်လာပြီးလျှင် လင်းယုန်နက်အား လက်တွင်းရှိ ကျောက်လှံတံကြီးဖြင့် တအားကုန်ထိုးစိုက်ရန် ချိန်ရွယ်လိုက်သည်။

ထိုအခိုက်တွင် တဲအိမ်ထောင့်တစ်နေရာ၌ ခွေခွေလေးလဲနေသော မိန်းမပျိုအိချယ်က "ဟော့ ... မလုပ်နဲ့၊ မလုပ်နဲ့" ဟု ဟန့်တားပြီး လဲနေရာမှ လူးလဲထလိုက်သည်။

ထိုအခါ စောင့်စစ်သည်တော်လည်း မိန်းမပျိုအိချယ်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် ချိန်ရွယ်ထားသော ကျောက်လှံတံကြီးကို ရုပ်သိမ်းလိုက်သည်။ လင်းယုန်နက်လည်း ကွပ်ပျစ်ပေါ်သို့ ကိုယ်ကို ဝုန်းခနဲ ပစ်လှဲချလိုက်ပြီးလျှင် မောကြီးပန်းကြီး သက်ပြင်းရှူနေရှာသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း လင်းယုန်နက်၏ ကွပ်ပျစ်အနီးသို့ သွားရောက်ပြီးနောက်၊ လင်းယုန်နက်ကို အတန်ကြာအောင် စောင့်ကြည့်နေသည်။ ထို့နောက် ရေစိုအဝတ်ပိုင်းကိုယူကာ လင်းယုန်နက်၏ နဖူးပေါ်သို့ အသာတင်ပေးလိုက်သည်။ ထိုအခါ လင်းယုန်နက်လည်း မှိတ်ထားသော မျက်စိကို ဖွင့်ကာ မိန်းမပျိုအိချယ်ကို လှမ်းကြည့်လိုက်သည်။ ယခုအကြိမ်ကြည့်သောအကြည့်၌ ယခင်အကြိမ်ကကဲ့သို့ ခက်ထန်ကြမ်းကြုတ်သည့်အသွင်တို့ မပေါ်ထင်တော့ပေ။ နူးညံ့သိမ်မွေ့သည့် အသွင်တို့သာ ပေါ်ထင်နေတော့သည်။

လင်းယုန်နက်လည်း မိန်းမပျိုအိချယ်ကို လှမ်းကြည့်နေရာမှ မိန်းမပျိုအိချယ်၏ ပါးပြင်နုနုထွေးထွေးလေးကို လက်ကြမ်းကြီးဖြင့် လှမ်းကိုင်ကြည့်သည်။ ထို့နောက် ချက်ချင်းပင် လက်ကို အလန့်တကြား ရုပ်လိုက်ရာ မိန်းမပျို အိချယ်က အသာပြုံးလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း မိန်းမပျိုအိချယ်ကို တရှိုက်မက်မက် ငေးကြည့်နေပြီးမှ –

"ကျုပ် စစ်ပွဲမှာ ကျဆုံးတဲ့အခါ ကောင်းကင်ဘုံနန်းက အချောဆုံးနတ်ဒေဝီတစ်ပါး လာရောက်ပြီး ကျုပ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ပြုစုပေးလိမ့်မယ်လို့ ကျုပ် စွဲစွဲမြဲမြဲ ယုံကြည်ခဲ့တယ်" ဟု စတင်ပြောကြားသည်။

ထို့နောက် ဆက်ပြီးပြောကြားရန် စကားကို ရှာမရဟန်ဖြင့် လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်ပြီးလျှင်၊ မျက်လုံးကို တဖြည်းဖြည်း မှေးမှိတ်လိုက်သည်။

မိန်းမပျိုအိချယ်လည်း ပြုံးယောင်သန်းနေသော လင်းယုန်နက်၏ မျက်နှာကို စိုက်ကြည့်ရင်း ကွပ်ပျစ်ဘေးတွင် ထိုင်စောင့်နေသည်။ အတန်ကြာသောအခါ လင်းယုန်နက်လည်း အသက်မှန်မှန်ရှူနေရာမှ တဖြည်းဖြည်း အိပ်မောကျသွားသည်ကို တွေ့ရသည်။သို့သော် မိန်းမပျိုအိချယ်ကား လင်းယုန်နက်အပါးတွင် ထိုင်စောင့်မြဲ ထိုင်စောင့်နေရာမှ လင်းယုန်နက်၏ မျက်နှာကို တစ်ချိန်လုံး ငေးမောကြည့်ရှုနေသည်။

www.burmeseclassic.com


ထိုအခိုက်တွင် ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်နှင့် အစောင့်စစ်သည်တော်တို့သည် လင်းယုန်နက်ရှိရာ တဲအိမ်ကလေးမှ ထွက်ခွာသွားသည်ကို မိန်းမပျို အိချယ်ကြားသိလိုက်ရသည်။ သို့သော် မိန်းမပျိုအိချယ်ကား လင်းယုန်နက်၏အပါးမှ ထွက်ခွာသွားခြင်း မပြုပေ။ အိပ်မောကျနေသော လင်းယုန်နက်၏ မျက်နှာကို ရေစိုအဝတ်ဖြင့် ညင်ညင်သာသာလေး ပွတ်သပ်သန့်စင်ပေးနေသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း ဤလင်းယုန်နက်ကား မိမိတို့လာရောက်အခြေချသော ဤနယ်မြေဒေသသစ်ရှိ တိုင်းရင်းသားလူမျိုးစုတို့၏ ခေါင်းဆောင် အကြီးအကဲ ပါတကား၊ ဤလင်းယုန်နက်သည် ခက်ထန်ကြမ်းကြုတ်သော သွင်ပြင်မူယာရှိသော်လည်း ဖြူစင် ဖြောင့်မတ်သော စိတ်နှလုံးရှိသောသူပါ တကားဟု တွေးတောနေရှာသည်။

◈

www.burmeseclassic.com



## ကောင်းကင်ဘုံနန်းက နတ်ဒေဝီ

ညမှောင်နေပေပြီ။ သို့သော် လင်းယုန်နက်ကို ဖမ်းဆီးချုပ်နှောင်ထားခဲ့သော တဲအိမ်ကလေး ထွန်းညှိထားသော မီးတိုင်တစ်တိုင်ကြောင့် လင်းထိန်လျက်ရှိသည်။

အရပ်အမောင်း မြင့်မားထွားကျိုင်းလှသော လင်းယုန်နက်သည် ကွပ်ပျစ်ပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီး၊ မိန်းမပျိုအိချယ်က လင်းယုန်နက်၏ ဒဏ်ရာဒဏ်ချက်တို့ကို စည်းနှောင်ထားသော အဝတ်စဟောင်းတို့ကို ဖြည်ပြီး ဒဏ်ရာဒဏ်ချက်တို့ကို ဆေးဝါးထည့်ပေးနေသည်။ တဲအိမ်လေး တံခါးဝအနီးတွင်မူ ဂိုဏ်းအုပ်ဘုန်းကြီးအာဇတ်သည် အိပ်ငိုက်နေပေသည်။

မိန်းမပျိုအိချယ်သည် လင်းယုန်နက်၏မျက်နှာကို အတန်ကြာ အောင်ငေးကြည့်နေပြီးနောက် ဆေးဝါးထည့်ပြီးသော ဒဏ်ရာဒဏ်ချက်တို့ကို အဝတ်သန့်သန့်ဖြင့် လဲလှယ်စည်းနှောင်ပေးနေသည်။ ထိုအခိုက်တွင် လင်းယုန်နက်၏ မျက်စိအစုံသည် ရုတ်တရက် ပွင့်လာသည်။ ထို့နောက် မိမိကို ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ပြုစုပေးနေသော မိန်းမပျိုအိချယ်ကို ငေးကြည့်နေသည်။

ထို့နောက် လင်းယုန်နက်လည်း မိန်းမပျိုအိချယ်၏ နူးညံ့ပျော့ပျောင်းလှသော ဆံပင်တို့ကို လက်ဖြင့် ဖွဖွလေး ပွတ်သပ်ကိုင်တွယ်လိုက်သည်။ ထိုအခါ မိန်းမပျိုအိချယ်လည်း လန့်ဖျပ်သွားဟန်ဖြင့် ဆတ်ခနဲ ဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် စီမံဆောင်ရွက်စရာရှိသည်တို့ကို ဆက်လက်ဆောင်ရွက်နေသည်။

www.burmeseclassic.com


ဤတွင် လင်းယုန်နက်က မိန်းမပျိုအိချယ်၏ ဆံပင်ကို ခပ်သာသာလေး တုပ်ဆွဲလိုက်ရာ၊ မိန်းမပျိုအိချယ်လည်း လင်းယုန်နက်ကို ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထိုအခါ လင်းယုန်နက်က အသာပြုံးရင်း –

"ကျုပ်ကို မင်းကြောက်နေသလားကွယ်" ဟု မေးလိုက်ရာ မိန်းမပျိုအိချယ်က –

"ကြောက်တာပေါ့" ဟု ဖြေလိုက်သည်။

ထိုအခါ လင်းယုန်နက်က ပြုံးပြီး –

"ကျုပ်ကို ကြောက်ဖို့ မလိုပါဘူးကွယ်။ ကျုပ်ဟာ အမျိုးသမီးတွေကို ရန်မပြုတတ်ပါဘူး" ဟု ပြောကြားသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်သည် လင်းယုန်နက်၏ ဒဏ်ရာဒဏ်ချက်တို့ကို အဝတ်သစ်ဖြင့် လဲလှယ်စည်းနှောင်၍ ပြီးစီးသွားခဲ့ပေပြီ။ ထို့ကြောင့် မိန်းမပျိုအိချယ်လည်း ထိုင်နေရာမှ အသာထပြီး တံခါးပေါက်သို့ လျှောက်လာ ခဲ့သည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"မသွားပါနဲ့လားကွယ်" ဟု ပြောကြားလိုက်ရာ မိန်းမပျိုအိချယ်က ညင်သာသိမ်မွေ့သောလေသံဖြင့် –

"ရှင် အနားယူအိပ်စက်ဖို့ လိုပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က ပြုံးပြီး–

"ကျုပ် အနားယူအိပ်စက်ရင် ကျုပ်မျက်လုံးအစုံကို မှိတ်ထားရမှာပေါ့ကွယ်။ ဒီတော့ မင်းရဲ့အလှကို ကျုပ် ဘယ်လိုလုပ် မြင်ရတော့မှာလဲ" ဟု ပြောကြားလိုက်ရာ မိန်းမပျိုအိချယ်က –

"ရှင့်ရဲ့အနာရှိန်ကြောင့် ရှင် အပြင်းအထန် ဖျားခဲ့တယ်။ အခုတောင် အဖျားမပျောက်သေးဘူး။ ဒါကြောင့်လည်း အခုလို ရှင် ကယောင်ကတမ်း ပြောတာ ဖြစ်မှာပေါ့" ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ကျုပ် ကယောင်ကတမ်း ပြောနေတာ မဟုတ်ပါဘူးကွယ်။ ကျုပ်တွေ့ရမြင်ရ ခံစားရတာကို ပြောနေတာပါ။ မင်းရဲ့အမည်က အိချယ်မဟုတ်လားကွယ်။ မင်းရဲ့အမည်လေးက သိပ်လှတယ်။ သိပ်လည်း သာယာတယ်။ လေပြည်လေညင်း တိုက်ခတ်တဲ့ အသံလေးလိုပါပဲကွယ်" ဟု ပြောကြားပြီး လဲလျောင်းနေရာမှ ကိုယ်ကို အနည်းငယ် ကြွလိုက်သည်။ ထို့နောက် မိန်းမပျိုအိချယ်၏ မျက်နှာကို စိုက်ကြည့်ရာ မိန်းမပျိုအိချယ်ကလည်း လင်းယုန်နက်ကို တုန့်ပြန်ကြည့်ရှုလိုက်သည်။ သို့သော် စကားတစ်ခွန်းမှ ပြန်မပြောပေ။

ထိုအခိုက်တွင် လင်းယုန်နက် က –

“မင်းတို့ရဲ့ဘုရင်ဆီကို ကျုပ် ပြေးအဝင်မှာ မင်းတို့ရဲ့ စစ်သည်တော်တွေဟာ ကျုပ်ကို ဝိုင်းအုံလိုက်ကြတယ်။ ပြီးတော့ ကျုပ်ရဲ့ နံဘေးဟာလည်း ပူခနဲဖြစ်သွားပြီး ကျုပ်မေ့မျောသွားခဲ့တယ်။ ကျုပ်ကိုယ်ကျုပ် ‘ငါတော့ သေတော့မှာပဲ’ လို့ မှတ်ထင်ယူဆခဲ့တယ်။ အကြီးအကျယ်လည်း ဒေါသအမျက်ထွက်ခဲ့တယ်။ ဒါကြောင့် ကျုပ်သတိရရချင်း ကျုပ်အနားမှာရှိတဲ့ လူတွေကို ကျုပ်ရန်မူတိုက်ခိုက်ခဲ့တယ်။ ပြီးတော့ ကျုပ်ပြန်ပြီး မေ့မျောသွားခဲ့တယ်။ အဲဒီလို မေ့မျောနေတုန်းမှာ ကျုပ်အပါးကို မိန်းမချောချောလေး တစ်ဦး ရောက်လာခဲ့တယ်။ အဲဒီ မိန်းမချောလေးကို မြင်တဲ့အခါမှာ ကျုပ်စိတ်ထဲမှာ ကောင်းကင်ဘုံနန်းက နတ်ဘုရားများက ကျုပ်ကို သနားကရုဏာတော် ရှေ့ထားပြီး စေလွှတ်လိုက်တဲ့ ကရုဏာရှင် နတ်ဒေဝီလေးလို့ စိတ်ထဲမှာ မှတ်ထင်ခဲ့တယ်။ ကျုပ်ဟာ အဲဒီ မိန်းမချောလေးရဲ့ ပါးပြင် နုနုထွေးထွေးလေးကို အသာ ကိုင်ကြည့်မိတယ်။ ပြီးတော့ ကျုပ်ပြန်ပြီး မေ့မျောသွားခဲ့ပြန်တယ်။ ကျုပ်သတိပြန်ရတဲ့အခါမှာတော့ အရင်ကလို ဒေါသအမျက်လုံးဝ မရှိတော့ဘူးကွယ်။ ကျုပ်ရဲ့ အသည်းနှလုံးဟာ နူးညံ့ပျော့ပျောင်းလို့ လာခဲ့တယ်” ဟု ဆက်လက်ပြောကြားသည်။

ထို့နောက် တံခါးပေါက်ဝနားတွင် ထိုင်ပြီး အိပ်ငိုက်နေသော ဂိုဏ်းအုပ်ကြီး အာဇုတ်ကို လှမ်းကြည့်ရင်း –

“ကျုပ် သတိရတဲ့အခါမှာ ကျုပ်အပါးမှာ ဟောဟို လူကြီးကို တွေ့ရတယ်။ မိန်းမချောလေးကို မတွေ့ရဘူး။ ဒါကြောင့် ကျုပ် စိတ်ထဲမှာ ‘မိန်းမချောလေးကို မတွေ့ရတော့တဲ့ အတူတူ ငါသေသွားရင် ကောင်းမှာပဲ’ လို့ တွေးနေမိတယ်။ ဒီလို တွေးနေတုန်းမှာပဲ ကျုပ်အပါးကို မင်းရောက်လာခဲ့တယ်” ဟု ပြောကြားသည်။

ထိုအခါ မိန်းမပျိုအိချယ်က လင်းယုန်နက်ကို စိုက်ကြည့်လိုက်ရာ လင်းယုန်နက်က ပြန်ပြီး ပြုံးပြသည်။ ထို့နောက် ဆက်၍ –

“ကျုပ် ဦးဆောင်အုပ်ချုပ်တဲ့ ကျုပ်ရဲ့ လူမျိုးတွေဆီကို ပြန်ရောက်လို့ ‘ကောင်းကင်ဘုံနန်းက နတ်ဒေဝီလေးတွေရဲ့ အလှကို ပြောစမ်းပါ’ လို့ တောင်းပန်ကြရင် ကျုပ်ဟာ မင်းရဲ့အလှကိုပဲ ပြောပြလိုက်ပါ့မယ်။ မင်းဟာ ကောင်းကင်ဘုံနန်းက နတ်ဒေဝီလေးလို တကယ်ပဲ ချောမော တင့်တယ်လှပါပေတယ်” ဟု ပြောကြားပြီးမှ –

“နတ်ဒေဝီလေးရယ်။ ဘာကြောင့် မင်းတို့ လူမျိုးတွေက ကျုပ်ကို အသေမသတ်ဘဲ အသက်ချမ်းသာ ပေးကြတာလဲကွယ်။ မင်းတို့တစ်တွေက

www.burmeseclassic.com


ဘာလူမျိုးတွေလဲ၊ ပြီးတော့ မင်းက ကျုပ်ကို ဘာကြောင့် ဒီလိုပြုစုစောင့်ရှောက်နေတာလဲ” ဟု မေးမြန်းသည်။

ထိုစကားက ကြားလျှင် လင်းယုန်နက်ကို တွေဝေငေးမောကာ စိုက် ကြည့်နေသော မိန်းမပျိုအိချယ်၏ မျက်လုံးအစုံသည် ဖျတ်ခနဲ အရောင်ပြောင်း သွားသည်။ ထို့နောက် –

“ဒီလိုပြုစုစောင့်ရှောက်ရမယ်လို့ ကျွန်မကို ခိုင်းထားလို့ပေါ့” ဟု ဖြေလိုက်ရာ လင်းယုန်နက်က စိတ်အားထက်သန် တက်ကြွသော အမူအရာဖြင့် “မိန်းမလှလေးရယ်။ မင်းကို ဘယ်သူက ခိုင်းတာလဲ။ မင်းတို့ရဲ့ အကြီးအကဲက ခိုင်းတာလား။ ကျုပ်ရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းတဲ့အခါမှာ ကျုပ်နဲ့သူ စီးချင်းတိုက်ရဦးမယ် ထင်ပါရဲ့။ ဟုတ်လား” ဟု မေးလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း စိတ်အား ထက်သန်တက်ကြွမှုကြောင့် အရောင်တဖျပ်ဖျပ်လက်နေသော လင်းယုန်နက်၏ မျက်လုံးအစုံကို ငေးကြည့်ရင်း ခေတ္တမျှ တွေဝေငေးငိုင်နေပြီးနောက်၊ လေးလေးတွဲ့တွဲ့ ခေါင်းညိတ်လိုက်သည်။

ထိုအခါ လင်းယုန်နက်က အားပါးတရ ပြုံးလိုက်ပြီး –

“ဒီတစ်ခါ တိုက်ပွဲမှာတော့ မင်းတို့ အကြီးအကဲရင်လည်း ကျဆုံးရမယ်။ ဒါမှမဟုတ် ကျုပ်ရင်လည်း ကျဆုံးရမယ်။ တစ်ယောက်ယောက်ကျဆုံးမှ ဒီအရေးပြေငြိမ်းမှာပဲ” ဟု ပြောကြားလိုက်သည်။

သို့သော် မိန်းမပျိုအိချယ်က မည်သို့မျှ ပြန်မပြောဘဲ ထိုင်နေရာမှ အသာထကာ အခန်းထောင့်ရှိ စားပွဲလေးပေါ်က ရေတကောင်းကို သွားယူပြီး လင်းယုန်နက်ကို ကမ်းပေးရာ လင်းယုန်နက်လည်း ရေတကောင်းကို ကမ်းယူ ပြီး တကွပ်ကွပ်နှင့် မော့သောက်နေသည်။

ထို့နောက် ရေတကောင်းကို ဘေးသို့ချလိုက်ပြီး မိန်းမပျို အိချယ်၏ ပါးပြင်နုနုထွေးထွေးကို လက်ကြမ်းကြီးဖြင့် ခပ်ဖွဖွလေး ကိုင်ပြီး လှည့်လိုက် သည်။ ထို့နောက် လင်းယုန်နက်လည်း မိန်းမပျိုအိချယ်၏ ပါးပြင်နုနုထွေးထွေး လေးကို မိမိပါးပြင်နှင့် ခေတ္တဖိကပ်ထားလိုက်သည်။ ထို့နောက် မိန်းမပျို အိချယ် ကို အသာလွှတ်ပေးလိုက်ရာ မိန်းမပျိုအိချယ်၏ ပါးပြင်ထက်၌ မျက်ရည်များ စီးကျနေသည်ကို တွေ့ရသည်။

မိန်းမပျို အိချယ်က တုန်ယင်သော အသံဖြင့် –

“အနားယူ အိပ်စက်ပါတော့ ရှင်” ဟု ပြောကြားလိုက်ရာ လင်းယုန်နက်က –

"မိန်းမလှလေးရယ်။ ဘာကြောင့်များ ငိုနေရတာလဲကွယ်" ဟု မေး လိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ကျွန်မ ငိုတာမဟုတ်ပါဘူးရှင်။ မီးတိုင်က ထွက်တဲ့ မီးခိုးကြောင့် မျက်ရည်ကျတာပါ" ဟု ဖြေလိုက်ရာ လင်းယုန်နက်က –

"ကောင်းကင်ဘုံနန်းက နတ်ဒေဝီတစ်ပါးလိုချောမောလှပတဲ့ မင်းလို မိန်းမလှကလေးတွေဟာ မျက်ရည်မကျသင့်ပါဘူးကွယ်။ ဘဝတစ်သက်တာ လုံး စိတ်နှလုံး ပျော်ရွှင်ချမ်းမြေ့သာယာသင့်ပါတယ်" ဟု ပြောကြားလိုက် သည်။

ထိုအခါ မိန်းမပျိုအိချယ်က မျက်ရည်ကျနေရာမှ အားယူပြုံးလိုက်ပြီး

"ရှင် မြတ်နိုးချစ်ခင်တဲ့ မိန်းမရဲ့ ခွဲမျိုးကို ရှင်သည်းခံထိုင်ပါ့မလား" ဟု မေးလိုက်ရာ လင်းယုန်နက်က –

"ကောင်းကင်ဘုံနန်းက နတ်ဒေဝီတစ်ပါးလို ရုပ်အဆင်းချောမော တင့်တယ်မယ်ဆိုရင်တော့ ကျုပ်သည်းခံရမှာပေါ့" ဟု ပြောကြားလိုက်သည်။

'ကောင်းကင်ဘုံနန်းက နတ်ဒေဝီ၊ နတ်ဘုရားများ' ဟူသော စကား ကြောင့် မိန်းမပျိုအိချယ်လည်း လင်းယုန်နက် ကြုံတွေ့ရမည့် ဘဝကြမ္မာကို အမှတ်ရကာ စိတ်ထဲ၌ လေးလံနောက်ကျိသွားတော့သည်။ ထို့နောက် ညင်သာ သော အသံဖြင့် –

"ရှင်ရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် ရှင်အားနည်းနေတယ်။ ဒီတော့ အားပြည့်သွားအောင် နားနေအိပ်စက်ပါနော်" ဟု ပြောကြားပြီး တံခါး ပေါက်ရှိရာသို့ လျှောက်သွားသည်။

ထိုအခါ လင်းယုန်နက်လည်း မိန်းမပျိုအိချယ်ကို ငေးကြည့်နေရာမှ အနားရှိ ရေတကောင်းကို ဖျတ်ခနဲ ကောက်ယူပြီးလျှင် ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ် ခေါင်းမှီထားသော နံရံကို ပစ်ပေါက်လိုက်သည်။ ထိုအခါ ရေ တကောင်းလည်း နံရံကို ထိမှန်ကာ ဝှမ်းခနဲ ကွဲကျသွားပြီးလျှင် အထဲမှ ရေတို့ သည် ငိုက်မျည်းနေသော ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်၏ ခေါင်းပေါ်သို့ ဖိတ် စင်ကျသွားတော့သည်။

ထိုအခါ ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်လည်း အလန့်တကြား ဟစ် အော်လိုက်သည်။ ထို့အတူ မိန်းမပျို အိချယ်လည်း နောက်သို့ အလန့်တကြား လှည့်ကြည့်လိုက်သည်။

ထိုအခါ လင်းယုန်နက်က အားပါးတရ ပြုံးရယ်ပြီး –

www.burmeseclassic.com



"ကျုပ် နားနေအိပ်စက်ပါတော့မယ်" ဟု ပြောကြားလိုက်ရာ စိုးရွံ့ထိတ်လန့်နေသော မိန်းမပျိုအိချယ်လည်း စိုးရိမ်စိတ်ပြေကာ ပြန်ပြီးပြုံးပြလိုက် သည်။

ထို့နောက် လင်းယုန်နက်ကို တွေတွေကြီး စိုက်ကြည့်ပြီး ချာခနဲလှည့်ကာ ပြန်လည်ထွက်ခွာသွားတော့သည်။ လင်းယုန်နက်လည်း ကွပ်ပျစ်ထက်၌ ပြုံးပြုံးကြီး လဲလျောင်းလိုက်ပြီး မျက်လုံးကို အသာမှိတ်လိုက်ရာ မကြာမီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

*

မိန်းမပျိုအိချယ်လည်း လင်းယုန်နက်ကို ချုပ်နှောင်ထားရာ တဲအိမ်လေးမှ ထွက် ပြီးနောက် ရွာလယ်လမ်းအတိုင်း မိမိ၏ အိမ်သို့ လျှောက်လာခဲ့ရာမှ လင်းယုန် နက်အကြောင်းကို တွေးတောစဉ်းစားလာခဲ့သည်။

လင်းယုန်နက်ကား ခက်ထန်ကြမ်းကြုတ်သော အမူအရာရှိလင့်ကစား၊ မိမိအပေါ်၌မူ အလွန်တရာ နူးညံ့သိမ်မွေ့ခဲ့သည်။ ထို့ပြင် မိမိကို 'ကောင်းကင်ဘုံနန်းက နတ်ဒေဝီတစ်ပါး' ဟု တင်စားပြောကြားခဲ့သေးသည်။ မိမိကို ကြည့်သော လင်းယုန်နက်၏ ကြည့်ပုံရှုပုံတို့မှာ ထူးဆန်းပြီး မိမိကို ပြောကြားသော လင်းယုန်နက်၏ စကားတို့မှာ ကြည်နူးကြည်မွေ့စရာ၊ ရင်ခုန် စရာ ကောင်းလှပေသည်။

မိမိသည် ပေါလဲရွာသူကြီး၏ သမီးဖြစ်လေရာ ကောင်းကင်ဘုံနန်းက နတ်ဘုရားတို့အား လူသားတို့အသက်ဖြင့် ယဇ်ပူဇော်လေ့ရှိကြသော မာယာဓလေ့ ထုံးစံကို သိရှိနားလည်ပြီးဖြစ်သည်။ ထို့ကြောင့် လင်းယုန်နက်ရရှိထားသော ဒဏ်ရာဒဏ်ချက်တို့ ပျောက်ကင်းပါက လင်းယုန်နက်ကို ယဇ်ပူဇော်တော့မည့်အကြောင်းကို ကောင်းကောင်းကြီး သိရှိနေတော့သည်။ ထို့ကြောင့် လင်းယုန်နက်၏ဘဝကံကြမ္မာကို တွေးကာ မိမိသည် ဝမ်းနည်းလှိုက်ဖိုလာပြီး အလိုလို မျက်ရည်ကျခဲ့မိခြင်းဖြစ်သည်။ ထိုသို့ လင်းယုန်နက်အတွက် ပူပင်ကြောင့်ကြပြီး မိမိမျက်ရည်ကျမိသည့်အတွက် မိမိကိုယ်မိမိ နားမလည်နိုင်အောင် ဖြစ်မိသည်။ အံ့ဩနေမိသည်။ မိမိ၏ စိတ်နေသဘောထားတို့ ပြောင်းလဲနေပြီလောဟုလည်း ဆင်ခြင်သုံးသပ်နေသည်။

ဤသို့ တွေးတောဆင်ခြင်ရင်း လျှောက်လာခဲ့ရာ နောက်ဆုံး၌ မိန်းမ ပျိုအိချယ်သည် မိမိ၏အိမ်သို့ ရောက်လာခဲ့သည်။ အိမ်တွင်း၌ မီးတိုင်လေး တစ်တိုင် ထွန်းထားရာ မိန်းမပျိုအိချယ်လည်း အဝတ်အစားလဲပြီးနောက် မီးတိုင်ကို ဖူးခနဲ မှုတ်ကာ အိပ်ရာထက်၌ လျောင်းစက်လိုက်သည်။

ထိုအခါ ရွှန်းမြသော လရောင်သည် ပြတင်းပေါက်မှ တစ်ဆင့် အိပ်ခန်းတွင်းသို့ ယှက်ဖြာ ကျဆင်းနေရာ မိန်းမပျိုအိချယ်လည်း ရွှန်းမြသော လရောင်ကို ငေးကြည့်ရင်း အတွေးနယ်ချဲ့နေမိသည်။

မိန်းမပျိုအိချယ်သည် မိမိငယ်စဉ် တောင်ကျေးကလေးဘဝကတည်းက ကြီးပြင်းလာခဲ့သော ပေါလဲရွာကြီးအကြောင်းကိုလည်းကောင်း၊ မိမိတို့ ရွာကြီးသို့ မာယာဘုရင်ဘာလမ်းတို့ လူစုရောက်ရှိလာကြပုံကိုလည်းကောင်း၊ ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင် ဟူးနက်ဆီး၏ စစ်သည်တော်များ လက်ချက်ကြောင့် မိမိဖခင် ပေါလဲရွာသူကြီး သေဆုံးသွားပြီး၊ ရွာကြီး မီးလောင်ပျက်စီးသွားရသည့်အဖြစ်ကိုလည်းကောင်း၊ အပြောကျယ်သော ပင်လယ်ပြင်ကျယ်ကြီးကို လှေကြီးများဖြင့် ဖြတ်သန်းပြီး ထွက်ခွာရှောင်တိမ်းလာခဲ့ကြရပုံတို့ကိုလည်းကောင်း ပြန်ပြောင်းတွေးတောနေမိသည်။

ထို့နောက် လင်းယုန်နက်အကြောင်းကို တွေးတောကာ ရင်ထဲ၌ နွေးခနဲ ဖြစ်သွားသည်။

လင်းယုန်နက်ကား ခက်ထန်ကြမ်းကြုတ်သော အမူအရာရှိသော်လည်း စိတ်နှလုံး နူးညံ့သိမ်မွေ့လှသည်။ လင်းယုန်နက်၏ မျက်လုံးတို့သည် တစ်ခါတစ်ရံ၌ နတ်ဘုရားများ၏ မျက်လုံးတော်ကဲ့သို့ စူးရှထက်မြက်ပြီး ကြောက်မက်ဖွယ် ကောင်းလှသည်။ တစ်ခါတစ်ရံ၌မူ ကလေးငယ်များ၏ မျက်လုံးကဲ့သို့ အပြစ်ကင်းစင်ပြီး သိမ်မွေ့နူးညံ့လှသည်။

လင်းယုန်နက်ရထားသော ဒဏ်ရာဒဏ်ချက်တို့ ပျောက်ကင်းသွားပါက ဂိုဏ်းချုပ်ကြီး အာမင်းသည် လင်းယုန်နက်အား ယဇ်ပလ္လင်ထက်၌ တင်ကာ နတ်ဘုရားများကို ရည်မှန်းပြီး ယဇ်ပူဇော်ကြပေတော့မည်။ ဤသို့ နတ် ဘုရားတို့အား လူသားတို့၏ အသက်ဖြင့် ယဇ်ပူဇော်ရခြင်းကို မိမိသည် မတွေး တတ်နိုင်အောင် ရှိလှသည်။

ကျူးကျော်နယ်နဲ့ရေးသမား ဘုရင်ဟူးနက်ဆီးတို့၏ ရန်မှ လွတ်မြောက်အောင် မိမိတို့တစ်တွေ ထွက်ပြေးလာရာ၌ ဦးဆောင်ကွပ်ကဲလာသူမှာ လူသားတစ်ဦးဖြစ်သော မိမိတို့အရှင် မာယာဘုရင် ဘာလမ်းဖြစ်သည်။ မိမိတို့ နေထိုင်ဖို့ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ အစားအသောက်များ ရှာဖွေ ခြင်းတို့ကို ပြုဆောင်ခဲ့ကြသူများမှာလည်း မိမိတို့ ကိုယ်တိုင်သာဖြစ်သည်။ လူသားများသာ ဖြစ်သည်။ ထို့ပြင် မိမိတို့ စိုက်ပျိုးခင်းများ၌ ရေမပြတ်ရရှိအောင် ဆည်ကြီးတည်ပြီး တူးမြောင်းများ သွယ်ဖို့ အရေးကို ကြံစည်စီမံသူမှာလည်း လူသားတစ်ဦးဖြစ်သော မိမိတို့အရှင် မာယာဘုရင်ဘာလမ်းသာ ဖြစ်သည်။

www.burmeseclassic.com


သို့သော် ... သို့သော် ... ဂိုဏ်းချုပ်ကြီး အာမင်းကမူ ဤအမှုကိစ္စ ခပ်သိမ်းတို့သည် ကောင်းကင်ဘုံနန်းက နတ်ဘုရားများ၏ အလိုတော်ကျဖြစ်သည်။ လူသားတို့၏ ဖွဲလုံ့လ အားမာန်နှင့် အကြံဉာဏ်ကြောင့် မဟုတ်၊ မိမိတို့ ဘ၀ချမ်းမြေ့သာယာရေးအတွက် နတ်ဘုရားများကို ကိုးကွယ်ပူဇော်ကြရမည်။ ရိုသေကိုင်းရှိုင်းရမည်ဟု ပြောကြားခဲ့သည်။ မိမိအနေနှင့် နတ်ဘုရားများကို မေးခွန်းမထုတ်လိုသော်လည်း စောဒက မတက်လိုသော်လည်း ဂိုဏ်းချုပ်ကြီး အာမင်း၏ စကားကို ဘ၀င်မကျတော့ပေ။ ထို့အတူ ကောင်းကင်ဘုံနန်းက နတ်ဘုရားများအား လူသား၏ အသက်ဖြင့် ပူဇော်ရသော အမှုကိုလည်း မိမိသဘောမကျ မနှစ်သက်တော့ပေ။ မည်သည့်အတွက်ကြောင့် ဤသို့သော စိတ်မျိုး ဖြစ်ပေါ်လာသည်ကိုလည်း မတွေးတော မစဉ်းစားတတ်ပါပေ။

မိန်းမပျိုအိချယ်လည်း ဤသို့ အမျိုးမျိုး တွေးတောကာ မျက်စိကြောင်နေရာမှ နောက်ဆုံး၌ မျက်လုံးကို စုံမှိတ်ကာ အိပ်ပျော်ရန် ကြိုးစားတော့သည်။ ထိုအခါ လင်းယုန်နက်က အရောင်တဖျပ်ဖျပ် ထွက်နေသော မျက်လုံးကြီးများဖြင့် မိမိအား စိုက်ကြည့်နေသည်ဟု ခံစားရပြီး မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်မိသည်။ ထို့နောက် ရွှန်းမြသော လရောင်ကို ငေးကြည့်ရင်း အတွေးနယ်ချဲ့နေမိပြန်သည်။

ဤသို့ဖြင့် အိပ်မပျော်ဘဲ အတွေးနယ်ချဲ့နေမိရာ၊ ညဥ့်အတော်နက်သောအခါမှ တဖြည်းဖြည်း မျက်တောင်စင်းကာ အိပ်ပျော်သွားရှာသည်။

⟐

၁၂

## မင်းကောင်းမင်းမြတ်ဟူသည်

တစ်ရက်ပြီးတစ်ရက် အချိန်ကုန်လွန်လာခဲ့ပေပြီ။ နတ်ဘုရားကျောင်းတော်ကြီး ပြီးစီးအောင် ရှိသမျှ လူအင်အားကို စုပုံပြီး သုံးစွဲနေရာမှ မာယာဘုရင်ဘာလမ်း ၏ တောင်းဆိုချက်အရ စိုက်ခင်းတို့ကို အချိန်မီ ရေသွင်းစိုက်ပျိုးနိုင်ရန်အတွက် ဆည်ကြီးတည်ဆောက်ရေးတွင် လူအင်အား အများစုကို ခွဲဝေသုံးခွဲနေပြီဖြစ် ၏။ ထို့ကြောင့် နတ်ဘုရားကျောင်းတော်ကြီး ပြီးစီးအောင် တည်ဆောက်ရေး တွင် လူအင်အား လျော့သွားကာ လုပ်ငန်းနှေးကွေးသွားခဲ့သည်။

သစ်လုံးစည်းရိုးတံတိုင်းကာထားသောမိမိတို့ ဒေသသို့ လင်းယုန် နက် ရောက်ရှိလာပြီး ကတည်းက မာယာလူမျိုးတို့သည် ကြီးစွာသော သတိ ဝီရိယဖြင့် ကင်းစောင့်နေကြသည်။ ထို့ပြင် မိမိတို့ ပတ်ပတ်လည် ဝန်းကျင်တစ် ခွင်ရှိ တောအုပ်များ၊ တောင်ကုန်းများရှိရာသို့ ကင်းထောက် စစ်သည်များ စေလွှတ်ကာ လင်းယုန်နက်၏ နောက်လိုက်နောက်ပါ လူမျိုးစုတို့ကို ထောက် လှမ်းစုံစမ်းနေခဲ့သည်။ သို့သော် လောလောဆယ်၌ လူသူလေးပါး အရိပ် အယောင်ကိုမှ မတွေ့မမြင်ရကြပေ။

ထိုသို့ ထောက်လှမ်းရေး လုံခြုံရေး ကိစ္စများကို အလေးပေးဆောင် ရွက်ကြသကဲ့သို့ မာယာများသည် ရွာကြီးအတွင်းရှိ မပြီးသေးသော နေအိမ် များ၊ အဆောက်အဦးကြီးများကိုလည်း ပြီးစီးအောင် အားကြိုးမာန်တက် ဆောင်ရွက်နေကြသည်။

www.burmeseclassic.com


ရာသီဥတု အခြေအနေမှာ မိုးမရွာသည်မှအပ ဤနယ်မြေဒေသသစ်ပေါ်သို့ မာယာလူမျိုးတို့ လာရောက်အခြေချစဉ်ကထက် ပို၍ သာယာကောင်းမွန်နေပေသည်။ မာယာဘုရင်ဘာလမ်း ဦးဆောင်ကွပ်ကဲပြီး ဆည်ကြီးတည်ဆောက်နေသည်မှာလည်း အတော် ပြီးစီးထမြောက်နေရပေပြီ။ ထို့ကြောင့် မာယာလူမျိုးတို့သည် မိုးရေအတွက် ပူပင်ကြောင့်ကြခြင်း လုံးဝ မရှိကြပေ။

မာယာဘုရင်ဘာလမ်းလည်း လုံခြုံရေး တာဝန်အရပ်ရပ်ကို သေနာ ပတိ အာဟာလပ်အား လုံးဝလွှဲအပ်ထားပြီးနောက် ဆည်ကြီးပြီးစီးအောင် တည်ဆောက်ရေး၌သာ အချိန်ရှိသရွေ့ ဆောင်ရွက်နေပေသည်။ ခိုင်ခံ့ကောင်းမွန်သော သတ္တုတို့ကို သုံးစွဲနိုင်ရေးအတွက်လည်း အတတ်ပညာရှင်များနှင့် အမြဲမပြတ်ဆွေးနွေးတိုင်ပင်သည်။ ကြံစည်အားထုတ်သည်။

တဲအိမ်လေးအတွင်း၌ အချုပ်အနှောင်ခံနေရသော လင်းယုန်နက်၏ ဒဏ်ရာဒဏ်ချက်တို့မှာ တဖြည်းဖြည်းပျောက်ကင်းစပြုလာပေပြီ။ သို့သော် လင်းယုန်နက်သည် မိမိအပါးသို့ မိန်းမပျိုအိချယ်မှတစ်ပါး၊ မည်သူမှ အလာမခံ ပေ။ လာသမျှ လူတို့ကို ရန်မူလွှတ်သည်ချည်း ဖြစ်သည်။

မိန်းမပျို အိချယ်ကလည်း မိမိအား လင်းယုန်နက် ပြောကြားသည့် စကားတို့ကို မည်သူ့ကိုမှ ပြန်လည်ပြောကြားခြင်း မပြုပေ။ တစ်ရက်ပြီးတစ်ရက် အချိန်လွန်လာသည်နှင့်အမျှ မိန်းမပျိုအိချယ်သည် တဖြည်းဖြည်း စကား နည်းနည်းလာသည်။ မိန်းမပျိုအိချယ်သည် လင်းယုန်နက်ထံ နေ့စဉ်သွား၍ ပြုစုဆောင်ရွက်ပေးသကဲ့သို့ပင် ရွာသူရွာသားတို့ တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်နေကြသော လုပ်ငန်းတို့တွင်လည်း မပျက်မကွက် ပါဝင်ကူညီ ဆောင်ရွက်သည်သာ ဖြစ်သည်။

တစ်နေ့သောအခါတွင် လင်းယုန်နက်သည် 'အစ္စတိုင်းတစ်ယောက် ဘယ်မှာလဲ' ဟူသော အမေးကို မိန်းမပျိုအိချယ်အား မေးမြန်းခဲ့သည်။ မိန်းမပျို အိချယ်က 'အစ္စတိုင်း ဆိုသူမှာ မည်သူပါနည်း' ဟု တအံ့တသြ ပြန်လည်မေးမြန်းလိုက်ရာ လင်းယုန်နက်က မည်သို့မျှ ပြန်မဖြေဘဲ နှုတ်ဆိတ်နေခဲ့သည်။ ထို့နောက်တွင်ကား လင်းယုန်နက်သည် အစ္စတိုင်းအကြောင်းကို တစ်လုံး တစ်ပါဒမှ မေးမြန်းပြောဆိုခြင်း မပြုတော့ပေ။

*

အစ္စတိုင်းကား မိမိတို့ခေါင်းဆောင်ကြီး လင်းယုန်နက် ရန်သူ့လက်တွင်းသို့ သက်ဆင်းသွားပြီးကတည်းက မိမိတို့စခန်းသို့ အမြန်ဆုံး မရပ်မနား ပြန်လာခဲ့ရာ တစ်ဆယ့်နှစ်ရက်မြောက်သောနေ့ နံနက်အရုဏ်တက်တွင် မိမိတို့စခန်းသို့ ပြန်ရောက်သွားသည်။

အစ္စတိုင်း ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် စခန်းရှိ လူအားလုံးပင် အစ္စတိုင်းအပါးသို့ လာရောက်စုဝေးဝိုင်းအုံကြသည်။ သတင်းစကားအမျိုးမျိုးကို မေးကြသည်။

နံနက်နေထွက်ချိန်တွင်မူ စခန်းအလယ်ရှိ ကွက်လပ်ကျယ်ကြီး၌ လင်းယုန်နက် ဦးဆောင်သည့် တိုင်းရင်းသားလူမျိုးစု အကြီးအကဲများနှင့် စစ်သည်တော်များတို့ အားလုံးအစုံအညီ ရောက်ရှိနေပြီ ဖြစ်၏။

ထိုအခါ အစ္စတိုင်းက စတင်၍ –

"ကျုပ်နဲ့ လင်းယုန်နက်ဟာ ပင်လယ်ကမ်းခြေကို ရောက်တဲ့အထိ ခရီးဆက်ကြတယ်။ ပင်လယ်ကမ်းခြေကို ရောက်တဲ့အခါ နေဝင်ရာ အနောက်အရပ်ဘက်ကို ခရီးဆက်ကြပြန်တယ်။ ဒါပေမဲ့ လူသူလေးပါး အရိပ်အယောင်ကိုတောင် မမြင်ကြရဘူး။ ကျုပ်တို့ဟာ နေထွက်ရာ အရှေ့အရပ်ကို ခရီးဆက်လာခဲ့ကြတယ်။ နောက်ဆုံးတော့ အလွန်ကြီးမားတဲ့ မြစ်ကြီးတစ်စင်းကို တွေ့ကြရတယ်။ ကျုပ်တို့လည်း အဲဒီမြစ်ကြီးအတိုင်း စုန်ဆင်းလာခဲ့တာ အလွန်လှပဆန်းကြယ်တဲ့ ကျွန်းလေးတွေ အမြောက်အမြားကို တွေ့ခဲ့ရတယ်။ နောက်ဆုံးတော့ ကျုပ်တို့ စုန်ဆင်းလာတဲ့ မြစ်ကြီးဟာ အပြောကျယ်တဲ့ ပင်လယ်ပြင်ကြီးမှာ သွားရောက်ပေါင်းဆုံတယ်"

"ဒီတော့ ကျုပ်တို့လည်း ကုန်းမြေတောတောင်ဘက်ကို လှည့်ပြီး ရှာပုံတော်ခရီး ဆက်ကြပြန်တယ်။ ဒီလိုနဲ့ ခရီးဆက်လာခဲ့တာ လပြည့်သုံးကြိမ်ကြုံခဲ့တယ်။ ဒါပေမဲ့ လူစိမ်းတွေရဲ့ အရိပ်အယောင်လေးကိုတောင် မတွေ့မမြင်ကြရသေးဘူး။ ဒါပေမဲ့ ကျုပ်တို့ဟာ ဇွဲမလျှော့ပါဘူး။ ဆက်လက်ရှာဖွေမြဲ ရှာဖွေခဲ့ကြတယ်။ နောက်ဆုံးမတော့ ကျုပ်တို့နယ်မြေ ဒေသပေါ်ကို ကျူးကျော်လာရောက်လာတဲ့ လူစိမ်းတွေကို ကျုပ်တို့ရှာဖွေတွေ့ရှိခဲ့ကြပါတယ်" ဟု ပြော ကြားသည်။

အစ္စတိုင်း၏စကားကို ကြားရသောအခါ လူအားလုံးပင် တိုးတိုးတိုးတိုးနှင့် အချင်းချင်းပြောဆို ဆွေးနွေးနေကြသည်။ ထိုအခိုက်တွင်ပင် အစ္စတိုင်းက ဆက်၍ –

"လင်းယုန်နက်ပြောတာဟာ မှန်ပါတယ်။ ကျုပ်တို့နယ်မြေဒေသပေါ်ကို လာရောက်ခြေချကြတဲ့ လူစိမ်းတွေဟာ လူ့ဘီလူးကြီးတွေ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့တစ်တွေဟာ ကျုပ်တို့ တွေ့ဖူးမြင်ဖူးတဲ့ လူမျိုးတွေနဲ့တော့ လုံးဝ မတူကြပါဘူး။ သူတို့ဟာ ကျုပ်တို့နဲ့ နှိုင်းစာရင် အရပ်အမောင်း မသိမသာ နိမ့်ပြီး အသားအရေလည်း မသိမသာ ပိုပြီးမည်းပါတယ်။ ပြီးတော့ သူတို့ဟာ ကျုပ်တို့တစ်တွေလို တိရစ္ဆာန်တွေရဲ့ သားရေကို အဝတ်တန်ဆာ

အဖြစ် မဝတ်ဆင်ကြဘူး။ အရောင်မျိုး စုံတောက်ပနေတဲ့ ငှက်မွေးတွေ၊ မြက်တွေနဲ့ အဆန်းတကြယ် ပြုထားတဲ့ အဝတ်တန်ဆာတွေကိုပဲ ဝတ်ဆင်ကြတယ်။ ပြီးတော့ အလွန်ဆန်းကြယ်တဲ့ ခေါင်းဆောင်းတန်ဆာတွေကိုပဲ ဆင်မြန်းကြတယ်။

"သူတို့ဟာသူတို့ရဲ့စခန်းကို သစ်လုံးကြီးတွေနဲ့ စည်းရိုးတံတိုင်း ပတ်ပတ်လည် ကာရံထားကြတယ်။ ပြီးတော့ သူတို့ အိမ်တွေကို ကျောက်တုံးတွေနဲ့ ဆောက်ကြပြီး၊ အပေါ်က ရွှံ့မြေတွေနဲ့ မွမ်းမံထားကြတယ်" ဟု ပြော ကြားသည်။

ထိုစကားကို ကြားလျှင် လူအားလုံးပင် တအံ့တသြ အုတ်အုတ်ကျက်ကျက် ပြောဆိုဆွေးနွေးကြသည်။ အစ္စတိုင်း၏ဘေးတွင် ကပ်ထိုင်နေ သော ကွာဟာဒီလည်း ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး –

"မိတ်ဆွေကြီး အစ္စတိုင်း၊ မိတ်ဆွေကြီးပြောသမျှကို ကျုပ်တို့တစ်တွေငြိမ်ပြီး နားထောင်နေခဲ့ကြတယ်။ မိတ်ဆွေကြီးပြောသလို သူတို့ဟာ အိမ်တွေကို အခိုင်အခံ့ဆောက်ထားကြရင်၊ အချိန်တန်လို့ စခန်းပြောင်းရတဲ့အခါမှာ သူတို့ရဲ့ အိမ်တွေကို ဘယ်လို ရွှေ့ပြောင်းသယ်ယူကြမလဲ" ဟု မေးလိုက်သည်။

ထိုအခါ အစ္စတိုင်း က –

"သူတို့ဟာ ဘယ်နေရာကိုပဲသွားသွား နောက်ဆုံးမှာတော့ သူတို့ စခန်းကိုပဲ ပြန်လာကြလိမ့်မယ် ထင်တယ်။ ပြီးတော့ သူတို့ဟာ စည်းရိုးတံတိုင်း ကာထားတဲ့ စခန်းကြီးရဲ့အလယ်မှာ အလွန်မြင့်မားတဲ့ တောင်ကြီးတစ်တောင်ကို ဖို့ယူကြပြီး အဲဒီတောင်ကြီးထိပ်မှာ အိမ်လေးတစ်ဆောင် ဆောက်ထားကြ တယ်။ အဲဒီတောင်ကြီးဟာ ဘယ်လောက် မြင့်သလဲဆိုရင် နေ့ဝက်ကျော်ကျော် ခရီးအကွာအဝေးကတောင် လှမ်းမြင်နိုင်တယ်။ အဲဒီတောင်ကြီးကြောင့် သူတို့ အမဲလိုက်သမားများဟာ မျက်စိလည်မသွားတော့ဘဲ စခန်းကို တန်းတန်းမတ်မတ် ပြန်ရောက်နိုင်ကြလိမ့်မယ် ထင်တယ်"

"ပြီးတော့ သူတို့မှာ လှေကြီးတွေ အမြောက်အမြား ရှိတယ်။ လှေတစ်စင်းတစ်စင်းပေါ်မှာလည်း လူအမြောက်အမြား စီးနိုင်ကြတယ်။ အဲဒီ လှေကြီးတွေနဲ့ သူတို့ဟာ ပင်လယ်ထဲ ငါးဖမ်းထွက်ကြတယ်။ ပြီးတော့ ညနေစောင်းတဲ့အခါမှာ ဝါးလုံးအရှည်ကြီးတွေမှာ ငါးတွေကို ချိတ်သီပြီး စခန်းကို တပျော်တပါး ပြန်လာကြတယ်" ဟု ပြောကြားသည်။

ထိုအခိုက်တွင် ကွာဟာဒီက –

"ဒါထက် နေပါဦး။ လင်းယုန်နက်ကော၊ လင်းယုန်နက်အကြောင်းကို ကြားသိစမ်းပါရစေ" ဟု မေးလိုက်ရာ၊ အစ္စတိုင်းက –

www.burmeseclassic.com



"လင်းယုန်နက်ဟာ အဲဒီလူမျိုးတွေရဲ့ အကြီးအကဲကို ဝင်ပြီး တိုက်ခိုက်နေတုန်း အဲဒီလူမျိုးစစ်သည်တော်တွေက ဝိုင်းပြီးဖမ်းကြတဲ့အတွက် အဖမ်းခံသွားကြရတယ်။ သူတို့ဟာ သစ်လုံးစည်း ရိုးတံတိုင်းကာထားတဲ့ စခန်းထဲကို လင်းယုန်နက်ကို တွန်းထိုးခေါ်ဆောင်သွားကြတယ်။ အဲဒီအချိန်ကစပြီး လင်းယုန်နက်ကို နောက်ထပ် မတွေ့မမြင်ရတော့ဘူး" ဟု ဖြေကြားလိုက်သည်။

ထိုအခါ ကွာဟာဒီက –

"ဒါဖြင့် လင်းယုန်နက်ကို သူတို့သတ်ပစ်လိုက်တယ် ဆိုပါတော့" ဟု မေးလိုက်ရာ အစ္စတိုင်းက –

"ဟုတ်တယ်။ လင်းယုန်နက်ကို သူတို့သတ်ပစ်လိုက်တယ်လို့ ကျွန်ုပ် ထင်တယ်။ ဒါကြောင့် စခန်းကို ကျုပ်ပြန်လာခဲ့တာပဲ။ စခန်းကို ပြန်လာရတဲ့ အဓိက ရည်ရွယ်ချက်က ကျုပ်တို့ လူမျိုးစုတွေအားလုံးကို ခေါ်ပြီး ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီး လင်းယုန်နက်အတွက် လက်စားချေဖို့ဖြစ်တယ်။ ကျွဲအုပ်ကြီးတွေကို တောင်တန်းတွေဆီ မောင်းနှင်ရေးမှာ ဦးဆောင်ကူညီပေးဖို့ မဟုတ်ဘူး" ဟု ပြောကားလိုက်သည်။

အစ္စတိုင်းစကားကို ကြားလျှင် အစည်းအဝေးရှိ လူအားလုံးပင် သဘောတူကြဟန်ဖြင့် တညီတညွတ် ဟစ်အော်ကြွေးကြော် ထောက်ခံကြသည်။

ထိုအခါ အစ္စတိုင်းက –

"ကျုပ်တို့နယ်မြေကို ကျူးကျော်လာရောက် နေထိုင်ကြတဲ့ လူစိမ်းတွေရဲ့စခန်းကို ရောက်အောင် ရက်ပေါင်း အတော်ကြာ ခရီးဆက်ကြရလိမ့်မယ်။ ဒီလို ခရီးဆက်ကြတဲ့အခါမှာ လမ်းမမှားရအောင် လမ်းခရီးမှာ ကျုပ် အမှတ်အသားတွေ ခုတ်ထစ်ထားခဲ့တယ်။ ပြီးတော့ လူစိမ်းတွေရဲ့ စခန်းအလယ်က တောင်ကုန်းမို့မို့ကြီးကလည်း ကျုပ်တို့ကို လမ်းပြပါလိမ့်မယ်" ဟု ပြောကြားပြီးနောက် –

"ကျုပ်တို့ဟာ အပြောကျယ်တဲ့ ပင်လယ်ပြင်က လာတဲ့ လူစိမ်းတွေကို အပြောကျယ်တဲ့ ပင်လယ်ထဲကိုပဲ မောင်းထုတ်ပစ်ရမယ်။ ကျုပ်တို့မှ ခေါင်းဆောင်ကြီး လင်းယုန်နက်အတွက် လက်စားချေရမယ်" ဟု ဟစ်အော်ပြောကြားလိုက်သည်။

ထိုအခါ အစည်းအဝေးရှိ လူအားလုံးပင် ထိုင်ရာမှ ထကာ ကောင်းကင်ယံသို့ ဦးတည်ကာ လက်ရုံးကို ပြိုင်တူပင့်မြှောက်လိုက်ကြသည်။ ဤနည်းဖြင့် အစည်းအဝေး ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ကြသည်။ ဤနည်းဖြင့် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြသည်။

www.burmeseclassic.com


သေနာပတိအာဟာလပ်သည် မာယာစစ်သည်တစ်စုကို ဦးဆောင်ကာ မနက်ပိုင်းကင်းထောက် လှည့်လည်ပြီးအပြန်တွင် သစ်လုံးစည်းရိုးတံတိုင်း တံခါးမကြီးရှေ့တွင် အသင့်စောင့်ဆိုင်းနေသော မာယာဘုရင်ဘာလမ်းကို တွေ့မြင်ရသည်။

ထိုအခါ သေနာပတိ အာဟာလပ်သည် မာယာစစ်သည်တို့ကို ရပ်ဆိုင်းထားပြီးနောက်၊ မာယာဘုရင်ဘာလမ်းရှိရာသို့ တစ်ယောက်တည်းလျှောက်လာပြီး "အို … အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့ တပ်စုဟာ တောအုပ်ညို့ညို့ကို ကျော်လွန်ပြီး မြေပြန့်ကုန်းမြင့်ကို ရောက်တဲ့အထိ ကင်းထောက်ခဲ့ပါတယ်။ ဒါပေမဲ့ အရင်နေ့တွေက အတိုင်းပါပဲ။ လူသူလေးပါး အရိပ်အယောင်တောင် မတွေ့မမြင်ရပါဘူး" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း သေနာပတိအာဟာလပ်၏နောက်တွင် သတိအနေအထားဖြင့် ရပ်နေကြသော မာယာစစ်သည်တော်တို့ကို လှမ်းကြည့်ပြီးနောက် –

"ကျုပ်တို့ ဖမ်းဆီးမိထားတဲ့ လင်းယုန်နက်ဟာ အကြီးအကဲ ခေါင်းဆောင်တစ်ယောက်ပဲ။ ဒီတော့ ဘယ်နည်းနဲ့မှ တစ်ယောက်တည်း ခရီးဆက်လာတာ မဖြစ်နိုင်ဘူး။ အပေါင်းအဖော်တော့ ပါရမယ်။ နောက်လိုက် နောက်ပါတွေတော့ ပါရမယ်။ ဒီအနီးဝန်းကျင်မှ သူ့လူတွေရှိကိုရှိရမယ်။ ဘာကြောင့် သူ့လူတွေကို ကျုပ်တို့ ရှာလို့ မတွေ့ရတာလဲ၊ ကျုပ်ဖြင့် တွေးလို့တောင် မရတော့ဘူး" ဟု မိန့်ကြားရာ သေနာပတိ အာဟာလပ်က –

"သူ့လူတွေ ဒီအနီးဝန်းကျင်မှာ ရှိချင်ရှိနိုင်ပါတယ် အရှင်။ ဒါပေမဲ့ တောက သိပ်ထူတယ် မဟုတ်လား။ ဒါကြောင့် ကျွန်တော်မျိုးတို့ မတွေ့တာဖြစ်နိုင်ပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ကျုပ်တို့ရဲ့ အနီးဝန်းကျင်မှာ သူစိမ်းတွေရှိနေပြီး အဲဒီ သူစိမ်းတွေက ကျုပ်တို့ရဲ့ လှုပ်ရှားမှုဟူသမျှကို စောင့်ကြည့်နေတယ်ဆိုတဲ့ အသိဟာ ကျုပ်စိတ်ထဲမှာ အမြဲရှိနေတယ်။ အဲဒီအသိကြောင့် ကျုပ်ဟာ အမြဲစိုးရိမ်ကြောင့်ကြနေတယ်။ ဒီမှာ အာဟာလပ်။ ကျုပ်တို့ရောက်ရှိနေတဲ့ နယ်မြေဒေသသစ်ဟာ မြေဩဇာအလွန်ကောင်းတဲ့ဒေသ ဖြစ်တယ်။ နှလုံးမွေ့လျော် ပျော်စရာကောင်းတဲ့ ဒေသဖြစ်တယ်။ အမြဲအခြေချနေသင့်တဲ့ ဒေသဖြစ်တယ်။ ဒီနယ်မြေဒေသသစ်အကြောင်းကို ကျုပ်တို့ ပိုမို သိရှိဖို့လိုတယ်။ နယ်ကျွမ်းနေဖို့ လိုတယ်" ဟု မိန့်ကြားရာ သေနာပတိအာဟာလပ်က –

"ကောင်းပါပြီ အရှင်။ ကျွန်တော်မျိုးတို့ အထူးကြိုးစား ဆောင်ရွက်ပါ့မယ် " ဟု လျှောက်တင်ပြီးနောက် –

"ကျွန်တော်မျိုးတို့ တပ်စုက စစ်သည်တော်တွေကို အထွေအထူး မှာကြားစရာ ရှိပါသေးသလား အရှင်" ဟု မေးမြန်းလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက အသာခေါင်းယမ်းလိုက်ပြီး နောက် အသင့်ရပ်စောင့် နေကြသော မာယာစစ်သည်တော်တို့ဘက်သို့ လှည့်ကာ –

"မောင်မင်းတို့ကို အထွေအထူးမှာကြားစရာ မရှိပါဘူးကွယ်။ ဟောဒီမှာ ရှိနေကြတဲ့ မာယာလူမျိုး အားလုံးရဲ့ အသက်ဟာ မောင်မင်းတို့ရဲ့ နိုးကြားမှု ပေါ်မှာ တည်နေတယ်။ သတိဝီရိယပေါ်မှာ တည်နေတယ်ဆိုတဲ့ အချက်တစ်ချက်ကိုပဲ မောင်မင်းတို့ အားလုံးစွဲစွဲမြဲမြဲ မှတ်သားစေချင်တယ်။ ပြီးတော့ ကင်း ထောက်ခရီးထွက်တိုင်းမှာ မောင်မင်းတို့ရဲ့ မျက်စိကိုဖွင့်၊ နားကို ဖွင့်ထားစေချင် တယ်" ဟု မိန့်ကြားလိုက်သည်။

ဤသို့ မာယာဘုရင်ဘာလမ်း မိန့်ကြားအပြီးလျှင် သေနာပတိ အာ ဟာလပ်လည်း မိမိ၏တပ်စုကို ထွက်ခွာခွင့် ပြုလိုက်ရာ မာယာစစ်သည်တော် များလည်း အပါးမှ ထွက်ခွာသွားကြသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း သေနာပတိအာဟာလပ်နှင့် အတူ ရွာအတွင်းသို့ အေးအေးလူလူ လမ်းလျှောက်လာကြသည်။

ထိုအခိုက်တွင် သေနာပတိအာဟာလပ်က –

"အရှင်မင်းကြီး၊ စိုးရိမ်ကြောင့်ကြမနေပါနဲ့။ ဒီအရိုင်းကောင်တွေသာ အနီးဝန်းကျင်မှာ ရှိနေရိုးမှန်ရင် ကျွန်တော်မျိုးတို့ မတွေ့တွေ့အောင် ရှာနိုင်ပါ တယ်" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းက –

"ကျုပ်ကို လင်းယုန်နက် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်တုန်းက အဖြစ်အပျက် ကျုပ် ဘယ်တော့မှ မမေ့နိုင်ဘူး။ လင်းယုန်နက်ဟာ မကောင်းဆိုးဝါး ဝိညာဉ်တစ်ခုလို ကျုပ်အနားကို ဖြုန်းခနဲ ကျရောက်လာခဲ့တယ်။ ဒီလို ကျုပ် အနားမှာ လင်းယုန်နက်ရှိနေတာကို ကျုပ်ရော ဂိုဏ်းချုပ်ကြီးအာမင်းပါ ဘယ်သူမှ မရိပ်စားခဲ့မိဘူး" ဟု မိန့်ကြားပြီးနောက် –

"လင်းယုန်နက်သာမကဘူး၊ သူရဲ့လူတွေပါ မကောင်းဆိုးဝါးဝိညာဉ် တွေလို လှုပ်ရှားနိုင်လိမ့်မယ်။ တောနက်အတွင်းမှာ အသံမပြည်အောင် သွားလာနိုင်လိမ့်မယ်လို့ ကျုပ် ယုံကြည်နေတယ် အာဟာလပ်။ ဒီတော့ မောင်မင်းတို့ အထူးသတိဝီရိယ ထားကြပါကွယ်" ဟု မိန့်ကြားသတိပေးသည်။

www.burmeseclassic.com


ထို့နောက် မာယာဘုရင်ဘာလမ်းလည်း သေနာပတိ အာဟာလပ် အပါးမှ ထွက်ခွာကြွမြန်းသွားရာ သေနာပတိ အာဟာလပ်လည်း မာယာဘုရင် ဘာလမ်းကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ မိမိတပ်စုထွက်ခွာသွားရာ ဘက်သို့ တစ်ယောက်တည်း ထွက်ခွာသွားသည်။

*

မာယာဘုရင်ဘာလမ်းလည်း ရွာလယ်လမ်းမကြီးအတိုင်း တစ်ကိုယ်တည်း လျှောက်လာရာမှ ဘေးတစ်ဘက်တစ်ချက်ရှိ အိမ်များကို ကြည့်ရှုစစ်ဆေးလာခဲ့သည်။ မာယာတို့ တည်ဆောက်နေကြသော အိမ်များကား ပြီးစီးနေပေပြီ။ ထို့အတူ ရွာလယ်မြေကွက်ကြီး၌ တည်ဆောက်နေသော နတ်ဘုရားကျောင်းတော်ကြီးသည်လည်း ပြီးစီးသွားခဲ့ပေပြီ။

မာယာဘုရင်ဘာလမ်းလည်း တစ်ကိုယ်တည်း လမ်းလျှောက်နေရာမှ လင်းယုန်နက်ကို ဖမ်းဆီးချုပ်နှောင်ထားရာ တဲအိမ်လေးအပါးသို့ ရောက်လာခဲ့သည်။ ထိုအခါ တဲအိမ်ကလေး ရှေ့တွင် အစောင့်စစ်သည်တော် တစ်ဦး ရပ်စောင့်နေသည်ကို မြင်ရသည်။

ဤတွင် မာယာဘုရင်ဘာလမ်းလည်း 'မိန်းမပျိုအိချယ်သည် အကျဉ်းသား လင်းယုန်နက်နှင့်အတူ ရှိနေလေသလော' ဟု ဖျတ်ခနဲ တွေး တောကာ၊ တဲအိမ်လေးဘက်သို့ စေ့စေ့စပ်စပ် လှမ်းကြည့်လိုက်မိသည်။ ထို့ နောက် နတ်ဘုရားကျောင်းတော်ကြီး ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်ကာ ဂိုဏ်းချုပ်ကြီးအာမင်းက အကျဉ်းသား လင်းယုန်အား ယဇ်ပူဇော်ရန် စီမံ ကြံရွယ်ထားသည့်အဖြစ်ကို အမှတ်ရကာ စိတ်ထဲ၌မအီမသာ ဖြစ်လာမိသည်။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းလည်း တဲအိမ်လေးတွင်းသို့ မဝင်တော့ဘဲ ရွာလယ်လမ်းမကြီးအတိုင်းလျှောက်ကာ မိမိနှင့် အမြဲမပြတ်တိုင်ပင် ဆွေးနွေး နေကျဖြစ်သော အတတ်ပညာရှင်ကြီးရှိရာသို့ လျှောက်လာခဲ့သည်။

အတတ်ပညာရှင်ကြီးအား တပည့်လက်သား အစုံအလင်နှင့် အလုပ်ကို အားကြိုးမာန်တက် ဆောင်ရွက်နေသည်။ တပည့်တချို့က မီးမပြတ်စေအောင် ဖားဖိုကို ဆွဲပေးနေပြီး၊ တပည့်တချို့ကမူ သတ္တုချောင်းတစ်မျိုးကို ရဲနေအောင် မီးပေးနေသည်။ တပည့်တချို့ကမူ ရဲနေသော သတ္တုချောင်းကို ပေပေါ်တင်ပြီး တူကြီးနှင့် တဒုန်းဒုန်းထုနေသည်။

မာယာဘုရင်ဘာလမ်းကို မြင်သောအခါ အတတ်ပညာရှင်ကြီးလည်း အသင့်ထားရှိသော သတ္တုချောင်းတစ်ချောင်းကို ကမ်းပေးရာ မာယာဘုရင်ဘာလမ်းလည်း ထိုသတ္တုချောင်းကို ဓားကဲ့သို့ကိုင်ကာ လေထဲတွင် ဝှေ့ ယမ်းထိုးခုတ်ကြည့်သည်။ ထို့နောက် –

"ဒီသတ္တုဟာ ဓားလုပ်ဖို့အတွက် အတော်ကောင်းတာပဲ။ ဒီတော့ ဒီသတ္တုနဲ့ဓားတွေ အများကြီး လုပ်ဖို့လိုတယ်။ ဒီတော့ ဆရာကြီးရေ ... အလုပ်သမား များများ ခေါ်ပြီး အပူတပြင်း အလုပ်လုပ်ပါတော့။ ကျုပ်တို့မှာ ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးတို့ ကိုင်စွဲတဲ့ ဓားမျိုးတွေ အလောတကြီး လိုအပ်နေပြီ" ဟု မိန့်ကြားလိုက်သည်။

ထို့နောက် မာယာဘုရင် ဘာလမ်းလည်း အတတ်ပညာရှင်ကြီးနှင့် အတန်ကြာအောင် ဆွေးနွေးတိုင်ပင်ပြီးနောက်၊ မိမိစံအိမ်တော်ရှိရာသို့ ပြန်လည် ထွက်ခွာလာခဲ့သည်။ ထိုအခိုက်တွင် မိန်းမပျိုအိချယ်နှင့် လင်းယုန်နက်တို့ အကြောင်းကို ဖျတ်ခနဲ တွေးတောအမှတ်ရလာပြီး လင်းယုန်နက်ကို ဖမ်းဆီးချုပ်နှောင်ထားသည့် တဲအိမ်လေးရှိရာသို့ အလိုလိုလျှောက်လာခဲ့မိသည်။

*

တဲအိမ်လေးရှေ့သို့ ရောက်သောအခါ မာယာဘုရင်ဘာလမ်းလည်း အစောင့်စစ်သည်တော်ကို လှမ်းကြည့်ရင်း 'ဝင်သင့် မဝင်သင့်' ကို ချီတုံချတုံ စဉ်းစားနေပြီးမှ အိမ်တွင်းသို့ ဝင်ရန် ဆုံးဖြတ်လိုက်သည်။

အစောင့်စစ်သည်တော်ကို ကျော်၍အိမ်တွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အိမ်တံခါးဝအနီးတွင် ထိုင်သော ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်က ထိုင်ရာမှ ထကာ မာယာဘုရင်ဘာလမ်းကို ဦးညွှတ် အရိုအသေ ပေးလိုက်သည်။ မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်ကို တုန့်ပြန်နှုတ်ဆက်လိုက်ပြီးနောက်၊ အတွင်းသို့ လှမ်းကြည့်လိုက်ရာ အိမ်ထောင့်တစ်နေရာရှိ ကွပ်ပျစ်ထက်၌ လင်းယုန်နက် လဲလျောင်းနေပြီး၊ ထိုကွပ်ပျစ်အနီး၌ မိန်းမပျိုအိချယ် ထိုင်နေသည်ကို မှုန်ဝါးဝါး အလင်းရောင်အောက်၌ တွေ့မြင်လိုက်ရသည်။

မိန်းမပျိုအိချယ်မှာ ပင်ပန်းနွမ်းနယ်နေသည့် အသွင်ကို ဆောင်နေပြီး လင်းယုန်နက်၏ လက်ကို လက်တစ်ဘက်ဖြင့် ခပ်ဖွဖွ လေးဆုပ်ကိုင်ထားသည်ကိုလည်း တွေ့မြင်သတိပြုလိုက်မိသည်။ ထိုအခါ မာယာဘုရင်ဘာလမ်း၏ ရင်ထဲ၌ တင်းကြပ်သော ဝေဒနာကို ခံစားလိုက်ရသည်။

ထိုအခိုက်တွင်ပင် ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်က လေသံဖြင့် –

"ဒီအရိုင်းကောင်ကြီးက သူ့အပါးကို ဘယ်သူမှ အကပ်မခံဘူး။ အိချယ်တစ်ယောက်ပဲ အကပ်ခံတယ်" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်ကို လှမ်းကြည့်ရင်း –

"သူ့ကျန်းမာရေး အခြေအနေကော ဘယ်လိုနေသတုံး" ဟု ခပ်တိုးတိုး မေးလိုက်သည်။

www.burmeseclassic.com


ထိုအခါ ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်က –

"အဖျား လုံးဝ မရှိတော့ဘူးလို့ အိချယ်ပြောတာပဲ" ဟု လျှောက် တင်ရာ မာယာဘုရင်ဘာလမ်းက –

"အရင်ကလို ကြမ်းတုန်းပဲလား" ဟု ထပ်မံ မေးလိုက်သည်။ ထိုအခါ ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်က –

"ကြမ်းတုန်းပဲ။ အိချယ်ကလွဲရင် အခြားလူတွေ အကပ်မခံဘူး။ ကပ် တာနဲ့တစ်ပြိုင်နက် ကျားသစ်တစ်ကောင်လို ကြမ်းတော့ပဲ" ဟု လျှောက်တင် လိုက်သည်။

ထိုသို့ ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ်နှင့် မာယာဘုရင်ဘာလမ်းတို့ စကားပြောနေခိုက်တွင် မိန်းမပျိုအိချယ်လည်း ဖျတ်ခနဲ မော့ကြည့်လိုက်ပြီး မာယာဘုရင်ဘာလမ်းကို တွေ့မြင်သည်နှင့် တစ်ပြိုင် ခပ်ဖွဖွလေး ဆုပ်ကိုင်ထားသော လင်းယုန်နက်၏လက်ကို ခပ်သာသာလေး ဘေးသို့ချလိုက်သည်။ ထို့နောက် အသာမတ်တတ် ရပ်လိုက်ပြီးလျှင် အဝတ်အစားတို့ကို ဆွဲဆန့်သည်။ ဆံပင်သပ်ရပ်သွားအောင်လည်း လက်ဖြင့် ပြုပြင်လိုက်သည်။ ထို့နောက် မာယာဘုရင်ဘာလမ်းကို လှမ်းကြည့်ပြီး အခန်းထောင့် တစ်နေရာရှိ စားပွဲသို့ လျှောက်သွားကာ ရေတာကောင်းထဲမှ ရေတစ်ခွက်ကို ငှဲ့သောက်လိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်ရှိရာသို့ လျှောက်သွားပြီး ညင်သာသိမ်မွေ့သော လေသံဖြင့် –

"အိချယ်၊ မင်းကြည့်ရတာ သိပ်ပင်ပန်းနွမ်းနယ် နေတယ်" ဟု မိန့်ကြားလိုက်သည်။

မိန်းမပျိုအိချယ်က မည်သို့မှ မပြောကြားသောအခါ မာယာဘုရင် ဘာလမ်းက ဆက်၍ –

"လင်းယုန်နက်ရဲ့ အခြေအနေက ဘယ်လိုလဲ။ မသေနိုင်တော့ဘူး မဟုတ်လား" ဟု မေးမြန်းလိုက်သည်။

ထိုအခိုက်တွင် ကွပ်ပျစ်ထက်၌ လျောင်းစက်နေသော လင်းယုန်နက် က "ဟုတ်တယ်။ ကျုပ် မသေတော့ဘူး" ဟု ကျယ်လောင်စွာ ပြောကြားလိုက် ရာ မာယာဘုရင် ဘာလမ်းရော မိန်းမပျိုအိချယ်ပါ လင်းယုန်နက် ရှိရာသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

ဤတွင် လင်းယုန်နက်သည် ကွပ်ပျစ်ထက်မှ အားယူထရုံမက မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့ရှိရာသို့အားတင်းပြီး တဖြည်းဖြည်း လျှောက်လာသည်ကို တွေ့ရသည်။ ထို့ပြင် လင်းယုန်နက်က မာယာဘုရင်ဘာလမ်းကို မထီလေးစားပြုံးကြည့်ရင်း –

"ဟုတ်တယ်။ ကျုပ် မသေတော့ဘူး။ ခင်ဗျားနဲ့နှစ်ယောက်တည်း စီးချင်းတိုက်ဖို့အတွက် ကျုပ် ဆက်ပြီး အသက်ရှင်နေတယ်။ ဒီတစ်ခါ စီးချင်း တိုက်ပွဲမှာတော့ တစ်ယောက်ယောက် အသက်ဆုံးရှုံးရလိမ့်မယ်။ အသက် မသေဘဲ ကျန်တဲ့သူကတော့ အောင်ပန်းသရဖူကို ဆင်မြန်းရမှာပေါ့"ဟု ပြော ကြားသည်။

မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်၏ စကားအဓိပ္ပာယ်ကို လုံး၀ နားမလည်ရကား မိန်းမပျိုအိချယ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ သို့သော် မိန်းမပျိုအိချယ်က မာယာဘုရင်ဘာလမ်းကို လှမ်းမကြည့်ဘဲ လင်း ယုန်နက်အပါးသို့ လျှောက်သွားပြီးလျှင် –

"ရှင် လှုပ်လှုပ်ရှားရှား လုပ်ဖို့ မကောင်းသေးဘူး။ လှဲပြီး ငြိမ်ငြိမ်လေး နေစမ်းပါ။ အခုလောလောဆယ်မှာ တိုက်ဖို့ခိုက်ဖို့ စကားတွေ ပြောမနေပါနဲ့။ ရှင့်မှာ အားမပြည့်သေးဘူး" ဟု ပြောကြား ဖျောင်းဖျလိုက်သည်။

ထိုအခိုက်တွင် လင်းယုန်နက်က မာယာဘုရင်ဘာလမ်းကို စိန်းစိန်း ကြည့်ရင်း "ကျုပ်ဟာ လူပေါင်းများစွာနဲ့ စီးချင်းတိုက်ဖူးပါတယ်။ ဒါပေမဲ့ ခင်ဗျားလို တိုက်နည်းခိုက်နည်း မျိုးစုံပြီး ပရိယာယ်ကြွယ်တဲ့ လူမျိုးကိုတစ်ခါမှ မတွေ့မကြုံဖူးပါဘူး။ ဒါထက် ခင်ဗျား ကိုင်တဲ့လက်နက်က ဘာပါလိမ့်" ဟု မေးလိုက်ရာ မာယာဘုရင် ဘာလမ်းက –

"ကျုပ်ကိုင်တဲ့လက်နက်က ကျောက်ဓားကြီးလို့ ခေါ်ပါတယ်။ မီး တောင်ထွက်တဲ့ ကျောက်တစ်မျိုးကို သွေးထားတဲ့ ဓားကြီးပေါ့။ ဒီကျောက်ဓား ကြီးနဲ့ ရန်သူအပေါင်းကို ကျုပ်တိုက်ခိုက် အနိုင်ယူနေကြပဲ"ဟု ဖြေကြားလိုက် သည်။

ထိုအခါ လင်းယုန်နက်က ရယ်မောပြီး –

"ခင်ဗျား ကျောက်ဓားကြီးရဲ့ အသွားတွေဟာ ကျုပ်ရဲ့ တင်းပုတ်ကြီး နဲ့ထိတိုင်း ပဲ့ပဲ့ကုန်ပါတယ်။ တကယ့်တိုက်ပွဲမှာ ခင်ဗျားရဲ့လက်နက်ဟာ အသုံး မ၀င်ပါဘူး" ဟု ပြောကြားလိုက်ရာ မာယာဘုရင်ဘာလမ်းမှာ –

"ဟုတ်တယ်။ ဒါကြောင့် ကျုပ်တို့မှာ ပိုမိုကောင်းမွန်တဲ့ လက်နက် တွေရအောင် ကြံစည်အားထုတ်နေပါတယ်" ဟု ဖြေကြားလိုက်သည်။

ထိုအခိုက်တွင် လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းထံသို့ ဆက်လျှောက်လာရန် ကြိုးစားရာမှ ခြေမခိုင်ဘဲ ယိမ်းယိုင်သွားရာ မိန်းမပျို အိချယ်လည်း လင်းယုန်နက်အပါးသို့ ဖျတ်ခနဲ လျှောက်သွားပြီး ယိမ်းယိုင်နေ သော ကိုယ်ကြီးကို ထိန်းပေးလိုက်သည်။

www.burmeseclassic.com


ထိုအခါ လင်းယုန်နက်လည်း အနီးရှိ နံရံကိုလက်ဖြင့် လှမ်းကိုင်ရင်း မိန်းမပျိုအိချယ်ကို ပြုံးပြသည်။ ထို့နောက် မာယာဘုရင် ဘာလမ်းကို အရောင်တလက်လက် တောက်နေသော မျက်လုံးအစုံဖြင့် လှမ်းကြည့်ရင်း –

"ယောက်ျားပီပီ တိုက်ရေးခိုက်ရေးနဲ့ ယောက်ျားကိစ္စတွေ ပြောရတာကောင်းလှသဗျာ။ ဒါထက် ခင်ဗျားတို့က ဘယ်အရပ်ဒေသက လာခဲ့ကြတာတုံး" ဟု မေးလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"အပြောကျယ်တဲ့ ပင်လယ်ရေပြင်ကြီးရဲ့ အခြားတစ်ဘက်မှာ ရှိတဲ့ အရပ်ဒေသကြီးက လာခဲ့ကြတာပါ" ဟု ဖြေလိုက်ရာ လင်းယုန်နက် က –

"ဘာကြောင့် ကျုပ်တို့ နယ်မြေကိုလာခဲ့ရတာတုန်း" ဟု ဆက်မေးပြန်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက "ဒီနယ်မြေမှာ နေထိုင် အခြေစိုက်ချင်လို့ပေါ့ဗျာ" ဟု ခပ်ရိုးရိုး ဖြေလိုက်ရာ လင်းယုန်နက်က –

"ဒီနယ်မြေဒေသဟာ ကျုပ်တို့ရဲ့ နယ်မြေပါ။ ဒီနယ်မြေပေါ်ကို ကျူးကျော်ရေးသမားတွေ ရှေးယခင်ကလည်း လာရောက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီကျူးကျော်ရေးသမားတွေကို ကျုပ်တို့တစ်တွေ တိုက်ခိုက်မောင်းထုတ်ပစ်ခဲ့တာချည်းပါပဲ" ဟု ပြောကြားပြီးနောက် "ခင်ဗျားရဲ့ စစ်သည်တော်တွေသာ ခင်ဗျားလို တိုက်ရည်ခိုက်ရည်နဲ့ ပြည့်စုံကြမယ်ဆိုရင် ကျုပ်တို့ဟာ အလွန်ကြီးကျယ်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ စစ်ပွဲကြီးကို ဆင်နွှဲရမှာ သေချာတယ်" ဟု ပြောကြားကာ တဟားဟား ရယ်မောလိုက်သည်။

ထို့နောက် လင်းယုန်နက်လည်း မိမိကွပ်ပျစ်ရှိရာသို့ တရွေ့ရွေ့ လျှောက်သွားရာ မာယာဘုရင်ဘာလမ်းလည်း အတန်ကြာအောင် ငေးကြည့်နေပြီးမှ တဲအိမ်လေးတွင်းမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်တွင် လင်းယုန်နက် က –

"ဘာလမ်း၊ ခင်ဗျား ကျောက်စားကြီးနဲ့ အမြဲမပြတ်လေ့ကျင့်ထားပါ" ဟု လှမ်းပြောလိုက်ပြီး တဟားဟား ရယ်မောနေပြန်သည်။

ထိုအခါ ခေတ္တဆိုင်းငံ့နေသော မာယာဘုရင်ဘာလမ်းလည်း ဆိုင်းငံ့မနေတော့ဘဲ ပြန်ထွက်သွားရန် ဟန်ပြင်လိုက်ပြန်သည်။

ထိုအခိုက်တွင်ပင် လင်းယုန်နက်က –

"ဘာလမ်း၊ ခင်ဗျားရဲ့ အမျိုးသမီးလေးက သိပ်ချော၊ သိပ်လှတယ်။ လူ့လောကကို ကောင်းကင်ဘုံနန်းက နတ်ဒေဝီတစ်ပါး ဆင်းသက်လာတာနဲ့ တူတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မည်သို့မှ ပြန်လည်ပြောကြားခြင်း မပြု၊ မည်သူ့ကိုမှလည်း ပြန်လည်စောင်းငဲ့ကြည့်ရှုခြင်း မပြုဘဲ တဲအိမ်ကလေးအတွင်းမျှ ခပ်သုတ်သုတ် ထွက်ခွာသွားတော့သည်။

ဤသို့ မာယာဘုရင်ဘာလမ်း ခပ်သုတ်သုတ် ထွက်ခွာသွားသည်ကို မိန်းမပျိုအိချယ်သည် အတန်ကြာအောင် ငေးကြည့်ပြီးနောက်၊ ဆေးဝါးပစ္စည်းများ အဝတ်စသန့်သန့်များ တင်ထားသော စားပွဲလေးရှိရာသို့ လျှောက် သွားပြီးလျှင် အထူးဖော်စပ်ထားသော ဆေးပန်းကန်ကိုယူကာ လင်းယုန်နက်ရှိ ရာ ကွပ်ပျစ်သို့ လျှောက်လာခဲ့ရာ လင်းယုန်နက်က မိန်းမပျိုအိချယ်ကို လှိုက် လှိုက်လှဲလှဲ ပြုံးပြလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ဘာကြောင့် ကျွန်မကို သူ့ရဲ့ အမျိုးသမီးလေးလို့ ခေါ်ရတာတုံး" ဟု မေးလိုက်ရာ လင်းယုန်နက်က –

"ဘာကြောင့်လဲဆိုတော့ ဘာလမ်းက မင်းတို့လူမျိုးစုရဲ့အကြီးအကဲ ခေါင်းဆောင်ဖြစ်တယ်။ မင်းက အဲဒီလူမျိုးစုမှာရှိတဲ့ အမျိုးသမီးလေးတွေ အနက် အချောဆုံး အလှဆုံးဖြစ်တယ်။ ဒီတော့ မင်းဟာ သူ့ရဲ့အမျိုးသမီးလေး ဖြစ်ရမှာပေါ့။ အဖြေက အလွန်ရှင်းပါတယ်" ဟု ဖြေကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က ပြုံးပြီး –

"ရှင်ဟာ ကျွန်မတို့လူမျိုးစုက အခြား အမျိုးသမီးလေးတွေကို စုံစေ့ အောင် မမြင်ဖူး၊ မတွေ့ဖူးသေးပါဘူး။ ဒါနဲ့တောင် ကျွန်မကို ဘာကြောင့် အချောဆုံး အလှဆုံးလို့ ပြောရတာပဲ" ဟု မေးလိုက်ရာ လင်းယုန်နက် –

"မင်းတို့လူမျိုးစုက အခြားအမျိုးသမီးလေးတွေကို စုံစေ့အောင် လိုက်ကြည့်နေဖို့ မလိုပါဘူးကွယ်။ မင်းတစ်ယောက်တည်းကို ကြည့်ရုံနဲ့ မင်းဟာ အချောဆုံး အလှဆုံးဖြစ်ကြောင်း ကျုပ်မှန်းဆသိမြင်နိုင်ပါတယ်" ဟု ပြောကြားသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်က အထူးဖော်စပ်ထားသော ဆေးပန်းကန်ကို ကမ်းပေးရာ လင်းယုန်နက်က အသာကမ်းယူရင်း –

"ဒီအရည်တွေက ဘာတွေလဲကွယ်" ဟု မေးလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ဒီအရည်တွေက ကျွန်မတို့ သမားတော်ကြီးတွေ အထူးဖော်စပ်ပေးတဲ့ ဆေးရည်တွေပါ။ ဒီဆေးရည်တွေကို သောက်လိုက်ရင် ချက်ချင်း အားပြန် ပြည့်လာပါလိမ့်မယ်" ဟု ပြောကြားရာ လင်းယုန်နက်က –

www.burmeseclassic.com



BURMESE CLASSIC .com

"ကျုပ် ပြန်ပြီး အားပြည့်လာတာကို မင်းသိပ်လိုလားနေသလား ကွယ်" ဟု မေးလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"လိုလားတာပေါ့ရှင်။ ဘယ်နှယ့်ပြောပါလိမ့်" ဟု ပြောကြားလိုက်ရာ လင်းယုန်နက်က –

"မင်းတို့ ခေါင်းဆောင်ဘာလမ်းဟာ တိုက်ရေးခိုက်ရေးမှာ အထူး ကျွမ်းကျင်တဲ့ စစ်သည်တော်ကောင်း တစ်ဦး ဖြစ်တယ်။ ဘာလမ်းကို ပေါ့ပေါ့ တွက်လို့ မရဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"အို … ရှင် အားပြည့်တာနဲ့ ဘာလမ်း စစ်သည်တော်ကောင်း ဖြစ်တာနဲ့ ဘယ်ဆိုင်လို့တုန်းရှင်" ဟု ပြောကြားလိုက်ရာ လင်းယုန်နက်လည်း မည်သို့မျှ ပြန်မပြောဘဲ မိန်းမပျိုအိချယ်ကိုသာ အတန်ကြာအောင် ငေးစိုက် ကြည့်နေသည်။

ထို့နောက် လက်တွင်းရှိ ဆေးခွက်ကို မော့သောက်ရင်း ရှုံ့မဲ့နေရာ၊ မိန်းမပျိုအိချယ်က သဘောကျသွားဟန်ဖြင့် တခစ်ခစ် ရယ်လိုက်သည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"မင်းတို့ ခေါင်းဆောင်ဘာလမ်းဟာ တကယ့်စစ်သည်တော်ကောင်း တစ်ယောက် မှန်ပါရဲ့။ ဒါပေမဲ့ အသုံးမကျတဲ့ အရူးတစ်ယောက်ပဲ" ဟု ပြော ကြားလိုက်ရာ မိန်းမပျိုအိချယ်က –

"ဘာကြောင့်ပါလိမ့် ရှင်" ဟု မေးလိုက်သည်။

ထိုအခါ လင်းယုန်နက် က –

"မင်းဟာ ကောင်းကင်ဘုံနန်းက နတ်ဒေဝီတစ်ပါးလို ချောမောလှပ တဲ့ သူပါ။ ဒါနဲ့တောင် သူ့ရဲ့အမျိုးသမီးလေး မဟုတ်ဘူးဆိုရင် သူဟာ အလှ အပကို မခံစားတတ်တဲ့ အရူးတစ်ယောက်ပဲ ဖြစ်ရမှာပေါ့" ဟု ပြောကြားပြီး မိန်းမပျိုအိချယ်၏ မေးစေ့ကို ညင်ညင်သာသာလေး ကိုင်လိုက်သည်။

ထို့နောက် မိန်းမပျိုအိချယ်၏ မျက်နှာကို ပြုံးကြည့်ရင်း –

"မင်းအတွက် ဘာလမ်းနဲ့ စီးချင်းတိုက်ရတယ်ဆိုရင်လည်း ကောင်း တာပါပဲကွယ်" ဟု ပြောကြားပြီး ဖုထစ်ထွားကျိုင်းလှသော လက်မောင်းကြီး ဖြင့် ဖျတ်ခနဲ ပွေ့လိုက်သည်။ ထို့နောက် မိန်းမပျို အိချယ်၏ ပြည့်တင်းနီမြန်း နေသော နှုတ်ခမ်းအစုံကို တမေ့တမော နမ်းစုတ်လိုက်သည်။

လင်းယုန်နက်နှင့် ကိုယ်ချင်းခွာလိုက်သောအခါ၌ မိန်းမပျိုအိချယ် ၏ ရွှေရင်အစုံသည် တသိမ့်သိမ့် ခုန်နေပေတော့သည်။ လင်းယုန်နက်အား

www.burmeseclassic.com



ရုက်စနိုး လှမ်းကြည့်လိုက်သောအခါ၌ မိမိအား ပြုံးပြုံးကြီး စိုက်ကြည့်နေသည်ကို တွေ့မြင်ရပေသည်။

*

မာယာဘုရင်ဘာလမ်းလည်း သစ်လုံးစည်းရိုးတံတိုင်း ကာထားသော ရွာတံခါးမကြီးမှ တောအုပ်ညို့ညို့ရှိရာသို့ တစ်ယောက်တည်း လျှောက်လာခဲ့သည်။ ထို့နောက် ရွာဘက်သို့ လှမ်းကြည့်လိုက်ရာ နတ်ဘုရားကျောင်းတော်ကြီးကို ထင်းထင်းကြီး တွေ့မြင်ရသည်။

ထိုသို့ နတ်ဘုရားကျောင်းတော်ကြီးကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဤနတ်ဘုရားကျောင်းတော်ထိပ်ရှိ ယဇ်ပလ္လင်ထက်၌ လင်းယုန် နက်အား ယဇ်ပူဇော်ရန် စီမံထားသော ဂိုဏ်းချုပ်ကြီး အာမင်း၏ အစီအမံ ကို တွေးတော အမှတ်ရကာ စိတ်နှလုံးလေးလံနောက်ကျိသွားတော့သည်။

မာယာဘုရင်ဘာလမ်းလည်း ကောင်းကင်ဘုံနန်းက နတ်ဘုရားများအား လူသားတို့၏ အသက်ဖြင့် ယဇ်ပူဇော်သော အလေ့ကို ချီချင်အဓ္ဓာနေပြည်တော်၌ ရှိနေစဉ်ကတည်းက မနှစ်မြို့ခဲ့ပေ။ ထို့ကြောင့် ဤနယ်မြေဒေသသစ်သို့ ရောက်ရှိလာချိန်၌ လူသားတို့၏အသက်ဖြင့် ယဇ်ပူဇော်သော အလေ့ကို အစွမ်း ကုန်တိုက်ဖျက်ရန် ရည်သန်ဆုံးဖြတ်ထားခဲ့သည်။ အထူးသဖြင့်ကား မိမိ ဖမ်း ဆီးချုပ်နှောင်ထားသော လင်းယုန်နက်အား ယဇ်ပူဇော်ပြီး မသတ်ဖြတ်လိုပါပေ။

မိမိနှင့် လင်းယုန်နက်သည် သူသေကိုယ်သေ ယှဉ်ပြိုင် တိုက်ခိုက်ရုံမက၊ ခေတ္တမျှတွေ့ဆုံပြီး စကားစမြည်လည်း ပြောကြားခဲ့သည်။ ထို့ကြောင့် လင်းယုန်နက် အကြောင်းကို မိမိအတော်အသင့် နားလည်သဘောပေါက်ခွင့် ရလာခဲ့သည်။

လင်းယုန်နက်သည် တိုက်ရေးခိုက်ရေး၌ အထူးကျွမ်းကျင်သော စစ် သည်တော်ကောင်းတစ်ယောက် ဖြစ်ရုံမက လူ့သဘောလူ့သဘာဝကို အထူး သိရှိနားလည်သူလည်း ဖြစ်ပေသည်။ မိမိနှင့် ခေတ္တမျှ တွေ့ဆုံကာ စကား စမြည် ပြောလိုက်ရုံမျှဖြင့် မိန်းမပျိုအိချယ်နှင့် ပတ်သက်သော မိမိ၏ စိတ်ထား ကို ထွင်းဖောက်သိမြင်သွားနိုင်ခဲ့သည်။ ထို့ပြင် လင်းယုန်နက်၌ မိမိထင်ကြားနာ ယူရမည့် ပညာဗဟုသုတကိုအမြောက်အမြားရှိနေသေးသည်ဟုလည်း မိမိ မှတ်ထင်ယုံကြည်မိသည်။ ထို့ကြောင့် မိမိသည် လင်းယုန်နက်အား ယဇ်ပူဇော် ပြီး မသတ်ဖြတ်လိုပါပေ။

လင်းယုန်နက်အား ယဇ်ပူဇော်ပြီး မသတ်ဖြတ်ရန် အတင်းအဓမ္မ တားဆီးပါကလည်း ဂိုဏ်းချုပ်ကြီး အာမင်း၏ အလုပ်ကို ဝင်ရောက်စွက်ဖက်

ရာ ကျပေတော့မည်။ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိလာခဲ့သော မာယာလူမျိုးတို့၏ ဘာသာရေးကိစ္စကို ဝင်ရောက်စွက်ဖက်ရာကျပေတော့မည်။

မာယာဘုရင်ဘာလမ်းလည်း နတ်ဘုရားကျောင်းတော်ကြီးကို လှမ်း ကြည့်ရင်း ဤသို့လျှင် အမျိုးမျိုးတွေးတောကာ စိတ်မောနေရှာသည်။ ထို့ ကြောင့် တောအုပ်ညို့ညို့ရှိရာမှ ပင်လယ်ကမ်းခြေဘက်သို့ တစ်ယောက်တည်း လျှောက်လာခဲ့သည်။

ပင်လယ်ကမ်းခြေသို့ မာယာဘုရင်ရောက်ရှိချိန်၌ နေဝင်ခါနီးနေပေ ပြီ။ ထို့ကြောင့် ပင်လယ်သောင်ခုံတစ်လျှောက်၌ လူတစ်ယောက်မှ မရှိတော့ ပေ။ ပင်လယ်တွင်းသို့ ငါးဖမ်းထွက်ကြသော လှေကြီးများပင် ပင်လယ်ရေ မရောက်နိုင်သော ကုန်းမြေအမြင့်ထက်သို့ ဆွဲတင်ထားကြပေပြီ။

မာယာဘုရင်ဘာလမ်းလည်း ဆုံးစမထင်သော အပြောကျယ်လှ သည့် ပင်လယ်ပြင်ကျယ်ကြီးကို ငေးကြည့်ကာ အမျိုးမျိုး အတွေးနယ်ချဲ့နေရှာ သည်။ ထိုအခိုက်တွင် မိမိအမည်ကို လှမ်းခေါ်သံသဲ့သဲ့ ကြားရသောကြောင့် လှည့်ကြည့်လိုက်ရာ မိမိရှိရာသို့ လျှောက်လာသော ဂိုဏ်းချုပ်ကြီး အာမင်းကို တွေ့မြင်ရသည်။

ဂိုဏ်းချုပ်ကြီးအာမင်းအပါးသို့ ရောက်သောအခါ မာယာဘုရင် ဘာ လမ်းနှင့် ဂိုဏ်းချုပ်ကြီးအာမင်းတို့လည်း တစ်ဦးနှင့်တစ်ဦး ရုတ်တရက် စကား မပြောကြသေးဘဲ အတန်ကြာမျှ တွေကြည့်နေကြသည်။ ထို့နောက် အပြော ကျယ်သော ပင်လယ်ရေပြင်ကျယ်ကြီးကို နှစ်ဦးသား ငေးကြည့်နေကြပြန်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက –

"ဂိုဏ်းချုပ်ကြီး၊ ကျုပ်ဟာ ဘာသာရေးမှာ သက်ဝင်ကိုင်းရှိုင်းတဲ့ လူတစ်ယောက်ပါ။ ကျုပ်ရဲ့အကြောင်းကိုလည်း ဂိုဏ်းချုပ်ကြီး အစအဆုံး သိပြီးသားပါ။ ကျုပ်ဟာ နတ်ဘုရားများရဲ့ အလိုတော်ကျအတိုင်း အမြဲဆောင် ရွက်ခဲ့ပါတယ်" ဟု မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက လေးနက်သော အမူအရာဖြင့် –

"မှန်ပါတယ် အရှင်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ဂိုဏ်းချုပ်ကြီး။ ကျုပ်ရဲ့ စိတ်ထဲ နှလုံးထဲမှာ ရှေးယခင်ကတည်းက တည်ရှိနေခဲ့တဲ့ အချက်ကို ဂိုဏ်းချုပ်ကြီးကို အခုပွင့်ပွင့်လင်းလင်း ပြောကြားပါ ရစေ။ အဲဒါကတော့ အခြားမဟုတ်ပါဘူး။ နတ်ဘုရားများကို လူသားတွေရဲ့ အသက်နဲ့ ယဇ်ပူဇော်တဲ့ အမှုပါပဲ။ ဒီအမှုကို ကျုပ် လုံးဝ သဘောမတူခဲ့ပါဘူး။ ဘဝင် မကျခဲ့ပါဘူး။ ကျုပ်တို့ဟာ ရှေးအစဉ်အဆက်က ပြုဆောင်လာခဲ့တဲ့

အတွက် ဒီအမှုကို ဆက်လက် ကျင့်သုံးဆောင်ရွက်သင့်ပါသလား”ဟု မိန့်ကြားပြီးနောက် –

“အို … ဂိုဏ်းချုပ်ကြီး။ လင်းယုန်နက်ကို ယဇ်ပလ္လင်ထက်မှာ တင်ပြီး ကျုပ်တို့ သတ်ကြမလား” ဟု မေးလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

“ယဇ်ပလ္လင်ထက်မှာ တင်ပြီးသတ်တာ မဟုတ်ပါဘူး အရှင်”ဟု လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက –

“ယဇ်ပလ္လင်ထက်မှာ တင်ပြီးသတ်တာ မဟုတ်ပါဘူး။ ကောင်းကင်ဘုံနန်းက နတ်ဘုရားများနဲ့ ပေါင်းဆုံအောင် ပြုဆောင်တာပါလို့ ပြောချင်တယ် မဟုတ်လား။ တကယ်တော့ ဒါဟာ စကားပရိယာယ်တွေပါဗျာ။ တကယ်လက်တွေ့မှာတော့ ယဇ်ပလ္လင်ထက်မှာ တင်ပြီး အရှင်လတ်လတ် ရင်ကိုခွဲ အသည်းကို နှုတ်ယူတာ မဟုတ်လား။ အရက်စက်ဆုံးနည်းနဲ့ သတ်ပစ်တာပဲ မဟုတ်လား” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်အာမင်းက –

“မှန်ပါတယ် အရှင်”ဟု လျှောက်တင်လိုက်ရာ မာယာဘုရင် ဘာလမ်းက –

“ဘာကြောင့် ဒီလို အရက်စက်ဆုံး နည်းနဲ့ သတ်ပစ်တာလဲ။ ဘာကြောင့် နတ်ဘုရားတွေကို လူ့အသက်နဲ့ ယဇ်ပူဇော်ရတာလဲ။ ကျုပ်ကို သဘောပေါက်အောင် ရှင်းစမ်းပါဗျာ” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

“နတ်ဘုရားများကို လူ့အသက်နဲ့ ယဇ်ပူဇော်တာကို သာမန်ကိစ္စတစ်ရပ်လို့ သဘောထားလို့ မရပါဘူး အရှင်။ သေခြင်း ရှင်ခြင်းနဲ့ တွက်ဆလို့ မရပါဘူး။ ဒါဟာ အလွန်မွန်မြတ်တဲ့ ကိစ္စတစ်ရပ်ပါ။ လူသား အားလုံး အကျိုးစီးပွား ဖြစ်ထွန်းအောင် ငြိမ်းချမ်းသာယာဝပြောအောင် ပြုဆောင်ရတဲ့ ဘာသာ ရေးကိစ္စ တစ်ရပ်ပါ။ ကျွန်တော်မျိုးတို့ဟာ အသက်မရှူဘဲ မရပါဘူး။ အစား အစာ မစားဘဲ မရပါဘူး။ ဒီအတိုင်းပါပဲ။ ကျွန်တော်မျိုးတို့ဟာ နတ်ဘုရားနဲ့ ပတ်သက်တဲ့ အရေးကိစ္စတွေ ဓလေ့ထုံးတမ်းတွေကို ရပ်စဲလို့ မရပါဘူး။ ဆီး တားလို့ မရပါဘူး”ဟု လျှောက်တင်ပြီးနောက် မာယာဘုရင်ဘာလမ်းကို အတန်ကြာအောင် ငေးကြည့်နေသည်။ ထို့နောက် ဆက်၍ –

“အရှင်မင်းကြီး။ လူအပေါင်းကို အုပ်ချုပ် မင်းလုပ်ရတဲ့ အရှင်အဖို့ အရှင်မလိုလား၊ မနှစ်သက်တဲ့ အရေးကိစ္စအမြောက်အမြားကို မဆောင်ရွက်ချင်ပေမဲ့ ဆောင်ရွက်ရပါလိမ့်မယ်။ **အရှင်ရဲ့ တိုင်းသူပြည်သားလူအများရဲ့**

www.burmeseclassic.com


**အကျိုးစီးပွား ဖြစ်ထွန်းစေမယ့် အမှုကိစ္စမှန်ရင် အဲဒီအမှုကို မှားသည်မှန်သည် မတွေးတောဘဲ မဆိုင်းမတွ ဆောင်ရွက်ရပါလိမ့်မယ်။** ဒီလို ဆောင်ရွက်တဲ့ သူကိုသာ 'မင်းကောင်းမင်းမြတ်' လို့ ခေါ်တွင် သမုတ်အပ်ပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မည်သို့မျှ တုန့်ပြန်မပြောကြားတော့ဘဲ အသက်ပြင်းပြင်း ရှူရင်း ဂိုဏ်းချုပ်ကြီး အာမင်းကို အတန်ကြာအောင် စိုက်ကြည့်နေသည်။ ထို့နောက် ဆုံးစမထင်သော အပြောကျယ်သည့် ပင်လယ်ရေပြင်ကျယ်ကြီးရှိရာသို့ မျက်နှာမူကာ ငေးကြည့်နေပြန်သည်။

ဤသို့ဖြင့် မာယာဘုရင်ဘာလမ်းနှင့် ဂိုဏ်းချုပ်ကြီး အာမင်းတို့သည် တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ အတွေးကိုယ်စီဖြင့် အတန်ကြာအောင် ငြိမ် သက်စွာ ရပ်နေကြပေသည်။ ထို့နောက် မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းချုပ် ကြီးအာမင်းကို ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် သဲသောင်ကမ်းခုံတစ်လျှောက် တစ်ယောက်တည်း ထွက်ခွာလာခဲ့သည်။

◈

၁၃

# နတ်ဘုရားများနှင့် ဆုံတွေ့မည့်သူ

ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ ရက်တို့လည်း တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့သည်။ မာယာဘုရင်ဘာလမ်း ဦးဆောင်ကွပ်ကဲပြီး တည်ဆောက်လာခဲ့သော ဆည်ကြီးကား တည်ဆောက်၍ ပြီးစီးအောင်မြင်ခါနီးနေပေပြီ။ ထို့အတူ မာယာလူမျိုးတို့ ညက်ညက်ကြေအောင် ထွန်ထားသော မြေ ကွက်များသို့ ရေသွင်းရန်အတွက် ရေမြောင်းများကိုလည်း သွယ်တန်း၍ ပြီးပေပြီ။ ဆည်ကြီးမှ ရေများကိုရေမြောင်းများသို့ အလိုရှိတိုင်းပေးဝေနိုင်ရန်အတွက် ရေလွှဲတံခါးပေါက်များကိုလည်း တည်ဆောက်ပြီးပေပြီ။ ထို့ကြောင့် စိုက်ပျိုးခင်းများအတွက် ရေအလုံအလောက်ရရှိရေးအတွက် မာယာလူမျိုးတို့ လုံးဝပူပင်ကြောင့်ကြစရာ မလိုသော အခြေအနေသို့ပင် ရောက်ရှိနေပေပြီ။

ထို့အတူ နတ်ဘုရားကျောင်းတော်ကြီးထိပ်၌ ယာယီသည် ဆောက်ထားသော အဆောက်အဦးလေး မရှိတော့ပြီ။ အခိုင်အခံ့ တည်ဆောက်ထား သော နတ်ဘုရားကျောင်းတော်ကြီး ဖြစ်နေပေပြီ။ ထိုနတ်ဘုရားကျောင်းတော်ကြီးအားလည်း မာယာအနုပညာရှင်ကြီးများသည် မိမိတို့ အနုပညာလက်ရာမျိုးစုံတို့ဖြင့် အဆန်းတကျယ် မွမ်းမံနေကြရာ၊ နတ်ဘုရားကျောင်းတော်ကြီးမှာ အထူးလှပခမ်းနား နေပေတော့သည်။

သေနာပတိအာဟာလပ် ခေါင်းဆောင် ညွှန်ကြားချက်အရ မာယာစစ်သည်တော်တို့သည် လင်းယုန်နက်၏ နောက်လိုက်နောက်ပါ လူမျိုးစုကို တွေ့ရှိရန်အတွက် နေ့စဉ်နေ့တိုင်း ကြီးစွာသော ဖွဲလုံ့လဝီရိယဖြင့် အရပ်ရှစ်မျက်

နှာ အနံ့အစပ် ကင်းထောက်စေရာ ထိုတပ်စုလေးများသည် မိမိတို့စခန်းနှင့် တစ်ညအိပ်ခရီး၊ နှစ်ညအိပ်ခရီးသာမက သုံးညအိပ်ခရီးအထိ ခရီးဝေးကို ကင်း ထောက်လျက်ရှိသည်။

မာယာစစ်သည်တော် ငါးဦးပါဝင်သော ကင်းထောက်တပ်စုတစ်စု သည် မိမိတို့ရွာ၏ မြောက်စူးစူးသို့ ခရီးထွက်လာခဲ့ရာ တစ်ညအိပ်ခရီးသို့ အရောက်တွင် အလွန်သာယာကြည်နူးဖွယ်ကောင်းသော ဒေသသို့ ရောက်လာ ခဲ့ကြသည်။ ထိုဒေသတွင် မြက်ခင်းတို့ စိမ်းလဲ့နေပြီး သစ်ပင် ပန်းမန်တို့ ဖူးပွင့် စည်ကားနေပေသည်။ ထို့အတူ ကျွဲအုပ်ကြီးများ၊ ဒရယ်အုပ်ကြီးများကိုလည်း တွေ့ရပေသည်။

မာယာ ကင်းထောက်တပ်ဖွဲ့လည်း အလွန်သာယာကြည်နူးဖွယ် ကောင်းသော တောအရေးကိုငေးမောကြည့်ရှုရင်း ခရီးဆက်လာခဲ့ကြရာမှ ကင်းထောက် အဖွဲ့ခေါင်းဆောင်သည် ရွှန်းမှည့်နေသော သီးပင်ကြီးတစ်ပင်ကို အတွေ့တွင် တစ်ယောက်တည်း နောက်ချန်နေပြီး သစ်သီးကို အားပါးတရ ခူးဆွတ်လိုက်သည်။ ထိုအခိုက်တွင် ကင်းထောက်အဖွဲ့ခေါင်းဆောင်၏ လည် ကုပ်ကို ဝီခနဲ အဆိပ်လူးမြားတစ်စင်းလာမှန်ပြီး မြေကြီးပေါ်သို့ လဲကျသွား တော့သည်။

ထိုသို့ လဲကျသွားသည်နှင့်တစ်ပြိုင်နက် လင်းယုန်နက်၏ ညာလက် ရုံးဖြစ်သော အစ္စတိုင်းလည်း ချုံကွယ်မှ ညင်ညင်သာသာ ထွက်လာပြီး သီးပင် အနီး ဆိပ်လူးမြားဒဏ်ဖြင့် လဲကျသေဆုံးနေသော မာယာစစ်သည်ကို ငုံ့ကြည့် ရင်း အားပါးတရ ပြုံးလိုက်သည်။

ထို့နောက် အစ္စတိုင်းက နောက်ဘက်သို့ လှည့်ပြီး အချက်ပေးလိုက် ရာ ချုံပုတ်များကြားတွင် ပုန်းခိုနေကြသော လင်းယုန်နက်၏ နောက်လိုက် နောက်ပါ လူမျိုးစုတို့လည်း ပုန်းခိုနေရာမှ ပြိုင်တူ ထလိုက်ကြသည်။ ထိုအခိုက် တွင် မာယာကင်းထောက် တပ်မှ အခြား မာယာ စစ်သည်တော် လေးဦးမှာ လည်း ဆိပ်လူးမြားဒဏ်ဖြင့် အသီးသီး သေဆုံးကုန်ပြီ ဖြစ်သည်။

အစ္စတိုင်းနှင့် လင်းယုန်နက်၏ နောက်လိုက်နောက်ပါ လူမျိုးစုများ လည်း မိမိတို့ ခေါင်းဆောင်ကြီး လင်းယုန်နက်အတွက် ပထမဦးစွာ လက်စား ချေခွင့်ရချေပြီ ဟု တွေးတောကာ အလွန်အမင်း ဝမ်းမြောက်နေကြသည်။ ထို့နောက် သစ်လုံး စည်းရိုးတံတိုင်း ကာထားသော မာယာလူမျိုးတို့ ရွာသို့ ဦးတည်ကာ တိတ်ဆိတ်ညင်သာစွာ ထွက်ခွာလာခဲ့ကြတော့သည်။

အစ္စတိုင်း ဦးဆောင်လာသော လင်းယုန်နက်၏ နောက်လိုက်နောက် ပါ လူမျိုးစုတို့တွင် ယောကျ်ားများသာမက မိန်းမများနှင့် ကလေးများလည်း

ပါဝင်ကြသည်။ ထို့အတူ မိမိတို့ ပိုင်ဆိုင်သမျှသော ပစ္စည်းဥစ္စာများကိုလည်း ထုပ်ပိုးသယ်ရွက်၍ တစ်နည်း၊ စွပ်ဖားနှင့်တင်ကာ ဆွဲ၍ တစ်ဖုံနည်းမျိုးစုံနှင့် သယ်ဆောင်လာခဲ့ကြပေသည်။ ဤသို့ လူမျိုးစုကြီးတစ်စုလုံး ခရီးထွက်လာခဲ့ကြသည့်တိုင်အောင် ဆူဆူညံညံ အသံဗလံ ဟူ၍ တစိုးတစိမှ မထွက်ပေါ်ခဲ့ပေ။ အလွန်တိတ်ဆိတ်ငြိမ်သက်ပြီး အလွန်စည်းကမ်းစနစ် ကျနလှသည် တကား။

*

ဂိုဏ်းချုပ်ကြီးအာမင်းလည်း အရောင်မျိုးစုံ တောက်ပနေသော ငှက်မွေးတို့ဖြင့် အဆန်းတကြယ် ပြုလုပ်ထားအပ်သည့် ခေါင်းဆောင်းတန်ဆာကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြီးနောက် အပါးတွင် ရပ်တန့်စောင့်စားနေသော မိန်းမပျိုအိချယ်ကို ကမ်းပေးလိုက်သည်။ ထို့နောက် ငှက်မွေးဝတ်ရုံကြီးနှင့် ခြေနင်းတို့ကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြီး မိန်းမပျိုအိချယ်ကို ထပ်မံကမ်းပေးပြန်သည်။

ထို့နောက် ဂိုဏ်းချုပ်ကြီးအာမင်းလည်း မိန်းမပျိုအိချယ်၏ မျက်နှာ ကို လုံးဝ မကြည့်ဘဲ –

"ဒီဝတ်စားတန်ဆာတွေ အားလုံးကို ဆင်မြန်းဖို့ သမီးလေးက အရိုင်းကောင်ကို ပြောကြားပေးပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ဒီလိုဆိုရင် ဘာကြောင့် ဒီဝတ်စားတန်ဆာတွေကို ဝတ်ခိုင်းတာလဲ လို့ မေးမှာ သေချာတယ်" ဟု ပြောကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက–

"ဟုတ်တယ်၊ မေးမှာ သေချာတယ်။ ဒီလိုမေးခဲ့လို့ရှိရင် ဝတ်စားတန်ဆာအားလုံးကို ဆင်မြန်းပြီးတဲ့အခါမှာ အကျိုးအကြောင်း ပြောကြားပါ့မယ်လို့ ပြောလိုက်ပါကွယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း ဂိုဏ်းချုပ်အာမင်းကို ဖျတ်ခနဲ မော့ ကြည့်လိုက်သည်။ သို့သော် စကားတစ်ခွန်းမှ ထပ်မံ၍ မပြောတော့ပေ။

ထို့နောက် ဂိုဏ်းချုပ်ကြီးအာမင်း ပေးလိုက်သော ဝတ်စားတန်ဆာတို့ကို လက်တွင်ပိုက်ပြီး ဂိုဏ်းချုပ်ကြီး အိမ်မှ လင်းယုန်နက်ကို ဖမ်းဆီးချုပ်နှောင်ထားရာ တဲအိမ်လေးသို့ ထွက်ခွာလာခဲ့သည်။ တဲအိမ်လေးအပါးသို့ ရောက်သောအခါ မိန်းမပျိုအိချယ်သည် အတန်ကြာ တုန့်ဆိုင်းနေပြီးမှ အတွင်း သို့ ခပ်ဖြည်းဖြည်း ဝင်လာခဲ့သည်။

ထိုအခါ တဲအိမ်လေး၏ ပြတင်းပေါက်နားတွင် ရပ်ပြီးအပြင်သို့ လှမ်းမျှော်ကြည့်နေသော လင်းယုန်နက်က –

"အိချယ်ရေ၊ မင်းလျှောက်လာတာကို ကျုပ်တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တယ်။ ကျုပ်စိတ်ထဲမှာတော့ လမ်းလျှောက်လာတယ်လို့ မထင်မိဘူး။

လေဟုန်စီးပြီး တငြိမ့်ငြိမ့် ရွေ့လျားလာတယ်လို့ ထင်နေမိတယ်”ဟု လှမ်းပြီး ပြောကြားလိုက်သည်။ ထို့နောက် တံခါးပေါက်ဝတွင် ထိုင်စောင့်နေသော ဂိုဏ်း အုပ်ဘုန်းကြီး အာဇုတ်ဘက်သို့ လှည့်ကာ –

“ကျုပ်တို့နှစ်ယောက်တည်း နေပါရစေ”ဟု ညင်သာ သိမ်မွေ့စွာ ပြောကြားလိုက်သည်။

ထိုအခါ ဂိုဏ်းအုပ်ဘုန်းကြီးဘာဇုတ်က မိန်းမပျိုအိချယ်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် လင်းယုန်နက်ကို ကြည့်ကာ –

“ခင်ဗျားအပါးမှာ ကျုပ်အမြဲ ရှိနေရမယ်လို့ ညွှန်ကြားထားပါတယ်” ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း ပြတင်းပေါက်အနီးတွင် ရပ်နေရာမှ ဖျတ်ခနဲ လှည့်ကာ ဂိုဏ်းအုပ်ဘုန်းကြီးအာဇုတ် ရှိရာသို့ ရန်မူတော့မည့် အသွင်ဖြင့် လျှောက်လာရာ၊ ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်လည်း ခေတ္တကြောင်ငေးနေပြီးမှ တဲအိမ်လေးအပြင်ဘက်သို့ ကြောက်လန့်တကြား ထွက်ပြေးသွားတော့သည်။

ဤတွင် လင်းယုန်နက်လည်း အလွန်သဘောကျ ကျေနပ်ဟန်ဖြင့် တဟားဟား အော်ရယ်ပြီးနောက် –

“အိချယ်၊ ကျုပ်ဆီကို မင်းမလာတာ ရက်အတော်ကြာပါပကော” ဟု ပြောကြားရင်း မိန်းမပျိုအိချယ် အပါးသို့ လျှောက်လာသည်။

မိန်းမပျိုအိချယ်အပါးသို့ ရောက်လာသောအခါ လက်တွင် ပိုက်ထားသော ဝတ်စားတန်ဆာတို့ကို တအံ့တသြ ကြည့်ရင်း –

“ဒါတွေက ဘာတွေလဲကွယ်”ဟု မေးလိုက်ရာ မိန်းမပျိုအိချယ်က အရောင်မျိုးစုံ တောက်ပနေသော ငှက်မွေးတို့ဖြင့် အဆန်းတကြယ် ပြုလုပ်ထားအပ်သည့် ခေါင်းဆောင်းတန်ဆာကို ဖြန့်ပြလိုက်သည်။

ထိုအခါ လင်းယုန်နက်က ခေါင်းဆောင်းတန်ဆာကို သေသေချာချာ ကိုင်ကြည့်ရင်း –

“ငှက်မွေးတွေနဲ့လုပ်ထားတာပဲ။ ဒီလို အရောင်အသွေးစုံတဲ့ ငှက်မွေးမျိုးကို ကျုပ်တစ်ခါမှ မမြင်ဖူးဘူး”ဟု ပြောကြားလိုက်ရာ၊ မိန်းမပျိုအိချယ်က–

“ဒီငှက်မွေးတွေဟာ ကျွန်မတို့ မူလဒေသက မြင့်မြတ်တဲ့ နတ်ငှက်ကြီးတွေရဲ့ အမွေးတွေပေါ့။ ဒီငှက်မွေးတွေကို ကျွန်မတို့နဲ့ တစ်ပါတည်း ယူလာခဲ့ကြတယ်။ ပြီးတော့ ဒီဝတ်စားတန်ဆာတွေကို ရှင့်အဖို့ အထူးစီအမံနဲ့ အဆန်း တကြယ် ရက်လုပ်ထားခြင်း ဖြစ်ပါတယ်”ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက် က –

"ကျုပ်ဖို့ အထူးအစီအမံနဲ့ အဆန်းတကြယ် ရက်လုပ်ထားတာ ဟုတ်လား။ ဘာကြောင့်များလဲ" ဟု မေးလိုက်ရာ၊ မိန်းမပျိုအိချယ်က လင်းယုန်နက်၏ အမေးကို လုံးဝ မဖြေဘဲ မိမိပွေ့ယူလာခဲ့သော ဝတ်စား တန်ဆာ အနက်မှ လည်ဆွဲကြိုးကို ကိုင်ပြပြီး –

"ဟောဒီ လည်ဆွဲကြိုး စီခြယ်ထားတာက အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းတုံးတွေပါ။ ဒီကျောက်စိမ်းတုံးလေးတွေဟာလည်း ကျွန်မတို့ မူလဒေသကတစ်ပါတည်း ယူလာခဲ့တဲ့ ရတနာပစ္စည်းတွေပဲပေါ့" ဟု ပြော ကြားသည်။

ထိုအခါ လင်းယုန်နက်လည်း လည်ဆွဲကြိုးမှ ကျောက်စိမ်းတုံးလေးများကို သေသေချာချာ ကိုင်တွယ်ကြည့်ပြီးနောက် –

"သိပ်လှတာပဲနော်။ ဒါထက် ဒီကျောက်တုံးလေးရဲ့ အလယ်ခေါင်က အပေါက်သေးသေးလေးတွေကို ဘယ်လိုများဖောက်ပါလိမ့်။ အံ့စရာပဲ" ဟု ရေရွတ်လိုက်ရာ၊ မိန်းမပျိုအိချယ်က –

"ဟုတ်တယ်။ ကျွန်မတို့ လူမျိုးတွေဟာ အလွန်တရာ ဆန်းကြယ်တဲ့ အံ့စရာကောင်းတဲ့ အရာတွေကို အမြောက်အမြားပြုလုပ်နိုင်တယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က ပြုံးပြီး –

"ဒီလိုဆိုရင် မင်းတို့လူမျိုးတွေဟာ ကျွဲရိုင်းပေါ်ကို ခုန်တက်ပြီး ကျွဲ ရိုင်းကို အသေသတ်နိုင်ကြသလား" ဟု မေးလိုက်ရာ မိန်းမပျိုအိချယ်က –

"ကျွဲရိုင်းဆိုတာ ဘာလဲ" ဟု ပြန်မေးလိုက်သည်။

ဤတွင် လင်းယုန်နက်က တဟားဟား ရယ်မောလိုက်ပြီး –

"ကျွဲရိုင်းဆိုတာ ဟောဒီအိမ်လေးလောက် မြင့်မားပြီး ကျုပ်လက်မောင်းလောက် ချိုတွေရှိတဲ့ တိရစ္ဆာန်တစ်မျိုးပေါ့။ အဲဒီ ကျွဲရိုင်းပြေးတာနဲ့ တစ်ပြိုင်နက် မြေကြီးဟာ တုန်ခါသွားတယ်။ ဒါပေမဲ့ ကျုပ်တို့လူမျိုးဟာ အဲဒီ ကျွဲရိုင်းကို လုံးဝ မကြောက်ဘူး။ ကျုပ်တို့ကလေးတွေဆိုရင် အဲဒီကျွဲရိုင်းကို တက်စီးကြတယ်။ နဖားကြိုးက ကိုင်ဆွဲပြီး သွားဝံ့ကြတယ်" ဟု ပြောကြားရာ မိန်းမပျိုအိချယ်က –

"ရှင်တို့ကလေးတွေက ဟောဒီ အိမ်လောက်မြင့်တဲ့ ကျွဲရိုင်းတွေကို ဘယ်လို တက်စီးနိုင်ကြမလဲ" ဟု တအံ့တဩ မေးလိုက်သည်။

ထိုအခါ လင်းယုန်နက်က ပြုံးပြီး "မင်းက ကျုပ်တို့ကလေးတွေကိုမှ မတွေ့ဖူး၊ မမြင်ဖူးသေးတာကိုး" ဟု ပြောကြားကာ မိန်းမပျိုအိချယ် ပွေ့ယူလာသော ခြေနင်းနှင့် ဝတ်ရုံတို့ကို စေ့စေ့စပ်စပ် ကြည့်ရှုပြန်သည်။ ထို့နောက် –

www.burmeseclassic.com



"အိချယ်၊ ကျုပ်ကို ဘာကြောင့် ဒီဝတ်စားတန်ဆာတွေကို ပေးရတာလဲ" ဟု မေးလိုက်ရာ မိန်းမပျိုအိချယ်က ခေတ္တမျှတွေဝေတွေးတောနေပြီးမှ–

"ရှင့်ကို ဂုဏ်ပြုကြမလို့ပေါ့" ဟု ဖြေလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ကျုပ်ကို ဂုဏ်ပြုကြမလို့ ဟုတ်လား။ အခမ်းအနားနဲ့ ဂုဏ်ပြုမှာလား" ဟု မေးလိုက်ရာ၊ မိန်းမပျိုအိချယ်က "ဟုတ်ကဲ့" ဟု ဖြေလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးမှ ခေါင်းတဆိတ်ဆိတ် ညိတ်ရင်း –

"အင်း ... ကျုပ်လူမျိုးတွေဆီကို မပြန်ခင်မှာ ဘာလမ်းက ဂုဏ်ကို ဂုဏ်ယူချင်တယ်နဲ့ တူပါရဲ့။ အေးလေ ... ဘာလမ်းက ခေါင်းဆောင်အကြီးအကဲဖြစ်သလို ကျုပ်ကလည်း ခေါင်းဆောင်အကြီးအကဲတစ်ယောက်ပဲ မဟုတ်လား" ဟု ပြောကြားနေသည်။

ထို့နောက် လင်းယုန်နက်လည်း မိန်းမပျိုအိချယ်ပွေ့ထားသောဝတ် စားတန်ဆာတို့ကို ကောက်ကာ ငင်ကာ ယူပြီး ဝတ်စား ဆင်ယင်သည်။ ထို့နောက် တဲအိမ်လေး အတွင်း၌ ဟန်ပါပါနှင့် လမ်းလျှောက်နေရာ မိန်းမပျိုအိချယ်လည်း လင်းယုန်နက်၏ အမူအရာကိုကြည့်ပြီး မပြုံးဘဲ မနေနိုင်အောင် ဖြစ်သွားမိသည်။

ထိုအခိုက်တွင် လင်းယုန်နက်လည်း ဟန်ပါပါလမ်းလျှောက်နေရာမှ ဖျတ်ခနဲ ရပ်တံ့လိုက်ပြီးလျှင် မိန်းမပျိုအိချယ်ကို ငေးကြည့်ရင်း –

"ကျုပ်တို့ လူမျိုးတွေဆီကို ကျုပ်ပြန်တဲ့အခါမှာ မင်းကိုပါ တစ်ပါတည်း ခေါ်သွားမယ်နော် အိချယ်။ မင်းတို့နေတဲ့ အိမ်ကျဉ်းကျဉ်းလေးတွေထက် အဆများစွာသာတဲ့ နန်းတော်ကြီးကို မင်းအတွက် ကျုပ် ဆောက်ပေးပါ့မယ်" ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

"အိချယ် ... ကျုပ်ရဲ့ဘဝတစ်လျှောက်လုံးမှာ ကျုပ်အပေါ်မှာ မင်းလို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာ ဆက်ဆံပြုစုတဲ့သူမျိုး တစ်ယောက်မှ မရှိဖူးပါဘူး။ ပြီးတော့ ကောင်းကင်ဘုံနန်းက နတ်ဒေဝီတစ်ပါးလို ရုပ်အဆင်းချောမောတဲ့ မင်းလို မိန်းမပျိုအိချယ်ကိုလည်း ကျုပ်တစ်ခါမှ မမြင် ဖူးပါဘူး။ ဒါကြောင့်မင်းကိုကျုပ်ရဲ့ ဘဝကြင်ဖော်အဖြစ်ရွေးချယ်ချင်ပါတယ်။ မင်းဟာ အလွန်အင်အားကြီးမားတဲ့ လူမျိုးစုကြီးရဲ့ ခေါင်းဆောင် အကြီးအကဲဖြစ်တဲ့ ကျုပ်ရဲ့ဇနီးအဖြစ်ကို ခံယူပါ။ တစ်နေ့မှာတော့ ကျုပ်နဲ့ရတဲ့ မင်းရဲ့ ကလေးတွေဟာ ကျွဲရိုင်းကြီးတွေကို နဖားကြိုးကနေပြီးဆွဲခေါ်နိုင်တဲ့သူတွေ ဖြစ်လာမှာပေါ့" ဟု ပြောကြားသည်။

လင်းယုန်နက်၏ စကားကို ကြားလျှင် မိန်းမပျိုအိချယ်၏ တစ်ကိုယ်လုံးသည် တဆတ်ဆတ်တုန်လာပြီး၊ နုထွတ်ဝင်းအိနေသော ပါးပြင်ထက်သို့ မျက်ရည်စက် မျက်ရည်ပေါက်များ တစ်ပေါက်ပေါက်လိမ့်ဆင်းလာသည်။

ထိုအခါ လင်းယုန်နက်လည်း တဆတ်ဆတ် တုန်နေသော မိန်းမပျို အိချယ်၏ ပါးပြင်ကို တယုတယ ကိုင်ရင်း –

"အိချယ် ... အခုထက်ထိ ကျုပ်ကို ကြောက်နေတုန်းပဲလား။ ဘာကြောင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေတာလဲဟင်" ဟု မေးလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က မည်သို့မှ မပြောကြားဘဲ လင်းယုန်နက်အပါးမှ ချာခနဲ လှည့်ကာ တဲပေါက်ဝသို့ လျှောက်သွားသည်။ တဲပေါက်ဝ၌ မာယာဘုရင်ဘာလမ်း မားမားမတ်မတ် ရပ်နေရာ၊ မိန်းမပျိုအိချယ်လည်း မာယာဘုရင်ဘာလမ်းကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ထို့နောက် တဲအိမ်လေးနှင့် ဝေးရာသို့ ဒရောသောပါး ထွက်ပြေးသွားတော့သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်ရှိရာ တဲ အိမ်လေးအတွင်းသို့ ဦးဆောင်ဝင်ရောက်လာပြီး မာယာဘုရင်ဘာလမ်း၏ နောက်ဘက်မှ ဂိုဏ်းချုပ်ကြီး အာမင်း၊ သေနာပတိအာဟာလပ်နှင့်တကွ မာယာစစ်သည်တော်များ၊ မာယာဘုန်းကြီးများတို့ အသီးသီး ဝင်ရောက်လာခဲ့ကြသည်။

လင်းယုန်နက်လည်း မိမိရှိရာသို့ တစ်စုတစ်ဝေး ရောက်ရှိလာကြသော သူများကို ပြုံးကြည့်ပြီးနောက် –

"ကျုပ်တော့ ယခင်အတိုင်း အားအင် ပြည့်ဖြိုးနေပြီ။ ဒီတော့ ဂုဏ်ပြုအခမ်းအနား အပြီးမှာ ဖြစ်ဖြစ်၊ ဂုဏ်ပြုအခမ်းအနားမစခင်မှာပဲဖြစ်ဖြစ်၊ ခင်ဗျား နဲ့ ကျုပ် နှစ်ယောက်ချင်း စီးချင်းတိုက်လို့ရပြီ။ ကျုပ်ဘက်ကတော့ အသင့်ပါပဲ" ဟု မာယာဘုရင်ဘာလမ်းအား လှမ်းပြောလိုက်သည်။

မာယာဘုရင်ဘာလမ်းက မည်သို့မှ ပြန်မပြောသောအခါ လင်းယုန်နက်က ပြုံးပြီး –

"ဂုဏ်ပြုပွဲ အခမ်းအနားအပြီးမှာ နှစ်ယောက်ချင်း စီးချင်းတိုက်တာက ပိုကောင်းပါတယ်လေ။ ဒီလိုမှ မဟုတ်ရင် ကျုပ်ကို ဂုဏ်ပြုတဲ့ပွဲကို ခင်ဗျား ဘယ်မှာ မြင်ခွင့်ရတော့မလဲ" ဟု ပြောကြားလိုက်ပြီးနောက် တဟားဟား ရယ်မောလိုက်သည်။

ထို့နောက် မာယာဘုရင်ဘာလမ်း၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ရာ မျက်စိမျက်နှာပျက်နေသည်ကို တွေ့မြင်သတိပြုမိသွားရကား၊ သက်ာ

www.burmeseclassic.com



မကင်းဟန်ဖြင့် ဂိုဏ်းချုပ်ကြီး အာမင်းကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် ကိုယ်တွင် ဆင်မြန်းထားသော ငှက်မွေးဝတ်ရုံကြီးကို ကိုင်ရင်း –

"ကျုပ်တော့ ဒီငှက်မွေးဝတ်ရုံကြီးကို လက်ဆောင်အဖြစ် မယူသွားနိုင်ဘူးဗျို့။ ဒီငှက်မွေးဝတ်ရုံကြီးကို ကျုပ်ဝတ်တာကို မြင်တိုင်း ကျုပ်ရဲ့ လူမျိုးတွေက ငှက်နဲ့တူတယ်ဆိုပြီး ကျုပ်ကို လှောင်ရယ်ကြလိမ့်မယ်" ဟု မာယာဘုရင် ဘာလမ်းအား လှမ်းပြောလိုက်သည်။

ထိုအခိုက်တွင် မျက်စိမျက်နှာ ပျက်နေသော မာယာဘုရင်ဘာလမ်းက ဂိုဏ်းချုပ်ကြီးအာမင်းဘက်သို့ လှည့်ပြီး –

"ကိုင်း ... ဂိုဏ်းချုပ်ကြီး။ ပြောစရာရှိတာကို အကုန်ပြောပေတော့" ဟု မိန့်ကြားလိုက်ရာ၊ လင်းယုန်နက်က –

"ဟုတ်တယ်။ ဒီဝတ်စားတန်ဆာတွေ တကူးတက ချုပ်လုပ်ပြီး ကျုပ် ကို ဘာကြောင့် ဆင်မြန်းခိုင်းတာလဲဆိုတာ ကျုပ်ကြားသိချင်တယ်" ဟု ဝင် ပြောပြီး ဂိုဏ်းချုပ်ကြီးအာမင်း၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက တည်ငြိမ်သော အမူအရာဖြင့် –

"ကျုပ်တို့ရဲ့ ဘာသာရေး ဓလေ့ထုံးတမ်းအရ ကျုပ်တို့ရဲ့လိုလားတောင့်တချက်တွေ ကျုပ်တို့ရဲ့ ဆုတောင်းတွေကို ကောင်းကင်ဘုံနန်းက နတ်ဘုရားတွေဆီကို သယ်ဆောင်လျှောက်တင်ဖို့အတွက် ကျုပ်တို့ဟာ တမန်တော်များကို နတ်ဘုရားထံ စေလွှတ်လေ့ရှိပါတယ်" ဟု ပြောကြားရာ လင်းယုန်နက်က အသာခေါင်းညိတ်ရင်း –

"ဟုတ်တယ်။ ကျုပ်တို့မှာလည်း ဒီလို ယုံကြည်ချက်မျိုး ရှိကြပါတယ်" ဟုပြောကြားလိုက်သည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီးအာမင်းက ဆက်၍ –

"ကျုပ်တို့ရဲ့ လိုလားတောင့်တချက်တွေ ဆုတောင်းတွေကို ကောင်းကင်ဘုံနန်းက နတ်ဘုရားတွေဆီကို သယ်ဆောင်လျှောက်တင်ဖို့အတွက် တမန်တော်အဖြစ် သင့်ကို ကျုပ်တို့ ရွေးချယ်လိုက်ပါတယ်" ဟု ပြောကြားရာ လင်းယုန်နက်လည်း အလွန်ဂုဏ်ယူဟန်ဖြင့် ဦးခေါင်းကိုမော့ပြီး ဟန်ပါပါ ရပ်နေလိုက်သည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းက –

"ဒီလို တမန်တော်အဖြစ် အရွေးချယ်ခံရတာဟာ ကျုပ်တို့ လူမျိုးအနေနဲ့ အကြီးအကျယ် အလေးအမြတ် အပြုခံရတာလို့ ယုံကြည်ကြတယ်။ အဲဒီလူကိုလည်း နတ်ဘုရားတစ်ပါးလို သဘောထားကြတယ်။ အဲဒီ လူရဲ့

www.burmeseclassic.com



အမည်နာမကို တမ်းတပြီးလည်း ပူဇော်ပသမှုပြုကြတယ်”ဟု ဆက်လက်ပြော ကြားရာ လင်းယုန်နက်လည်း အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးနောက်

“ပူဇော်ပသမှုပြုကြတယ် ဟုတ်လား”ဟု မေးရင်း မာယာဘုရင်ဘာ လမ်း၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီးအာမင်းက –

“ဟုတ်တယ်။ ပူဇော်ပသမှုကို ပြုကြတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီတမန်တော်ဟာ နတ်ဘုရားကျောင်းတော်ထိပ်က ယဇ်ပလ္လင်ထက်မှာ တင် ပြီး ယဇ်ပူဇော်ခံရလို့ပဲ။ ဒီနည်းနဲ့ တမန်တော်ဟာ ကောင်းကင်ဘုံနန်းက နတ် ဘုရားများနဲ့ ထာဝရ ပေါင်းဆုံသွားတော့တယ်။ နတ်ဘုရားတစ်ပါး ဖြစ်သွား တော့တယ်” ဟု ဆက်လက်ပြောကြားသည်။

ထိုစကားကို ကြားလျှင် လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်း ၏ မျက်နှာကို စိန်းစိန်းကြည့်ပြီး –

“ဒီအကြောင်းကို ခင်ဗျားရော၊ အိချယ်ရော၊ ကြိုတင်သိထားကြ တယ် မဟုတ်လား” ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီးအာမင်းက –

“ကောင်းကင်ဘုံနန်းက နတ်ဘုရားများထံ သင် သွားရောက်ပေါင်း ဆုံရမယ့်အခါက မနက်ဖြန်မှ ဖြစ်ပါတယ်။ အဲဒီအချိန်အခါ မတိုင်မီမှာ သင် အလိုရှိတဲ့အရာကို တောင်းပိုင်ခွင့်ရှိတယ်”ဟု ပြောကြားလိုက်ရာ လင်းယုန် နက်က ကြောက်စရာ့အသံကြီးဖြင့် –

“ဒါဖြင့် ဘာလမ်းနဲ့ ကျုပ်နှစ်ယောက်ချင်း စီးချင်းတိုက်ချင်တယ်။ ဒီလို စီးချင်းတိုက်တဲ့အခါမှာ ဘေးလူအကူတစ်ယောက်မှ မပါစေချင်ဘူး” ဟု အော်ပြောလိုက်သည်။

ထိုအခါ တဲအိမ်လေး အတွင်းရှိ မာယာစစ်သည်တော်အပေါင်း လည်း မာယာဘုရင်ဘာလမ်းကို လင်းယုန်နက် ရန်မမူနိုင်စိမ့်သောငှာ ပတ်ပတ် လည် ဝိုင်းရံထားလိုက်ကြသည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းက –

“အခု လောလောဆယ်မှာတော့ ကျုပ်တို့ အမျိုးသမီးတွေအနက်က သင်သဘောကျတဲ့သူကို ရွေးချယ်ပြီး ပေါင်းဖော်နိုင်ခွင့် ရှိပါတယ်။ သင်နဲ့ ရတဲ့ ကလေးကို ကျုပ်တို့ဟာ နတ်ဘုရားများ ပေးသနားတော်မူတဲ့ ကလေး အဖြစ် အလေးအမြတ်ထားပါ့မယ်။ ဂုဏ်ယူပါ့မယ်။ ဒီတော့ သင်သဘောကျ တဲ့ သူကို ပြောပါ” ဟု ဆက်၍ ပြောကြားသည်။

www.burmeseclassic.com



ထိုအခါ လင်းယုန်နက်လည်း ဂိုဏ်းချုပ်ကြီးအာမင်း၏ မျက်နှာကို ဖျတ်ခနဲ စိုက်ကြည့်ပြီးနောက်၊ မာယာဘုရင်ဘာလမ်း၏ မျက်နှာကို မမှိတ်မသုန်သော မျက်စိဖြင့် စိုက်ကြည့်ရင်း ပြတ်သားထင်ရှားသော အသံဖြင့် –

"ဒါဖြင့် အိချယ်ကို ကျုပ် အလိုရှိတယ်။ အိချယ်ကို လွှတ်ပေးပါ" ဟု တစ်လုံးချင်း ပြောကြားလိုက်သည်။

◈

www.burmeseclassic.com

၁၄

## နာကျင်သော နှလုံးသားများ

ညနေခင်းအလင်းရောင်သည် လေသာပြတင်းပေါက်မှ တစ်ဆင့် မာယာဘုရင် ဘာလမ်း၏ စံအိမ်တော်တွင်းသို့ ယှက်ဖြာကျဆင်းနေသည်။ စံအိမ်တော် ဧည့်ခန်းဆောင်တွင် မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေသော မာယာဘုရင်ဘာလမ်း၏ မျက်နှာတွင် ကြီးစွာသော ဝေဒနာကို ခံစားနေရသည့် အသွင် ပေါ်ထင်နေသည်။

မာယာဘုရင် ဘာလမ်းလည်း နှုတ်ခမ်းကို တင်းတင်းစေ့ထားရာမှ ဂိုဏ်းချုပ်ကြီး အာမင်း၏ မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ထိုအခိုက် တွင် ဂိုဏ်းချုပ်ကြီး အာမင်းက –

"အခု အချိန်ဟာ လင်းယုန်နက် တောင်းဆိုတဲ့အတိုင်း အိချယ်ကို လင်းယုန်နက်ဆီ ပို့ပေးရမယ့် အချိန်ဖြစ်ပါတယ်" ဟု ပြောကြားလိုက်ရာ၊ မာယာဘုရင်ဘာလမ်းက အေးစက်မာကျောသော အသံကြီးဖြင့် –

"ဒါကို ကျုပ် ခွင့်မပြုနိုင်ဘူး" ဟု ပြတ်ပြတ်တောက်တောက် မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက တည်ငြိမ်အေးဆေးသော အမူအရာဖြင့် –

"ဒီအရေးကိစ္စမှာ အရှင့်အနေနဲ့ ဘာမှ ပါဝင်စွက်ဖက်လို့ မရပါဘူး အရှင်။ မာယာလူမျိုးအပေါင်းဟာ အရှင့်ကို အားကိုးယုံကြည်နေပါတယ်။ အရှင့် တိုင်းသူပြည်သားတွေ အပေါ်မှ အရှင်သစ္စာမဖောက်ပါနဲ့။ ရိုးရာ အစဉ်

အလာအတိုင်း ပြုဆောင်မြဲကိစ္စကို ပြုဆောင်ခွင့်ပေးစေချင်ပါတယ်” ဟု လျှောက်တင်လိုက်သကို။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း တုန့်ပြန်ချေပရန် ဟန်ပြင်လိုက်သည်။ သို့သော် ထိုအခိုက်တွင်ပင် အခန်းတွင်းသို့ မိန်းမပျို အိချယ်ဝင်ရောက်လာရာ ဂိုဏ်းချုပ်ကြီးအာမင်းလည်း မည်သို့မှ မပြောကြားဘဲ အခန်း ပြင်ဘက်သို့ ခေတ္တရှောင်ထွက်လာခဲ့သည်။

မာယာဘုရင်ဘာလမ်းလည်း မိမိရှိရာသို့ တည်ငြိမ်အေးဆေးသော အမူအရာဖြင့် လျှောက်လာသော ချစ်စရာ့ မိန်းမပျိုအိချယ်အား ငေးပြီး ကြည့်နေရှာသည်။ ထိုအခိုက်တွင် မိန်းမပျိုအိချယ်သည် မာယာဘုရင်ဘာလမ်း၏ ရှေ့တည့်တည့်တွင် ရပ်လိုက်ပြီး မျက်နှာတော်ကို စေ့စေ့ကြည့်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မိမိကိုယ်ကို အားတင်းကာ ဆို့နင့်ကြေကွဲသော အသံဖြင့် –

“အိချယ် ... ကျုပ်ဟာ မာယာဘုရင်တစ်ဦးအနေနဲ့ ကောင်းကင်ဘုံ နန်းက နတ်ဘုရားများထံ သွားရောက်တွေ့ဆုံမယ့် တမန်တော်ရဲ့ နောက်ဆုံး အလိုဆန္ဒကို ဖြည့်စွမ်းပေးရမယ့် တာဝန်ရှိနေတယ်။ ဒါကြောင့် လင်းယုန်နက်ရဲ့ တောင်းဆိုတဲ့အတိုင်း လင်းယုန်နက်ဆီကို မင်းသွားရလိမ့်မယ်” ဟု မိန့်ကြားလိုက်ရာ မိန်းမပျိုအိချယ်က တည်ငြိမ်သော အသံဖြင့် –

“အမိန့်တော်မြတ်အတိုင်းပါ အရှင်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ထိုင်ရာမှ လေးလေးတွဲ့တွဲ့ ထကာ ဧည့်ခန်းဆောင် တစ်ဘက်သို့ လျှောက်သွားပြီး မိန်းမပျိုအိချယ်ကို ကျောပေးကာ ရပ်လိုက်သည်။ ထို့နောက် မျက်စိကို ပိတ်ကာ မေးရိုးကြီးများ ထောင်နေအောင် အံကြိတ်ထားရာမှ –

“အိချယ် ... ဒီအတွက် မင်းဂုဏ်ယူဝမ်းမြောက်ရမယ်” ဟု အားတင်း မိန့်ကြားလိုက်ရာ မိန်းမပျိုအိချယ်က –

“မှန်ပါတယ် အရှင်။ ကျွန်တော်မျိုးမ အလွန်အမင်း ဂုဏ်ယူဝမ်းမြောက်နေပါတယ်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက မိန်းမပျိုအိချယ် ဘက်သို့ လုံးဝ လှည့်မကြည့်ဘဲ –

“သွားတော့ အိချယ်။ သွားတော့” ဟု ကြေကြေကွဲကွဲ ပြောကြားလိုက်သည်။

ထို့နောက် ဧည့်ခန်းဆောင်တွင်းမှ မိန်းမပျိုအိချယ် လေးလေးတွဲ့တွဲ့ ထွက်သွားသော ခြေသံကို နားစွင့်နေပြီးမှ တရွေ့ရွေ့ ထွက်ခွာသွားသော မိန်းမ

ပို့အိချယ်၏ နောက်ကျောကို ငေးကြည့်နေသည်။ ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းသည် မိန်းမပျိုအိချယ်ကို လှမ်းခေါ်ပြီး လင်းယုန်နက်ထံ မသွားပါရန် ပြောကြားတားမြစ်လို စိတ်တို့ တဖွားဖွားပေါ်ပေါက်နေပေသည်။ သို့သော် မာယာဘုရင်ဘာလမ်းသည် မိမိ၏စိတ်ကို အတင်းချိုးနှိမ်ပြီး မျက်နှာကို လက် နှစ်ဖက်ဖြင့် အုပ်ပြီး အနီးရှိ နံရံကို ပင်ပန်းတကြီး မှီနေလိုက်သည်။

မာယာဘုရင်ဘာလမ်းအပါးမှ လေးလေးတွဲ့တွဲ့ ထွက်ခွာလာသော မိန်းမပျိုအိချယ်သည် ဧည့်ခန်းဆောင် အပြင်ဘက်၌ ဂိုဏ်းချုပ်ကြီး အာမင်းကို တွေ့မြင်ရသည်။ ထိုအခါ မိန်းမပျိုအိချယ်လည်း ဂိုဏ်းချုပ်ကြီး အာမင်းကို စကားတစ်ခွန်းမှ မပြောဘဲ အေးစက်သော မျက်လုံးအစုံဖြင့် တွေကြည့်ပြီးနောက် ကိုယ်ကိုမတ်မတ်ထားကာ လင်းယုန်နက် တဲအိမ်လေးဘက်သို့ ခြေလှမ်းမှန် မှန်နှင့် လျှောက်လာခဲ့သည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း မိမိအား လင်းယုန်နက်က တစ်ညတာ ကြင်ဖက်လောင်းအဖြစ် ရွေးချယ်လိုက်သည့်အတွက် စိတ်မကောင်းကြောင်း ဖြေသိမ့်စကားကို မပြောကြားရုံမက၊ မိမိ၏ မျက်နှာကိုပင် စေ့စေ့မကြည့်တော့သော မာယာဘုရင်ဘာလမ်း၏ အပြုအမူအတွက် ရင်ထဲ၌ ဆတ်ဆတ်ခါအောင် နာနေပေသည်။

မိန်းမပျိုအိချယ် ထွက်ခွာသွားသည်ကို အတန်ကြာအောင် စောင့်ကြည့်နေပြီးမှ ဂိုဏ်းချုပ်ကြီး အာမင်းလည်း ဧည့်ခန်းဆောင်အတွင်းသို့ ပြန်ဝင်လာရာ၊ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ပြီး နံရံကို မှီနေသော မာယာဘုရင်ဘာလမ်းကို တွေ့မြင်ရသည်။

ဂိုဏ်းချုပ်ကြီးအာမင်း ဝင်လာသည်ကို တွေ့ရသောအခါ မာယာဘုရင် ဘာလမ်းလည်း ချက်ချင်း ရာဇပလ္လင်ခွေ ဆယ်လိုက်ပြီးနောက် တည်ငြိမ်သော အသံဖြင့် –

"အိချယ်ဟာ စကားတစ်ခွန်းမှ ပြန်မပြောဘဲ ကျုပ်အမိန့်အတိုင်း လင်းယုန်နက်ဆီကို ထွက်ခွာသွားတယ် ဂိုဏ်းချုပ်ကြီး" ဟု မိန့်ကြားလိုက်ရာ၊ ဂိုဏ်းချုပ်ကြီး အာမင်းက –

"ဘာစကားများ ပြန်ပြောဖို့ လိုသလဲ အရှင်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"တစ်ခုခုတော့ ပြောသင့်တယ် ထင်တာပဲ။ အထူးသဖြင့် ဒီလိုနည်းနဲ့ ဂုဏ်ပြုတာမျိုးကို အလိုမရှိတဲ့ အကြောင်းတော့ ပြောသင့်တာပေါ့ဗျာ" ဟု မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

www.burmeseclassic.com


"အရှင်မင်းကြီး။ အိချယ်ဟာ မျိုးရိုးမြင့်မြတ်တဲ့သူပါ။ ဒါကြောင့် စကားတစ်ခွန်းမှ ပြန်မပြောခြင်း ဖြစ်ပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းက –

"အိချယ်ဟာ ကျုပ် ရည်စူးပန်ဆင်ချင်တဲ့ အလှပန်းတစ်ပွင့်ပါ ဂိုဏ်းချုပ်ကြီး" ဟု မိန့်ကြားလိုက်ရာ ဂိုဏ်းချုပ်ကြီး အာမင်းက –

"ဒါပေမဲ့ လင်းယုန်နက်ဆီကို အိချယ်သွားတွေ့ရမယ့် အရေးမှာတော့ လုံးဝ မတားမြစ် မပိတ်ပင်ခဲ့ဘူး မဟုတ်လားအရှင်" ဟု မေးလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"ဟုတ်တယ်။ လုံးဝ မတားမြစ် မပိတ်ပင်ခဲ့ဘူး" ဟု ပြောလိုက်ရာ၊ ဂိုဏ်းချုပ်ကြီးအာမင်းက –

"ဒါဖြင့်ရင် အရှင်ဟာ တကယ့်မင်းကောင်းမင်းမြတ် မှန်ပါပေတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီး အာမင်းကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ ခြောက်ကပ်ကပ် အသံကြီးဖြင့် –

"ဟုတ်တယ်။ ကျုပ်ဟာ တကယ့် မင်းကောင်းမင်းမြတ်ပါပဲ" ဟု မိန့်ကြားလိုက်သည်။

*

တဲအိမ်လေးအတွင်း၌ အချုပ်အနှောင်ခံထားရသော လင်းယုန်နက်လည်း ဝင်လုဆဲညနေခင်း၏ အလင်းရောင်ကို ပြတင်းပေါက်အပါးတွင်ရပ်ပြီး ငေးကြည့်နေရာမှ မိမိကိုးကွယ်သော နတ်ဘုရားကျောင်းတော်ကြီးကို လှမ်းမျှော်ကြည့်ရင်း မိမိ၏ဘဝကံကြမ္မာကို တွေးတောနေရှာသည်။

မိမိသည် မိမိလူမျိုးစုကို ဦးဆောင်ကာ ကျွဲရိုင်းများကို ဖမ်းဆီးလေ့ရှိသည်။ ကြောက်စရာကောင်းလှသော ကျွဲရိုင်းကြီးများ၏ ကျောပေါ်သို့ ခုန်တက်ပြီး ကျွဲရိုင်းကြီးများကို အသေသတ်ခဲ့သည်။

မိမိမရှိသောအခါ၌မူ မိမိ၏လူမျိုးစုကို မိမိ၏ ညာလက်ရုံးဖြစ်သော အစ္စတိုင်းက ခေါင်းဆောင်ပေတော့မည်။ မိမိအဖမ်းခံရသော်လည်း အစ္စတိုင်းမှာမူ လွတ်မြောက်သွားခဲ့သည်ဟု မိမိမှတ်ထင်ယုံကြည်ထားခဲ့သည်။ အကယ်၍ အစ္စတိုင်း အဖမ်းခံရပါက အိချယ်သည် မိမိအား ထိုအကြောင်းကို ပြောကြားမည်မှာ သေချာပေသည်။

မိမိကား အစ္စတိုင်းကဲ့သို့ လွတ်မြောက်မသွားဘဲ အဖမ်းခံရသည့်အတွက် ဤလူစိမ်းများက သူတို့၏နတ်ဘုရားများအား ရည်မှန်းပြီး မိမိအား ကျွဲရိုင်းတစ်ကောင်ပမာ ယဇ်ပူဇော်သတ်ဖြတ်ခြင်းကို ခံရပေတော့မည်။ ယခု

လည်း မိမိသည် ကျောက်ဂူထဲက ခွေးတစ်ကောင်ပမာ အခန်းကျဉ်းလေးထဲ၌ အချုပ်အနှောင်ခံနေရပေသည်။

မိမိသည် ဤလူစိမ်းတို့ထံမှ လေ့လာဆည်းပူးစရာ အမြောက်အမြား ရှိသည်ဟု မှတ်ယူထားခဲ့သည်။ ထိုသို့လေ့လာဆည်းပူးစရာ အမြောက်အမြား အနက် မိမိတို့ အလေးအနက် လေ့လာဆည်းပူးရမည့်အရာကား 'မုန်းတီးခြင်း' ပင် ဖြစ်လေယောင်တကား။ သေခြင်းတရားကို မည်သို့ရင်ဆိုင်ရမည်နည်း ဟူသော အရာသာ ဖြစ်လေယောင်တကား။

ဤသို့ လင်းယုန်နက် တွေးတောနေခိုက်တွင် တဲအိမ်လေးရှိရာသို့ တဖျပ်ဖျပ် လျှောက်လာသော ညင်သာသည့်ခြေသံကို ခပ်သဲ့သဲ့ ကြားလိုက်ရ သည်။ ထို့နောက် ဦးခေါင်းကို မော့ကြည့်လိုက်ရာ၊ မိမိရှိရာသို့ လျှောက်လာ သော မိန်းမပျိုအိချယ်ကို တွေ့ရသည်။

မိန်းမပျို အိချယ်သည် ရောင်စုံငှက်မွေးတို့ဖြင့် အဆန်းတကြယ် ချုပ် ထားသော အင်္ကျီတို့ကို ဆင်မြန်းထားပြီး၊ မျက်နှာကိုလည်း အဝါရောင်နံ့သာ တစ်မျိုး လိမ်းခြယ်ထားပေရာ၊ ရှေးယခင်ကထက် ရုပ်အဆင်း ချောမောတင့် တယ်နေပေတော့သည်။ ထို့ကြောင့် လင်းယုန်နက်လည်း မိန်းမပျိုအိချယ်အပါး သို့ လျှောက်သွားပြီး တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ကာ နီထွေးပြည့်တင်း နေသော နှုတ်ခမ်းအစုံကို နမ်းစုတ်လိုက်သည်။ ထို့နောက် သိမ်မွေ့သော လေ သံဖြင့် –

"အိချယ်၊ အရင်တစ်ခေါက် မင်းကို ကျုပ် ပွေ့ဖက်နမ်းတုန်းက မင်း ဟာ လှောင်ချိုင့်ထဲ မိသွားတဲ့ ငှက်လေးတစ်ကောင်လို တစ်ကိုယ်လုံး တုန်ယင် နေခဲ့တယ်။ အခုအခါမှာတော့ တည်ငြိမ်လှပါကလား" ဟု ပြောကြားလိုက်ရာ မိန်းမပျိုအိချယ်က ပြုံးပြီး –

"အခုအခါမှာတော့ ကျွန်မဟာ ရှင့်ရဲ့ ကြင်ယာတော်လောင်း ဖြစ် လာပြီ မဟုတ်လား" ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း အိချယ်ကို အတန်ကြာအောင် စိုက် ကြည့်နေပြီးနောက် –

"အိချယ်၊ မင်းတို့လူမျိုးတွေဟာ လူတစ်ဖက်သား ဆင်းရဲဒုက္ခ ခံစား ရအောင် ဘယ်လို ညှဉ်းပန်းနှိပ်စက်ရမလဲဆိုတဲ့ အတတ်မှာ တစ်ဘက်ကမ်း ခတ်ပါပေတယ်" ဟု ပြောကြားလိုက်ရာ မိန်းမပျိုအိချယ်က –

"ကျွန်မ သဘောမပေါက်သေးပါဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

www.burmeseclassic.com


"ဒီလိုပါ။ မင်းတို့လူမျိုးတွေဟာ ကျုပ်ကို လူသားတစ်ယောက်အနေနဲ့ အနှစ်သက် အပျော်မွေ့ဆုံးသော အရသာကို ခံစားနိုင်ဖို့ စီစဉ်ပေးကြတယ်။ လက်ဆောင်ပေးကြတယ်။ ဒါပေမဲ့ ကျုပ်ခံစားရမယ့် အရသာဟာတိုတောင်းလွန်းလှပါတယ်။ အခုဆိုရင် မင်းဟာ ကျုပ်ရဲ့ ကြင်ယာတော်လောင်းအနေနဲ့ ကျုပ်ဆီကို ရောက်လာခဲ့ပါပြီ။ ဒါပေမဲ့ မနက်ဖြန်မနက်ဆိုရင် မင်းတို့လူမျိုးဘုန်းကြီးတွေက ကျုပ်ကို ယဇ်ပလ္လင်မှာတင်ပြီး သတ်ကြပေတော့မယ်။ မနက် ဖြန် မနက်မှာ အသတ်ခံရတော့မယ်လို့ သိနေတဲ့ လူတစ်ယောက်အဖို့ အခု လောလောဆယ်မှာ လွတ်လွတ်ကျွတ်ကျွတ် ပျော်နိုင်ပါ့မလား" ဟု ပြောကြား လိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ကျွန်မတို့ လူမျိုးတွေအနေနဲ့ကာ ရှင့်ကို ဂုဏ်ပြုကြတာပါရှင်" ဟု ပြောကြားလိုက်ရာ၊ လင်းယုန်နက်က –

"ယဇ်ပလ္လင်ထက်မှာတင်ပြီး အသတ်ခံရတာကို ဂုဏ်ပြုတယ်လို့ဆို ကြသလားကွယ်။ တကယ်တော့ မင်းတို့တစ်တွေဟာ ဘာသာရေးအယူသီးကြတဲ့ လူမျိုးတွေပါပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"မဟုတ်ပါဘူးအရှင်" ဟု ငြင်းဆိုလိုက်ရာ၊ လင်းယုန်နက်က –

"သိပ်ဟုတ်တာပေါ့။ ကျုပ်တို့ လူမျိုးတွေလည်း ယဇ်ပူဇော်တဲ့အမှုမျိုးကို ပြုကြပါတယ်။ ဒါပေမဲ့ ကျုပ်တို့ဟာ သူတောင်းစားတွေလို ရယူတောင်းခံလိုတဲ့အတွက်ကြောင့် ယဇ်ပူဇော်ကြတာမျိုး မဟုတ်ပါဘူး။ နတ်ဘုရားတွေရဲ့ ကျေးဇူးဂုဏ်ကို အောက်မေ့ဆင်ခြင်ပြီး ကျေးဇူးတင်တဲ့ အတွက်ကြောင့် ယဇ်ပူဇော်ကြတာမျိုးပါ။ ပြီးတော့ ကျုပ်တို့ ပူဇော်တဲ့ ယဇ်ကောင်ကလည်း အမဲလိုက်မုဆိုးတွေရဲ့ လက်ချက်နဲ့ တစ်နည်းမဟုတ်တစ်နည်း၊ တစ်နေ့မဟုတ် တစ်နေ့ သေဆုံးကြရမယ့် သားကောင်ငယ်တွေပဲ ဖြစ်ကြပါတယ်" ဟု ပြောကြားပြီးနောက်၊ မိန်းမပျိုအိချယ်၏ မေးစေ့ကို အသာကိုင်ကာ မျက်နှာကို စေ့စေ့ကြည့်ရင်း –

"ဒီမှာ အိချယ်။ ကျုပ် သေရမှာကို ကြောက်တဲ့လူစားမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျုပ်မကြာခင် ကြုံတွေ့ရင်ဆိုင်ရမယ့် သေနည်းမျိုးကိုတော့ လုံးဝသဘောမကျပါဘူး။ သေသေချာချာ စဉ်းစားကြည့်စမ်းပါ အိချယ်။ မင်းဟာ သူ့ရဲကောင်းစစ်သည်တော်တစ်ဦးအနေနဲ့ တောင်းခံတဲ့ ကျုပ်ရဲ့ မေတ္တာကို ငြင်းဆန်ခဲ့တယ်။ ဒါပေမဲ့ မကြာခင် ယဇ်ပလ္လင်ထက်မှာ အသတ်ခံရတော့မယ့် သားကောင်ဖြစ်နေတဲ့အခါကျတော့ မင်းဟာ ကောင်းကင်ဘုံနန်းက နတ်ဒေဝီ

www.burmeseclassic.com



တစ်ပါးလို အဆန်းတကြယ် ဝတ်စားဆင်ယင်ပြီး ကျုပ်ဆီကို ရောက်လာခဲ့တယ်” ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

“ဒီမှာ အိချယ်။ ကျုပ် ဒဏ်ရာရနေတဲ့အခါတုန်းက မင်းဟာ ကျုပ်ရဲ့ ဒဏ်ရာ ပျောက်ကင်းအောင်လို့ တယုတယ ပြုစုကုသပေးခဲ့တယ်။ ကျုပ်ရဲ့ ထွေးပိုက်ပွေ့ဖက်မှုကိုလည်း အကြည်အသာခံခဲ့တယ်။ ကျုပ်ရထားတဲ့ ဒဏ်ရာ ဒဏ်ချက်တွေ ပျောက်ကင်းတဲ့အခါမှာ မင်းတို့ဘုရင်နဲ့ ကျုပ် စီးချင်းတိုက်ရမယ်လို့လည်း ပြောကြားခဲ့တယ်။ အမှန်မှာတော့ ကျုပ်ရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းတဲ့အခါ ကျုပ်ကို ယဇ်ပလ္လင်ထက်မှာတင်ပြီး သားကောင်တစ်ကောင်လို သတ်ကြမှာကို မင်း အဲဒီအချိန်အခါတည်းက သိပြီးနေပြီ မဟုတ်လား” ဟု ပြောကြားပြီးနောက် –

“သြော် ... အိချယ် ... အိချယ်။ မင်းဟာ ကျုပ်အပေါ်မှာ လှည့်စားရက်ပါပေတယ်ကွယ်။ ပြီးတော့ ကျုပ်ကို သားကောင်တစ်ကောင်ကို သတ်ကြမယ့် မင်းတို့ လူမျိုးတွေကလည်း မင်းတို့လူမျိုးတွေရဲ့ အကျိုးစီးပွားအတွက် မင်းနဲ့တစ်ညတာ အကြောင်းဆက်ပေါင်းဖက်ပါတဲ့။ ‘ကျုပ်ဟာ ကောင်းကင်ဘုံနန်းက နတ်ဘုရားများနဲ့ ဆုံတွေ့တော့မယ့် ယောက်ျားကောင်းဖြစ်တဲ့အတွက် ကျုပ်နဲ့အကြောင်းဆက် ပေါင်းဖက်လို့ရတဲ့ ကလေးငယ်ဟာ မင်းတို့လူမျိုးတွေရဲ့ အကျိုးစီးပွားကို ဆောင်လိမ့်မယ်’ ဒီလိုပြောကြပြန်တယ်” ဟု ပြောကြား သည်။ ထို့နောက် ဆက်၍ –

“ဒီမှာ အိချယ်။ ကျုပ်ကိုယ်တိုင်လည်း နတ်ဘုရားတစ်ပါး မဖြစ်ချင်ဘူး။ ကျုပ်ရဲ့သားကိုလည်း နတ်ဘုရားတစ်ပါး မဖြစ်စေချင်ပါဘူးကွယ်။ ကျုပ် ရဲ့သားကို ရဲစွမ်းသတ္တိရှိတဲ့သူပဲ ဖြစ်စေချင်ပါတယ်။ ကျွဲရိုင်းကြီးတွေကို နဖား ကြိုးကနေပြီး ကိုင်ဆွဲသွားဝံ့တဲ့ သူပဲ ဖြစ်စေချင်ပါတယ်” ဟု ပြောကြားပြီး မိန်းမပျိုအိချယ်ကို လှမ်းကြည့်လိုက်ရာ မျက်ရည်တတွေတွေ ကျနေသည့်ကို တွေ့ရသည်။

မိန်းမပျိုအိချယ်လည်း နောက်သို့ ခြေတစ်လှမ်း ဆုတ်ရာမှ လင်းယုန်နက်ကို မော့ကြည့်ရင်း –

“ဒီလိုစိတ်ထားရှိရက်နဲ့ ဘာကြောင့်များ ရှင့်ရဲ့ တစ်ညတာ ကြင်ယာတော်လောင်းအဖြစ် ကျွန်မကို ရွေးချယ်လိုက်ရတာလဲ ရှင်” ဟု မေးလိုက်ရာ လင်းယုန်နက်က –

“မင်းအပေါ်မှာ ကျုပ် ဘယ်လောက် ခါးခါးသီးသီး မုန်းတီးနာကျည်းနေတယ်ဆိုတာကို မင်းသိစေချင်လို့ပေါ့ကွယ်။ မင်းကို ကျုပ် အရင်က

www.burmeseclassic.com



နှစ်နှစ်ကာကာ မြတ်နိုးချစ်ခင်ခဲ့သလောက် အခုအခါမှာတော့ မင်းကို ကျုပ် ခါးခါးသီးသီး မုန်းတီးနာကျည်းနေမိပါတယ်” ဟု ပြောကြားလိုက်သည်။

ထို့နောက် လင်းယုန်နက်နှင့် မိန်းမပျို အိချယ်တို့လည်း တစ်ဦးကို တစ်ဦး စကားတစ်ခွန်းမှ မပြောကြဘဲ အတန်ကြာအောင် ငေးကြည့်နေကြ သည်။ နောက်ဆုံး၌ မိန်းမပျို အိချယ်လည်း မိမိ၏မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ငိုရင်း တဲအိမ်လေးအတွင်းမှ ကမူးရှူးတိုး ထွက်ပြေးသွားတော့ သည်။

ထိုအခါ လင်းယုန်နက်လည်း မိန်းမပျို အိချယ်ကို လှမ်းကြည့်ရင်း မလှုပ်မယှက် ငြိမ်သက်စွာ တွေတွေကြီး ရပ်နေပေတော့သည်။

◈

www.burmeseclassic.com

၁၅

## နတ်ဘုရားကျောင်းတော်ထိပ်၌

အရှေ့ဘက် မိုးကောင်းကင်၌ အရုဏ်ဦးအလင်းရောင်သည် မှုန်ပျပျ လင်းစပြု နေလေပြီ။ လင်းယုန်နက်သည် လင်းအရုဏ်ပျို့လာသည်ကို ပြတင်းပေါက်မှ တစ်ဆင့် ငေးပြီးကြည့်နေရာမှ 'ယခုမိမိမြင်ရသော လင်းအရုဏ်ကား မိမိဘဝ တစ်သက်တာတွင် နောက်ဆုံးအကြိမ်အဖြစ် မြင်ရသော လင်းအရုဏ်ပေ တကား' ဟု တွေးတော စိတ်မောနေမိသည်။

လင်းအရုဏ်ပျို့လာသည်နှင့် တစ်ပြိုင်နက် တိတ်ဆိတ်ငြိမ်သက်နေ သော မာယာတို့လည်း လူးလွန့်လှုပ်ရှားလာတော့သည်။ လူသံသူသံတို့ ပေါ် ထွက်လာတော့သည်။ အရုဏ်တက်ပြီး အတန်ကြာသောအခါ၌မူ နတ်ဘုရား ကျောင်းတော်ထိပ်သို့ ယဇ်ပလ္လင်ကျောက်တုံးကြီးကို မာယာအလုပ်သမား တစ်စု တပင်တပန်း သယ်မယူဆောင်သွားကြသည်ကို လှမ်းပြီး မြင်ရသည်။ ဤတွင် လင်းယုန်နက်လည်း အမှတ်မထင် ငေးပြီး ကြည့်နေရာ နတ်ဘုရား ကျောင်းတော်ထိပ်သို့ ယဇ်ပလ္လင်ကို တင်ပြီးသည့်အချိန်၌ မိုးထိန်ထိန်လင်းနေပြီ ဖြစ်ကြောင်း တွေ့မြင်ရသည်။

ထို့အတူ မိမိကို ချုပ်နှောင်ထားသော တဲအိမ်လေးရှိရာသို့ မာယာ ဘုန်းကြီးတစ်ပါး လျှောက်လာသည်ကိုလည်း တွေ့မြင်ရသည်။ မာယာဘုန်း ကြီးလည်း မိန်းမပျိုအိချယ်က လင်းယုန်နက်ကို ပြသဖူးသည့် လင်းယုန်နက် အတွက် အထူးစီမံချုပ်လုပ်ထားသည်ဆိုသော ငှက်မွေးဝတ်ရုံ၊ ငှက်မွေးခေါင်း ဆောင်းတန်ဆာနှင့် ခြေနင်းတို့ကို ပိုက်ကာ တဲအိမ်လေးအတွင်းသို့ ဝင်ရောက် လာသည်။ ထို့နောက် လင်းယုန်နက်ကို စေ့စေ့ကြည့်ရင်း –

"အချိန်ကျရောက်ပါပြီ" ဟု ပြောကြားပြီး၊ ပွေ့ပိုက်လာသော ငှက်မွေးဝတ်ရုံ၊ ငှက်မွေးခေါင်းဆောင်းရတနာနှင့် ခြေနင်းတို့ကို ကမ်းပေးသည်။ သို့သော် လင်းယုန်နက်က ကမ်းပေးသော ပစ္စည်းများကို လုံးဝမယူဘဲ မာယာဘုန်းကြီးကို ခပ်စိန်းစိန်း ကြည့်နေလိုက်သည်။

ထိုအခိုက်တွင် တဲအိမ်လေးအတွင်းသို့ ဂိုဏ်းချုပ်ကြီး အာမင်းဝင် ရောက်လာရာ၊ မာယာဘုန်းကြီးက –

"တပည့်တော်ပေးတဲ့ ဝတ်စားတန်ဆာတွေကို ဝတ်ဆင်ဖို့ ငြင်းဆန်နေပါတယ် ဘုရား" ဟု တိုင်တန်းလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းလည်း လင်းယုန်နက်ကို စိုက်ကြည့်ရင်း –

"သင်ဟာ မကြာခင် ကျုပ်တို့ မာယာလူမျိုးတွေရဲ့ နတ်ဘုရား တစ်ပါး ဖြစ်ပါတော့မယ်။ ဒီတော့ နတ်ဘုရားများ ဆင်မြန်းထိုက်တဲ့ ဒီဝတ်စားတန်ဆာတွေကို ဆင်မြန်းဖို့ လိုပါတယ်" ဟု ပြောကြားလိုက်ရာ၊ လင်းယုန်နက်က–

"သင်တို့ ကိုးကွယ်တဲ့ နတ်ဘုရားများက ကျုပ်ကို နတ်ဘုရားတစ်ပါးဖြစ်အောင် စွမ်းဆောင်နိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ် ရှိတယ်ဆိုရင်၊ ကျုပ်အခုဝတ်ဆင်ထားတဲ့ အဝတ်အစားတွေကိုလည်း နတ်ဝတ်တန်ဆာများ ဖြစ်သွားအောင် စွမ်းဆောင်နိုင်ရမှာပေါ့" ဟု ပြောကြားလိုက်သည်။

ထို့နောက် လင်းယုန်နက်နှင့် ဂိုဏ်းချုပ်ကြီး အာမင်းတို့လည်း တစ်ဦး နှင့်တစ်ဦး စကားမပြောဘဲ အတန်ကြာအောင် ငေးကြည့်နေကြသည်။ ထို အခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းလည်း မိမိတို့ ဝတ်ဆင်စေလိုသော ဝတ်စား တန်ဆာတို့ကို လင်းယုန်နက် အသာတကြည် ဝတ်ဆင်အောင် မည်ကဲ့သို့ သွေးဆောင်ရပါအံ့နည်း' ဟု တွေးတောနေသည်။

အတန်ကြာသောအခါ ခပ်လှမ်းလှမ်း အရပ်မှ နေ၍ မှုတ်ထုတ်လိုက်သော ခရုသင်းသံကို ခပ်သဲ့သဲ့ကြားရသည်။ ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းက–

"ဆည်ကြီးထဲက ရေတွေဟာ သတ်မှတ်ထားတဲ့ ရေအမှတ်အထိ ပြည့်နေပြီ။ ဆည်ကြီးကို စတင်ဖွင့်ဖို့ အချိန်လည်း ကျရောက်နေပြီ" ဟု ရေရွတ် ပြီးနောက်၊ ကောင်းကင်ဘုံနန်းသို့ လက်နှစ်ဖက်ကို ပင့်မြှောက်ရင်း –

**"အို ... ရေကို အစိုးရတော်မူသော နတ်ဘုရား။ ကျွန်တော်မျိုးတို့၏ အသက်ရှင်သန်ရေးအတွက် ရေကို မပြတ်ပေးတော်မူပါလော့။ ကျွန်တော်မျိုးတို့ ကလည်း အရှင့်၏ ကျေးဇူးတော်ကို တုန့်ပြန်သော အားဖြင့် လူ့အသက်ဖြင့် ပြန်၍ ပူဇော်ပသပါအံ့"**

ဟူ၍ တတွတ်တွတ် ရေရွတ်ဆုတောင်းနေသည်။

www.burmeseclassic.com



ထိုသို့ ဆုတောင်းပြီးချိန်တွင် အပါးရှိ မာယာဘုန်းကြီးလည်း တဲ အိမ်လေးတွင်းမှ ထွက်သွားရာ၊ ဂိုဏ်းချုပ်ကြီးအာမင်းက လင်းယုန်နက်ကို စေ့စေ့ကြည့်ရင်း ထိုမာယာဘုန်းကြီး၏ နောက်မှ လိုက်ပါသွားပါရန် လက်ဟန် ဖြင့် အချက်ပေးလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း မည်သို့မှ မပြောကြားဘဲ မာယာဘုန်း ကြီး၏ နောက်မှ တည်ငြိမ်စွာလိုက်သွားရာ ဂိုဏ်းချုပ်ကြီး အာမင်းလည်း လင်းယုန်နက်နောက်မှ ကပ်ပြီး လိုက်ပါလာခဲ့သည်။

ဤသို့ဖြင့် နတ်ဘုရားကျောင်းတော်ကြီး ရှိရာသို့ သုံးဦးသား တိတ် ဆိတ်ငြိမ်သက်စွာ လျှောက်လာခိုက်တွင် လမ်းတစ်ဘက်တစ်ချက်၌ မာယာစစ် သည်တော်များနှင့် မာယာရွာသူရွာသားတို့ ငြိမ်သက်စွာ ရပ်ပြီး ကြည့်နေကြ သည်ကို တွေ့မြင်ကြရသည်။

လင်းယုန်နက်လည်း ဦးခေါင်းကို မတ်မတ်ထားပြီး တည်ငြိမ်စွာ လျှောက်လာရာမှ လမ်းဘေးတစ်ဖက်တစ်ချက်၌ ရပ်ပြီး ကြည့်နေကြသော သူများကို မသိမသာ အကဲခတ် ကြည့်လိုက်ရာ အားလုံးပင် မျက်စိမျက်နှာ ပျက်နေကြသည်ကို တွေ့မြင်ကြရသည်။ အချို့သော မိန်းမတို့မှာ ငိုထားကြ ဟန်ဖြင့် မျက်ခွံများ မို့နေပေသည်။

နတ်ဘုရားကျောင်းတော်ကြီး၏ ခြေရင်းသို့ ရောက်သောအခါ လင်း ယုန်နက်လည်း အပေါ်သို့ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ထိုအခါ နတ်ဘုရား ကျောင်းတော်ထိပ်၌ မာယာဘုရင် ဘာလမ်း၊ မိန်းမပျိုအိချယ်နှင့် သေနာပတိ အာဟာလပ်တို့ သုံးဦးသားသည် မာယာဘုန်းတော်ကြီးများ၊ ကျောက်လှံတံ ကြီးများကို ကိုင်စွဲထားကြသော မာယာစစ်သည်တော်များ ခြံရံပြီး အသင့်ရပ် နေကြရာမှ မိမိကို ငုံ့ပြီးကြည့်နေကြသည်ကို တွေ့မြင်သတိပြုမိသည်။

ထိုသို့ ငုံ့ကြည့်နေကြသော မာယာဘုရင်ဘာလမ်း၏ မျက်လုံးအစုံ မှာ ဒေါ်ကြောင်ကြောင်ဖြစ်နေပြီး၊ အံကို တင်းနေအောင်ကြိတ်ထားဟန်ဖြင့် မေးရိုး ကြီးများ ထောင်နေပေသည်။ မိန်းမပျိုအိချယ်၏ မျက်လုံးအစုံမှာမူ ငိုကြွေးထား ဟန်ဖြင့် နီရဲနေပြီး၊ မျက်ခွံများလည်း မို့နေပေသည်။ လင်းယုန်နက် မော့ကြည့် နေသည်ကို တွေ့ရသောအခါ မိန်းမပျိုအိချယ်လည်း ဖျတ်ခနဲ မျက်လွှာချလိုက် ပေသည်။

⁎

နတ်ဘုရားကျောင်းတော်ကြီး၏ ခြေရင်းသို့ ရောက်သောအခါ ဂိုဏ်းချုပ်ကြီး အာမင်းလည်း ရှေ့မှ ဦးဆောင်ပြီး လှေကားထစ်ကို တစ်လှမ်းချင်း နင်းတက် သွားရာ၊ လင်းယုန်နက်လည်း နောက်မှ တည်ငြိမ်စွာ ကပ်ပြီး လိုက်ပါလာခဲ့

www.burmeseclassic.com


သည်။ နတ်ဘုရားကျောင်းတော်ထိပ်သို့ ရောက်သောအခါ ဂိုဏ်းချုပ်ကြီး အာမင်းသည် လင်းယုန်နက်ကို လှမ်းကြည့်ပြီး၊ နတ်ဘုရားကျောင်းတော်ခြေရင်း၌ စုဝေးရောက်ရှိနေကြသော မာယာလူမျိုးတို့ဖက်သို့ မျက်နှာမူကာ တတွတ်တွတ် ရေရွတ်မိန့်ကြားတော့သည်။

ထိုအခိုက်တွင် လင်းယုန်နက်လည်း ဂိုဏ်းချုပ်ကြီး အာမင်း၏ စကားကို လုံးဝနားမထောင်ဘဲ မာယာဘုရင် ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့၏ မျက်နှာကို လှမ်းကြည့်လိုက်၊ နတ်ဘုရားကျောင်းတော်ထိပ်မှ လှမ်းမြင်ရသော စိမ်းစိုသာယာသည့် ပတ်ဝန်းကျင် တောတောင်ရေမြေရှုခင်းကို လှမ်းကြည့်လိုက်လုပ်နေရာမှ အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် ဖိကိုက်ရင်း မိမိ၏ စိတ်ကို အတင်းချုပ်တည်းနေရှာသည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီးအာမင်းလည်း လင်းယုန်နက်၏ မျက်နှာကို စိုက်ကြည့်ပြီး –

"အို … လင်းယုန်နက်၊ ကျုပ်တို့ရဲ့ဘုရင်နဲ့ ကျုပ်တို့ရဲ့လိုလားတောင့်တချက်တွေ၊ ဆုတောင်းတွေကို သယ်ဆောင်ပြီး ကောင်းကင်ဘုံနန်းက နတ်ဘုရားတွေကို လျှောက်တင်ပေးပါလော့။ ကျုပ်တို့ဟာ မိုးလေဝသ မှန်ကန်ပြီး၊ မြေသြဇာကောင်းဖို့ အထူးလိုလားပါတယ်။ ပြီးတော့ စစ်မက်ရန်သူကင်းရှင်း ပြီး ငြိမ်းချမ်းသာယာစွာ နေထိုင်ရရေးကိုလည်း လိုလားပါတယ်" ဟု ပြောကြား ပြီး မာယာဘုန်းကြီးများ ဘက်သို့ ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ထိုအခါ နတ်ဘုရားကျောင်းတော်ထိပ်ရှိ မာယာဘုန်းကြီးများလည်း လင်းယုန်နက်ကို ဝိုင်းရံဝန်းပတ်ပြီး ရပ်လိုက်ကြရာ၊ လင်းယုန်နက်လည်း မာယာဘုရင် ဘာလမ်းကို စေ့စေ့စိုက်ကြည့်နေရာမှ မိမိလက်ကို လာကိုင်သော မာယာဘုန်းကြီးကို အဝေးသို့ လွင့်သွားအောင် ဆောင့်ထွန်းလိုက်သည်။ ထို့နောက် မာယာဘုရင်ဘာလမ်းကို စိုက်ကြည့်ရင်း –

"ခင်ဗျားတို့အားလုံး အရူးတွေချည်းပဲ။ ခင်ဗျားတို့တစ်တွေဟာ မိုးလေဝ မှန်ကန်ဖို့၊ မြေသြဇာကောင်းဖို့၊ စိုက်ပျိုးသီးနှံတွေ ဖြစ်ထွန်းဖို့အတွက် နတ်ဘုရားများထံက တကူးတက ဆုမွန်ကောင်းတောင်းနေကြတယ်။ ဒီလိုဆုတောင်းနေဖို့ကော လိုနေလို့လား အရူးတွေရဲ့" ဟု ဟစ်အော်ပြောကြားသည်။

ထိုအခိုက်တွင် မာယာဘုန်းကြီးများက လင်းယုန်နက်ကို ဝိုင်းဝန်းဖမ်းချုပ်ဖို့ ချဉ်းကပ်လာကြပြန်ရာ မာယာဘုရင်ဘာလမ်းက လက်ပြဟန့်တားရင်း –

www.burmeseclassic.com



"လင်းယုန်နက် ပြောချင်တာကို ပြောပါစေ" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ မာယာဘုန်းကြီးများသည် မာယာဘုရင် ဘာလမ်းကို တအံ့တသြ ကြည့်ပြီးနောက် ဂိုဏ်းချုပ်ကြီး အာမင်းကို လှမ်းကြည့်ရင်း ရှေ့သို့ မတိုးဘဲ ရပ်မြဲရပ်နေလိုက်ကြသည်။

ထိုအခိုက်တွင် လင်းယုန်နက်က –

"အို ... ဘာလမ်း၊ သင်တို့ ကျူးကျော်ရောက်ရှိလာတဲ့ နယ်မြေဒေသသစ်ကို သေသေချာချာ လှည့်ပတ်ကြည့်ရှုစမ်းပါ။ ဒီနယ်မြေဒေသမှာ မြက်ပင်တို့ အမြဲစိမ်းစိုနေပြီး ပန်းမန်တို့ အမြဲဖူးပွင့်နေပါတယ်။ သီးပင်အားလုံးဟာလည်း အကိုင်းတွေ ညွတ်နေအောင် အမြဲသီးနေပါတယ်။ ပြီးတော့ ချောင်း မြောင်းတွေဟာလည်း အမြဲ ရေပြည့်နေပါတယ်။ အဲဒီဆုတော် လာဘ်တော် များကို ကျုပ်တို့လူမျိုးတွေ အမြဲရရှိ ခံစားနေရပါတယ်။

"အို ... ဘာလမ်း၊ ကျုပ်တို့လူမျိုးတွေဟာ ဟောဒီလောကမြေပြင်မှာ ကြောက်စရာ အကောင်းဆုံး လူမျိုးများဖြစ်ကြတယ်။ ကျုပ်တို့ဟာ အမြဲစစ်တိုက်နေကြတယ်။ အမြဲ အမဲလိုက်နေကြတယ်။ ဟောဒီနယ်မြေဒေသဟာလည်း ကျုပ်ရန်သူတွေရဲ့ သွေးတွေနဲ့ အမြဲချင်းချင်းနီနေတယ်။ ဒါပေမဲ့ ကျုပ်တို့ဟာ ကောင်းကင်ဘုံနန်းက နတ်ဘုရားများကို လူသားစင်စစ်ရဲ့ အသက်နဲ့ ဘယ်အခါတုန်းကမှ ယဇ်မပူဇော်ခဲ့ဘူး။ လူရဲ့သွေးတစ်ပေါက်တောင် အကျမခံခဲ့ဘူး။ ပြီးတော့ ကျုပ်တို့ဟာ ကောင်းကင်ဘုံနန်းက နတ်ဘုရားတွေကို ဘယ်အခါတုန်းကမှ ကြောက်ရွံ့တုန်လှုပ်ပြီး ဒူးထောက်အသနားခံတာမျိုးကို မပြုဆောင်ခံရဘူး။

"အို ... ဘာလမ်း၊ ကျုပ်ပြောတဲ့ စကားတွေကို သေသေချာချာ တွေးတောဆင်ခြင်ပါ။ ပြီးတော့ ကျုပ်ကို ယဇ်ပလ္လင်ထက်မှာတင်ပြီး ယဇ်ပူဇော် မယ့် အရေးကိစ္စနဲ့ ပတ်သက်ပြီး သင်ဆုံးဖြတ်ချက် ချမှတ်ပါ" ဟု ပြောကြား သည်။

လင်းယုန်နက်၏စကားကို ကြားလျှင် မာယာဘုန်းကြီး အပေါင်းလည်း အချင်းချင်း တီးတိုးတီးတိုး ပြောကြားဆွေးနွေးနေကြသည်။ သေနာပတိအာဟာလပ်မူ ကျောက်ဓားရှည်ကြီးကို ဖျတ်ခနဲ ဆွဲထုတ်ကာ လင်းယုန်နက်အပါးသို့ ချဉ်းကပ်သွားရင်း –

"ဖမ်းချုပ်ကြ"

ဟု မာယာစစ်သည်တော်တို့ကို အမိန့်ပေးလိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းက –

www.burmeseclassic.com



"မဖမ်းကြနဲ့" ဟု ကျယ်လောင်စွာ အမိန့်ပေးလိုက်ရာ သေနာပတိ အာဟာလပ်လည်း ဆတ်ခနဲ ရပ်တန့်ရင်း မာယာဘုရင် ဘာလမ်းကို တအံ့တသြ မော့ကြည့်လိုက်သည်။ ထို့အတူ မာယာဘုန်းကြီးအပေါင်းလည်း မာယာဘုရင်ဘာလမ်းကို တအံ့တသြ လှမ်းကြည့်လိုက်ကြသည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းလည်း လင်းယုန်နက်အပါး သို့ ခပ်ဖြည်းဖြည်း လျှောက်သွားပြီး –

"အို … လင်းယုန်နက်။ ကျုပ်တို့ရဲ့ လိုလားတောင့်တချက်တွေ အလိုဆန္ဒတွေကို သင် သယ်ဆောင်သွားပါလော့။ သင်သယ်ဆောင်သွားရ မယ့် သူများကား ကောင်းကင်ဘုံနန်းက နတ်ဘုရားများထံ မဟုတ်ပါ။ သင်ရဲ့ လူမျိုးများထံသို့သာ ဖြစ်ပါတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးအာမင်းလည်း ဆတ်ခနဲ ဖြစ်သွားပြီး မာယာ ဘုရင် ဘာလမ်းကို စိန်းစိန်းကြည့်လိုက်ရာ၊ မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းချုပ်ကြီး အာမင်းကို တည်ငြိမ်သော မျက်နှာထားပြီး လှမ်းကြည့်ပြီး နောက် လင်းယုန်နက်ဘက်သို့ လှည့်ကာ –

"ကျုပ်တို့ဟာ ငြိမ်းချမ်းရေးကို လိုလားကြပါတယ်။ သင်တို့ လူမျိုး တွေနဲ့လည်း သင့်သင့်မြတ်မြတ် နေချင်ပါတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ငြိမ်းချမ်းရေးကို လိုချင်တယ်ဟုတ်လား။ ကျုပ်တို့လူမျိုးတွေက တော့ စစ်မက်ကို လိုလားတဲ့သူများဖြစ်ကြတယ်။ ဘာပဲဖြစ်ဖြစ် သင်တို့ရဲ့ဆန္ဒ သဘောထားကို ကျုပ်တို့လူမျိုးတွေထံကို ကျုပ်သယ်ဆောင်သွားပါမယ်" ဟု ပြောကြားရာ၊ မာယာဘုရင် ဘာလမ်းက –

"ကောင်းလှပါပြီ။ သင်တို့လူမျိုးတွေ နားလည်သဘောပေါက်အောင် သာ ရှင်းပြပေးပါတော့" ဟု မိန့်ကြားလိုက်သည်။

ထို့နောက်တွင်ကား လင်းယုန်နက်နှင့် မာယာဘုရင် ဘာလမ်းတို့ သည် စကားမပြောကြဘဲ တစ်ဦးမျက်နှာကို တစ်ဦး လေးလေးစားစား ကြည့် နေကြသည်။

ထိုအခိုက်တွင် ဂိုဏ်းချုပ်ကြီး အာမင်းက –

"အို … အရှင်မင်းကြီး" ဟု ကျယ်လောင်စွာ အော်ခေါ်လိုက်ရာ၊ မာယာဘုရင် ဘာလမ်းရော၊ လင်းယုန်နက်ပါ ပြိုင်တူလှမ်းကြည့်လိုက်ကြ သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး အာမင်းက –

www.burmeseclassic.com


"အို ... အရှင်မင်းကြီး။ အရှင် နားလည်သဘောပေါက်အောင် ကျွန်တော်မျိုး အကြိမ်ကြိမ် လျှောက်တင်ပြီးဖြစ်ပါတယ်။ ဒီနယ်မြေဒေသသစ်မှာ အခြေချကြမယ့် ကျွန်တော်မျိုးတို့လူမျိုးတွေ ဘေးမသီရန်မခဘဲ ငြိမ်းချမ်းသာယာဝပြောစေချင်ရင်၊ ကောင်းကင်ဘုံနန်းက နတ်ဘုရားများကို လူသားအသက်နဲ့ မလွှဲမသွေ ယဇ်ပူဇော်ရပါလိမ့်မယ်။ ဒီလိုလူသားအသက်နဲ့ ယဇ်ပူဇော်ခြင်းဟာ ကျွန်တော်မျိုးတို့ မာယာလူမျိုးတွေ နှစ်ပေါင်းထောင်ချီပြီး ကျင့်သုံးခဲ့တဲ့ သာဘာရေးကျင့်ဝတ်တစ်ခု ဖြစ်ပါတယ်။ ဒီတော့ ဒီဘာသာရေးကျင့်ဝတ်ကို ကျွန်တော်မျိုးတို့ လုံးဝ အပျက်မခံနိုင်ပါဘူး" ဟု လျှောက်တင်ပြီး မိမိလက်တွင်းရှိ ဓားမြှောင်ကို ပင့်မြှောက်ကာ မိမိ၏ရင်ညွန့်ကို မိမိ တအားကုန် ထိုးစိုက်ချလိုက်သည်။

ဂိုဏ်းချုပ်ကြီး အာမင်း၏ မမျှော်လင့် မမှတ်ထင်သော အပြုအမူကြောင့် လူအားလုံး ခေတ္တမျှ ကြက်သေသေသွားကြသည်။ တုန်လှုပ်ချောက်ချားကုန်ကြသည်။ မာယာဘုရင်ဘာလမ်းလည်း ခေတ္တကြောင်ငေးနေပြီးမှ အောက်သို့ လဲကျသွားသော ဂိုဏ်းချုပ်ကြီးအာမင်းထံ ပြေးသွားပြီး၊ ဦးခေါင်းကို လက်ဖြင့် ပွေ့လိုက်သည်။ မာယာဘုရင် ဘာလမ်း၏ မျက်လုံးအစုံမှာ မျက်ရည်တို့ဖြင့် ပြည့်လျှံနေရကား ဂိုဏ်းချုပ်ကြီးအာမင်း၏ မျက်နှာကိုပင် သဲသဲကွဲကွဲ မမြင်မိပေ။ မျက်ရည်ကို အနိုင်နိုင်ဆည်ပြီး ကြည့်နိုင်သောအခါ၌ ဂိုဏ်းချုပ်ကြီး အာမင်း အသက်ကုန်ပြီဖြစ်ကြောင်း သိလိုက်ရတော့သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်ဘက်သို့ ခပ်ဖြည်းဖြည်း လှည့်ပြီး လှမ်းကြည့်လိုက်ရာ၊ လင်းယုန်နက်လည်း စိတ်ထိခိုက်သွားသည့် အမူအရာဖြင့် တုန့်ပြန်ကြည့်လိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းက တည်ငြိမ်သော အသံဖြင့်

"အို ... လင်းယုန်နက်။ မိတ်ဆွေရဲ့အသက်ကို ကျုပ်လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါတယ်။ မိတ်ဆွေရဲ့ လူမျိုးတွေဆီကို ဘေးမသီရန်မခဘဲ ပြန်သွားပါတော့" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း မလှုပ်မယှက်ငြိမ်သက်စွာရပ်နေရာမှ မည်သို့မျှ ပြန်မပြောဘဲ မာယာဘုရင်ဘာလမ်းနှင့် အသက်ကုန်ဆုံးနေသော ဂိုဏ်းချုပ်ကြီးအာမင်းကို ငေးကြည့်နေသည်။

*

ထိုသို့ လူအားလုံးငေးငိုင်နေခိုက် အလန့်တကြား မှုတ်လိုက်သော ခရုသင်းသံတို့ ဆူညံစွာ ပေါ်ထွက်လာသည်။ ထို့ကြောင့် အသံကြားရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ရာ၊ သစ်လုံးစည်းရိုးတံတိုင်းကာထားသော ရွာတံခါးမကြီးအနီးရှိ

www.burmeseclassic.com


မျှော်စင်ဘက်မှ နတ်ဘုရား ကျောင်းတော်ဘက်သို့ တအားကုန် ပြေးလာသော မာယာကင်းစောင့် စစ်သည်တော်တစ်ဦးကို တွေ့မြင်ကြရသည်။ ထိုမာယာ စစ်သည်တော်လည်း တအားကုန် ပြေးလာရာမှ –

"လူရိုင်းတွေ၊ လူရိုင်းတွေ" ဟု အဆက်အပြတ် ဟစ်အော်ရင်း တောအုပ်ညို့ညို့ဘက်သို့ လက်ညှိုးရင်း ထိုးပြနေသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မိမိပွေ့ထားသော ဂိုဏ်းချုပ်ကြီး အာမင်း၏အလောင်းကို အောက်သို့ ညင်ညင်သာသာချလိုက်ပြီးနောက် နတ်ဘုရားကျောင်းတော် ထိပ်စွန်းသို့ အပြေးအလွှား ပြေးသွားကာ တောအုပ်ညို့ညို့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ တောအုပ်ညိုညိုဘက်မှ ရွာစည်းရိုးတံတိုင်းရှိရာသို့ တဟုန်ထိုး ပြေးလာကြသည့် အတိုင်းမသိ များပြားထူထပ်လှသော လူအုပ်ကြီးကို တွေ့မြင်လိုက်ရသည်။ ထိုလူအုပ်ကြီးကား လင်းယုန်နက်ကဲ့သို့ တိရစ္ဆာန်သားရေတို့ကို ဝတ်ဆင်ထားကြပြီး ကျောက်တင်းပုတ်များနှင့် လေးမြားတို့ကို ကိုင်စွဲထားကြပေသည်တကား။

မာယာဘုရင်ဘာလမ်းလည်း မိမိပတ်ဝန်းကျင်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ၊ ရန်သူကို အချိန်မီ ခုခံတားဆီးတိုက်ခိုက်ရန်အတွက် နတ်ဘုရားကျောင်းတော်ထိပ်မှ ဒရောသောပါး ပြေးဆင်းသွားသော သေနာပတိ အာဟာလပ်နှင့် မာယာစစ်သည်တော်တို့ကို တွေ့မြင်ရသည်။ မာယာဘုန်းကြီးများမှာမူ တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောကြားနေကြသည်။

မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ လင်းယုန်နက်က တည်ကြည်အေးဆေးသော အမူအရာဖြင့် ပြန်ကြည့်ပြီး –

"အခုလိုအချိန်အခါမျိုးမှာ ကျုပ်ရဲ့လူမျိုးတွေဆီကို ကျုပ်ပြန်သွားခွင့်ရရင် ကျုပ်လူမျိုးတွေရဲ့ အင်အားဟာ နှစ်ဆတိုးသွားလိမ့်မယ်။ ဒီတော့ ကျုပ်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်သေးရဲ့လား" ဟု မေးလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက ဦးခေါင်းကို လေးလေးတွဲ့တွဲ့ ညိတ်ရင်း –

"လွတ်ငြိမ်းချမ်းသာခွင့်ပေးပါတယ်။ သင့်လူမျိုးတွေဆီကို သင်ပြန်သွားပါတော့" ဟု မိန့်ကြားလိုက်ရာ လင်းယုန်နက်က ပြုံးပြီး မာယာဘုရင်ဘာလမ်းကို လေးစားသည့်အသွင်ဖြင့် လက်ကိုပင့်မြှောက်နှုတ်လိုက်သည်။ ထို့နောက် နတ်ဘုရားကျောင်းတော်ထိပ်မှ အောက်သို့ တဟုန်ထိုး ပြေးဆင်းသွားတော့သည်။

*

www.burmeseclassic.com



ဤသို့ တဟုန်ထိုးပြေးဆင်းသွားသော လင်းယုန်နက်ကို ငေးကြည့်ပြီး နတ်ဘုရားကျောင်းတော်ခြေရင်းတွင် ကြောက်လန့်တကြား ပြေးလွှားသွားလာနေကြသော မာယာလူမျိုးတို့ကို ငေးကြည့်လိုက်သည်။ ထိုအခါ မာယာလူမျိုးတို့က မိမိကိုအားကိုးတကြီး မော့ကြည့်နေကြသည်ကို တွေ့မြင်ရသည်။ ဤတွင် မာယာဘုရင်ဘာလမ်းလည်း မိမိအနီးရှိ မာယာဘုန်းကြီးတို့ကို လှမ်းကြည့်လိုက်ရာ၊ မာယာဘုန်းကြီးများ၏ မျက်နှာပေါ်၌ ကြောက်ရွံ့တုန်လှုပ်သည့် အမူအရာများ အထင်သားပေါ်နေသည်ကို တွေ့မြင်ရသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မိမိအပါးတွင် ရပ်နေသော မိန်းမပျိုအိချယ်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် ရွာစည်းရိုးတံတိုင်းရှိရာသို့ တဟုန်ထိုးပြေးလာကြသော လင်းယုန်နက်၏ နောက်လိုက်နောက်ပါ လူအုပ်ကြီးကို ငေးကြည့်ရင်း –

"ကျုပ်ဟာ လင်းယုန်နက်နဲ့ အကြာအရှည်လည်း မသိပါဘူး။ စကားစမြည်လည်း အများကြီး မပြောခဲ့ဖူးပါဘူး။ ဒါပေမဲ့ လင်းယုန်နက်နဲ့ စကားစမြည်အနည်းငယ် ပြောရရုံနဲ့ 'ဒီလူဟာ ယုံကြည်စိတ်ချရတဲ့ လူပဲ' လို့ ကျုပ်ဆုံးဖြတ်လိုက်မိတယ်" ဟု မိန့်ကြားလိုက်ရာ၊ မိန်းမပျိုအိချယ်က မာယာဘုရင်၏မျက်နှာကို မော့ပြီး စေ့စေ့ကြည့်လိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက မိန်းမပျိုအိချယ်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် အဝေးသို့ ငေးကြည့်ရင်း –

"လင်းယုန်နက်ဟာ သူတို့ ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့ကြတဲ့ ဟောဒီ နယ်မြေဒေသပေါ်ကို လာရောက်အခြေချခဲ့တဲ့ ကျုပ်တို့တစ်တွေကို မောင်းထုတ်ပစ်မယ်။ ကျုပ်ကိုလည်းအသေသတ်မယ်လို့ ကြိမ်းဝါးခဲ့တဲ့သူဖြစ်တယ်။ ဒါပေမဲ့ ကျုပ်ဟာ လင်းယုန်နက်ရဲ့အသက်ကို ချမ်းသာပေးလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ လင်းယုန်နက်ဟာ ကျုပ်တို့ရဲ့ ဆန္ဒသဘောထားကို သူ့လူမျိုးတွေ နားလည်သဘောပေါက်အောင် မချွင်းမချန် ပြောကြားလိမ့်မယ်လို့ ယုံကြည်စိတ်ချလို့ပဲ။ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ ကျုပ်တို့လူမျိုးတွေအတွက် အကောင်းဆုံး ဆုံးဖြတ်ချက်ပဲလို့ ကျုပ်ယုံကြည်ထားတယ်။ ဒါကြောင့်လည်း ကျုပ်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကြည့်ရှုစောင့်ရှောက်ပေးခဲ့တဲ့၊ ပညာသင်ကြားပေးခဲ့တဲ့၊ ကျုပ်အလေးစား အမြတ်နိုးဆုံးဖြစ်တဲ့ ဂိုဏ်းချုပ်ကြီးအာမင်းရဲ့ စကားကို ကျုပ် ငြင်းပယ်ခဲ့ခြင်းဖြစ်တယ်" ဟု မိန့်ကြားရာမှ–

"အို ... အိချယ်။ ကျုပ်ရဲ့ဆုံးဖြတ်ချက် မမှားပါစေနဲ့။ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ ကျုပ် လူမျိုးတွေအတွက် အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်ပါစေလို့ ကျုပ်နဲ့အတူ ဝိုင်းပြီးဆုတောင်းပေးပါလားကွယ်" ဟု မိန့်ကြားလိုက်သည်။

www.burmeseclassic.com



ထိုအခါ မိန်းမပျိုအိချယ်လည်း မာယာဘုရင် ဘာလမ်းအပါးသို့ တိုးကပ်လာပြီးနောက် မာယာဘုရင် ဘာလမ်းနှင့်အတူ လင်းယုန်နက်၏ နောက်လိုက်နောက်ပါ လူအုပ်ကြီးရှိရာသို့ လှမ်းကြည့်လိုက်သည်။

⟐

www.burmeseclassic.com

၁၆

## စစ်လော၊ ငြိမ်းချမ်းရေးလော

နတ်ဘုရားကျောင်းတော်ထိပ်မှ လှမ်းကြည့်နေသော မာယာဘုရင်ဘာလမ်းသည် ရွာတံခါးမကြီးအနီးသို့ လင်းယုန်နက်အရောက်တွင် သေနာပတိ အာဟာလပ်က ရွာတံခါးမကြီးကို ဖွင့်ပေးလိုက်သည်ကို တွေ့မြင်ရသည်။ ထိုအခါ လင်းယုန်နက်လည်း ရွာတံခါးမှ ဖျတ်ခနဲ ထွက်သွားပြီးနောက် ခြေလှမ်းသုံးလေးလှမ်း လှမ်းအပြီးတွင် ဆတ်ခနဲ ရပ်တန့်လိုက်ပြီး နတ်ဘုရားကျောင်းတော်ထိပ်ဆီသို့ လှမ်းမျှော်ကြည့်နေသည်ကိုလည်း တွေ့မြင်ရသည်။

ထို့နောက် လင်းယုန်နက်လည်း မိမိလူမျိုးများရှိရာ တောအုပ်ညို့ညို့သို့ စိုက်စိုက်စိုက်စိုက်နှင့် လျှောက်သွားသည်ကိုလည်း မြင်ရသည်။ မာယာစစ်သည်တို့က ရွာတံခါးကြီးတွင် အခိုင်အခံ့ ပြန်ပိတ်လိုက်သည်ကိုလည်း မြင်ရသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း အပါးရှိ မိန်းမပျိုအိချယ်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် နတ်ဘုရားကျောင်းတော်ထိပ်မှ တစ်ထစ်ချင်း နင်းဆင်းကာ သေနာပတိအာဟာလပ်တို့ရှိရာ ရွာစည်းရိုးတံတိုင်းဘက်သို့ ခပ်သွက်သွက် ထွက်ခွာကြွမြန်းသွားတော့သည်။

ရွာတံခါးမကြီးမှ ထွက်ခွာလာခဲ့သော လင်းယုန်နက်၏ ခြေလှမ်းတို့သည် မိမိ၏လူမျိုးများရှိရာ တောအုပ်ညို့ညို့နှင့် နီးလာသည်နှင့်အမျှ သွက်၍ သွက်၍ လာခဲ့တော့သည်။ တဟုန်ထိုး ရှေ့သို့တိုးလာသော မိမိလူမျိုးများနှင့် နီးလာသောအခါ လင်းယုန်နက်လည်း အားပါးတရပြုံးရယ်ပြီး လက်ကိုဝှေ့ယမ်းပြရင်း ရှေ့သို့ တဟုန်ထိုး ပြေးသွားတော့သည်။

မိမိတို့က သေဆုံးသွားပြီဟု မှတ်ယူထားကြသော လင်းယုန်နက်၏ လူမျိုးများလည်း မိမိတို့ခေါင်းဆောင်ကြီး အသက်မသေရုံမက မိမိတို့ရှိရာသို့ ပြုံးရွှင်သော မျက်နှာထားဖြင့် တဟုန်ထိုးပြေးလာသည်ကို မြင်ကြရသောအခါ ဝမ်းမြောက်ဝမ်းသာ တစ်ခဲနက် ကြွေးကြော်ကြကုန်သည်။

"လင်းယုန်နက်၊ လင်းယုန်နက်။ ခေါင်းဆောင်ကြီး လင်းယုန်နက် အသက်မသေဘူးဟေ့။ ခေါင်းဆောင်ကြီး လင်းယုန်နက် သက်တော်ရာကျော် ရှည်ပါစေ" ဟုလည်း ဟစ်အော်ကြကုန်သည်။

ထို့အတူ လင်းယုန်နက်လည်း –

"အစ္စတိုင်း။ ကွာဟာဒီ" စသည်ဖြင့် မိမိ လူယုံတော်ခေါင်းဆောင်များ၏ အမည်တို့ကို ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။

လင်းယုန်နက်၏ နောက်လိုက်နောက်ပါ လူမျိုးများလည်း လင်းယုန်နက်နှင့် တွေ့ဆုံသည်နှင့်တစ်ပြိုင်နက်၊ လင်းယုန်နက်ကို ပတ်ပတ်လည် ဝိုင်းရံလိုက်ကြသည်။ လင်းယုန်နက်၏ ညာလက်ရုံးဖြစ်သော အစ္စတိုင်းမှာမူ လင်းယုန်နက်ကို ဝမ်းသာအားရ ပွေ့ဖက်လိုက်ရင်း –

"ပျော်လိုက်တာဗျာ။ ခင်ဗျားကို အသက်မသေဘဲ ပြန်တွေ့တဲ့ အတွက် ဝမ်းသာလိုက်တာဗျာ" ဟု တတွတ်တွတ် ပြောကြားနေသည်။ ထို့ နောက် လင်းယုန်နက်ကို စေ့စေ့ကြည့်ရင်း –

"ခင်ဗျားကို သူတို့က လွှတ်ပေးလိုက်တာလား။ ခင်ဗျားဖာသာ ထွက်ပြေးလွတ်မြောက်လာတာလား" ဟု မေးလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ကျုပ်ကို သူတို့ လွှတ်ပေးလိုက်တာပါ။ လွှတ်ပေးရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျုပ်တို့ လူမျိုးတွေနဲ့ စစ်မက်မဖြစ်ပွားဘဲ ငြိမ်းငြိမ်းချမ်း ချမ်းနေချင်ကြလို့ပါပဲ" ဟု ဖြေလိုက်ရာ၊ အစ္စတိုင်းက –

"ငြိမ်းငြိမ်းချမ်းချမ်း နေချင်ကြလို့တဲ့ ဟုတ်လား" ဟု ပြောကြားပြီး တဟားဟား ရယ်မောနေသည်။

ထို့အတူ ကွာဟာဒီကလည်း –

"သူတို့ဟာ ကျုပ်တို့တစ်တွေကို အကြီးအကျယ် ကြောက်လန့်နေတာ အမှန်ပဲဖြစ်ရမယ်။ တကယ်တော့ သူတို့ဟာ မြေပြန့်လွင်ပြင်က ခွေးအတွေလို သတ္တိနည်းတဲ့သူတွေ အမှန်ပဲဖြစ်ရမယ်" ဟု ပြောကြားကာ တဟားဟား ရယ်မောလိုက်သည်။

ထိုအခါ လင်းယုန်နက်ကလည်း မိမိအားပတ်ပတ်လည်ရှိ စစ်သည်တော် အကြီးအကဲတို့ကို စေ့စေ့ကြည့်ပြီး လက်ကို မြှောက်ပြလိုက်ရာ၊ ဆူညံစွာ

ရယ်မောနေသောအသံတို့ တဖြည်းဖြည်း တိတ်သွားသည်။ ထိုအခိုက်တွင် လင်းယုန်နက်လည်း မြေကြီးပေါ်တွင် တင်ပလ္လင်ခွေထိုင်လိုက်ရာ အပါးရှိ လူအားလုံးလည်း 'မိမိတို့ ခေါင်းဆောင်ကြီးက စည်းဝေးတိုင်ပင်လိုကြောင်း' ရိပ်စားမိကြပြီး မြေကြီးပေါ်တွင် အသီးသီး ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ထိုအခါ လင်းယုန်နက်လည်း မိမိ၏နောက်လိုက်နောက်ပါ စစ်သည်ကျော် အကြီးအကဲတို့၏ မျက်နှာကို တစ်ဦးချင်း စေ့စေ့ကြည့်ပြီးနောက် –

"သင်တို့ဟာ ကျုပ်ကို ခေါင်းဆောင် အကြီးအကဲ အဖြစ် သဘောတူ တင်မြှောက်ထားခဲ့ကြတယ်။ ကျုပ်ကလည်း ခေါင်းဆောင် အကြီးအကဲပီသစွာ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့တယ်။ ကျုပ်တို့ လူမျိုးတွေ အကျိုးရှိမယ့် ကိစ္စကို တွေးတောစဉ်းစားပြီး အကျိုးရှိရာ အကျိုးရှိကြောင်း ဆောင်ရွက်ခဲ့တယ်" ဟု စတင်ပြောကြားသည်။ ထို့နောက် ဆက်၍ –

"သင်တို့ရဲ့ ခေါင်းဆောင်ကြီးအနေနဲ့ ကျုပ်အခု ပြောကြားမယ့် စကားကို သင်တို့တစ်တွေ သေသေချာချာ နားထောင်ကြပါ။ ကျုပ်တို့ နယ်မြေဒေသကို ကျူးကျော်ဝင်ရောက်လာကြတဲ့ လူမျိုးတွေ အများကြီးရှိခဲ့ပါတယ်။ အခုရောက်ရှိလာတဲ့ လူမျိုးဟာ အဲဒီလူမျိုးတွေနဲ့ လုံးဝ မတူပါဘူး။ ကျုပ်ဟာ အခုရောက်ရှိလာတဲ့ လူမျိုးတွေနဲ့ ရက်အတော်ကြာ အတူနေခဲ့ရပါတယ်။ ဒါကြောင့် သူတို့အကြောင်းကို ကျုပ် အတော်များများ သိခွင့်ရခဲ့ပါတယ်။ သူတို့ဟာ အသိဉာဏ် ဗဟုသုတအလွန်ကြွယ်ဝတဲ့ လူမျိုးများဖြစ်တယ်။ သူတို့ရဲ့ကျွမ်းကျင်မှု၊ သူတို့ရဲ့ အနုပညာရဲ့ သူတို့ရဲ့ လက်မှုပညာတွေဟာ ကျုပ်တို့ စိတ်ကူးလို့ မရနိုင်အောင် အဆင့်အတန်း မြင့်မားလှပါတယ်။ ဒီတော့ သူတို့တစ်တွေနဲ့ စစ်မဖြစ်ပွားဘဲ ငြိမ်းငြိမ်းချမ်းချမ်း အတူယှဉ်တွဲနေကြမယ်ဆိုရင် ကျုပ်တို့အဖို့ အကျိုးမယုတ်နိုင်ဘူးလို့ ကျုပ်ယုံကြည်ပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အစ္စတိုင်းလည်း ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်ပြီး –

"ကျုပ်တို့နယ်မြေပေါ်ကို ကျူးကျော်ဝင်ရောက်လာတဲ့ ဘယ်လူမျိုးနဲ့မှ ကျုပ်တို့အတူ လက်တွဲမနေနိုင်ဘူး။ သူတို့ကို ကျုပ်တို့ အပြီးတိုင် တိုက်ခိုက်မောင်းထုတ်ပစ်ရမယ်" ဟု ဟစ်အော်ပြောကြားလိုက်ရာ အကြီးအကဲ ခေါင်းဆောင်အပေါင်းတို့လည်း တစ်ယောက်တစ်ပေါက် ဟစ်အော်ဆူညံနေအောင် အချင်းချင်း ပြောကြားဆွေးနွေးနေကြတော့သည်။

ထိုအခိုက်တွင် လင်းယုန်နက်လည်း လက်ကို မြှောက်ပြလိုက်ပြီးနောက် အစ္စတိုင်း၏မျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်ရာ မားမားမတ်မတ် ရပ်နေသော အစ္စတိုင်းလည်း မြေကြီးပေါ်သို့ အသာပြန်ထိုင်ချလိုက်တော့သည်။

www.burmeseclassic.com


ထိုအခါ လင်းယုန်နက်က –

“သင်တို့ သဘောတူ တင်မြှောက်ထားတဲ့ ခေါင်းဆောင် အကြီးအကဲအဖြစ် ကျုပ် ဆောင်ရွက်နေရသေးသမျှ ကာလပတ်လုံး သင်တို့တစ်တွေဟာ ကျုပ်ရဲ့စကားကို တသွေမတိမ်းလိုက်နာကြရလိမ့်မယ်။ ကျုပ်ရဲ့စကားကို သင်တို့တစ်တွေ မလိုက်နာနိုင်ကြတဲ့ တစ်နေ့မှာ ခေါင်းဆောင်အကြီးအကဲအသစ်ကို သင်တို့အားလုံးသဘောတူ ရွေးကောက်နိုင်ပါတယ်” ဟု ပြတ်သား စွာ ပြောကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်ကို ဝိုင်းရံထားကြသော စစ်သည်ကျော် အကြီးအကဲတို့လည်း လင်းယုန်နက်၏ မျက်နှာကို အတန်ကြာအောင် စူးစိုက်ကြည့်ရင်း လင်းယုန်နက်၏ စကားကို အလေးအနက် တွေးတောစဉ်းစားနေကြသည်။ အစ္စတိုင်းလည်း ငြိမ်သက်စွာ ထိုင်နေရာမှ ခံ့ညားထည်ဝါလှသော လင်းယုန်နက်၏မျက်နှာကို စေ့စေ့ကြည့်ရင်း အကဲခတ် နေသည်။ သို့သော် လင်းယုန်နက်၏အတွင်းစိတ်ကိုကား လုံးဝအကဲခတ်၍မရပါပေ။

*

သစ်လုံးစည်းရိုးတံတိုင်း ပတ်ပတ်လည်၌ လူတစ်ယောက် လျှောက်သာရုံ လူ သွားလမ်းကျဉ်းလေးရှိရာ၊ ထိုလူသွားလမ်းကျဉ်းလေးအတိုင်း လျှောက်လာရာ မှ မာယာဘုရင်ဘာလမ်းလည်း တောအုပ်ညို့ညို့ရှိရာသို့ လှမ်းမျှော်ကြည့်နေ သည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း လှေကားမှ တစ်ဆင့် ထိုလူသွားလမ်းကျဉ်းလေးပေါ်သို့ တက်လာပြီး မာယာဘုရင်ဘာလမ်းရှိရာသို့ လျှောက်သွားသည်။ မာယာဘုရင်နှင့် မိန်းမပျိုအိချယ်တို့လည်း တစ်ဦးကိုတစ်ဦး ဖျတ်ခနဲ စိုက်ကြည့်ကြပြီးနောက်၊ နှစ်ယောက်အတူယှဉ်ရပ်ပြီး တောအုပ်ညို့ ညို့ရှိရာသို့ ပြိုင်တူငေးကြည့်နေကြသည်။

ထိုအခိုက်တွင် သေနာပတိအာဟာလပ်သည် ရန်သူတို့ ချဉ်းကပ်လာပါက အသင့် ခုခံတိုက်ခိုက်နိုင်ရန်အတွက် မာယာစစ်သည်တို့ကို အမျိုးမျိုး အမိန့်ပေး စေခိုင်းနေသည်။ မာယာစစ်သည်တော်တို့လည်း သေနာပတိ အာဟာလပ် စေခိုင်းသည့်အတိုင်း လောက်လွှဲလေးကြီးများကို တပ်ဆင်နေကြသည်။ လက်နက်လေးမြားတို့ကို အသင့်ပြင်ထားကြသည်။

မာယာဘုရင်ဘာလမ်းလည်း တောအုပ်ညို့ညို့ အစပ်တွင် ဝိုင်းဖွဲ့ထိုင်ကာ ဆွေးနွေးနေကြသော လင်းယုန်နက်တို့ လူစုကို စိတ်ဝင်စားစွာ ငေးကြည့်နေရာ သေနာပတိ အာဟာလပ်လည်း မာယာဘုရင်ဘာလမ်းအပါးသို့ လျှောက်လာပြီး “အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့ လက်တွင်းကို လင်းယုန်

နက် ရောက်ရှိနေတုန်းမှာ လင်းယုန်နက်ကို ကျွန်တော်မျိုးတို့ သတ်ပစ်လိုက်ဖို့ ကောင်းတယ်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက မည်သို့မျှ ပြန်လည်မမိန့်ကြားဘဲ နှုတ်ဆိတ်နေရာ၊ သေနာပတိအာဟာလပ်က ဆက်၍ –

“တကယ်လို့ လင်းယုန်နက်က ကျွန်တော်မျိုးတို့ကို တိုက်ခိုက်ချင်တယ်။ စစ်မက်ပြုချင်တယ်ဆိုရင်လည်း ကျွန်တော်မျိုးတို့အနေနဲ့ အသင့်ပါပဲ” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက သေနာပတိအာဟာလပ်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း –

“တကယ်လို့ လင်းယုန်နက်က ငြိမ်းငြိမ်းချမ်းချမ်း အတူယှဉ်တွဲနေထိုင်ရေးကို ရွေးလိုက်မယ်ဆိုရင်ကော အာဟာလပ်၊ ကျုပ်တို့အနေနဲ့ အသင့် ရှိပါ့မလား” ဟု ပြန်မေးလိုက်သည်။

ထို့နောက် သေနာပတိအာဟာလပ်နှင့် မာယာဘုရင်ဘာလမ်းတို့သည် စကားဆက်မပြောကြဘဲ အတွေးကိုယ်စီနှင့် ငြိမ်နေကြရာမှ တောအုပ်ညို့ညို့ဘက်သို့ လှမ်းကြည့်နေကြသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်က တောအုပ်ညို့ညို့ဘက်သို့ အလန့်တကြား လည်ညှိုးထိုးပြလိုက်သည်။ တောအုပ်ညို့ညို့အစပ်တွင် ဝိုင်းဖွဲ့ထိုင်နေကြသော လင်းယုန်နက်နှင့် နောက်လိုက်နောက်ပါ လူအုပ်ကြီးကားထိုင်ရာမှ ပြိုင်တူထကြပြီးလျှင် မြေပြန့်ကွင်းပြင်ကျယ်ကို ဖြတ်ကာ မာယာဘုရင် ဘာလမ်းတို့ရှာဘက်သို့ အလုံးအရင်းနှင့် အပြေးချီတက်လာကြလေပြီတကား။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်ဘက်သို့ လှည့်ကာ “ရွာထဲက အမျိုးသမီးတွေနဲ့အတူ သွားနေ” ဟု အမိန့်ပေးလိုက်ရာ မိန်းမပျိုအိချယ်လည်း မာယာဘုရင်ဘာလမ်းကို မော့ကြည့်ပြီးနောက် လှေကားလေးကိုနင်းကာ အောက်သို့ ဆင်းသွားသည်။

ထိုအခိုက်တွင် သေနာပတိအာဟာလပ်လည်း မာယာစစ်သည်တော်တို့ကို အချက်ပေးလိုက်ရာ၊ မာယာစစ်သည်တော်တို့လည်း အသင့်တပ်ဆင်ထားကြသော လောက်လွှဲလေးတို့၌ ကျောက်ခဲကြီးများကို အသီးသီး ထည့်လိုက်ကြသည်။ ထိုအခါ မာယာဘုရင်ဘာလမ်း၏အပါးတွင် ရပ်နေသော သေနာပတိအာဟာလပ်လည်း အလုံးအရင်းနှင့် အပြေးချီတက်လာကြသော လူအုပ်ကြီးကို စူးစူးစိုက်စိုက် ကြည့်နေရာမှ လောက်လွှဲလေး တစ်ကမ်းစာသို့ အရောက်တွင် ‘ပစ်မိန့်’ ပေးရန် လက်ကိုမြှောက်လိုက်သည်။

www.burmeseclassic.com


ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း သေနာပတိ အာဟာလပ်၏လက်ကို ဖျတ်ခနဲ ဖမ်းဆွဲရင်း ဟန့်တားလိုက်သည်။ အကြောင်းသော်ကား မာယာဘုရင်ဘာလမ်းတို့၏ရွာသို့ အလုံးအရင်းနှင့် အပြေးချီတက်လာသော လူအုပ်ကြီးသည် ရုတ်တရက် ဆတ်ခနဲ ရပ်တန့်လိုက်ခဲ့လေပြီ။

ပတ်ဝန်းကျင် တစ်ခွင်လုံးကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လင်းယုန်နက်လည်း မိမိ၏နောက်လိုက် နောက်ပါ စစ်သည်တို့ကို အသင့်ရပ်စောင့်ခိုင်းပြီးနောက်၊ မာယာဘုရင် ဘာလမ်းတို့ရွာအနီးသို့ တစ်ယောက်တည်း တည်ငြိမ်အေးဆေးသည့်အသွင်ဖြင့် လျှောက်လာသည်။ သို့သော် လင်းယုန်နက်၏လက်တွင်း၌ကား ကျောက်တင်းပုတ်ကြီးကို ကိုင်စွဲထားလေသည်။

မာယာဘုရင်ဘာလမ်းတို့ ရပ်ကြည့်နေကြသော သစ်လုံးစည်းရိုးတံတိုင်းအနီး မြေပြန့်ကွက်လပ်ကျယ်ကြီးသို့ ရောက်သောအခါ လင်းယုန်နက်လည်း ဆတ်ခနဲ ရပ်တန့်ပြီးနောက် –

**"ဘာလမ်း"** ဟူ၍ ကျယ်လောင်သော အသံကြီးဖြင့် လှမ်းခေါ်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း သေနာပတိအာဟာလပ်၏လက်ကို ဖမ်းကိုင်ထားရာမှ လွှတ်ပေးလိုက်ပြီး ကျောက်ဓားကြီးကိုကိုင်ကာ လှေကားလေးမှ အောက်သို့ဆင်းရန် ဟန်ပြင်လိုက်ရာ သေနာပတိအာဟာလပ်က "ကျွန်တော်မျိုးလည်း အတူလိုက်ပါရစေ" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက လှေကားတစ်ဝက်တွင် ရပ်ကာ မော့ကြည့်ပြီး –

"အာဟာလပ်။ ဒီမှာ မောင်မင်းနေရစ်ခဲ့ပါ။ ကျုပ်အမိန့် မပေးမချင်း လောက်လွှဲလေးတွေကို အသုံးမပြုပါနဲ့" ဟု မိန့်ကြားလိုက်သည်။

ထို့နောက် ရွာတံခါးမကြီးရှိရာသို့ လျှောက်သွားပြီး မာယာစစ်သည်တော်တို့ကို တံခါးဖွင့်ခိုင်းလိုက်သည်။ ထို့နောက် မြေပြန့်ကွက်လပ်ကျယ်ကြီးတွင် မားမားကြီးရပ်နေသော လင်းယုန်နက်နှင့် နောက်ဘက်ရှိ နောက်လိုက်နောက်ပါ စစ်သည်အပေါင်းကို လှမ်းကြည့်နေသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း မာယာဘုရင်ဘာလမ်းရှိရာသို့ စိုးရိမ်တကြီးဖြင့် ပြေးလာရာ၊ မာယာဘုရင်ဘာလမ်းက လက်ပြကာ တားဆီးလိုက်သည်။ ထို့နောက် လင်းယုန်နက် ရှိရာသို့ တစ်ယောက်တည်း တည်ငြိမ်စွာ လျှောက်သွားတော့သည်။

*

www.burmeseclassic.com



မာယာဘုရင်ဘာလမ်းက ကျောက်စားကြီး၏အရိုးကို ကျစ်ကျစ်ပါအောင် ဆုပ် ရင်း လင်းယုန်နက်ကို မျက်ခြည်မပြတ်ကြည့်ကာ ရှေ့သို့ လျှောက်လာခိုက်တွင် လင်းယုန်နက်လည်း မိမိနေရာမှ လုံးဝမရွေ့ဘဲ မလှုပ်မယှက် ရပ်တန့်နေလေ သည်။

လင်းယုန်နက်အနီးသို့ ရောက်လာသောအခါတွင် မာယာဘုရင်ဘာ လမ်းလည်း လင်းယုန်နက်၏ အမူအရာသည် မိမိတို့ အချုပ်အနှောင်ခံရစဉ် တုန်းက အမူအရာမျိုး မဟုတ်ဘဲ ခံ့ညားထည်ဝါပြီး ရာဇမာန်ပါလှသည့်အဖြစ် ကို သတိပြု ဆင်ခြင်မိသည်။

မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်အနီးသို့ အရောက်တွင် ရုတ်တရက် ရပ်တန့်လိုက်သည်။ ထို့နောက် မာယာဘုရင်ဘာလမ်းနှင့် လင်း ယုန်နက်တို့သည် တစ်ဦးကိုတစ်ဦးအကဲခတ်သည့်အနေဖြင့် အကဲခတ်ကြည့် နေရာမှ ပတ်ဝန်းကျင်တစ်ခွင်လုံး အထူးတိတ်ဆိတ် ငြိမ်သက်နေပေတော့သည်။

လင်းယုန်နက်နှင့် မာယာဘုရင်ဘာလမ်းတို့သည် အတန်ကြာ ကြာ အောင် အကဲခတ်သည့်အနေဖြင့် စေ့စေ့ကြည့်နေကြပြီးနောက် နှစ်ဦးစလုံးပင် ရှေ့သို့ပြိုင်တူ လျှောက်လာကြသည်။ အနီးသို့ ရောက်သောအခါ လင်းယုန် နက်လည်း လက်တွင်းရှိ ကျောက်တင်းပုတ်ကြီးကို ပင့်မြှောက်ကာ အဝေးသို့ လွှင့်ပစ်လိုက်သည်။ ထိုအခါ မာယာဘုရင်ဘာလမ်းလည်း လက်တွင်းရှိ ကျောက်စားကြီးကို ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် အဝေးသို့ လွှင့်ပစ်လိုက် သည်။

ထို့နောက် လင်းယုန်နက်နှင့် မာယာဘုရင် ဘာလမ်းတို့လည်း တစ်ဦးကိုတစ်ဦး အတန်ကြာအောင် ထပ်မံကြည့်နေကြပြန်သည်။ ထို့နောက် လင်းယုန်နက်က အားရပါးရ ပြုံးလိုက်ပြီး လက်နှစ်ဘက်ကို ဆန့်တန်းကာ ရှေ့သို့ တိုးလာသကဲ့သို့၊ မာယာဘုရင်ဘာလမ်းကလည်း ကြည်ကြည်ရွှင်ရွှင် ပြုံးရယ်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ ရှေ့သို့တိုးလာသည်။ ထို့နောက် ခေါင်းဆောင် အကြီးအကဲနှစ်ဦးလည်း တစ်ဦးကိုတစ်ဦး အားရပါးရ ပွေ့ဖက် လိုက်ကြသည်။

ဤသို့အားဖြင့် တစ်ဦးနှင့်တစ်ဦး စစ်မက်မဖြစ်ပွားဘဲ ငြိမ်းငြိမ်းချမ်း ချမ်း အတူယှဉ်တွဲနေထိုက်ကြရန် နှစ်ဦးနှစ်ဖက် သဘောတူလိုက်ကြလေ သတည်း။

◈

၁၇

## အတူယှဉ်တွဲနေထိုင်ကြသောအခါ

ရာသီဥတုကား တဖြည်းဖြည်း ပူနွေးလာပြီး၊ ထက်မိုးကောင်းကင်ပြင်၌ သူရိယ နေမင်းသည်လည်း ပို၍ ပို၍ ထွန်းလင်းတောက်ပနေသည်။ ပြောင်းစိုက်ရန် အချိန်အခါလည်း ကျရောက်လာခဲ့ပြီ။ ထို့ကြောင့် မာယာလူမျိုးတို့သည် စိုက်ခင်းကျယ်ကြီးများ၌ တပျော်တပါး ပြောင်းစိုက်နေကြရာ၊ လင်းယုန်နက်၏လူများလည်း စိတ်အားထက်သန်တက်ကြွစွာဖြင့် မာယာလူမျိုးတို့ကို ကူညီစိုက်ပေးနေကြသည်။

ပြောင်းခင်းကြီးများ၌ ပြောင်းစိုက်ပျိုးပြီးသောအခါ မာယာလူမျိုးတို့လည်း အပြောကျယ်သော ပင်လယ်တွင်းသို့ လှေကြီးများဖြင့် သွားရောက်ပြီး ငါးဖမ်းထွက်ကြပြန်ရာ၊ ပင်လယ်ငါးကို လုံးဝမစားဖူးသော လင်းယုန်နက်၏ လူများလည်း ကမ်းစပ်မှရပ်၍ တအံ့တသြ ငေးမောကြည့်ရှုနေကြသည်။ သို့ သော် ပတ်ဝန်းကျင်နယ်မြေတစ်ခွင်လုံးမှ ငြိမ်းချမ်းသာယာလျက် ရှိကြသည်တကား။

ဤသို့ ဓလေ့ထုံးစံအယူအဆနှင့် ယဉ်ကျေးမှုချင်း မတူညီကြသော လူမျိုးစုကြီး နှစ်စုတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြရာတွင် အစစအရာ အဆင်ပြေညီညွတ်သည်ကား မဟုတ်ပါပေ။ အဖုအထစ် အခက်အခဲများ အထိုက်အလျောက်ရှိခဲ့သည်သာ ဖြစ်သည်။

*

www.burmeseclassic.com



တစ်နေ့သောညတွင် မာယာဘုရင်ဘာလမ်းသည် ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ် နှင့်အတူ နတ်ဘုရားကျောင်းတော်ထိပ်၌ ထိုင်ရင်း ကျောင်းတော်နံရံ၌ ဆေး ခြယ်ရမည့်အကြောင်းများကို ဆွေးနွေးတိုင်ပင်နေခဲ့သည်။

ထိုအခိုက်တွင် သေနာပတိ အာဟာလပ်သည် မာယာဘုရင်ဘာလမ်းထံသို့ အမောတကြီး ပြေးလာပြီး တစ်စုံတစ်ရာကို နှစ်ကိုယ်ကြား လျှောက်တင်လိုက်ရာ၊ မာယာဘုရင်ဘာလမ်းလည်း ဂိုဏ်းအုပ်ဘုန်းကြီး အာဇုတ်ကိုပင် နှုတ်မဆက်တော့ဘဲ သေနာပတိ အာဟာလပ်နှင့်အတူ နတ်ဘုရားကျောင်း တော်ထိပ်မှ ဒရောသောပါး ပြေးဆင်းသွားသည်။

ထို့နောက် ရွာစည်းရိုးတံတိုင်းအပြင်ဘက် မြေပြန့်ကွက်လပ်ကျယ်ကြီးတွင် စခန်းချဝိုင်းဖွဲ့နေကြသော လင်းယုန်နက်တို့ ရှိရာသို့ ခပ်သွက်သွက် လျှောက်လာခဲ့ကြသည်။

မှောင်မည်းနေသော ညအခါဖြစ်သော်လည်း လင်းယုန်နက်၏ စခန်းသည် မီးဟုန်းဟုန်းတောက်နေသော မီးပုံကြီးများကြောင့် ထိန်ထိန်လင်းနေသည်။ စခန်းအလယ်၌ မီးပုံကြီးမှာ အခြားမီးပုံတို့ထက် ကြီးမားပြီး၊ ထိုမီးပုံဘေးတွင် လင်းယုန်နက်ခံ့ခံ့ကြီး ထိုင်နေလေသည်။

သေနာပတိအာဟာလပ်လည်း ထိုမီးပုံကြီးကို လက်ညှိုးထိုးပြရင်း–

“မြင်ရဲ့မဟုတ်လားအရှင်” ဟု လျှောက်တင်ရာ မာယာဘုရင်ဘာလမ်းလည်း မည်သို့မျှ ပြန်မပြောဘဲ လင်းယုန်နက်ရှိရာသို့သာ တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။

မာယာဘုရင်ဘာလမ်းကို မြင်သည်နှင့်တစ်ပြိုင်နက် လင်းယုန်နက်လည်း ဝမ်းသာအားရ ပြုံးရယ်ကာ လက်နှစ်ဘက်ကို ဆန့်တန်းပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုရာမှ –

“အို ... ဘာလမ်း။ ကျုပ်တို့လူမျိုးစုတွေဟာ သူတို့ကိုယ်ကို သူတို့ ‘ကမ္ဘာမြေပြင်တစ်ဝန်းမှာ လှည့်လည်ခရီးသွားနေသူများ’ လို့ ခေါ်လေ့ရှိကြတယ်။ ဒါပေမဲ့ မီးပုံကြီးကို ဖိုလိုက်တဲ့အခါမှာ သူတို့ဟာ ဘယ်အရပ်ပဲ ရောက်နေရောက်နေ၊ အဲဒီရောက်ရာ အရပ်ကနေပြီး အဲဒီမီးပုံကြီးဆီကို စုဝေးလာရောက်ကြတယ်။ ပြီးတော့ မီးပုံကြီးကိုဝိုင်းဖွဲ့ပြီး စခန်းချနေထိုင်ကြတယ်။ အခု ကျုပ် ဖိုထားတဲ့ မီးပုံကြီးကြောင့် သူတို့ရဲ့ ခေါင်းဆောင် အကြီးအကဲရှိရာ အရပ်ကို သိမြင်သွားဖို့ သေချာတယ်။ မကြာခင် ကျုပ်တို့လူမျိုးတွေအားလုံး ဒီမှာ တစ်စု တစ်ဝေး လာရောက်ပေါင်းဆုံစုဝေးကြလိမ့်မယ်” ဟု ပြောကြားသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း သေနာပတိအာဟာလပ်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်ပြီး –

www.burmeseclassic.com



"သူရဲ့အကြောင်းပြချက်ကို ကြားတယ် မဟုတ်လား"ဟု မိန့်ကြားပြီး၊ လင်းယုန်နက်ကို စေ့စေ့ကြည့်ရင်း –

"ဒါဖြင့် အခု ဖိုထားတဲ့ မီးပုံကြီးဟာ သင့်ကို ဂုဏ်ပြုတဲ့ မီးပုံကြီးပေါ့" ဟု မေးလိုက်သည်။

ထိုအခိုက် သေနာပတိအာဟာလပ်က –

"ဟုတ်ပါလိမ့်မယ် အရှင်။ ဒါပေမဲ့ အဲဒီမီးပုံကြီးမှာ ဆိုက်ထားတဲ့ သစ်လုံးတွေက ကျွန်တော်မျိုးတို့ရဲ့ စည်းရိုးတံတိုင်းက သစ်လုံးတွေပါ" ဟု လျှောက်တင်လိုက်ရာ မာယာဘုရင်ဘာလမ်းလည်း ဟောင်းလောင်းပေါက်ဖြစ်နေသော ရွာစည်းရိုးတစ်နေရာကို လှမ်းကြည့်ပြီး အသာခေါင်းညိတ်လိုက်သည်။

ထို့နောက် မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်ကို မည်သို့မှ မပြောဘဲ မေးခွန်းထုတ်သည့်အနေဖြင့် စေ့စေ့ကြည့်လိုက်ရာ လင်းယုန်နက်က ပြုံးပြီး "မီးပုံကြီးမှာ ဆိုက်ဖို့ သစ်လုံးတွေလိုတာနဲ့ ကျုပ်တို့ ဖြုတ်ယူလိုက်တယ်" ဟု ခပ်အေးအေး ဖြေလိုက်သည်။

ထိုအခါ သေနာပတိ အာဟာလပ်က လှောင်ရယ်ရယ်လိုက်ပြီး –

"ခင်ဗျားတို့ ခိုးရင်လည်း ခိုးတယ်လို့ ပြောပါဗျာ" ဟု ပြောကြားလိုက်ရာ လင်းယုန်နက်က အံ့သြသည့် အမူအရာဖြင့် –

"ခိုးတယ် ဟုတ်လား။ အဲဒီစကားရဲ့ အဓိပ္ပာယ်ကို နားမလည်လို့ ရှင်းပြစမ်းပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ သေနာပတိအာဟာလပ်က –

"ကိုယ်မပိုင်တဲ့ သူတစ်ပါးရဲ့ပစ္စည်းကို တိတ်တဆိတ် ယူငင်သုံးစွဲတာဟာ ခိုးတာပဲပေါ့" ဟု ရှင်းပြလိုက်ရာ၊ လင်းယုန်နက်က –

"ကျုပ်တို့အဖို့တော့ ခိုးတယ်ဆိုတဲ့စကားကို လုံးဝ နားမလည်ပါဘူးဗျာ။ ကျုပ်တို့လိုချင်တဲ့ပစ္စည်းဆိုရင် ဒီအတိုင်းပဲ ကျုပ်တို့ ယူငင်သုံးစွဲလိုက်တာပါပဲ" ဟု ဖြေလိုက်သည်။

ထိုအခိုက်တွင် လင်းယုန်နက်၏ စစ်သည်ကျော် အကြီးအကဲများနှင့် နောက်လိုက်နောက်ပါများလည်း လင်းယုန်နက် နောက်တွင် စုဝေးရောက်ရှိနေကြပြီး၊ မိမိတို့ခေါင်းဆောင် အကြီးအကဲနှင့် သေနာပတိအာဟာလပ်တို့ အချီအချ ပြောကြားနေကြသော စကားတို့ကို နားထောင်နေကြသည်။

မာယာဘုရင်ဘာလမ်းလည်း သေနာပတိ အာဟာလပ်ကို ဖျတ်ခနဲ ကြည့်ပြီးနောက် လင်းယုန်နက်၏မျက်နှာကို ခေတ္တမျှ စိုက်ကြည့်နေသည်။ ထို့နောက် ကြည်ကြည်သာသာ ပြုံးရယ်လိုက်ပြီး –

"အို … လင်းယုန်နက်။ သင်တို့လူမျိုးတွေနဲ့ ကျုပ်တို့ လူမျိုးတွေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြဖို့ ဆုံးဖြတ်ပြီးသားဖြစ်တယ်။ ဒါကြောင့် ကျုပ်တို့တစ်တွေရဲ့အကြားမှာ ခြစ်စည်းရိုးတံတိုင်းကြီး ကာခြားထားဖို့ မလိုတော့ပါဘူး" ဟု မိန့်ကြားလိုက်သည်။

မာယာဘုရင်ဘာလမ်း၏စကားကို ကြားရသောအခါ လင်းယုန်နက်၏ လူအများတို့လည်း ဝမ်းမြောက်ဝမ်းသာ တစ်ခဲနက် ဟစ်အော် ကြွေးကြော်ကြကုန်သည်။ သို့သော် သေနာပတိ အာဟာလပ်ကမူ မာယာဘုရင်ဘာလမ်းကို နားမလည်သည့် အမူအရာဖြင့် စိုက်ကြည့်နေသည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း မည်သို့မှ မပြောကြားဘဲ မိမိရွာဘက်သို့ ပြန်လျှောက်လာခဲ့ရာ၊ လင်းယုန်နက်လည်း တွေတွေကြီးရပ်ကာ ငေးကြည့်နေပြီးမှ မာယာဘုရင်နောက်သို့ အပြေးလိုက်လာခဲ့သည်။

"ဘာလမ်း ခဏဆိုင်းပါဦး။ ခင်ဗျားနဲ့ ကျုပ် စကားပြောကြရအောင်" ဟုလည်း လှမ်းခေါ်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ရပ်စောင့်နေလိုက်ရာ၊ မကြာခင် အပါးသို့ လင်းယုန်နက် ရောက်လာသည်။ ထို့နောက် ခေါင်းဆောင်ကြီးနှစ်ဦးသည် မြင်ခင်းတို့ စိမ်းလဲ့နေသော မြေပြန့်ကွက်လပ်ကျယ်ကြီးတွင် အတူယှဉ်ပြီး လမ်းလျှောက်နေကြသည်။

ထိုအခိုက်တွင် လင်းယုန်နက် က –

"ကျုပ်တို့လူမျိုးတွေဟာ စစ်မြေပြင်မှာ မွေ့ပျော်တဲ့လူမျိုးတွေ ဖြစ်ကြ တယ်။ ဓားသံ လှံသံကြားရင် သူတို့ အလိုလို ပျော်နေကြတယ်။ တိုက်ရခိုက်ရ ခုတ်ရ ထစ်ရ သတ်ရဖြတ်ရတာကိုလည်း သူတို့ နှစ်သက်ကြတယ်။ ပြီးတော့ သူတို့လိုချင်တာ တွေ့ရင်လည်း ဘာမှတွေးတော စဉ်းစားမနေဘဲ ယူငင်သုံးစွဲ ပစ်တတ်ကြတယ်။ ဒါဟာ ကျုပ်တို့လူမျိုးတွေရဲ့ ဓလေ့ထုံးစံပါပဲ။ အဲဒီ ဓလေ့ထုံးစံကို တဖြည်းဖြည်း ပြုပြင်ပြောင်းလဲသွားအောင် ကျုပ် အစွမ်းကုန် ကြိုးစားပါ့မယ်။ ကျုပ်တို့နဲ့ ခင်ဗျားတို့ဟာ ဓလေ့ထုံးစံချင်းရော ယဉ်ကျေးမှုချင်းပါ မတူညီကြပါဘူး။ ဒါပေမဲ့ တစ်ဦးထံကတစ်ဦး လေ့လာဆည်းပူးစရာတွေ၊ သင်ယူစရာတွေ အမြောက်အမြား ရှိနေကြပါတယ်။ ဒါကြောင့် **တစ်ဦးနဲ့တစ်ဦး အစစအရာရာ အဆင်ပြေညီညွတ်အောင် သည်းညည်းခံပြီး ညှိနှိုင်းဆောင်ရွက်ကြရပါ့မယ်။** ဒီတာဝန်ဟာ ခက်ခဲလှတာ မှန်ပေမဲ့ အချိန်ယူဆောင်ရွက်ရင် အထမြောက်အောင်မြင်မှာ သေချာပါတယ်" ဟု ပြောကြားရာ၊ မာယာဘုရင် ဘာလမ်းက –

www.burmeseclassic.com



"ကျုပ် နားလည်သဘောပေါက်ပါတယ်ဗျာ။ ဝေလေ့ထုံးစံချင်းရော ယဉ်ကျေးမှုချင်းပါ မတူညီကြတဲ့ လူမျိုးစုတွေ **ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး** ဟာ အလွန်ခက်ခဲတာမှန်ပေမဲ့ အဲဒီအခက်အခဲကို ကျော်လွှားနိုင်ပါတယ်။ တစ်ဦးနဲ့တစ်ဦးလည်း တဖြည်းဖြည်း နားလည်သဘောပေါက်လာပြီး သည်းညည်းခံနိုင်လာလိမ့်မယ်။ တစ်ဦးကိုတစ်ဦး ခွင့်လွှတ်လာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ကျုပ်တို့နဲ့ ခင်ဗျားတို့ကြားမှာ စည်းရိုးတံတိုင်း ကာခြားထားဖို့ မလိုတော့ပါဘူးလို့ ကျုပ်ပြောကြားခဲ့တာပေါ့"ဟု ပြန်လည် မိန့်ကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"အေးဗျာ။ ခေါင်းဆောင်အကြီးအကဲ လုပ်ရတဲ့သူဟာ အလွန် တာဝန်ကြီးပေတယ်။ အမြဲစဉ်းစားချင့်ချိန် ဝေဖန်နိုင်ဖို့ လိုပေတယ်"ဟု ပြော လိုက်ရာ မာယာဘုရင်ဘာလမ်းက –

"ဟုတ်ပါတယ်။ ကျုပ်ဟာ မာယာလူမျိုးတွေရဲ့ အရှင်နဝမမြောက် ဘုရင်ဖြစ်တာ သိပ်မကြာလှသေးဘူး။ ကျုပ်အနေနဲ့ သင်ယူဆည်းပူးစရာတွေ အမြောက်အမြား ရှိသေးတယ်" ဟု ပြန်လည်မိန့်ကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"ကျုပ် စိတ်ထင်ပြောရရင် ခင်ဗျားဟာ တကယ့်ခေါင်းဆောင် အကြီး အကဲရဲ့ အရည်အချင်းတွေ အပြည့်ရှိပါတယ်။ ခေါင်းဆောင်အကြီး အကဲတစ်ဦးအနေနဲ့ ဘယ်အရေးကိစ္စမှာ ဘယ်လိုဆုံးဖြတ်ဆောင်ရွက်ရမယ်ဆိုတာကို ခင်ဗျား ရင်ထဲနှလုံးထဲက အလိုလို သိနေပါတယ်။ ထပ်မံသင်ယူဆည်းပူးနေဖို့ တောင် မလိုလှပါဘူးဗျာ။ ခေါင်းဆောင်အကြီးအကဲ ကောင်းတွေအနေနဲ့ ကြုံရ တဲ့ အဓိက အခက်အခဲကတော့ အများပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် လုပ်ဆောင်ဖို့ ချမှတ်ထားတဲ့ အချက်အလက်တွေကို အများပြည်သူက နား လည်သဘောပေါက်ပြီး လိုလိုလားလား လိုက်နာဆောင်ရွက်အောင် ပြုဆောင် ရခြင်းပဲ ဖြစ်ပါတယ်" ဟု ပြောကြားလိုက်ရာ မာယာဘုရင်က မည်သို့မှ မပြော ကြားဘဲ အသာပြုံးလိုက်ပြီး ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

*

မာယာဘုရင်ဘာလမ်း ဦးဆောင်တည်ဆောက်ခဲ့သည့် ဆည်ကြီးမှ ရေတို့ကို မြောင်းသွယ်ပြီး ရေသွင်းစိုက်ပျိုးထားသော ပြောင်းခင်းတို့မှ ပြောင်းပင်တို့ ရှင်သန်ကြီးထွားလာခဲ့ပြီဖြစ်ရာ၊ မာယာလူမျိုးအပေါင်းတို့လည်း အတိုင်းမသိ ဝမ်းမြောက်ကြည်နူးနေကြသည်။

ထို့အတူ မာယာလူမျိုးများလည်း မိမိတို့ဆောင်ရွက်စရာ ကိစ္စအဝဝ တို့ကို တက်တက်ကြွကြွ ဆောင်ရွက်နေကြသည်။ ကျောက်ဆစ်ပညာရှင်တို့ လည်း မိမိတို့ကြုံတွေ့ရသော အတွေ့အကြုံအဖြစ်အပျက်တို့ကို ကျောက်သား တို့တွင် ထွင်းထုမှတ်တမ်းတင်နေကြသည်။ အမျိုးသမီးများမှာမူ အဝတ် အထည်များကို ရက်လုပ်နေကြသည်။ ထို့ပြင် ထုံးစံအတိုင်း ပင်လယ်ရေပြင် ကျယ်သို့ ငါးဖမ်းထွက်ခြင်းနှင့် ပြောင်းခင်းများကို သွားရောက်ပေါင်းသင် ပျိုးထောင်ခြင်းတို့ကိုလည်း ပြုဆောင်နေကြသည်။

ထိုအခိုက်တွင် လင်းယုန်နက်၏ လူမျိုးများသည် မာယာလူမျိုးတို့ ပြုဆောင်သမျှကို လေ့လာမှတ်သားဟာ ကိုယ်တိုင်ပါဝင် သင်ယူဆောင်ရွက်နေ ကြသည်။

မာယာဘုရင်ဘာလမ်းနှင့် လင်းယုန်နက်တို့လည်း မိမိတို့ လူမျိုးနှစ် မျိုး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး တစ်ဦးထံမှ သင်ယူဆည်းပူးစရာများ ကို တစ်ဦးက လိုလိုလား သင်ယူသကဲ့သို့ သင်ပေးရသည့်သူကလည်း လိုလို လားလား သင်ပေးနေသည်ကို လှည့်ပတ်ကြည့်ရှုစစ်ဆေးရင်း ဝမ်းမြောက် ကြည့်နူးနေကြပေသည်။

ယနေ့တွင် မာယာဘုရင်ဘာလမ်းနှင့် လင်းယုန်နက်တို့လည်း အတူ တကွ လှည့်ပတ်ကြည့်ရှုစစ်ဆေးနေရာမှ လင်းယုန်နက်၏ လူမျိုးစု မိန်းကလေး များကို အဝတ်အထည်များ ရက်ပုံနည်းတို့ကို စိတ်ရှည်လက်ရှည် သင်ကြား ပေးနေသော မိန်းမပျို အိချယ်၏ ရက်ကန်းသင်တန်းသို့ ဝင်ရောက်ကြည့်ရှုကြ သည်။

ထိုသို့ ဝင်ရောက်ကြည့်ရှုခိုက်တွင် လင်းယုန်နက်သည် ကလေးမ တစ်ယောက်၏ ရက်ကန်းစင်သို့ သွားပြီး ကလေးမလေးကို ဘေးသို့ အဖယ် ခိုင်းကာ ကိုယ်တိုင်ဝင်ပြီး ရက်ကန်းခတ်ကြည့်သည်။ ထိုသို့ ရက်ကန်းခတ် နေရာမှ လင်းယုန်နက်လည်း တမင်သက်သက် အမှားတစ်ခုကို ပြုလိုက်ပြီး မိန်းမပျိုအိချယ်ကို ခေါ်ပြသည်။

ထိုအခါ မိန်းမပျိုအိချယ်စစ်ဆေးပြီး လင်းယုန်နက်၏အမှားအတွက် ပြစ်တင်ကျီစယ်ကာ ရယ်ရယ်မောမောနှင့် အမှားကို ပြင်ပေးလိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်နှင့် မိန်းမပျိုအိချယ်တို့၏ ရင်းနှီးချစ်ကြည်မှုကို သတိပြုမိရာမှ ရင်ထဲ၌ အလိုလို တင်းကြပ်သွားရှာသည်။

*

www.burmeseclassic.com


ဤသို့ဖြင့် မာယာဘုရင်ဘာလမ်းနှင့် လင်းယုန်နက်တို့သည် တစ်ဦး၏ အတတ်ပညာကို တစ်ဦးက လေ့လာဆည်းပူးကာ အတတ်ပညာ၊ အသိပညာခြင်း ဖလှယ်ကြသည်။ သားကောင်ဖမ်းနည်း၊ အမဲလိုက်နည်းတို့၌လည်း တစ်ဦးနှင့် တစ်ဦး နည်းနာနိသျှချင်းမတူပြန်ရာ၊ တစ်ဦး၏ နားနာနိသျှကို တစ်ဦးက လေ့လာဆည်းပူးကြပြန်သည်။

မာယာဘုရင် ဘာလမ်း၏ လူများသည် သားကောင်ကို ပိုက်တန်းတန်း၍ဖမ်းခြင်း၊ ကျော့ကွင်းထောင်၍ ဖမ်းခြင်း၊ ထောင်ချောက်ဆင်၍ ဖမ်းခြင်း စသော နည်းနာတို့၌ အထူးကျွမ်းကျင်ပေရာ၊ လင်းယုန်နက်၏ လူများလည်း ထိုနည်းနာတို့ကို စိတ်ဝင်စားစွာ လေ့လာဆည်းပူးကြသည်။

ထိုသို့ ဆည်းပူးနေခိုက်တွင်ပင် လင်းယုန်နက်က –

“ခင်ဗျားတို့ နည်းနာတွေကတော့ ကောင်းပါရဲ့ဗျာ။ ဒါပေမဲ့ ဒီနည်းနာတွေနဲ့ ကျွဲရိုင်းကြီးတွေကို ဖမ်းလို့ မရနိုင်ဘူးဗျ။ ဒီတော့ ကျွဲရိုင်းကြီးတွေကို ဖမ်းတဲ့နည်းကို ကျုပ်တို့သင်ပြပေးပါ့မယ်” ဟု ပြောကြားလိုက်သည်။

ထို့နောက် လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းကို မိမိတို့၏ လေးပစ်နည်းကို ရှင်းပြပြီး ကိုယ်တိုင်ကိုယ်ကျ သင်ကြားပေးသည်။ ထို့နောက် လင်းယုန်နက်လည်း မာယာဘုရင် ဘာလမ်း၊ သေနာပတိ အာဟာလပ်နှင့် မိန်းမပျိုအိချယ်တို့ကို ခေါ်ပြီး မိမိလူယုံတော်စစ်သည်တော်တစ်စုနှင့်အတူ အမဲ လိုက်ထွက်လာခဲ့သည်။

လင်းယုန်နက်တို့အဖွဲ့သည် တောအုပ်ညို့ညို့ကို ဖြတ်ပြီး မြောက်ဘက်စူးစူးသို့ ခရီးဆက်လာခဲ့ရာ၊ နေ့လယ်ခင်းသို့အရောက်တွင် မြက်ခင်းလှဲလှဲ မြေညီညီ တစ်နေရာ၌ မြက်စားနေသော ဒရယ်တစ်ကောင်ကို တွေ့ကြရသည်။ ထိုအခါ လင်းယုန်နက်က မာယာဘုရင်ဘာလမ်းကို ပြုံးကြည့်ပြီး ခေါင်းညိတ်ပြလိုက်ရာ၊ မာယာဘုရင်ဘာလမ်းလည်း လေးညို့ကို အသာဆွဲတင်ပြီး ဒရယ်ကို သေသေချာချာ ချိန်ရွယ်လိုက်သည်။

ထို့နောက် လူအများစိတ်ဝင်စားစွာဖြင့် ကြည့်ရှုနေခိုက်တွင်ပင် မာယာဘုရင်ဘာလမ်းလည်း ဒရယ်ရှိရာသို့ ဝပ်ကာချောင်းကာဖြင့် တရွေ့ရွေ့ ချဉ်းကပ်သွားသည်။ မြားတစ်ကမ်းစာ အကွာအဝေးသို့ အရောက်တွင် မာယာဘုရင်လည်း လေးညို့ကိုဖြုတ်ရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်တွင် ဣန္ဒြေမပျက် မြက်စားနေသော ဒရယ်လည်း ဆတ်ခနဲ ခေါင်းထောင်ကာ မာယာဘုရင်ဘာလမ်း ဝပ်နေရာဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် မာယာဘုရင်ဘာလမ်း လေးညို့ကို ဖြုတ်ချိန်မရသေးခင် တောတွင်းသို့ လှစ်ခနဲ ဝင်ပြေးသွားတော့သည်။

www.burmeseclassic.com



မာယာဘုရင်ဘာလမ်းလည်း စိတ်မောမောနှင့် သက်ပြင်းချလိုက်ပြီး နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ၊ လင်းယုန်နက်နှင့် စစ်သည်တော်များတို့ ရယ်မောနေကြသည်ကိုလည်းကောင်း၊ မိန်းမပျိုအိချယ်က ပြုံးစေ့စေ့အမူအရာဖြင့် လှမ်းကြည့်နေသည်ကိုလည်းကောင်း တွေ့မြင်ရသည်။ ထို့ကြောင့် မာယာဘုရင် ဘာလမ်း၏ မျက်နှာသည် ရဲခနဲ နီသွားသည်။ ထို့နောက် လင်းယုန်နက်တို့ လူစုရှိရာသို့ စိတ်ပျက်လက်ပျက်နှင့် ပြန်လှည့်လာသည်။

အပါးသို့ရောက်သောအခါ လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်း၏ ပခုံးကို ရင်းရင်းနှီးနှီး လှမ်းဖက်ရင်း –

“သမင်ဒရယ်တွေဟာ မွေးလာကတည်းက မြေကြီးရဲ့အနံ့ကို သိအောင် လေ့ကျင့်ထားခဲ့ကြတယ်။ ပြီးတော့ မြေကြီးရဲ့ အနံ့မဟုတ်တာကိုလည်း ချက်ချင်းသိအောင် လေ့ကျင့်ခဲ့ကြတယ်။ ဒီတော့ အမဲလိုက်တဲ့အခါမှာ မြေကြီးရဲ့အနံ့မဟုတ်တဲ့ အနံ့ကို သမင်ဒရယ်တွေမရအောင် ပြုဆောင်ဖို့လိုတယ်”ဟု ရယ်ရယ်မောမော ပြောကြားသည်။

ထို့နောက် လင်းယုန်နက်လည်း ဦးခေါင်းကို မော့ကာ နှခေါင်းရှုံ့ပွရှုံ့ပွပြုပြီး လေရှူနေသည်။ ထို့နောက် ဖုန်မှုန့်တစ်ဆုပ်ကို လေထဲတွင် ကြဲလိုက်ပြီး ဖုန်မှုန့်လွင့်နေသည်ကို သေသေချာချာ ကြည့်နေသည်။ ထို့နောက် ဒရယ်ထွက်ပြေးရာဘက်နှင့် ဆန့်ကျင်ရာ တောအုပ်ဘက်သို့ ခရီးဆက်ရန် လက်ပြအချက်ပေးလိုက်သည်။

ဤသို့အားဖြင့် လင်းယုန်နက်လည်း အမဲလိုက်အဖွဲ့ကို ဦးဆောင်ခေါ်လာခဲ့ရာ၊ တောအုပ်ကလေးတစ်အုပ်သို့ ရောက်လာခဲ့ပြန်သည်။ ထိုတောအုပ်တစ်နေရာ၌ ကျယ်ပြန့်စိမ်းစိုသော မြက်ခင်းပြင်ကလေးရှိရာ ထိုမြက်ခင်းပြင်ကျယ်အနီးသို့အရောက်တွင် လင်းယုန်နက်လည်း မိမိလူများကို ရပ်တံ့ရန်လက်ပြအချက်ပေးလိုက်သည်။ ထို့နောက် လင်းယုန်နက်လည်း သစ်ကိုင်းများအောက်မှ ငုံ့ကာလျှိုးကာဖြင့် မြက်ခင်းပြင်ကျယ်အစပ်သို့ရောက်အောင် တစ်ကိုယ်တည်း ထွက်ခွာသွားပြီး၊ မြက်ခင်းပြင်ကျယ်အစပ်သို့အရောက်တွင် ရုတ်တရက် ရပ်တံ့လိုက်သည်။

ထိုအခါ လူအားလုံးလည်း လင်းယုန်နက်နည်းတူ အသံလုံးဝမမြည်ရအောင် ခြေလုံလုံနင်းပြီး လင်းယုန်နက် နောက်သို့ လိုက်လာခဲ့ကြသည်။ ထိုအခိုက်တွင် လင်းယုန်နက်က မြက်ခင်းတစ်နေရာသို့ လက်ညှိုးညွှန်ပြသဖြင့် လှမ်းကြည့်လိုက်ကြရာ စိမ်ပြေနပြေ မြက်စားနေသော ဒရယ်လေးကို တွေ့ရသည်။

www.burmeseclassic.com



ထိုအခိုက်တွင်ပင် လင်းယုန်နက်လည်း လေးညှို့ကိုတင်ပြီး ဒရယ်လေးနှင့်နီးအောင် ဝပ်ကာပုန်းကာဖြင့် တရွေ့ရွေ့ သွားနေရာ၊ လူအများလည်း သစ်ကိုင်းချုံနွယ်များကြားတွင် ပုန်းအောင်းကာ စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြသည်။

ဒရယ်လေးနှင့် မြားတစ်စင်းအကွာသို့ လင်းယုန်နက် ရောက်သွားခဲ့ပေပြီ။ သို့သော် ဒရယ်လေးကား မြက်စားမပျက်ဘဲ၊ စိတ်အေးလက်အေးဖြင့် မြက်စားမြဲစားနေသည်။ ထိုအခါ မာယာဘုရင်ဘာလမ်း၏အပါးရှိ စစ်သည်တော်တစ်ဦးက လေသံတိုးတိုးဖြင့် –

“လေဟာ ဒရယ်လေးနောက်ဘက်က တိုက်နေတယ်။ ဒါကြောင့် ဒရယ်လေးဟာ လူနံ့ကို မရဘူး။ လင်းယုန်နက်က အနားကိုရောက်နေတာလည်း မသိဘူး” ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း လင်းယုန်နက်ကို လှမ်းကြည့်ပြီး မာယာဘုရင်ဘာလမ်းကို ပြုံးကြည့်ကာ လက်ကို တယုတယ လှမ်းကိုင်လိုက်သည်။ ထို့နောက် လင်းယုန်နက်ရှိရာသို့ နှစ်ယောက်အတူ လှမ်းကြည့်နေရာ လင်းယုန်နက်က မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့ဘက်သို့ လှမ်းကြည့်ပြီး လက်ကိုဝှေ့ယမ်းပြလိုက်သည်။ သို့သော် ဒရယ်လေးကား စိတ် အေးလက်အေးဖြင့် မြက်စားမြဲ။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်ဘက်သို့ လှည့်ကြည့်နေသော လင်းယုန်နက်သည် ဒရယ်လေးဘက်သို့ ပြန်မလှည့်တော့ဘဲ၊ အသင့်ကိုင်ထားသော လေးကို တဖြည်းဖြည်း ပင့်မြှောက်လိုက်သည်။ ထိုအခါ လင်းယုန်နက်၏ လေးညှို့တွင် တပ်ထားသော မြားတံသည် မာယာဘုရင်ဘာလမ်း၏ ရင်ညွန့်တည့်တည့်သို့ ချိန်ရွယ်မိသားဖြစ်သွားသည်။ ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ရင်ထဲ၌ ထိတ်ခနဲ ဖြစ်ကာ နှလုံးသွေးရပ်သွားဘိသကဲ့သို့ ခံစားလိုက်ရသည်။

ထိုအခိုက်တွင် လင်းယုန်နက်သည် လေးညှို့ကို ဖြုတ်ချလိုက်ရာ၊ မြားသည် ဝီခနဲ မြည်ကာ အဟုန်ပြင်းစွာနှင့် ဖြတ်သွားတော့သည်။ ထို့အတူ မာယာဘုရင်ဘာလမ်း ရပ်နေသော သစ်ကိုင်းကြီးထက်မှ ကြောက်မက်ဖွယ် ဟိန်းသံကြီးလည်း ရုတ်တရက် ပေါ်ထွက်လာသည်။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းလည်း အလန့်တကြား မော့ကြည့်လိုက်ရာ နံစောင်းတွင် လင်းယုန်နက်၏မြားတံ စိုက်ဝင်နေသဖြင့် ဒေါသအမျက်ချောင်းချောင်း ထွက်နေသော ကျားသစ်ကြီးတစ်ကောင်ကို မမျှော်လင့် မထင်မှတ်ဘဲ ရုတ်တရက် တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com



BURMESE CLASSIC .com

မာယာဘုရင်ဘာလမ်း မော့ကြည့်ခိုက်တွင်ပင် သစ်ကိုင်းထက်မှ ကျားသစ်ကြီးလည်း မာယာဘုရင်ဘာလမ်း ကိုယ်ပေါ်သို့ လိမ့်ကျလာရာ မိန်းမပျိုအိချယ်လည်း ငယ်သံပါအောင် အလန့်တကြား ဟစ်အော်လိုက်တော့သည်။ ထို့နောက် မိန်းမပျိုအိချယ်လည်း မြေကြီးပေါ်သို့ ပုံလဲနေသော မာယာ ဘုရင်ဘာလမ်းထံ ပြေးသွားပြီး ရှိုက်သံဖြင့် –

"အို ... အရှင်။ အို ... အရှင်" ဟု စိုးရိမ်တကြီး ခေါ်နေသည်။

ထိုအခိုက်တွင် သေနာပတိအာဟာလပ်နှင့် လင်းယုန်နက်၏ စစ်သည်တစ်ဦးလည်း မာယာဘုရင်ဘာလမ်း၏ ကိုယ်ပေါ်၌ ပိနေသော ကျားသစ်သေကြီးကို ဝိုင်းမပြီး ဖယ်ရှားလိုက်သည်။ ထိုအခါ သွေးအလိမ်းလိမ်း ကပ်နေသော မာယာဘုရင်ဘာလမ်းလည်း ဦးခေါင်းကို အသာယမ်းရင်း မော့ ကြည့်ရာ မိန်းမပျိုအိချယ်က အလွန်အမင်း စိုးရိမ်ပူပန်သည့် အသွင်ဖြင့် –

"အရှင် ... ဒဏ်ရာ ရသွားသေးသလား ဟင်" ဟု မေးလိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းလည်း မျက်နှာပေါ်က သွေးတို့ကို လက်တစ်ဖက်ဖြင့် သပ်ချရင်း မိန်းမပျိုအိချယ်၏ မျက်နှာကို တရှိုက်မက်မက် ငေးကြည့်နေရာမှ –

"ဟင့်အင်း ... ဒဏ်ရာ မရပါဘူး။ မြင်ရတဲ့သွေးတွေက ကျားသစ်ရဲ့ ကိုယ်က သွေးတွေပါ"

ဟု ဖြေကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ဒါပေမဲ့ ကျွန်မ စေ့စေ့စပ်စပ်ကြည့်ပါရစေဦး" ဟု ပြောကြားကာ မာယာဘုရင်ဘာလမ်း၏ ကိုယ်ပေါ်၌ ဒဏ်ရာအနာတရ ရမရကို ဂရုတစိုက် ရှာဖွေကြည့်ရှုနေသည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းသည် မိန်းမပျိုအိချယ်၏ မျက်လုံးအစုံနှင့် မျက်နှာအမူအရာတို့ကို ကြည့်ရှုအကဲခတ်နေရာမှ ရင်တသိမ့်သိမ့် ခုန်နေရှာသည်။ ထို့နောက် မိန်းမပျိုအိချယ်၏ လက်ကလေးကို ခပ်ဖွဖွလေး လှမ်းကိုင်လိုက်ရာ မိန်းမပျိုအိချယ်က အသာမော့ကြည့်လိုက်သည်။

ထို့နောက် မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့သည် တစ်ဦးကိုတစ်ဦး စကားလုံးဝမပြောသော်လည်း စကားပြောသည်ထက် အဆရာထောင် လေးနက်သည့်အကြည့်မျိုးဖြင့် တစ်ဦးကိုတစ်ဦး ငေးကြည့်နေကြသည်။

ထိုအခိုက်တွင် မာယာဘုရင် ဘာလမ်းသည် မိမိရင်ထဲက အသည်းစကားတို့ကို ဖွင့်ဟပြောကြားရန် ကြံရွယ်သေးသည်။ သို့သော် နှုတ်က ဟ၍

မရပါချေ။ ထို့ကြောင့် မိန်းမပျိုအိချယ်၏ လက်ကို ခပ်တင်းတင်း ဖျစ်ညှစ်လိုက်ပြီး အချိုဆုံးမျက်နှာထားဖြင့် နှစ်လိုဖွယ်အကောင်းဆုံး ပြုံးပြလိုက်သည်။

ထိုအခိုက်တွင်ပင် လင်းယုန်နက်၏ညာလက်ရုံး အစ္စတိုင်းက –

"ကျုပ်မြင်ဖူးသမျှထဲမှာ ဒီလောက်လှပတဲ့ မြားချက်မျိုးကို တစ်ခါမှ မမြင်ဖူးဘူး" ဟု အော်ကြီးဟစ်ကျယ် ချီးကျူးလိုက်သော အသံကြီး ရုတ်တရက် ထွက်ပေါ်လာရာ၊ မာယာဘုရင်ဘာလမ်းရော မိန်းမပျိုအိချယ်ပါ ဆတ်ခနဲ လန့်သွားကြပြီး ဖျတ်ခနဲ မော့ကြည့်လိုက်ပြန်သည်။

ထိုအခါ မိမိတို့အပါးတွင် လင်းယုန်နက် မားမားကြီး ရပ်နေရာမှ မိမိတို့နှစ်ဦးအား ငုံ့ပြီးကြည့်နေသည်ကို တွေ့မြင်လိုက်ကြရသည်။ လင်းယုန်နက်၏ မျက်လုံးအစုံမှာ ကျဉ်းမြောင်းနေပြီး မျက်နှာထားမှာလည်း တင်းမာနေသည်တကား။

မာယာဘုရင်ဘာလမ်းလည်း မြေကြီးထက်၌ လဲနေရာမှ လူးလဲထလိုက်ပြီး မိန်းမပျိုအိချယ်၏လက်ကို တယုတယ ကိုင်ကာဆွဲထူလိုက်သည်။

ထိုအခိုက်တွင် သေနာပတိအာဟာလပ်နှင့် စစ်သည်များလည်း လင်းယုန်နက်၏ လက်ဖြောင့်မှု၊ မျက်စိရှင်မှုတို့ကို ဝိုင်းဝန်းချီးကျူးနေကြသည်။ သို့သော် လင်းယုန်နက်ကား စကားတစ်ခွန်းမှ မပြောပေ။ မာယာဘုရင် ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့၏ မျက်နှာကိုသာ လေ့လာအကဲခတ်နေသည်။ ထို့နောက် မိန်းမပျိုအိချယ်၏ ပခုံးကို လက်အသာတင်ပြီး မချိပြုံး ပြုံးလိုက်သည်။

ထိုအခိုက်တွင် အစ္စတိုင်းက –

"ကျုပ်တစ်သက်မှာတော့ ဒီလောက်ကျွမ်းကျင်တဲ့ မြားချက်မျိုးကို တစ်ခါမှ မတွေ့ဖူးဘူး" ဟု ထပ်မံပြောကြားလိုက်ရာ မာယာဘုရင်ဘာလမ်းက လင်းယုန်နက်ကို ကျေးဇူးတင်သည့် အမူအရာဖြင့် လှမ်းကြည့်ပြီး –

"ဟုတ်တယ်။ ဒီလိုမြားရေးမှာ အတုမဲ့ကျွမ်းကျင်တဲ့အတွက် ခင်ဗျားကို ကျေးဇူးအထူးတင်ပါတယ်"

ဟု မိန့်ကြားလိုက်သည်။

ထိုအခါ လင်းယုန်နက်က မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်ပြီး–

"နောက်တစ်ခါမှာတော့ ကျုပ်ကို ခင်ဗျား ထပ်မံအားကိုးလို့ မရတော့ပါဘူးဗျာ" ဟု ပြောကြားပြီး အပါးမှ ခပ်ဖြည်းဖြည်း လှည့်ထွက်သွားရာ၊ မာယာဘုရင်ဘာလမ်းလည်း မည်သို့မှ မပြောကြားဘဲ လင်းယုန်နက်၏ နောက်ကျောကိုသာ ငေးကြည့်နေပေသည်။

www.burmeseclassic.com



ထိုအခိုက်တွင် လင်းယုန်နက်၏ ညာလက်ရုံး အစွတိုင်းလည်း မာယာဘုရင်ဘာလမ်းကို ဖျတ်ခနဲ လှမ်းကြည့်ပြီး မျက်မှောင်ကြုတ်ကာ လင်းယုန်နက်ကို လှမ်းကြည့်နေရာမှ မိန်းမပျိုအိချယ်ကို လှမ်းကြည့်လိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းသည် မိန်းမပျိုအိချယ်၏ လက်မောင်းကို အသာကိုင်ပြီး နှစ်ယောက်အတူ ထွက်သွားရာ အစွတိုင်းလည်း စိတ်နှလုံးလေးလံစွာဖြင့် ဦးခေါင်းကို အသာယမ်းခါလိုက်သည်။

⟐

www.burmeseclassic.com

၁၈

## လွမ်းစရာ့အချစ်ဒဏ္ဍာရီ

လင်းယုန်နက်တို့လူမျိုးစု၏ စခန်းအလယ်တွင်ရှိသော မြေကွက်လပ်ကျယ်ကြီး၌ အလွန်ကြီးမားသော မီးပုံကြီးတစ်ပုံကို ဖိုထားပြီး မီးတဟုန်းဟုန်း တောက်လျက်ရှိရာ စခန်းတစ်ခုလုံး ထိန်လင်းနေပေသည်။ ထို့အတူ ညင်ညင်သာသာ တီးခတ်နေသော ဗုံသံနှင့်အတူ လင်းယုန်နက်တို့လူမျိုးစုထဲက အလှဆုံး ကခြေသည်မလေးသည် မီးပုံကြီးကို ပတ်ကာ ကနေပေသည်။ ထိုကခြေသည်မလေးသည် ငှက်မွေးငှက်တောင်တို့ဖြင့် ချုပ်ထားသော အဝတ်တန်ဆာတို့ကို ဆင်မြန်းထားပြီး လက်နှစ်ဖက်ကို ဆန့်ကာ ငှက်တောင်ပံခတ်သည့်ပမာ တဖျတ်ဖျတ် ခတ်နေပေရာ၊ ငှက်ပျိုမလေးတစ်ကောင် ဝဲပျံနေသည်နှင့် တူလှပေသည်။

ထိုကခြေသည်မလေးနှင့် မျက်နှာချင်းဆိုင်တွင်မူ လုလင်ပျိုစစ်သည်တစ်ဦးသည် ဗုံသံနှင့်အတူ ကနေပေသည်။ ထိုလုလင်ပျိုစစ်သည်လေးသည် သားမွေးတို့ဖြင့် ချုပ်ထားသော အဝတ်တန်ဆာတို့ကို ဆင်မြန်းထားပြီး မျက်နှာ၌လည်း ဆေးခြယ်ထားပေသည်။

ငှက်ပျိုမလေးနှင့် လုလင်ပျိုစစ်သည်လေးတို့ စုံတွဲလည်း မီးပုံကြီးကို ဝန်းကာပတ်ကာ ကပြဖော်ဖြေနေရာ မာယာဘုရင်ဘာလမ်းနှင့် မိန်းမပျိုအိချယ်တို့လည်း လင်းယုန်နက်နှင့်အတူ ယှဉ်တွဲထိုင်နေရာမှ စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။ ထို့အတူ မာယာဘုရင်ဘာလမ်း၏ အရေးပါသော ခေါင်းဆောင်များနှင့် လင်းယုန်နက်၏ အရေးပါသော ခေါင်းဆောင်များတို့သည် ဝိုင်းဖွဲ့ကာ အတူထိုင်ပြီး အများပရိသတ်နှင့်အတူ စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။

www.burmeseclassic.com


ထိုအခိုက်တွင် လင်းယုန်နက်က –

"ကျုပ်တို့ဟာ ခင်ဗျားတို့လို လူ့ရုပ်တွေ၊ တိရစ္ဆာန်ရုပ်တွေကို ကျောက်တုံးတွေပေါ်မှာ မထွင်းထုတတ်ကြဘူး။ ဒါပေမဲ့ ကျုပ်တို့လူမျိုးတွေရဲ့ သမိုင်းဒဏ္ဍာရီတွေ အဖြစ်အပျက် ဇာတ်လမ်းတွေကိုတော့ ဟောဒီလို အကနည်းမျိုးနဲ့ မပျောက်မပျက်အောင် မှတ်တမ်းတင်ထားကြပါတယ်" ဟု ပြောကြားလိုက်ရာ၊ မိန်းမပျိုအိချယ်က –

"ဒါဖြင့် အခုက ပြနေတာက ဘာဇာတ်လမ်း၊ ဘာအဖြစ်အပျက်ပါလဲ" ဟု မေးလိုက်သည်။

ထိုအခါ လင်းယုန်နက်က –

"အခု ကပြနေတာက လွမ်းစရာကောင်းတဲ့ အချစ်ဒဏ္ဍာရီတစ်ပုဒ်ပါ" ဟု ပြောကြားလိုက်ရာ၊ မာယာဘုရင်ဘာလမ်းက –

"ဒါဖြင့် အဲဒီ အချစ်ဒဏ္ဍာရီကို ကြားစမ်းပါရစေ" ဟု ဝင်ပြောလိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းကို လှမ်းကြည့်နေရာမှ မိန်းမပျိုအိချယ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် ကခြေသည်နှစ်ဦးကို ငေးကြည့်နေရာမှ 'လွမ်းစရာအချစ်ဒဏ္ဍာရီ' ကို စတင်ပြောကြားပါတော့သည်။

"ဟောဒီကမ္ဘာကြီး တည်ခါစတုန်းက ကျုပ်တို့ လူမျိုးတွေထဲမှာ မိုးကောင်းကင်ကို အမြဲလိုလို မော့မော့ပြီး ကြည့်လေ့ရှိတဲ့ လုလင်ပျိုတစ်ယောက်ရှိသတဲ့။ အဲဒီလုလင်ပျိုဟာ တစ်ခုသော တောင်လေ လာချိန်မှာ တောင်လေနဲ့အတူ အတိုင်းမသိ လှပတဲ့ငှက်ပျိုမလေးတစ်ကောင် ပျံဝဲလာတာကို မြင်ရသတဲ့။

"အဲဒီ ငှက်ပျိုမလေးဟာ လုလင်ပျိုရဲ့ ဦးခေါင်းထက်မှာ တစ်ရစ်ပတ်ပတ်နဲ့ လှည့်ကာပတ်ကာ ပျံဝဲနေလေတော့ လုလင်ပျိုလေးဟာ သူ့ကို ကပြဖျော်ဖြေနေတာပဲလို့ တွေးပြီး အပျော်ကြီး ပျော်နေရှာသတဲ့။

"ဒါပေမဲ့ မြောက်လေ လာချိန် ရောက်လာတဲ့အခါမှာတော့ လုလင်ပျိုလေးရဲ့ ဦးခေါင်းပေါ်မှာ မြူးတူးဝဲပျံနေတဲ့ ငှက်ပျိုမလေးဟာ အအေးဒဏ်ကို မခံနိုင်ရှာဘဲ မြေပြင်ထက်ကို ထိုးကျလာသတဲ့။ အဲဒီအခါမှာ လုလင်ပျိုလေးဟာ ငှက်ပျိုမလေးကို သွားကောက်ပြီး ရင်ခွင်ထဲမှာ ပွေ့ထားသတဲ့။

"လုလင်ပျိုလေးရဲ့ ရင်ငွေ့ကို ခိုလှုံရတဲ့ ငှက်ပျိုမလေးဟာ အအေးဓာတ်ပေျာ့ပြီး နွေးသွားတဲ့အတွက် နေကောင်းသွားတယ်တဲ့။ လုလင်ပျိုကိုလည်း သူနေထိုင်ကျက်စားရာ ဒေသကြီးအကြောင်းကို ချစ်စရာ တတွတ်တွတ်

www.burmeseclassic.com


ပြောကြားသတဲ့။ ငှက်ပျိုမလေးရဲ့ တွတ်တီးတွတ်တာ စကားတွေကို ကြားရတဲ့ အခါ လုလင်ပျိုလေးဟာ ငှက်ပျိုမလေးကို အချစ်ကြီး ချစ်သွားသတဲ့။ ဒီလို ငှက်ပျိုမလေးကို အချစ်ကြီးချစ်ပေမဲ့ အတောင်နှစ်ဖက်ရှိနေတဲ့ ငှက်ပျိုမလေး ဟာ တောင်လေ လာတဲ့အချိန်မှာ သူ့ကို စွန့်ခွာပြီး ဇာတိရပ်မြေကို ပြန်သွားမှာ ပဲ ဆိုတာကို လုလင်ပျိုလေးဟာ ကြိုပြီးသိနေနှင့်သတဲ့။

"အချိန်တန်တဲ့အခါမှာတော့ တောင်လေ ပြန်လာသတဲ့။ အဲဒီအခါ မှာ လုလင်ပျိုလေး ကြိုတင်စိုးရိမ်ထားသလိုပါပဲ ငှက်ပျိုမလေးဟာ အတောင် ကိုဖြန့်ပြီး မိုးကောင်းကင်ထဲမှာ ခေတ္တပျံဝဲနေသတဲ့။ နောက်တော့ လုလင်ပျိုလေး နဲ့ဝေးရာ ဇာတိရပ်မြေဆီကို ပျံသန်းပျောက်ကွယ်သွားပါရောတဲ့။ လုလင်ပျိုလေး ဟာ သူ့ထံကို ငှက်ပျိုမလေး ပြန်မလာတော့ဘူးဆိုတာကို သိနေပေမဲ့ တစ်နေ့ နေ့ တစ်ချိန်ချိန်မှာ သူ့ထံကို ငှက်ပျိုမလေး ပြန်လာလိမ့်နိုးနဲ့ တိတ်တခိုး မျှော်လင့်နေရှာသတဲ့။

"လွမ်းစရာကောင်းတဲ့ အချစ်ဒဏ္ဍာရီလေးကတော့ ဒါပါပဲဗျာ။ ကျုပ် တို့လူမျိုးတွေ အနေနဲ့ကတော့ တောင်လေ လာတဲ့အခါတိုင်း မြင့်မားဝေသီတဲ့ တောင်တန်းကြီးတွေပေါ်မှာ သူ့ချစ်သူ ငှက်ပျိုမလေး ပြန်လာလိမ့်နိုးနဲ့ တိတ် တခိုး မျှော်လင့်စောင့်စားနေတဲ့ လုလင်ပျိုလေးကို အစုထက်တိုင် တွေ့ရမြင်ရ တယ်လို့ ပြောကြတုန်းပါပဲ။

*

ဤသို့ လွမ်းစရာ အချစ်ဒဏ္ဍာရီကို ပြောကြားပြီးနောက် လင်းယုန်နက်လည်း မိန်းမပျိုအိချယ်ဘက်သို့ လှည့်ကာ လေသံဖြင့် –

"အိချယ် ... တဲအိမ်လေးထဲမှာ ကျုပ် အချုပ်အနှောင်ခံနေရတုန်းက မင်းဟာ ကျုပ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို တယုတယ ပြုစုကုသပေးခဲ့တယ်။ ပြီးတော့ ကျုပ်တို့နှစ်ယောက်အတူ ထိုင်ပြီး ညပေါင်းများစွာ စကားပြောခဲ့ကြ တယ်။ အဲဒီအခါတုန်းက မင်းကို ကျုပ်ရဲ့ဘဝ ကြင်ဖော်အဖြစ် လက်ခံဖို့ ကျုပ် ပန်ကြားခဲ့ဖူးပါတယ်။ ပြီးတော့ ကျုပ်နဲ့ရတဲ့ မင်းရဲ့ကလေးတွေဟာ ကျွဲရိုင်းကြီး တွေကို နဖားကနေပြီး ဆွဲခေါ်ဝံ့တဲ့ကလေးတွေ ဖြစ်လာရစေမယ်လို့လည်း ပြော ကြားခဲ့ဖူးပါတယ်။ အဲဒီအခါတုန်းက မင်းရဲ့ နှုတ်ခမ်းအစုံနဲ့ ကျုပ်ရဲ့ နှုတ်ခမ်း အစုံတို့ဟာ ကြိမ်ဖန်များစွာ ထိတွေ့ပေါင်းဆုံခဲ့ပါတယ်" ဟု ပြောကြားလိုက် သည်။

လင်းယုန်နက်၏စကားကိုကြားလျှင် မာယာဘုရင်ဘာလမ်းလည်း မိန်းမပျိုအိချယ်၏ မျက်နှာကို လှမ်းပြီး စိန်းစိန်းကြည့်လိုက်သည်။ ထိုအခိုက် တွင်ပင် လင်းယုန်နက်က ဆက်၍ –

www.burmeseclassic.com



"အို ... အိချယ်လေး။ ကျုပ်ရဲ့ဘဝကြင်ဖော်အဖြစ်ကို မင်း ကြည်ကြည်သာသာ လက်ခံမလား။ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ဖြေစမ်းပါဦး" ဟု ပြောကြားလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ဝုန်းခနဲ ဒေါသတစ်ကြီး မတ်တတ်ရပ်လိုက်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း လင်းယုန်နက်၏ မျက်နှာကိုတစ်လှည့် မိန်းမပျိုအိချယ်၏ မျက်နှာကိုတစ်လှည့် စိုက်ကြည့်နေသည်။ ထို့နောက် ကျယ်လောင်သော အသံကြီးဖြင့် –

"ဒီမှာ အိချယ် ... လင်းယုန်နက်နဲ့ ညပေါင်းများစွာ အတူနေပြီးတော့မှ လင်းယုန်နက်ကို ငြင်းမနေပါနဲ့။ လင်းယုန်နက်ရဲ့ ဘဝကြင်ဖော်အဖြစ်ကို လက်ခံလိုက်ပါ။ လင်းယုန်နက်အတွက် သားတွေလည်း အမြောက်အမြား မွေးပေးလိုက်ပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း မာယာဘုရင်ဘာလမ်းကို ဒေါသတကြီး မော့ကြည့်လိုက်သည်။ သို့သော် မည်သို့မှ ချေပပြောကြားခြင်း မရှိပေ။ ထိုခဏ၌ပင် မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံတို့သည် အေးစက်မာ ကျောသော အသွင်သို့ ချက်ချင်းပြောင်းသွားသည်။

ထိုအခိုက်တွင် လင်းယုန်နက်လည်း ဖျတ်ခနဲ မတ်တတ်ရပ်လိုက်ပြီးနောက် မာယာဘုရင်ဘာလမ်းကို စိုက်ကြည့်ပြီး –

"ဘာလမ်း။ ကျုပ်ပြောပါရစေဦး" ဟု ပြောကြားကာ၊ မာယာဘုရင်ဘာလမ်း၏ ပခုံးကို အသာလှမ်းကိုင်လိုက်သည်။

ထိုအခါ မာယာဘုရင် ဘာလမ်းလည်း လင်းယုန်နက်၏ လက်ကို ဆတ်ခနဲ ပုတ်ချလိုက်ပြီး၊ မိန်းမပျိုအိချယ်ကို စိန်းစိန်းကြည့်ကာ –

"ဒီမှာ အိချယ်။ ကောင်းကင်ဘုံနန်းက နတ်ဘုရားများဆီကို သွားရောက်ရမယ့် တမန်တော်အနေနဲ့ သဘောကျတဲ့သူကို ရွေးချယ်ဖို့ ပြောတဲ့အခါမှာ လင်းယုန်နက်ဟာ မင်းကို ရွေးခဲ့တယ်။ အဲဒီအခါတုန်းက မင်းဟာ စကားတစ်ခွန်းတောင် ဟန်လုပ်ပြီးမငြင်းခဲ့ဘူး။ လင်းယုန်နက်ဆီကို ကောက်ကောက်ပါအောင် ထွက်သွားခဲ့တယ်။ ဘာကြောင့် ဒီလို ကောက်ကောက်ပါအောင် သွားရသလဲဆိုတဲ့အဖြေကို ကျုပ် အခုတော့ ရှင်းရှင်းကြီး သိပါပြီ။ မင်းနဲ့ လင်းယုန်နက်က ညပေါင်းများစွာ အတူအိပ်စက်ကြဖူးတာကိုး" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း မည်သို့မှ ပြန်မပြောဘဲ မာယာဘုရင်ဘာလမ်း၏ မျက်နှာကိုသာ အေးစက်မာကျောသော မျက်လုံးအစုံဖြင့် တွေတွေ ကြီး စိုက်ကြည့်နေသည်။

www.burmeseclassic.com


ထိုအခိုက်တွင် လင်းယုန်နက်က "ဘာလမ်း" ဟု ခေါ်ပြီး ပခုံးပေါ်သို့ အသာလက်တင်လိုက်ရာ မိန်းမပျိုအိချယ်ကို စိန်းစိန်းကြည့်နေသောမာ ယာဘုရင်ဘာလမ်းလည်း ချာခနဲလှည့်ကာ လက်ကို ပုတ်ချလိုက်ရုံမက လင်း ယုန်နက်၏ မျက်နှာကိုလည်း လက်ပြန်ရိုက်ချလိုက်သည်။

မာယာဘုရင်ဘာလမ်း၏ ရိုက်ချက်မှာ ပြင်းထန်လှရုံမက၊ ဤသို့ပြု မူလိမ့်မည်ဟုလည်း လုံးဝထင်မှတ်မထားသော လင်းယုန်နက်မှာ ကိုယ်ကို မထိန်းနိုင်ဘဲ ပက်လက်လန် လဲကျသွားသည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း ဆတ်ခနဲ လှည့်ကာ မာယာဘုရင်ဘာလမ်း၏ မျက်နှာကို စိန်းစိန်းကြီး စိုက်ကြည့်လိုက်သည်။ ထို့အတူ လင်းယုန်နက်၏ စစ်သည်အကြီးအကဲ အပေါင်းတို့လည်း မာယာဘုရင်ဘာလမ်းကို ချက်ချင်း ဝိုင်းရံလိုက်ကြသည်။ ထိုအခိုက်တွင် လင်းယုန်နက်လည်းလဲနေရာမှ ဖျတ်ခနဲ ထလိုက်ပြီး မာယာဘုရင်ဘာလမ်းကို ဝန်းရံထားသော သူများကို နောက်သို့ ပြန်ဆုတ်ရန် လက်ပြလိုက်သည်။

ထို့နောက် လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်း၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ဒေါသတကြီး အော်ဟစ်ရင်း လေ၏လျင်မြန်ခြင်းဖြင့် လွှား ခနဲ ခုန်အုပ်လိုက်တော့သည်။ သို့သော် မာယာဘုရင်ဘာလမ်းက ဖျတ်ခနဲ ဘေးသို့ ရှောင်တိမ်းပေးလိုက်သည်။

ထို့နောက်တွင်ကား မာယာဘုရင်ဘာလမ်းနှင့် လင်းယုန်နက်တို့သည် မီးတဟုန်းဟုန်း တောက်နေသော မီးပုံကြီးကို အလယ်ထားပြီး တစ်ဦးကိုတစ်ဦး လှည့်ပတ်ချောင်းမြောင်းနေတော့သည်။

ဤသို့ ခေါင်းဆောင်ကြီးနှစ်ဦး၏ နှစ်ယောက်ချင်းတိုက်ခိုက်ပွဲကို လူအများပင် စိတ်ဝင်စားစွာဖြင့် ဝိုင်းအုံပြီး ငေးကြည့်နေကြသည်။

ထိုအခိုက်တွင် လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းကို လွှားခနဲ ခုန်အုပ်ကာ လက်မောင်းအစုံကို ဖမ်းကိုင်လိုက်ရာ မာယာဘုရင်ဘာလမ်းကလည်း လင်းယုန်နက်၏ လက်မောင်းအစုံကို ပြန်ပြီး ဖမ်းကိုင်လိုက်ပြန်သည်။ ထို့နောက် မာယာဘုရင်ဘာလမ်းနှင့် လင်းယုန်နက်တို့သည် တစ်ဦးကိုတစ်ဦးအား စမ်းနေသည့်အလား ရှေ့တိုးနောက်ငင် တွန်းထိုးရွှေ့လျားနေကြသည်။

ထိုသို့ အတန်ကြာအောင် အားစမ်းနေရာမှ လင်းယုန်နက်လည်း မာယာဘုရင်၏ လက်မောင်းအစုံကို တအားဆွဲရင်း ကိုယ်ကို ပစ်လှဲချလိုက်ပြီး၊ မိမိနှင့်အတူ လဲကျလာသော မာယာဘုရင်ဘာလမ်း၏ ရင်ညွန့်ကို ခြေထောက်အစုံဖြင့် ပစ်ကန်လိုက်သည်။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းလည်း ကိုယ်

www.burmeseclassic.com


တစ်ပတ်လည်ပြီး လဲကျသွားရာ လင်းယုန်နက်လည်း မာယာဘုရင် ပြန်မထနိုင်ခင် လူးလဲထပြီး မာယာဘုရင်ဘာလမ်းကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း လဲကျနေရာမှ ကိုယ်ကို တစ်ဘက်သို့ အနည်းငယ်တိမ်းလိုက်ပြီး၊ မိမိကိုယ်ပေါ်သို့ ရောက်လာသော လင်းယုန်နက်၏ ခါးကို ဒူးနှစ်ဖက်ဖြင့် ဖိညှပ်လိုက်သည်။ ထို့နောက် အဆက် မပြတ်တွန်းထိုး ထိုးလိုက်သည်။ ထိုအခိုက်တွင် လင်းယုန်နက်လည်း အနာခံ ပြီး မာယာဘုရင်ဘာလမ်း၏ လည်မျိုကို ညှစ်နိုင်အောင် အတင်းကြိုးစားတော့သည်။ ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်၏ ခါးကို ဒူးနှစ်ဖက်ဖြင့် ဖိညှပ်ထားရာမှ ဒူးနှစ်ဖက်ကို ဖျတ်ခနဲ ခွာရင်း မိမိကိုယ်ပေါ်က လွင့်ထွက်သွားအောင် ဆတ်ခနဲ တအားတွန်းလိုက်ရာ၊ လင်းယုန်နက်လည်း အဝေးသို့ လွင့်သွားပြန်သည်။

ထို့နောက် မာယာဘုရင်ဘာလမ်းရော လင်းယုန်နက်ပါလဲကျနေရာမှ ပြိုင်တူလူးလဲထလိုက်ကြပြီးလျှင် မီးပုံကြီးဘေးတွင် တစ်ဦးကိုတစ်ဦး အလစ်ချောင်းရင်း လှည့်ပတ်နေကြပြန်သည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး လူချင်းပူး ကာ သတ်လိုက်၊ လဲကျလိုက်၊ ပြန်ထပြီး သတ်လိုက်ဖြင့် အရပ်အနား လုံးဝမရှိဘဲ သတ်ပုတ်နေကြရာ မာယာဘုရင်ဘာလမ်းရော လင်းယုန်နက်ပါ နှစ်ဦးစလုံး ယိမ်းထိုးနေအောင် မောဟိုက်နွမ်းနယ်နေတော့သည်။

ထိုအခိုက်တွင် လင်းယုန်နက်သည် လက်နှစ်ဘက်ကို ပူးပြီး မာယာဘုရင်ဘာလမ်း၏ ခါးလယ်ကို တစ်အားကုန် ဆောင့်ထိုးလိုက်ရာ မောပန်းနွမ်းဟိုက်နေသော မာယာဘုရင်ဘာလမ်းလည်း ကိုယ်ကို မဟန်နိုင်တော့ဘဲ ဒူး ထောက် လဲသွားတော့သည်။ ထိုအခါ လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းကို ခုန်အုပ်ရန် ဟန်ပြင်လိုက်ရာ မာယာဘုရင်ဘာလမ်းလည်း ဒူးထောက်လဲနေရာမှ မြေကြီးတစ်ဆုပ်ကို ကောက်ယူပြီး လင်းယုန်နက်၏မျက်နှာကို လှမ်းပက်ရင်း ဆတ်ခနဲ မတ်တပ်ရပ်လိုက်သည်။ ထို့နောက် လင်းယုန်နက်ကို ဘယ်လက်သီး ညာလက်သီးအစုံဖြင့် အဆက်မပြတ် ဖိထိုးတော့သည်။

ထိုအခါ လင်းယုန်နက်လည်း မိုးသီးမိုးပေါက်ပမာ အဆက်မပြတ်ကျရောက်လာသော လက်သီးချက်များကို အနိုင်နိုင် ကာကွယ်ရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးရသည်။ ထိုသို့ ဆုတ်ပေးရာမှ လင်းယုန်နက်လည်း အားတင်းကာ လက်နှစ်ဖက်ကိုပူးပြီး မာယာဘုရင်ဘာလမ်း၏ ဦးခေါင်းကို လွှဲရိုက်ရိုက်လိုက်ရာ မာယာဘုရင်ဘာလမ်းလည်း နောက်သို့ ယိုင်ကျသွားပြန်သည်။ ထိုအခိုက်တွင် လင်းယုန်နက်လည်း အပါးသို့ ဖျတ်ခနဲ တိုးပြီး

www.burmeseclassic.com


မာယာဘုရင်ဘာလမ်း၏ အရှိုက်ကို လက်သီးပြင်းတစ်ချက် သွင်းလိုက်ရာ၊ မာယာဘုရင်ဘာလမ်းလည်း ရှေ့ကို ငိုက်ဆင်းလာသည်။ ထိုအခိုက်တွင် လင်း ယုန်နက်သည် မာယာဘုရင်ဘာလမ်း၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဖမ်းဆွဲ ရင်း ဒူးကို ပင့်မြှောက်ကာ တအား တိုက်ထည့်လိုက်ရာ၊ မာယာဘုရင် ဘာ လမ်းလည်း မြေကြီးပေါ်သို့ ပုံလျက်သား လဲကျသွားတော့သည်။

ထိုအခါ လင်းယုန်နက်လည်း တဟားဟား အော်ရယ်ပြီး သတိမေ့နေသော မာယာဘုရင်ဘာလမ်းကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် ဖျတ်ခနဲ ကိုယ်ကို ကိုင်းကာ မာယာဘုရင်ဘာလမ်း၏ ကိုယ်ကြီးကို လက်နှစ်ဖက်ဖြင့် ဆတ်ခနဲ ဆွဲယူပြီး အပေါ်သို့ ပင့်မြှောက်လိုက်သည်။ ထို့နောက် မီးတဟုန်းဟုန်း တောက်နေသော မီးပုံကြီးရှိရာသို့ မ,ယူလာရာ၊ မိန်းမပျိုအိချယ်လည်း စိုးရိမ်တစ်ကြီး ဟစ်အော်လိုက်သည်။ သေနာပတိ အာဟာလပ်လည်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်း၏ ကိုယ်ခန္ဓာကြီးကို ပင့်မြှောက်ပြီး မီးပုံကြီးနားတွင် အသက်ပြင်းပြင်း ရှုရင်း မားမားကြီး ရပ်နေသော လင်းယုန်နက်လည်း မာယာဘုရင်ဘာလမ်းကို ပင့်မြှောက်ထားရာမှ မြေကြီးပေါ်သို့ ညင်ညင်သာသာ ပြန်ချလိုက်သည်။ ထို့နောက် မာယာဘုရင်ဘာလမ်းကို အတန်ကြာအောင် တွေကြည့်ပြီးမှ မိန်းမပျိုအိချယ်ရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားသည်။

သေနာပတိအာဟာလပ်က သတိမေ့နေသော မာယာဘုရင် ဘာလမ်း ရှိရာသို့ ပြေးသွားခိုက်တွင် လင်းယုန်နက်လည်း မိန်းမပျိုအိချယ်၏ လက်ကို တယုတယ ဆွဲကာ –

"လာပါ အိချယ်။ သူတို့ဟာ မင်းရဲ့လူမျိုးတွေ မဟုတ်တော့ပါဘူး" ဟု ပြောကြားလိုက်သည်။

ထို့နောက် လင်းယုန်နက်လည်း နောက်သို့ ပြန်ပြောင်းစောင်းငဲ့ မကြည့်တော့ဘဲ မိန်းမပျိုအိချယ်၏ လက်ကိုဆွဲပြီး မီးပုံကြီးနှင့်ဝေးရာ၊ မာယာလူမျိုးတို့ရွာနှင့် ဝေးရာ တောအုပ်ညို့ညို့ဘက်သို့ ထွက်ခွာသွားလေတော့သည်။

⊙

www.burmeseclassic.com

၁၉

# မိန်းမသား၏အသည်းနှလုံး

မာယာတို့၏ရွာအနီးရှိ မြေကွက်လပ်ပြင်ကျယ်ကြီးတွင် စခန်းချထားသော လင်းယုန်နက်၏ လူမျိုးများသည် နောက်တစ်နေ့နံနက် မိုးမသောက်ခင် မိမိတို့ စခန်းကို ဖျက်သိမ်းပြီးဖြစ်၍ တောအုပ်ညို့ညို့အတွင်းသို့ ပြောင်းရွှေ့ ခရီးဆက် နေကြပြီး ဖြစ်သည်။

လင်းယုန်နက်၏ လူမျိုးများလည်း တောအုပ်ညို့ညို့ကို ဖြတ်၊ မြေပြန့်ကွင်းပြင်ကျယ်ကြီးကို ကျော်ပြီး မရပ်မနား ခရီးဆက်လာခဲ့ကြရာ ညမှောင်ရည်သန်းသောအခါ၌ တောင်ကုန်းမြင့်တစ်ခုပေါ်သို့ ရောက်ရှိလာခဲ့ကြသည်။ ထိုအခါ လင်းယုန်နက်က စခန်းချရပ်နားရန် အမိန့်ပေးလိုက်ရာ၊ လူအားလုံးပင် သယ်ဆောင်လာသော ပစ္စည်းပစ္စယ အထုပ်အပိုးတို့ကို ချပြီး ချက်ချင်း တဲထိုးကြတော့သည်။ မိန်းမပျိုအိချယ်အတွက်လည်း တဲတစ်လုံးကို သီးသန့်ထိုးပေးသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်လည်း တောင်ကုန်းမြင့်တစ်နေရာ၌ တစ်ကိုယ်တည်း ထိုင်ပြီး ခပ်ပျပျ လှမ်းမြင်ရသော နတ်ဘုရားကျောင်းတော်ကြီး ထိပ်ကို ငေးကြည့်နေရာမှ၊ အပြောကျယ်သော ပင်လယ်ရေပြင်ကျယ်ကြီးကို ငေးကြည့်နေရာမှ၊ မာယာဘုရင် ဘာလမ်းအကြောင်းကို ပြန်ပြောင်းတွေးတောပြီး ဆွတ်ပျံ့ကြေကွဲနေရှာသည်။

"ဒီနယ်မြေ ဒေသသစ်ကို ရောက်လာကတည်းက တွေးရတာတွေလည်း အများကြီးပါပဲ။ ပြောရတာတွေလည်း အများကြီးပါပဲ။ ဒါပေမဲ့ အကျိုးကျေးဇူးတော့ မယ်မယ်ရရ သိပ်မရှိလှပါဘူး။ ဒီနယ်မြေဒေသသစ်ကိုရောက်မှ

www.burmeseclassic.com


ငါတို့တန်ဖိုးထားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံကို စွန့်ပယ်ပြီး ငါတို့တန်ဖိုးထားလို့ မရနိုင်သေးတဲ့ ယဉ်ကျေးမှုဓလေ့ ထုံးစံကို လက်ခံကျင့်သုံးနေရတယ်။ ကောင်းကင်ဘုံနန်းက နတ်ဘုရားတွေကို ရည်မှန်းပြီး လူ့အသက်နဲ့ ယဇ်ပူဇော်တဲ့ အလေ့ကတော့ ဘာလမ်းကြောင်း ပျက်ပြယ်သွားခဲ့ပြီ။ ဒီအချက်ကတော့ ဝမ်းမြောက်စရာပါပဲ။

"ဘာလမ်းဟာ မာယာလူမျိုးတွေ အကျိုးရှိရာ အကျိုးရှိကြောင်းအတွက် အစွမ်းကုန် ဆောင်ရွက်နေတဲ့သူ ဖြစ်တယ်။ ဒီလို ဆောင်ရွက်နေတုန်းမှာ ငါရဲ့အကူအညီကိုလည်း တစ်တပ်တအား အနေနဲ့ လိုအပ်နေတယ်လို့ ငါယူဆခဲ့တယ်။ ဒါကြောင့်လည်း ငါဟာ ငါစွမ်းဆောင်နိုင်မှုကို ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ဆောင်ရွက်ပေးခဲ့တယ်။ အို ... အခုတော့ ဘာလမ်းနဲ့ဝေးရာကို ငါရောက်နေရပါပကော။ လင်းယုန်နက် ခေါင်းဆောင်ရာကို ကောက်ကောက်ပါအောင် လိုက်နေရပါပကော။ ငါရဲ့ဘဝကံကြမ္မာဟာ သားရဲတိရစ္ဆာန်အရေကို အဝတ်ဝတ်ပြီး ရောက်ရာအရပ်မှာ တဲထိုးပြီး နေရတဲ့ လူသားတစ်ဦးရဲ့ လက်တွင်းသို့ ကျဆင်းနေရပါပကော" ဟုလည်း တွေးတောဝမ်းနည်းနေသည်။

ထိုအခိုက်တွင် လင်းယုန်နက်သည် မိန်းမပျိုအိချယ်အတွက် ဆောက်နေသော တဲအိမ်လေးအနီး၌ မားမားမတ်မတ် ရပ်ရင်း လိုအပ်သည်များကို ကြည့်ရှုညွှန်ကြားနေသည်။ ထို့နောက် မိန်းမပျိုအိချယ်ရှိရာသို့ ပြုံးရွှင်သော မျက်နှာထားဖြင့် လျှောက်လာပြီး မိန်းမပျိုအိချယ်အပါးတွင် ကပ်ထိုင်ရင်း –

"နှုတ်ဆိတ်လှချည့်လားကွယ်" ဟု ပြောလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ကျွန်မ သိပ်ပြီး ပင်ပန်းနွမ်းနယ်နေပြီရှင်" ဟု ပြန်ဖြေလိုက်ရာ၊ လင်းယုန်နက်က –

"အေးလေ ... မင်းက ကျုပ်တို့လူမျိုးရဲ့ ဘဝအနေအထိုင်နဲ့ အသားမှ မကျသေးတာပဲ။ နောက်တော့ အသားကျသွားမှာပါ။ ဒီမှာ ကြည့်စမ်း အိချယ်။ ကျုပ်တို့မှာ အုပ်မိုးထားတဲ့အမိုး လုံးဝ မရှိဘူး။ ကောင်းကင်ပြင်ကျယ်ကြီးပဲ ရှိတယ်။ ကျုပ်တို့မှာ လေးဘက်လေးတန် ကာရံထားတဲ့ အကာနံရံလုံးဝမရှိဘူး။ လှပစိမ်းစိုတဲ့ မြေပြင်ကျယ်ကြီးပဲ ရှိတယ်။ တစ်နေ့လုံးလုံး မရပ်မနား ခရီးဆက်ရတဲ့အတွက် မင်းပင်ပန်းနွမ်းနယ်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ မင်းဟာ အခုဆိုရင် လှောင်အိမ်ထဲက လွတ်မြောက်လာခဲ့ပါပြီ။ လှောင်အိမ်ထဲက လွတ်မြောက်စမှာတော့ လွတ်လပ်မှုအတွက် ဒီလိုပဲ ကသိကအောက် ဖြစ်တတ်ကြစမြဲပါပဲ" ဟုပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က ခပ်ယဲ့ယဲ့ပြုံးရင်း –

www.burmeseclassic.com



"လွတ်လပ်မှုအတွက် ကျွန်မကသိကအောက် မဖြစ်ပါဘူးရှင်။ ကျွန်မအတွက် ရှင် ရဲရဲရင့်ရင့် တိုက်ခိုက်တဲ့အတွက်လည်း ကျွန်မ ဝမ်းသာဂုဏ်ယူနေမိပါတယ်။ ပြီးတော့ ဘာလမ်းရဲ့အသက်ကို မသတ်ဘဲ ချမ်းသာပေးလိုက်တဲ့အတွက် ကျွန်မ ကျေးဇူးတင်နေပါတယ်" ဟု ပြောကြားလိုက်ရာ၊ လင်းယုန်နက်က –

"ကျေးဇူးတင်စရာ မလိုပါဘူးကွယ်။ ဘာလမ်းက ကျုပ်ရဲ့ ညီတော်ပါ။ မင်းကတော့ ကျုပ်ရဲ့ဘဝ ကြင်ဖော်ပါပဲ။ မင်းဟာ ကျုပ်ကို တကယ်ပဲမေတ္တာသက်ဝင် ချစ်ခင်နေတယ်လို့လည်း ကျုပ် ယုံကြည်နေပါတယ်" ဟု ဖြေကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း စကားမပြောဘဲ အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးမှ –

"ကျွန်မရဲ့အတွင်းစိတ်ကို အရင်က မသိခဲ့ပါဘူးရှင်။ လွန်ခဲ့တဲ့ ညက ရှင်နဲ့ဘာလမ်းတို့ သူသေကိုယ်သေ တိုက်ကြပြီး ဘာလမ်းရှုံးနိမ့်ကာ သေတော့မယ်လို့ မှတ်ထင်တဲ့အခါကျမှ လှည့်စားနေတဲ့ ကျွန်မရဲ့အတွင်းစိတ်ဟာ ဘွားဘွားကြီး ပေါ်လာပါတော့တယ်ရှင်" ဟု ပြောကြားလိုက်ရာ လင်းယုန်နက်က

"ဘာလဲ မင်းကို ဘာလမ်းက 'ကျုပ်ရဲ့ဘဝကြင်ဖော်အဖြစ် လက်ခံလိုက်ပါ။ ကျုပ်အတွက် သားတွေ အမြောက်အမြား မွေးပေးလိုက်ပါ' လို့ အော်ကြီးဟစ်ကျယ် ပြောကြားလိုက်တော့မှ 'မင်းအမှန်တကယ် မေတ္တာသက်ဝင် ချစ်ခင်နေတဲ့ သူဟာ ဘာလမ်းဖြစ်တယ်' လို့ သိသွားတယ်ဆိုပါတော့" ဟုပြောကြားပြီး တဟားဟား ရယ်မောနေသည်။

ထိုအခိုက်တွင် မိန်းမပျိုအိချယ်က ပြုံးပြီး လင်းယုန်နက်၏ မျက်လုံး အစုံကို စိုက်ကြည့်ရင်း –

"ဟုတ်ပါတယ်။ အဲဒီစကားတွေဟာ ကျွန်မကို သူ တကယ်မြတ်နိုးချစ်ခင်ကြောင်း ဖွင့်ဟပြောကြားလိုက်တဲ့ ပထမဦးဆုံး မေတ္တာစကားတွေပါပဲ။ ရင်ထဲက ပွင့်အန်ထွက်လာတဲ့ မေတ္တာစကားတွေလို့လည်း ကျွန်မ ယုံကြည်နေပါတယ်" ဟု ခပ်ဖြည်းဖြည်း ပြောကြားလိုက်ရာ၊ လင်းယုန်နက်လည်း ဆွေးရိပ်သန်းနေသော မိန်းမပျိုအိချယ်၏ မျက်နှာကို စကားတစ်ခွန်းမှ မပြောဘဲ ငေးကြည့်နေသည်။

ထို့နောက် လင်းယုန်နက်နှင့် မိန်းမပျိုအိချယ်တို့လည်း မိမိတို့ ထိုင် နေရာမှ ပျပျလေး လှမ်းမြင်ရသော မာယာတို့ရွာက မီးရောင်လက်လက်တို့ကို နှစ်ယောက်အတူ ငေးမောကြည့်နေကြသည်။

*

www.burmeseclassic.com


မနက်မိုးမသောက်ခင် မိမိတို့စခန်းကို သိမ်းကာ ထွက်ခွာသွားကြသော လင်းယုန်နက်လူမျိုးစု၏ လှုပ်ရှားသံတို့ကို ကြားနေရသော်လည်း မာယာဘုရင်ဘာလမ်းသည် လုံးဝ ထမကြည့်ဘဲ အိပ်ရာထက်၌ပင် လှဲနေလိုက်သည်။ ထို့ပြင် ထိုနေ့တစ်နေ့လုံးလည်း စံအိမ်တော်တွင်းမှ အပြင်သို့ လုံးဝ မထွက်တော့ပေ။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းသည် လင်းယုန်နက်နှင့် မိန်းမ ပျိုအိချယ်တို့အကြောင်းကို တွေးကာ ရင်ထဲ၌ တင်းကြပ်ဆို့နစ်နေသည်။ အလို လို ကြေကွဲဝမ်းနည်းနေသည်။

ညမှောင်ရည်သန်းချိန်၌မူ မာယာဘုရင် ဘာလမ်းသည် နတ်ဘုရားကျောင်းတော်ထိပ်သို့ တစ်ကိုယ်တည်း တက်သွားပြီး ပတ်ဝန်းကျင်တစ်ခွင်ကို လှည့်ပတ်ကြည့်ရှုနေရှာသည်။ ခပ်လှမ်းလှမ်း တောင်ကုန်းများဆီမှ မီးရောင်ပျပျ လေးတို့ကို မြင်ရသောအခါ 'ဤကား လင်းယုန်နက်၏လူမျိုးစု စခန်းချရာ နေရာပေတည်း။ ဤနေရာ၌ မိန်းမပျိုအိချယ် ရှိလေယောင်တကား" ဟု တွေးတောဆင်ခြင်နေရာမှ မိန်းမပျိုအိချယ်အကြောင်းကိုလည်းကောင်း၊ မိန်းမပျို အိချယ်နှင့် ပတ်သက်သည့် မိမိ၏အပြုအမူ အပြောအဆိုကိုလည်းကောင်း ဝေဖန်စဉ်းစားနေရှာသည်။

ဤသို့ဖြင့် နတ်ဘုရားကျောင်းတော်ထိပ်တွင် တစ်ကိုယ်တည်း အချိန်ကြာမြင့်စွာ ထိုင်ရင်း တွေဝေငေးမော တွေးတောဆင်ခြင်ပြီးမှ မာယာဘုရင်ဘာလမ်းလည်း စံအိမ်တော်သို့ လေးလေးတွဲ့တွဲ့ ပြန်လည်ကြွမြန်းလာခဲ့သည်။

နောက်တစ်နေ့နံနက်တွင် မာယာဘုရင်ဘာလမ်းလည်း နတ်ဘုရားကျောင်းတော်ထိပ်သို့ တစ်ကိုယ်တည်း တက်သွားပြီးနောက်၊ လင်းယုန်နက်တို့စခန်းကို လှမ်းမြင်ရအံ့နီးနှင့် ငေးမောကြည့်နေရှာသည်။ ထိုအခိုက်တွင် သေနာ ပတိ အာဟာလပ်လည်း မာယာဘုရင်ဘာလမ်းရှိရာသို့ လျှောက်လာပြီး မိမိ အရှင်သခင်၏ အမူအရာကို တစ်စေ့တစ်စောင်း အကဲခတ်နေသည်။ ထို့နောက်

"အို ... အရှင်။ လင်းယုန်နက်ရဲ့နောက်ကို ကျွန်တော်မျိုးတို့လိုက်ပြီး အိချယ်ကို ပြန်ခေါ်ရမလား။ အရှင်ရဲ့ သဘောထားကို သိပါရစေ" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက ဦးခေါင်းကို လေးလေးတွဲ့တွဲ့ ယမ်းရင်း –

"လိုက်မခေါ်ပါနဲ့တော့ကွယ်။ ဂိုဏ်းချုပ်ကြီး အာမင်း ပြောကြားခဲ့တာ သိပ်မှန်တယ်။ 'မျိုးရိုးမြင့်မြတ်ခြင်းနဲ့ တာဝန်ဝတ္တရားတို့က နှလုံးသားကို ထိန်းချုပ်ထားလိမ့်မယ်' လို့ ကျုပ် မှတ်ထင်ခဲ့တယ်။ အမှားအမှန်ကို

www.burmeseclassic.com



ဝေဖန် ပိုင်းခြားနိုင်လိမ့်မယ်။ စဉ်းစားချင့်ချိန်နိုင်လိမ့်မယ်လို့ ကျုပ် မှတ်ထင်ခဲ့တယ်။ တကယ်လက်တွေ့မှာတော့ မိန်းမသားဟာ မိန်းမသားပါပဲကွယ်။ အိချယ်ဟာ သူ့ကို ကျုပ်ရော လင်းယုန်နက်ကပါ မြတ်နိုးချစ်ကြင်နာတာကို သိပါတယ်။ ဒါပေမဲ့ လင်းယုန်နက်ကတော့ သူ့ကို မြတ်နိုးချစ်ကြင်လာအောင် ပြုဆောင်နိုင်ခဲ့တယ်။ ကျုပ်ကတော့ ... ကျုပ်ကတော့ ဒီလို မပြုဆောင်နိုင်ခဲ့ဖူးကွယ်” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ သေနာပတိ အာဟာလပ်လည်း မာယာဘုရင်ဘာလမ်း၏ မျက်နှာတော်ကို အကြာအရှည် မကြည့်ရက်သောကြောင့် အဝေးတောင်ကုန်းများရှိရာသို့ လှမ်းကြည့်လိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်တစ်ခွင်ကို လှည့်ပတ်ကြည့်ရှုရာမှ အပြောကျယ်သော ပင်လယ်ပြင်ဘက်သို့ အမှတ်မထင် ငေးကြည့်လိုက်မိသည်။ ထို့နောက် သေနာပတိအာဟာလပ်လည်း မာယာဘုရင်ဘာလမ်း၏ လက်ကို အလန့်တကြား ကိုင်ရင်း ပင်လယ်ပြင်ဘက်ထိ လက်ညှိုးညွှန်ပြလိုက်သည်။

မာယာဘုရင်လည်း သေနာပတိ အာဟာလပ်ကို လှမ်းကြည့်လိုက်ရာ၊ အပြောကျယ်သော ပင်လယ်ကြီးထဲမှ  အလွန်သေးငယ်လှသော အနက်စက်ကလေးများ အများအပြားကို တွေ့မြင်ရသည်။ ထို့ကြောင့် ပို၍ စူးစူးစိုက်စိုက် စိုက်ကြည့်လိုက်ရာ ထိုအနက်စက်ကလေးများကား အခြားမဟုတ်။ ရွက်အငယ်စားတို့ လွင့်ထူထားရုံမက၊ လှော်တက်တို့ဖြင့်လည်း လှော်ခတ်ကြရသော လှေကြီးများဖြစ်နေကြောင်း သိမြင်ရတော့သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း ရင်တဒိတ်ဒိတ် ခုန်နေရာမှ သေနာပတိအာဟာလပ်ကို လှမ်းကြည့်လိုက်ရာ သေနာပတိ အာဟာလပ်က–

“ဒီလှေကြီးတွေဟာ ကျွန်တော့်မျိုးတို့ အသုံးပြုတဲ့ လှေကြီးတွေနဲ့ အတော်ကို တူတယ် အရှင်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

“ဟုတ်တယ် အာဟာလပ်။ ဒီလှေကြီးက ကျုပ်တို့ မာယာနိုင်ငံတော်က လှေကြီးတွေပါပဲ။ အဲဒီလှေကြီးတွေမှာ ဘယ်သူတွေပါလာမယ်လို့ ထင်သလဲ” ဟု မေးလိုက်ရာ၊ သေနာပတိ အာဟာလပ်က –

“ဟူးနက်ဆီး” ဟု အလန့်တကြား ဟစ်အော်လိုက်သည်။

မိမိတို့ရန်သူဟောင်း ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးနှင့် စစ်သည်တော်များ လိုက်လံလာခဲ့ချေပြီ ဟူသော အသိသည် မာယာဘုရင်ဘာလမ်းနှင့် သေနာပတိ အာဟာလပ်တို့၏ သွေးကို လှုပ်ရှားတက်ကြွသွားစေသည်။

www.burmeseclassic.com


မာယာဘုရင်ဘာလမ်းက –

"အချက်ပြမီးကို ညှိလိုက်" ဟု ချက်ချင်း အမိန့်ပေးလိုက် သေနာပတိ အာဟာလပ်က နတ်ဘုရားကျောင်းတော်ထိပ် တစ်နေရာ၌ အသင့်စုပုံထားသော ထင်းတုံးရှိရာသို့ အမြန်ပြေးသွားသည်။ ထို့နောက် မီးတုတ်တစ်တုတ်ကို ဆွဲယူပြီး ထင်းပုံထဲသို့ ပစ်ထည့်လိုက်ရာ၊ အချက်ပြ မီးပုံကြီးသည် ချက်ချင်းပင် မီးတဟုန်းဟုန်း တောက်သွားတော့သည်။

ထို့နောက်တွင်ကား အချက်ပေးခရုသင်းသံတို့ ဆူညံသွားတော့သည်။ မာယာစစ်သည်တော်အပေါင်းလည်း မိမိတာဝန်ကျသည့်နေရာသို့ အမြန်ဆုံး ပြေးသွားကြတော့သည်။

မာယာဘုရင် ဘာလမ်းလည်း ဆောင်ရွက်စရာ ကိစ္စအဝဝတို့ကို အဆက်မပြတ် ညွှန်ကြားအမိန့်ပေးပြီးနောက် ကြောက်လန့်တကြား ပြေးလွှား လှုပ်ရှားနေကြသော လူများကို လှမ်းကြည့်လိုက်သည်။

ထို့နောက် မိမိတို့ ကိုင်စွဲထားသော လက်နက်တို့နှင့် မနှိုင်းယှဉ်သာအောင် ပိုမိုကောင်းမွန်သည့် ကြေးလက်နက်၊ ကြေးဓားတို့ကို ကိုင်စွဲကြသော ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင် ဟူးနက်ဆီးနှင့် စစ်သည်တော်တို့ကို သယ် ဆောင်လာသည့် လှေကြီးများဘက်သို့ လှမ်းကြည့်ပြီး စိတ်လေးလေးရင် မောမောနှင့် သက်ပြင်းချလိုက်ရှာသည်။

*

သေနာပတိအာဟာလပ် ထွန်းညှိလိုက်သော အချက်ပြမီးပုံကြီးမှ မီးရောင်ကို လင်းယုန်နက်တို့လူစုလည်း မိမိတို့ စခန်းချထားသော တောင်ကုန်းမြင့်ထက်မှ လှမ်းမြင်ကြရသည်။ ထို့ပြင် အဆက်မပြတ် ဆူညံစွာ မှုတ်အပ်သော ခရုသင်း သံတို့ကိုလည်း ကြားရသည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း မိမိ၏သီးသန့် တဲလေးအတွင်းမှ ဒရောသောပါး ပြေးထွက်လာခဲ့ရာ တောင်ထွတ်တစ်နေရာ၌ ရပ်တန့်ပြီး မာယာ တို့ရွာဘက်သို့လှမ်းကြည့်နေကြသော လင်းယုန်နက်နှင့် ညာလက်ရုံး အစ္စတိုင်း တို့ကို တွေ့မြင်ရသည်။ ဤတွင် မိန်းမပျို အိချယ်လည်း လင်းယုန်နက်ရှိရာသို့ ပြေးသွားပြီး အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်သော အမူအရာဖြင့် –

"ဟူးနက်ဆီး၊ ဟူးနက်ဆီး" ဟု ပြောကြားလိုက်ရာ၊ လင်းယုန်နက်က အေးတိအေးစက် အမူအရာဖြင့် လှမ်းကြည့်လိုက်ပြီး ဦးခေါင်းကို အသာ ယမ်းလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"လင်းယုန်နက်၊ ရှင်သွားရမယ်။ သူတို့ကို သွားပြီး ကူညီရမယ်" ဟု ပြောကြားတောင်းပန်ရာ လင်းယုန်နက်က –

"ကျုပ်မသွားနိုင်ဘူး" ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ကျေးဇူးပြုပြီး ရှင် သွားကူညီပါရှင်။ ကြေးလက်နက်၊ ကြေးဓား တို့ကို ကိုင်စွဲကြတဲ့ ကျူးကျော် နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးရဲ့ စစ်သည် တော်တွေကို ဘာလမ်းတို့တစ်တွေ ဘယ်လိုမှ မခုခံ မတွန်းလှန်နိုင်ပါဘူး။ ကျူးကျော်နယ်ချဲ့ရေးသမားတွေရဲ့ လက်နက်နဲ့ ဘာလမ်းတို့အားလုံး သေဆုံး ရပါတော့မယ်" ဟု ထပ်မံပြောကြားတောင်းပန်ရာ လင်းယုန်နက်က –

"ကျူးကျော်နယ်ချဲ့ရေးသမားတွေရဲ့ လက်ချက်နဲ့ ဘာလမ်း သေဖို့ ကြုံနေပြီပဲ။ သေပေါ့" ဟု ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်က –

"ဒီ ကျူးကျော်နယ်ချဲ့ရေးသမားတွေဟာ အခုဆိုရင် ရှင့်ရဲ့နယ်မြေ ဒေသပေါ်ကို ရောက်ရှိလာပြီ၊ ဘာလမ်းတို့ကို တိုက်ခိုက်ချေမှုန်းပြီးရင် ရှင်တို့ ကိုလည်း တိုက်ခိုက်ချေမှုန်းမှာ သေချာပါတယ်" ဟု ပြောကြားပြန်ရာ လင်း ယုန်နက်က –

"ကျုပ်တို့ကို လာရောက်တိုက်ခိုက်တဲ့အခါကျတော့လည်း ကျုပ်တို့ ပြန်ပြီး ခုခံတိုက်ခိုက်ရတာပေါ့။ အခုအခါမှာတော့ ကျုပ်တို့အနေနဲ့ အနေသာ ကြီးပါ" ဟု ပြောကြားသည်။

ထိုအခိုက် မိန်းမပျိုအိချယ်က –

"လင်းယုန်နက်ရယ်။ ဘာလမ်းဟာ ရှင့်ရဲ့ အကူအညီကို အလွန် အမင်း လိုအပ်နေပါတယ်။ ရှင် သွားပြီး ကူညီပါလားရှင်" ဟု ပြောကြားပြန် ရာ၊ လင်းယုန်နက်က –

"ကျူးကျော်နယ်ချဲ့ရေးသမား ဟူးနက်ဆီးရဲ့ လက်ချက်နဲ့ ဘာလမ်း သေဆုံးရဖို့ ကံကြမ္မာ ဖန်လာပြီပဲ။ သူ့ဖာသာသူ သေပါစေတော့။ ဟူးနက်ဆီး ရဲ့ လက်ချက်နဲ့ အသက်မသေရင်လည်း ဘာလမ်းဟာ ကျုပ်လက်ချက်နဲ့ တစ်နေ့နေ့မှာ အသက်သေမှာ သေချာပါတယ်။ ဒီတော့ ကိုယ့်လူမျိုးကို ကိုယ် ခေါင်းဆောင်ပြီး ရန်သူကို ခုခံတိုက်ခိုက်ရင်း စစ်မြေပြင်မှာ သူရဲကောင်းလို သေရတာက သူ့အစ်ကိုတော်ဖြစ်တဲ့ ကျုပ်ရဲ့လက်ချက်နဲ့ သေရတာထက် နှိုင်း စာရင် ဘာလမ်းအဖို့ အများကြီး ကောင်းပါသေးတယ်ဟု" ပြန်ပြောလိုက် သည်။

ထိုအခါ မိန်းမပျိုအိချယ်က နာကျည်းသောအသံဖြင့် –

www.burmeseclassic.com



"သြော် ... သေရေး ရှင်ရေးလို အရေးကြီးတဲ့အခါမျိုးမှာ သွားရောက်ပြီး အကူအညီမပေးချင်တဲ့ သူများက သူ့ကိုယ်သူ ဘာလမ်းရဲ့ အစ်ကို တော်တဲ့။ ဟုတ် ... ဟုတ်သေးတော့" ဟု ပြောကြားလိုက်ရာ၊ လင်းယုန်နက်က

"ဟုတ်တယ်။ ကျုပ်ဟာ ဘာလမ်းရဲ့ အစ်ကိုတော်ပါပဲ။ ဒါပေမဲ့ ဘာလမ်းကို အကူအညီ ပေးချင်မှ ပေးမှာပေါ့" ဟု ပြောကြားပြီး မာယာတို့ ရွာလေးရှိရာ ပင်လယ်ကမ်းစပ်နှင့် တဖြည်းဖြည်း နီးလာသော လှေကြီးများကို မိန်းမပျိုအိချယ်နှင့်အတူ လှမ်းကြည့်နေသည်။

◈

www.burmeseclassic.com

၂၀

## အရေးကြီးပြီ သွေးစည်းကြစို့

မာယာဘုရင်ဘာလမ်း၏ စစ်သည်တော်များမှာ ဓားလှံလေးမြားနှင့် ဝေးနေသည်မှာ ကြာခဲ့ပေပြီ။ တိုက်ရေးခိုက်ရေးကို မလေ့ကျင့်ကြဘဲ နေလာခဲ့သည်မှာ ကြာခဲ့ပေပြီ။ ထို့ပြင် ပေါလဲ ရွာသူရွာသားတို့မှာလည်း ပင်လယ်တွင်း၌ အမြဲလိုလို ငါးရှာထွက်ကြသော တံငါသည်များသာဖြစ်၍ တိုက်ရေးခိုက်ရေး၌ မကျွမ်းကျင်လှပါပေ။ သို့သော် မာယာဘုရင် ဘာလမ်းနှင့် သေနာပတိအာဟာလပ်တို့သည် သေရေးရှင်ရေး အရေးကြီးဖြစ်ရကား မိမိတို့ ရန်သူကို အဆင့်ဆင့် ခုခံတွန်းလှန်ရန် အမျိုးမျိုး စီမံထားကြသည်။

ပင်လယ်သောင်ကမ်းစပ်သို့ ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူး နက်ဆီးနှင့် စစ်သည်တော်တို့၏ လှေကြီးများ ဆိုက်ကပ်ပြီး၍ ကုန်းပေါ်သို့ ခြေချသည်နှင့် တစ်ပြိုင်နက် မာယာဘုရင်ဘာလမ်းတို့၏ ရှေ့တန်းစစ်သည်များက ဝင်ရောက်တိုက်ခိုက်ကြသည်။ သို့သော် လက်နက်ချင်း လူအင်အားချင်း အဆမတန် ကွာလွန်းလှသည့်အတွက် မကြာမီ အရေးရှုံးနိမ့်ကာ ဆုတ်ခွာလာခဲ့ရသည်။

ဤသို့ဖြင့် ရှေ့တန်းစစ်သည်များသည် တစ်ဆင့်ပြီးတစ်ဆင့် နောက်သို့ ဆုတ်ခွာလာခဲ့ကြရာ၊ နောက်ဆုံး၌ ရွာစည်းရိုးတံတိုင်းအနားသို့ပင် ရောက်လာခဲ့သည်။ ထိုအခါ ရွာတွင်းရှိ မာယာစစ်သည်တော်များလည်း အသင့်ပြင်ထားသော လောက်လွှဲလေးကြီးများတွင် ကျောက်တုံးကြီးများထည့်ပြီး ပစ်ခတ်

ကြရာ၊ အရေးရှုံးနိမ့်နေသော မာယာစစ်သည်တော်တို့နောက်သို့ ထက်ချပ်မကွာ လိုက်လံလာကြသော ဘုရင်ဟူးနက်ဆီး၏ စစ်သည်အမြောက်အမြား ဒဏ်ရာရသွားကြသည်။ သို့သော် ဘုရင်ဟူးနက်ဆီး၏ စစ်သည်များတို့ လုံးဝရပ်နားသွားအောင် မတားဆီးနိုင်ကြပေ။ ဘုရင်ဟူးနက်ဆီး၏ စစ်သည်များသည် ရှေ့သို့ အတင်းချီတက်လာရာ၊ မာယာဘုရင်ဘာလမ်း၏ စစ်သည်တော်များမှာ နောက်သို့ ဆုတ်မြဲဆုတ်ပေးကြရသည်။

မာယာဘုရင်ဘာလမ်းလည်း ရှေ့တန်းစစ်သည်တော်များကို ခေါင်း ဆောင်ပြီး ခုခံတိုက်ခိုက်နေရာမှ ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင် ဟူးနက်ဆီးကို မျက်ခြည်မပြတ် ကြည့်နေသည်။ ဘုရင်ဟူးနက်ဆီးနှင့် ရင်ဆိုင်တိုက်ခိုက်ခွင့်ရအောင်လည်း ကြိုးစားနေသည်။ သို့သော် ဘုရင်ဟူးနက်ဆီးကို သုံးကြိမ်မျှသာ ရိပ်ခနဲ မြင်လိုက်ရသည်။ လူချင်း ပက်ပင်းတွေ့ဆုံခွင့်ကား မရခဲ့သေးပေ။ ဘုရင်ဟူးနက်ဆီးကို သုံးကြိမ်မျှ ရိပ်ခနဲ မြင်လိုက်ရစဉ်က ဘုရင် ဟူးနက်ဆီး၏ မျက်နှာမှာ အပြုံးကြီး ပြုံးနေရာ၊ မာယာဘုရင်ဘာလမ်းလည်း ကျိတ်မနိုင်ခဲမရဖြစ်ပြီး အပြင်းအထန် ဒေါသအမျက် ထွက်နေမိသည်။

မာယာဘုရင်ဘာလမ်းနှင့် စစ်သည်တော်တို့လည်း အပြင်းအထန် ခုခံတိုက်ခိုက်ရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးလာခဲ့ရာ၊ ဘုရင် ဟူးနက်ဆီး၏ စစ်သည်များသည် ရွာအတွင်းသို့ပင် ချဉ်းနင်း ဝင်ရောက်လာခဲ့ပေပြီ။ မာယာဘုရင်ဘာလမ်းနှင့် စစ်သည်များလည်း တဖြည်းဖြည်း ဆုတ်ခံ ခံလာခဲ့ရာ၊ နောက်ဆုံး၌ နတ်ဘုရားကျောင်းတော်ကြီးအနီးသို့ ရောက်လာခဲ့ကြသည်။

မာယာလူမျိုးအများအပြားမှာ ရန်သူဘေးမှ လွတ်မြောက်လို လွတ်မြောက်ငြား မျှော်လင့်ချက်ထားပြီး နတ်ဘုရားကျောင်းတော်ထိပ် အထက်ပစ္စယံသို့ အလုအယက် တက်နေကြလေသည်။ ထို့ကြောင့် မာယာဘုရင်ဘာလမ်းနှင့် စစ်သည်တော်များလည်း နတ်ဘုရားကျောင်းတော်ခြေရင်းတွင် ကြံ့ကြံ့ခံပြီး အပြင်းအထန် ခုခံတိုက်ခိုက်ကြရတော့သည်။ သို့သော် ဘုရင် ဟူးနက်ဆီး၏ စစ်သည်များကို အကြာအရှည် မခုခံနိုင်ကြရကား အောက်ပစ္စယံ၊ အလယ်ပစ္စယံ၊ အထက်ပစ္စယံ စသည်ဖြင့် တဖြည်းဖြည်း ဆုတ်ခွာပေးရသည်။

ထိုအခါ ဘုရင်ဟူးနက်ဆီး၏ စစ်သည်များလည်း နတ်ဘုရားကျောင်းတော်ထိပ်အထိ လိုက်လံတိုက်ခိုက်ရန် ကြိုးစားကြရာ၊ သေနာပတိအာဟာလပ်လည်း နတ်ဘုရားကျောင်းတော်ထိပ်ရှိ သစ်တုံးကြီးများကို သယ်မပြီး ဘုရင်ဟူးနက်ဆီး၏စစ်သည်များပေါ်သို့ ပစ်ချစေရာ၊ လှေကားကြီးအတိုင်း အထက်သို့ တက်လာကြသော ဘုရင်ဟူးနက်ဆီး၏ စစ်သည် အမြောက်အမြားပင် ဒဏ်ရာ အပြင်းအထန် ရသွားကြသည်။ ဖရိုဖရဲ ကစဥ့်ကလျား

ဖြစ်ကုန်ကြသည်။ သို့သော် ဘုရင်ဟူးနက်ဆီးလည်း စစ်သည်များကို ချက်ချင်း ပြန်လည်စုစည်းပြီး နတ်ဘုရားကျောင်းတော်ထိပ်သို့ စတင်ချီတက်လာသည်။

ထိုအခါ ထပ်မံပစ်ချရန် သစ်တုံးကြီးများ မရှိရကား သေနာပတိ အာဟာလပ်လည်း နတ်ဘုရားကျောင်းတော်တွင် တပ်ဆင်ထားသော အလှ အပ အဆင်တန်ဆာ လက်ရာများဖြစ်သည့် ကျောက်ရုပ်ဖောင်းရုပ်ကြွတို့ကို ဖြုတ်ယူစေပြီး ပစ်ချစေပြန်ရာ ဘုရင်ဟူးနက်ဆီး၏ စစ်သည်အမြောက်အမြား ထပ်မံ၍ ဒဏ်ရာ အပြင်းအထန် ရသွားကြပြန်သည်။ ဖရိုဖရဲ ကစဉ့်ကလျား ဖြစ်သွားကြပြန်သည်။ သို့သော် ဘုရင်ဟူးနက်ဆီးလည်း စစ်သည်များကို ချက်ချင်း ပြန်လည်စုစည်းပြီး နတ်ဘုရားကျောင်းတော်ထိပ်သို့ ထပ်မံချီတက် လာပြန်သည်။

ထိုအခါ သေနာပတိ အာဟာလပ်လည်း အချက်ပြမီးပုံတွင် ဆိုက်ထားသော မီးတရဲရဲ စွဲနေသည့် ထင်းတုံးကြီးများကို ယူပြီး ပစ်ချခိုင်းပြန်ရာ၊ မာယာစစ်သည်များလည်း လက်အပူလောင်မည်ကို လုံးဝအမှုမထားဘဲ မီးတရဲရဲစွဲနေသည့် ထင်းထုံးကြီးများကို သူ့ထက်ငါ ကောက်ယူပြီး ဘုရင်ဟူး နက်ဆီး၏ စစ်သည်များပေါ်သို့ ပစ်ချကြပြန်သည်။ ထို့အခါ ဘုရင်ဟူးနက် ဆီး၏ စစ်သည်အမြောက်အမြား ထပ်မံ၍ ဒဏ်ရာအပြင်းအထန် ရသွားကြပြန် သည်။ ဖရိုဖရဲ ကစဉ့်ကလျား ဖြစ်သွားကြပြန်သည်။ သို့သော် ဘုရင်ဟူးနက် ဆီးသည် စစ်သည်များကို ချက်ချင်းပြန်လည်စုစည်းပြီး နတ်ဘုရားကျောင်း တော်ထိပ်သို့ ထပ်မံတက်ရန် စီမံပြန်တော့သည်။

ထိုအခိုက်တွင် မီးတဟုန်းဟုန်းလောင်ကာ ပျက်စီးနေသော ရွာ နောက်ဘက်မှ ထူးဆန်းသော ဟစ်အော်ကြွေးကြော်သံကြီးပေါ်ထွက်လာရာ နတ်ဘုရားကျောင်းတော်ထိပ်တွင် စိတ်ပျက်လက်ပျက် ရပ်နေသော မာယာ ဘုရင်ဘာလမ်းလည်း ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် ဝမ်းသာ အားရ ဟစ်အော်ပြီး သေနာပတိ အာဟာလပ်ကို လှမ်းခေါ်ကာ လက်ညှိုးညွှန် ပြရင်း နတ်ဘုရားကျောင်းတော်ကြီးပေါ်သို့ ချီတက်တိုက်ခိုက်ရန် စုရုံးနေကြ သော ဘုရင်ဟူးနက်ဆီး၏ စစ်သည်များ၏ နောက်ဘက်သို့ လှမ်းမျှော်ကြည့် လိုက်သည်။

ကြောက်စရာကောင်းလှသည့် စစ်ကြွေးကြော်သံတို့ကို သံကုန်ကြွေး ကြော်ရင်း တဟုန်ထိုး ချီတက်လာသူများကား လင်းယုန်နက် ဦးဆောင်သည့် တိုင်းရင်းသား စစ်သည်တို့ ဖြစ်ကြသည်တကား။

*

BURMESE CLASSIC .com

မာယာဘုရင်ဘာလမ်း လှမ်းမျှော်ကြည့်နေခိုက်တွင် လင်းယုန်နက်နှင့် နောက်လိုက်နောက်ပါ မြောက်မြားစွာသော တိုင်းရင်းသားစစ်သည်အပေါင်းတို့သည် ကျူးကျော် နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီး၏ စစ်သည်များကို နောက်ဘက်မှ အပြင်းအထန် ဝင်ရောက်တိုက်ခိုက်နေကြသည်ကို တွေ့မြင်ရသည်။

လင်းယုန်နက်သည် မိမိတိုင်းရင်းသားစစ်သည်များကို ခေါင်းဆောင်ပြီး ရှေ့တန်းမှ ရှုပ်ရှုပ်ချွံချွံ ရဲရဲရင့်ရင့် တိုက်ခိုက်နေသည်။ လင်းယုန်နက်က ကျောက်တင်းပုတ်ကြီးကို လွှဲလွှဲပြီး တိုက်ခိုက်တိုင်း ဘုရင်ဟူးနက်ဆီး၏ စစ် သည်များ အတုံးအရုံး ကျဆုံးသွားသည်ကိုလည်း မြင်နေရသည်။

ဤသို့ လင်းယုန်နက် ဦးဆောင်သော တိုင်းရင်းသားစစ်သည် အမြောက်အမြားတို့ အလုံးအရင်းနှင့် ဝင်ရောက်လာပြီး ကူညီတိုက်ခိုက်ပေးနေသည်ကို မြင်ကြရသောအခါ နတ်ဘုရားကျောင်းတော်ထိပ်ရှိ မာယာလူမျိုးအပေါင်းတို့လည်း အတိုင်းမသိ ဝမ်းမြောက်ကာ တစ်ခနက် ဟစ်အော်ကြွေးကြော်လိုက်ကြသည်။ ထို့နောက် ဟူးနက်ဆီး၏ စစ်သည်များကို တိုက်ခိုက်တွန်းလှန်ရန်အတွက် နတ်ဘုရားကျောင်းတော်ထိပ် အထက်ပစ္စယံမှ တဟုန်ထိုး အောက်သို့ ဆင်းသက်လာကြသည်။

ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးနှင့် စစ်သည်များမှာ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခြင်းကို ခံနေကြရပေပြီ။ သို့သော် စိတ်ဓာတ် လုံးဝ မကျဘဲ စစ်မျက်နှာ နှစ်ဖက်ဖွင့်၍ ပြန်လည်တိုက်ခိုက်နေကြသည်။

မာယာဘုရင်ဘာလမ်းလည်း သေနာပတိ အာဟာလပ်နှင့်အတူ မာယာစစ်သည်တော်တို့ကို ဦးဆောင်ပြီး ရန်သူတို့ကို အပြင်းအထန် တိုက်ခိုက်နေရာမှ ဘုရင်ဟူးနက်ဆီးကို မျက်ခြည်မပျက် ကြည့်နေသည်။ ဘုရင်ဟူးနက်ဆီးနှင့် ရင်ဆိုင်တိုက်ခိုက်ခွင့် ရအောင်လည်း ကြိုးစားအားထုတ်နေသည်။ နောက်ဆုံးတွင်မူ မာယာဘုရင်ဘာလမ်းလည်း ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးနှင့် အလယ်ပစ္စယံတစ်နေရာ၌ မျက်နှာချင်းဆိုင် ရင်ဆိုင်တိုက် ခိုက်ခွင့်ကို ရရှိခဲ့တော့သည်။

ဘုရင်ဟူးနက်ဆီးမှာ ကြေးဓားကြီးကို ကိုင်စွဲထားပြီး ကြေးချပ်ဝတ်တန်ဆာကို ဆင်မြန်းထားသည်။ မိမိရှိရာသို့ မာယာဘုရင်ဘာလမ်း အတင်းဝင်ရောက်လာပြီး ကျောက်ဓားကြီးဖြင့် အပြင်းအထန် တိုက်ခိုက်လာသောအခါ ဘုရင်ဟူးနက်ဆီးလည်း မထီလေးစားပြုံးပြီး စိတ်မပေါ့တပါ အမူအရာမျိုးဖြင့် ပြန်လှန်တိုက်ခိုက်နေသည်။

မာယာဘုရင်ဘာလမ်းလည်း ကျောက်ဓားကြီးဖြင့် သွက်လက်ဖျတ်လတ်စွာ အစွမ်းကုန်တိုက်ခိုက်နေရာ ဘုရင်ဟူးနက်ဆီး၏ ကိုယ်၌ ဓားချက်

www.burmeseclassic.com



အမြောက်အမြား မိအောင် တိုက်ခိုက်နိုင်ခဲ့သည်။ သို့သော် ဘုရင်ဟူးနက်ဆီးမှာ ကြေးချပ်ဝတ်တန်ဆာကို ဆင်မြန်းထားသည့်အတွက် မာယာဘုရင်ဘာလမ်း ၏ ဓားချက်များမှာ ဘုရင်ဟူးနက်ဆီး၏ ကြေးချပ်တန်ဆာ၌ ခြစ်ရာအရေး အကြောင်းများ ထင်ရှားလောက်သာ ထိရောက်နေပေတော့သည်။

ထိုအခိုက်တွင် စိတ်မပါလက်မပါ အမူအရာမျိုးဖြင့် မထီလေးစား ကျီစယ်နေရာမှ ဘုရင်ဟူးနက်ဆီးလည်း အားပါးတရ ပြုံးရယ်ပြီး မာယာဘုရင် ဘာလမ်းကို စတင်၍ ဖိဖိစီးစီး တိုက်ခိုက်တော့သည်။ ထိုအခါ မာယာဘုရင် ဘာလမ်း၏ ကျောက်ဓားကြီးမှာ ဘုရင်ဟူးနက်ဆီး၏ ကြေးဓားကြီးနှင့် ထိမိ လေတိုင်း ပဲ့ပဲ့ထွက်ကုန်တော့သည်။ ထို့အတူ မာယာဘုရင် ဘာလမ်း ကိုင်စွဲ ထားသော ဒိုင်းကြီးမှာလည်း ဘုရင်ဟူးနက်ဆီး၏ ဓားချက်မိကာ အစိတ်စိတ် အမွှာမွှာ ကွဲလာတော့သည်။

ထိုအခိုက်တွင် ဘုရင်ဟူးနက်ဆီးက အတင်းဖိတိုက်သဖြင့် မာယာ ဘုရင်ဘာလမ်းလည်း နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးရသည်။ ထိုသို့ နောက်သို့ အဆုတ်တွင် မာယာဘုရင်သည် လဲကျသေဆုံးနေသော ရန်သူစစ် သည်တစ်ဦးနှင့် တိုက်မိသွားရာမှ အမှတ်မထင် လှမ်းကြည့်လိုက်မိသည်။ ထိုအခါ လဲကျသေဆုံးနေသော ရန်သူစစ်သည်၏ လက်တွင် ကြေးဓားကြီး တစ်လက် ကိုင်ထားသည်ကို တွေ့မြင်လိုက်ရာ၊ မာယာဘုရင်ဘာလမ်းလည်း ဘုရင်ဟူးနက်ဆီး၏ ဓားချက်ကို ဒိုင်းဖြင့် မြှောက်ပြီး ကာကွယ်ရင်း ဆတ်ခနဲ ငုံ့ထိုင်ကာ ထိုကြေးဓားကြီးကို ကောက်ယူရန် ကြိုးစားလိုက်သည်။

ထိုအခါ ဘုရင်ဟူးနက်ဆီးလည်း မာယာဘုရင်ဘာလမ်း၏ ရည် ရွယ်ချက်ကို ရိပ်စားမိဟန်ဖြင့် ရှေ့သို့ ဖျတ်ခနဲ တိုးပြီး ထိုကြေးဓားကြီးကို မိမိဓားဦးဖြင့် အောက်သို့ ကော်ပစ်လိုက်သည်။ ထိုအခါ မာယာဘုရင်ဘာလမ်း လည်း စိတ်ပျက်လက်ပျက်နှင့် မော့ကြည့်လိုက်ရာ ဘုရင်ဟူးနက်ဆီး၏ ပြုံး စေ့စေ့ မျက်နှာကြီးကို တွေ့မြင်လိုက်ရသည်။ ဤတွင် မာယာဘုရင် ဘာလမ်း လည်း ဆတ်ခနဲ ထကာ ဘုရင်ဟူးနက်ဆီး၏ ဓားချက်တို့ကို ဒိုင်းကြီးဖြင့် ကာရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးလိုက်သည်။

*

ထိုအခိုက်တွင် လင်းယုန်နက်နှင့် ညာလက်ရုံး အစွတိုင်းတို့သည် တိုင်းရင်း သား စစ်သည်တို့ကို ဦးဆောင်ပြီး ဘုရင်ဟူးနက်ဆီး၏ စစ်သည်များကို တိုက် ခိုက်နှိမ်နင်းကာ အပြင်းချီတက်လာရာ၊ နတ်ဘုရားကျောင်းတော်ကြီး ခြေရင်းသို့ ရောက်လာခဲ့ကြသည်။ လင်းယုန်နက်သည် ဘုရင်ဟူးနက်ဆီး၏ စစ်သည် တစ်ဦး အလောင်းနံပါးတွင် ကြေးဓားကြီးတစ်လက်ကို ရုတ်တရက် တွေ့မြင်ရ

www.burmeseclassic.com


လေရာ လင်းယုန်နက်လည်း ဆတ်ခနဲ ကောက်ယူကာ၊ ထိုကြေးစားကြီးကို ပင့်မြှောက်ပြီး ဘုရင်ဟူးနက်ဆီး၏ စစ်သည်များကို အတင်းဝင်ရောက် တိုက်ခိုက်တော့သည်။

ထိုသို့ တိုက်ခိုက်နေရာမှ အပေါ်သို့ မော့ကြည့်လိုက်ရာ၊ နတ်ဘုရားကျောင်းတော် အလယ်ပစ္စယံအမြင့်၌ မာယာဘုရင်ဘာလမ်းနှင့် လူထွားကြီးတစ်ဦးတို့ သဲကြီးမဲကြီး အပြင်းအထန် တိုက်ခိုက်နေသည်ကို မြင်ရသည်။ လူထွားကြီး၏ လက်ချက်ကြောင့် မာယာဘုရင်ဘာလမ်း၏ ဒိုင်းမှာ အစိတ်စိတ် အမြွှာမြွှာကွဲနေပြီး၊ မာယာဘုရင် ဘာလမ်းလည်း နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးနေရသည်ကိုလည်း မြင်ရသည်။

လင်းယုန်နက် လှမ်းကြည့်နေခိုက်တွင် မာယာဘုရင်ဘာလမ်းသည် ကျောက်လုံးတုံးကြီးတစ်ချောင်းကို ကောက်ယူပြီး ထိုလူထွားကြီးကို တိုက်ခိုက်နေသည်။ သို့သော် ထိုကျောက်လုံးကြီးမှာ လူထွားကြီး၏ဓားနှင့် ထိလေတိုင်း ကျောက်သားများ အလွှာလွှာ ပဲ့ထွက်ကုန်သည်ကိုလည်း မြင်ရသည်။

ထိုအခါ လင်းယုန်နက်လည်း မာယာဘုရင် ဘာလမ်းကို ကူညီရန် အတွက် ပတ်ပတ်လည်ရှိ ရန်သူစစ်သားများကို အပြင်းအထန် တိုက်ခိုက်ဖယ်ရှားပြီး အလယ်ပစ္စယံထက်သို့ တက်ရန် ကြိုးစားသည်။ သို့သော် ဘုရင်ဟူးနက်ဆီး၏ စစ်သည်များက အပြင်းအထန် ခုခံတိုက်ခိုက် ကာဆီးနေသောကြောင့် ရှေ့သို့မတိုးသာဘဲ ဖြစ်နေသည်။

ထိုအခိုက်တွင် လင်းယုန်နက်သည် 'မာယာဘုရင်ဘာလမ်းနှင့် အပြင်းအထန် တိုက်ခိုက်သော လူထွားကြီးမှာ ဘုရင်ဟူးနက်ဆီးဖြစ်ပြီး ဤ အတိုင်းသာ ဆက်လက်တိုက်ခိုက်ပါက မိမိညီတော် ကျဆုံးတော့မည်' ဟု အလိုလို သိရှိသွားပြီး၊ မာယာဘုရင်ဘာလမ်းအတွက် အလွန်အမင်း စိုးရိမ်ကြောင့်ကြနေပေသည်။ ထို့ကြောင့် နတ်ဘုရားကျောင်းတော်ကြီးခြေရင်းမှ အလယ်ပစ္စယံအမြင့်သို့ မော့ကြည့်ရင်း –

"ဘာလမ်း ... ဘာလမ်း" ဟု တကြော်ကြော် လှမ်းခေါ်လိုက်သည်။

သို့သော် မာယာဘုရင် ဘာလမ်းကား လင်းယုန်နက်၏ လှမ်းခေါ်သံကို လုံးဝမကြားဘဲ ဘုရင်ဟူးနက်ဆီး၏ ဓားချက်တို့ကို အကြောက်အကန် ခုခံရှောင်တိမ်းရင်း နောက်ဘက်သို့ ဆုတ်ပြီးပေးရင်း ဆုတ်နေရှာသည်။ ထို့ ကြောင့် လင်းယုန်နက်လည်း ရှေးယခင်ကထက် ပို၍ အားစိုက်ကာ –

"ဘာလမ်း။ ဘာလမ်း" ဟု တအားကုန် ကုန်းပြီးအော်ခေါ်လိုက်ရာ၊ ထိုအခါမှ မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက် အော်ခေါ်သံကို ကြားသွားဟန်ဖြင့် ဖျတ်ခနဲ ငုံ့ကြည့်လိုက်သည်။

ထိုအခါ လင်းယုန်နက်လည်း မိမိလက်တွင်း၌ ကိုင်ထားသော ကြေးဓားကြီးကို မာယာဘုရင်ဘာလမ်းထံသို့ လှမ်းပြီး ပစ်တင်ပေးလိုက်ရာ မာယာဘုရင်ဘာလမ်းလည်း မိမိအပါးသို့ မြောက်တက်လာသော ကြေးဓားကြီး၏ ဓားရိုးကို ဖျတ်လတ်သွက်လက်ကျွမ်းကျင်စွာ ဖမ်းယူလိုက်သည်။

*

မိမိလက်တွင်းသို့ မိမိအလိုရှိနေသော ကြေးဓားကြီး ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် မာယာဘုရင် ဘာလမ်းလည်း အားသစ်မာန်သစ်တို့ ဝင်လာတော့သည်။ မျှော်လင့်ချက်အသစ်လည်း ပေါ်လာတော့သည်။ မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်ရှိရာသို့ ငုံ့ကြည့်မနေအားဘဲ လက်တွင်းရှိ ကျောက်ဓားကြီးနှင့် ဒိုင်းစုတ်ကြီးကို အဝေးသို့ လွှင့်ပစ်လိုက်ပြီး၊ မိမိကို အတင်းဝင်ရောက် တိုက်ခိုက်နေသော ဘုရင်ဟူးနက်ဆီးအား မိမိလက်တွင်းရှိ ကြေးဓားကြီးဖြင့် ရဲရဲဝံ့ဝံ့ ပြန်လည်တွန်းလှန်လိုက်တော့သည်။

ထို့နောက်တွင်ကား ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံးတိုက်ပွဲကြီး စတင် ပေတော့သည်။ ဘုရင်ဟူးနက်ဆီးနှင့် မာယာဘုရင်ဘာလမ်းလည်း သူသေကိုယ်သေ သဲကြီးမဲကြီး တိုက်ခိုက်ကြလေရာ၊ နှစ်ဖက်စလုံးမှ စစ်သည်အပေါင်းတို့လည်း တိုက်ခိုက်ရမည့်အရေးကို မေ့လျော့သွားကြပြီး ဘုရင်ဟူးနက်ဆီးနှင့် မာယာဘုရင်ဘာလမ်းတို့၏ တိုက်ပွဲကြီးကို ညှို့သက်မိသွားကြသည့်အလား ငေးမောကြည့်ရှုနေကြတော့သည်။

နှစ်ဦးချင်းတိုက်ပွဲ ကြာမြင့်လာသည်နှင့်အမျှ ကြေးဓားကြီးကို ကိုင်နေမကျသော မာယာဘုရင် ဘာလမ်း၏ လက်မောင်းတို့မှာ ညောင်းညာကိုက်ခဲလာပြီး ဓားချက်တို့ နှေးကွေးလေးလံလာတော့သည်။ ထိုအခိုက်တွင် ကြေးဓား ကြီးကို ကိုင်နေကျဖြစ်သော ဘုရင်ဟူးနက်ဆီး၏ ဓားချက်တို့မှာ ယခင်အတိုင်း သွက်လက်ဖျတ်လတ်ပြီး လျင်မြန်နေပေသည်။ ထို့ကြောင့် မာယာဘုရင်ဘာ လမ်းလည်း အလယ်ပစ္စယံထက်မှ အောက်သို့လှေကားတစ်ထစ် ခုန်ဆင်းပြီး ဆုတ်ပေးရတော့သည်။ ထိုအခါ ဘုရင်ဟူးနက်ဆီးလည်း အားပါးတရ ပြုံးရယ် ပြီး မာယာဘုရင် ဘာလမ်းနောက်သို့ ထက်ချပ်မကွာ လိုက်လံတိုက်ခိုက်ပြန် သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းလည်း မာန်အပြည့်သွင်းကာ မိမိတတ်မြောက်ထားသော ဓားရေးအရာ၌ အဆင့်အမြင့်ဆုံးဖြစ်သည့် 'ဓားစကြာ' တိုက်ခိုက်နည်းကို အသုံးပြုရာ၊ ဘုရင်ဟူးနက်ဆီးလည်း တဝီဝီ မြည်ကာ အဆက်မပြတ်ကျရောက်သော ဓားချက်တို့ကို အပြင်းအထန် ခုခံကာကွယ်ခိုက်တွင် ဘုရင်ဟူးနက်ဆီးသည် လက်မောင်းကိုပင့်မြှောက်ပြီး ကာကွယ်

www.burmeseclassic.com


ရသည်ဖြစ်ရာ၊ အောက်ချပ်ကြိုးပြတ်သည့်နေရာ၌ နံစပ်အသား လက်လေးသစ်ခန့် ပေါ်ပေါ်သွားတတ်ပေသည်။ မာယာဘုရင်ဘာလမ်းလည်း ထိုဟာကွက်ကို သတိပြု တွေ့မြင်သွားပြီး၊ ဘုရင်ဟူးနက်ဆီးက လက်မောင်းကို ပင့်မြှောက်ပြီး မိမိဓားချက်ကို ကာကွယ်ခိုက်တွင် ဂျိုင်းအောက်ချပ်ကြိုးပြတ်သည့် နေရာသို့ ကြေးဓားကြီးဖြင့် ဖျတ်ခနဲ ထိုးထည့်လိုက်သည်။

ထိုအခါ ကြေးချပ်ဝတ်တန်ဆာကြီးကို ဝတ်ဆင်ထားသည့်အတွက် ရန်သူ၏ဓားချက်ကို လုံးဝမစိုးရိမ်သော ဘုရင်ဟူးနက်ဆီးလည်း ဂျိုင်းကြားမှ ရင်ညွန့်တိုင်အောင် စိုက်ဝင်လာသော မာယာဘုရင်၏ ဓားချက်ကြောင့် အသံနက်ကြီးဖြင့် တအားကုန် ဟစ်အော်ရင်း ကျောက်လှေကားထစ်ပေါ်သို့ လဲကျသွားတော့သည်။ ဘုရင်ဟူးနက်ဆီးလည်း မျက်လုံးအပြူးသားနှင့် သေအံ့မူးမူး တစ်ချက်လူးလွန့်လိုက်ရာ၊ ကျောက်လှေကားထစ်ထက်မှ နတ်ဘုရားကျောင်းတော်ကြီး ခြေရင်းသို့တိုင်အောင် တလိမ့်လိမ့်နှင့် လိမ့်ကျသွားတော့သည်။

*

ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးကား မာယာဘုရင်ဘာလမ်း၏ ဓားချက်ဖြင့် နတ်ဘုရားကျောင်းတော်ကြီး ခြေရင်းတွင် အသက်ကုန်ဆုံးသွားခဲ့ပေပြီ။

ဘုရင်ဟူးနက်ဆီးကျဆုံးသွားသည်ကို မြင်ရသောအခါ မာယာဘုရင်ဘာလမ်းနှင့် လင်းယုန်နက်တို့၏ စစ်သည်တော်များလည်း ဝမ်းမြောက်ဝမ်းသာ တစ်ခဲနက် ဟစ်အော်ကြွေးကြော်ကြကုန်သည်။ ထိုအခိုက်တွင် ဘုရင်ဟူးနက်ဆီး၏ နောက်လိုက်နောက်ပါ စစ်သည်များလည်း စိတ်ဓာတ်ပျက်ပြားပြီး ခြေဦးတည့်ရာ ထွက်ပြေးကြရာ၊ မာယာဘုရင်ဘာလမ်းနှင့် လင်းယုန်နက်တို့၏ စစ်သည်တော်များလည်း နောက်မှ ထပ်ချက်မကွာ လိုက်လံတိုက်ခိုက် ချေမှုန်းပစ်လိုက်ကြသည်။

မာယာဘုရင်ဘာလမ်းလည်း အောင်ပွဲရသည့်အတွက် ဆူညံစွာ ဟစ်အော်ကြွေးကြော်နေကြသော အသံတို့ကို နားထောင်ရင်း အလယ်ပစ္စယံထက်၌ ခြေပစ်လက်ပစ် ထိုင်ကာ အမောဖြေနေလိုက်သည်။

ထိုအခိုက်တွင် နတ်ဘုရားကျောင်းတော်ပေါ်သို့ တက်လာသော ခြေသံကို ကြားရသဖြင့် လှမ်းကြည့်လိုက်ရာ လင်းယုန်နက်ကို ပွေ့ချီလာကြသော အစ္စတိုင်းနှင့် ကွာဟာဒီတို့ကို တွေ့မြင်ရသည်။ အစ္စတိုင်းနှင့် ကွာဟာဒီတို့လည်း လင်းယုန်နက်ကို နတ်ဘုရားကျောင်းတော်ထိပ် အထက်ပစ္စယံအမြင့်သို့တိုင်အောင် သယ်မသွားကြရာ၊ မာယာဘုရင်ဘာလမ်းလည်း ထိုင်ရာမှ ဖျတ်ခနဲ ထပြီး ဒရောသောပါး လိုက်ပါသွားတော့သည်။

အစ္စတိုင်းနှင့် ကွာဟာဒီတို့လည်း လင်းယုန်နက်ကို နတ်ဘုရားကျောင်းတော်ထိပ်တွင် ညင်ညင်သာသာ ချပေးလိုက်ရာ၊ လင်းယုန်နက်လည်း အားယူပြီး မျက်စိကို ဖွင့်ကြည့်လိုက်သည်။ ထိုအခါ မိမိအပါးတွင် စိုးရိမ်ပူဆွေး သော အမူအရာဖြင့် ထိုင်နေသည့် မာယာဘုရင်ဘာလမ်းကို တွေ့မြင်ရလေရာ၊ လင်းယုန်နက်က ပြုံးပြီး –

"ကျုပ်ရဲ့ နယ်မြေဒေသကို ဟောဒီနတ်ဘုရားကျောင်းတော်ထိပ်က နေပြီး ထပ်မံကြည့်ချင်ပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းက –

"အို ... လင်းယုန်နက်။ 'နောက်တစ်ခါမှာ ကျုပ်ကို ခင်ဗျား ထပ်မံအားကိုးလို့ မရတော့ဘူး' လို့ ခင်ဗျား ပြောခဲ့တယ်နော်။ ဒါပေမဲ့ တကယ့်သေရေးရှင်ရေးကျတော့ ခင်ဗျားအသက်စွန့်ပြီး လာကူညီပါကလား" ဟု ဝမ်း နည်းသံကြီးဖြင့် ပြောကြားလိုက်ရာ လင်းယုန်နက်က –

"ဘာလမ်း ... ညီအစ်ကိုတော်များ အခန့်မသင့်တဲ့အခါမှာ ဒီလိုပြောတတ်စမြဲပါပဲ။ ဒီလိုရန်ဖြစ်ကြစမြဲပါပဲ။ ဒါပေမဲ့လေ အရေးကြီးတဲ့အခါမှာတော့ သွေးစည်းရမှာပေါ့ဗျာ။ အရေးကြီးတဲ့အခါမှာတော့ သွေးစည်းရမှာပေါ့" ဟု လေသံသဲ့သဲ့ဖြင့် ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် မာယာဘုရင်၏ မျက်လုံးအစုံတို့လည်း မျက်ရည်တို့ဖြင့် ပြည့်လျှံလာတော့သည်။ ထိုအခိုက်တွင် မိမိအပါးသို့ မိန်းမပျို အိချယ် ရောက်ရှိလာပြီး၊ လင်းယုန်နက်ရထားသော ဒဏ်ရာဒဏ်ချက်တို့ကို ကြည့်ရှုစစ်ဆေးနေသည်ကို တွေ့မြင်ရသည်။

လင်းယုန်နက်လည်း မိန်းမပျိုအိချယ်၏ပါးပြင်ကို လက်ဖြင့် အသာပွတ်ရင်း "နတ်ဒေဝီလေး။ အခု ကျုပ်ရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းအောင် အရင်တုန်းကလို မင်းမပြုစုနိုင်တော့ပါဘူး" ဟု လေသံပျော့ပျော့ဖြင့် ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုအိချယ်လည်း ရှိုက်ကြီးတငင် ငိုကြွေးပြီး လင်းယုန် နက်၏ပါးပြင်ကို မိမိ၏ပါးဖြင့် ကပ်ထားလိုက်သည်။

ထိုအခိုက်တွင် နတ်ဘုရားကျောင်းတော်ကြီး ခြေရင်းဆီမှ –

"ဘာလမ်း။ ဘာလမ်း။ အို ... ဘာလမ်း" ဟူသော တစ်ခဲနက် ဟစ်အော်သံကြီး ပေါ်ထွက်လာရာ၊ မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်နှင့် မိန်းမပျိုအိချယ်တို့ကို ငေးကြည့်နေရာမှ ခပ်ဖြည်းဖြည်း ထလိုက်ပြီး နတ်ဘုရားကျောင်းတော်ကြီး အောက်ခြေသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ထိုအခါ နတ်ဘုရားကျောင်းတော်ကြီးအောက်ခြေ၌ စုရုံးနေကြသော မာယာလူမျိုး

များနှင့် လင်းယုန်နက်၏ လူမျိုးစုများတို့ကိုလည်းကောင်း၊ သုံ့ပန်းအဖြစ် အဖမ်းခံနေရသော ဘုရင်ဟူးနက်ဆီး၏ စစ်သည်များကိုလည်းကောင်း တွေ့မြင်ရသည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်ပြီး အသံကိုမြှင့်ကာ –

"အို ... မာယာလူမျိုးအပေါင်းတို့။ ငါတို့ရဲ့ရန်သူတော် ကျူးကျော်နယ်ချဲ့ရေးသမား ဘုရင်ဟူးနက်ဆီးကား ကျဆုံးသွားခဲ့ပေပြီ။ ဒါကြောင့် ငါတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ မာယာနိုင်ငံတော်ဟောင်းကို ငါတို့တစ်တွေ ပြန်လိုက ပြန်နိုင်ပါပြီ။ ဒီလို ငါတို့ရဲ့ ရန်သူများကို ငါတို့ တိုက်ခိုက်အောင်ပန်းဆင်နိုင်ခြင်းဟာ ငါတို့တစ်တွေရဲ့ အစွမ်းကြောင့်ချည်း မဟုတ်ဘူး။ ငါတို့ရဲ့ နောင်တော်များဖြစ်တဲ့ ဒီနယ်မြေဒေသခံ တိုင်းရင်းသားလူမျိုးများရဲ့ အကူအညီ ကြောင့်လည်း ဖြစ်တယ်" ဟု မိန့်ကြားပြီး ခေတ္တရပ်နားလိုက်သည်။ ထို့နောက် ဆက်၍ –

"ငါတို့ အခုရောက်ရှိနေတဲ့ နယ်မြေဒေသဟာ အလွန်တရာ သာယာဝပြောတဲ့ ဒေသဖြစ်တယ်။ နှလုံးမွေ့လျော်ပျော်ဖွယ်ကောင်းတဲ့ ဒေသဖြစ်တယ်။ ဒီဒေသမှာ မြက်ပင်တို့ အမြဲစိမ်းစိုနေပြီး ပန်းမန်တို့ အမြဲဖူးပွင့်နေကြတယ်။ ချောင်းမြောင်းတွေဟာ အမြဲရေပြည့်နေပြီး၊ သီးနှံပင်များလည်း အလွန်ဖြစ်ထွန်းတယ်။ အခုဆိုရင် ငါတို့တစ်တွေ စိုက်ထားတဲ့ ပြောင်းပင်တွေဟာ အတော်ရှင်သန်ကြီးထွားနေကြပြီ။ ဒီဒေသမှာဆိုရင် ကောင်းကင်ဘုံနန်းက နတ်ဘုရားများကိုလည်း လူ့အသက်နဲ့ ယဇ်ပူဇော်ဖို့ မလိုဘူး။ ငါတို့တစ်တွေ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခွင့်ရကြပေတယ်။

"ဒါကြောင့် ငါတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ မာယာ နိုင်ငံတော်ဟောင်းကို ပြန်လိုက ပြန်နိုင်ကြတဲ့ ငါတို့တစ်တွေဟာ 'မာယာနိုင်ငံတော်ဟောင်းကိုပဲ ပြန်ကြမလား။ ဒီနယ်မြေဒေသသစ်မှာပဲ ဆက်လက်နေထိုင်ပြီး အခြေစိုက်ကြမလား' ဆိုတာ စဉ်းစားဆုံးဖြတ်ဖို့လိုလာပြီ။ ဒီဒေသမှာဆက်ပြီး နေကြမယ်ဆိုရင်တော့ ငါတို့ မာယာလူမျိုးတွေရဲ့ ဦးခေါင်းထက်မှာ နှစ်ပေါင်းများစွာ ဖိစီးနေတဲ့ ကောင်းကင်ဘုံနန်းက နတ်ဘုရားများကို ရည်မှန်းပြီး **လူ့အသက်နဲ့ ယဇ်ပူဇော်ခြင်းဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးဒဏ်** က လွတ်ကင်းမှာ သေချာတယ်" ဟု မိန့်ကြားပြီး၊ နတ်ဘုရားကျောင်းတော်အောက်ခြေရှိ မာယာလူမျိုးတို့ကို ငုံ့ပြီး အကဲခတ်လိုက်သည်။ ထို့နောက် ဆက်၍ –

"ငါတစ်ယောက်တည်းအနေနဲ့ ငါ့ဆန္ဒကို အတိအလင်း ထုတ်ဖော်ပြောရရင်တော့ ငါတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ မာယာနိုင်ငံတော်

www.burmeseclassic.com



ဟောင်းကို ငါမပြန်တော့ဘူး။ ဟောဒီနယ်မြေမှာပဲ ငါ အခြေစိုက်တော့မယ်။ ဘာကြောင့်လဲဆိုတော့ လင်းယုန်နက်ဟာ ငါ့ရဲ့ နောင်တော်ဖြစ်လို့ပဲ။ သေရေးရှင်ရေးတမျှ အရေးကြုံတဲ့အခါမှာ အသက်စွန့်ပြီး ငါတို့ကို လာရောက်ကူညီခဲ့တဲ့ ငါ့နောင်တော်ကို ငါဘယ်နည်းနဲ့မှ မခွဲနိုင်ဘူး" ဟု မိန့်ကြားပြီးနောက် –

"သင်တို့အနေနဲ့ကတော့ သင်တို့ရဲ့ သဘောစိတ်ဆန္ဒတိုင်း ပြုဆောင်နိုင်ကြပါတယ်။ ငါတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ မာယာနိုင်ငံတော်ဟောင်းကို ပြန်ချင်တယ်ဆိုရင် ဟောဒီမှာ အသင့်ရှိနေတဲ့ လှေကြီးတွေနဲ့ ပြန်နိုင်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲ ဒီဒေသမှာပဲ ဆက်လက်နေထိုင် အခြေစိုက်မယ်ဆိုရင်တော့ ငါရဲ့ နောင်တော်များဖြစ်ကြတဲ့ ဟောဒီနယ်မြေဒေသခံ တိုင်းရင်းသားများနဲ့ သင့်တင့်ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး နေထိုင်ကြဖို့ လိုပါတယ်။ ဒီတော့ သင်တို့ရဲ့ သဘောဆန္ဒအတိုင်း ပြုဆောင်ကြပါလို့ ပြောကြားလိုပါတယ်" ဟု မိန့်ကြားသည်။

ထို့နောက် မာယာဘုရင်ဘာလမ်းလည်း နတ်ဘုရားကျောင်းတော်ထိပ်ရှိ ယဇ်ပလ္လင်ကြီးကို သေနာပတိ အာဟာလပ်၏ အကူအညီဖြင့် မ,ယူပြီး နတ်ဘုရားကျောင်းတော်ထိပ်မှ အောက်သို့ ပစ်ချလိုက်ရာ ယဇ်ပလ္လင်ကြီးလည်း အစိတ်စိတ်အမွှာမွှာ ကွဲကျေသွားတော့သည်။

ထိုအခိုက်တွင် မာယာဘုရင်ဘာလမ်းက –

"အို … မာယာလူမျိုးအပေါင်းတို့။ သင်တို့ စဉ်းစားချင့်ချိန်ကြပါလော့" ဟု မိန့်ကြားပြီး လင်းယုန်နက်အပါးသို့ လျှောက်လာခဲ့သည်။

ထို့နောက် လင်းယုန်နက်၏မျက်နှာကို စိုးရိမ်တကြီး ကြည့်လိုက်ရာ၊ လင်းယုန်နက်၏မျက်နှာမှာ တဖြည်းဖြည်း သွေးဆုတ်ပြီး ဖျော့တော့လာသည်ကို သတိပြုမိသည်။ ထိုအခိုက်တွင် လင်းယုန်နက်က မျက်စိကို အားယူဖွင့်ကာ မာယာဘုရင်ဘာလမ်းကို ခေါင်းညိတ်ခေါ်လိုက်သည်။

ထိုအခါ မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်၏ အပါးသို့ ပိုပြီးတိုးကပ်လိုက်ရာ၊ လင်းယုန်နက်က ပြုံးပြီး လေသံသဲ့သဲ့ဖြင့် –

"ညီလေး၊ ကျောက်တုံးတွေပေါ်မှာ လူရုပ်တွေ၊ ငှက်ရုပ်တွေ ထွင်းထုတဲ့ အတတ်ကို မင်းဆီက ငါ မသင်ခဲ့ရသေးဘူး။ ဒီအတိုင်းပါပဲ အမဲလိုက်တဲ့ အတတ်ကို ငါ့ဆီက မင်း မသင်ခဲ့ရသေးဘူး။ ငါတို့မှာ ဒီလိုအတတ်ပညာချင်း၊ အသိပညာချင်း ဖလှယ်စရာတွေ အမြောက်အမြား ရှိနေကြတယ်။ တစ်ဦးဆီက တစ်ဦး သင်ယူဆည်းပူးစရာတွေ အမြောက်အမြား ရှိနေကြတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် နတ်ဘုရားကျောင်းတော်ကြီးခြေရင်းမှ တစ်ခဲနက် သောင်းသောင်းဖြဖြ ဟစ်အော်ကြွေးကြော်လိုက်သော –

"ဘာလမ်း။ ဘာလမ်း။ ကျားသစ်ကြီး ဘာလမ်း။ နဝမမြောက် ဘုရင်ကြီးဘာလမ်း" ဟူသည့် အသံကြီး မြည်ဟိန်းထွက်ပေါ်လာရာ၊ လင်းယုန်နက်က ဦးခေါင်းကို အသာညိတ်ရင်း –

"ညီလေး။ မင်း ... အနိုင်ရပါတယ်" ဟု ပြောကြားလိုက်သည်။ ထို့နောက် မိမိအပါးတွင် ရှိုက်ကြီးတငင် ငိုကြွေးနေရှာသော မိန်းမပျိုအိချယ်ကို ငေးကြည့်ပြီး မာယာဘုရင်ဘာလမ်းဘက်သို့ လှည့်ကာ –

"ဒီမှာ ညီလေး။ မင်းဘဝ ခရီးလမ်းတစ်လျှောက်မှာ ဘယ်တော့မှ မရူးမမိုက်ပါနဲ့ကွာ။ အရူးအမိုက်တွေဟာ ဘယ်တော့မှ ခေါင်းဆောင်ကောင်း မဖြစ်ပါဘူး။ ညီလေးဟာ ညီလေးရဲ့ လူမျိုးတွေကိုရော၊ ကျုပ်ရဲ့လူမျိုးတွေကိုပါ ခေါင်းဆောင်ရမယ့်သူ ဖြစ်ပါတယ်။ ဒီကြောင့် ဘယ်တော့မှ မရူးမမိုက်ပါနဲ့လို့ မှာကြားရခြင်း ဖြစ်ရပါတယ်။ အိချယ်ဟာ ညီလေးရဲ့ ဘဝကြင်ဖော် အစစ်အမှန် ဖြစ်ပါတယ်။ အိချယ်ဟာ ညီလေးကို ရှေးယခင်အခါတည်းက မြတ်နိုးချစ်ခင်နေတဲ့သူ ဖြစ်ပါတယ်။ အိချယ်ကို ကြင်ကြင်နာနာ စောင့်ရှောက်ပါ ညီလေးရယ်" ဟု မှာကြားပြီး အသက်ဖုတ်လိုက်ဖုတ်လိုက် ရှူနေသည်။

ထို့နောက် မျက်လုံးကို အားယူဖွင့်ပြီး မိန်းမပျိုအိချယ်ကို ငေးကြည့် နေရာ မိန်းမပျိုအိချယ်က လင်းယုန်နက်၏ ပါးနှင့် မိမိ၏ပါးကို အသာကပ် လိုက်သည်။ ထိုအခါ လင်းယုန်နက်၏ မျက်လုံးအစုံတွင် ပြုံးရိပ်များခေတ္တ ယှက်သန်းလာပြီး ချက်ချင်းပင် ပြန်မှိတ်ကျသွားသည်။ လင်းယုန်နက်ကား ညင်သာစွာ အသက်ပျောက်သွားလေပြီတကား။

မာယာဘုရင်ဘာလမ်းလည်း လင်းယုန်နက်ကို အတန်ကြာအောင် ငေးကြည့်နေပြီး ထိုင်နေရာမှ လေးလေးတွဲ့တွဲ့ ထလိုက်သည်။ ထို့နောက် မိန်းမပျိုအိချယ်ကို လက်ကမ်းပေးပြီး အသာဆွဲထူလိုက်ပြီး မိန်းမပျိုအိချယ်၏ လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ကာ နတ်ဘုရားကျောင်းတော်ထိပ် ထောင့်စွန်းတွင် အတူယှဉ်တွဲရပ်လိုက်သည်။ ထို့နောက် နတ်ဘုရားကျောင်း တော်ကြီးအောက်ဘက်သို့ လှမ်းကြည့်လိုက်ရာ၊ အောက်ခြေရှိ လူအပေါင်းတို့ လည်း –

"ဘာလမ်း။ ဘာလမ်း။ ကျားသစ်ကြီး ဘာလမ်း။ နဝမမြောက် ဘုရင်ကြီး ဘာလမ်း" ဟု တစ်ခဲနက် သောင်းသောင်းဖြဖြ ဟစ်အော်ကြွေးကြော် ကြပြန်သည်။

www.burmeseclassic.com



ထိုအခါ မာယာဘုရင်ဘာလမ်းလည်း နတ်ဘုရားကျောင်းတော်ကြီး အောက်ခြေရှိ လူအုပ်ကြီးကို ငုံ့ကြည့်ပြီး မိမိတို့ရာသက်ပန် အခြေစိုက်တော့မည့် နယ်မြေဒေသသစ်ကို လှမ်းမျှော်ရှုကြည့်လိုက်သည်။

မိမိတို့ ရာသက်ပန် အခြေစိုက်တော့မည့် နယ်မြေဒေသသစ်ကား စိမ်းလန်းစိုပြေကာ နလုံးမွေ့လျော် ပျော်စရာကောင်းလှပေစွတကား။ တောတောင်တို့ စိမ်းမြကာ၊ သစ်ပင်ပန်းမန်တို့ ဖူးပွင့်ဝေဆာလျက်ရှိသည်တကား။

**အောင်ခန့်**

**၁၉၇၅ ခု၊ အောက်တိုဘာလ (၂၇)ရက်။**

www.burmeseclassic.com
BURMESE CLASSIC .com

